
ညိုညိုနိုင်
ပန်းတာလိုက်နန်းတာလိုက်
သရုပ်ဖော်ပန်းချီ တင်ရွှေချို

* စာမူခွင့်ပြုချက် ၁၀၇၃
* မျက်နှာဖုံးခွင့်ပြုချက် ၇၈၄

မဇ္ဈိမ-၅

* ၁၉၈၆ (မတ်လ)
* ပထမအကြိမ်
* အုပ်ရေ (၁၂၀၀)
* မျက်နှာဖုံး - ပန်းချီတင်စရွှေချီ
* အဖုံးရိုက် - သိန်းမြင့်ဝင်း
* စာအုပ်ချုပ်-ကိုမြင့်   * တန်ဖိုး - ၂၂ ကျပ်

ဒေါ်သိန်းဆိုင်၊ မြတ်လေးပုံနှိပ်တိုက် (၀၁၆၉၂)၊ ဒ်၂၄၊ ပြည်ထောင်စု ရိပ်သာလမ်း၊ ရန်ကုန် တွင် ရိုက်နှိပ်ပြီး၊ ဦးရဲမြင့် (ညီညီနိုင်) ရဲသစ္စာစာပေ (၀၁၅၁၈)၊ ၃၊ သီရိမြိုင် ၁-လမ်း၊ လှိုင်၊ ရန်ကုန်မှ ထုတ်ဝေသည်။



ညီညီနိုင်

# ပန်းတာလိန် နန်းတာလိန်

ကိုရဲမြင့်

မဇ္ဈိမစာပေတိုက်၊ [redacted] ရန်ကုန်မြို့။

ဖုံး - [redacted]

ကိုခဲ့ငြိမ့် ( LL.B )

မဂ္ဂျီမစာပေ

ညီညီနိုင် ပြန်လာပြီ အင်္ဂါချုပ်ရေးမှူး

'ကိုညီညီနိုင် လုံးချင်း မထွက်သေးဘူးလား'

'ဆရာ့ ဝတ္ထုတွေ မထွက်တာ ကြာပြီ၊ ဘယ်တော့ ထွက်မှာလဲ'

'ခင်ဗျား ပရိသတ်တွေလည်း ရှိရက်သားနဲ့၊ လက်က လည်းမကျသေးပါဘူး၊ ကြိုးစားစမ်းပါဗျာ'

'ခင်ဗျားကို ကျွန်တော်တို့ နှမြောတယ်ဗျာ'

ညီညီနိုင့်ကို ချစ်ကြသလောက် သံယောဇဉ် ကြီးကြသော မိတ်ဆွေ အပေါင်းအသင်း ရေးဖော် ရေးဘက်များနှင့် တွေ့လေတိုင်း ကရုဏာအပြည့်၊ စေတနာမြင်းမိုရ်ထုဖြင့် မေးကြ၊ မြန်းကြ၊ အားပေးကြသောစကားများ ပဲ ဖြစ်ပါသည်၊

ဟုတ်ပါသည်။ သူ့ဘို့ပြောလည်း ပြောစရာ။

ညီညီနိုင် လုံးချင်းတွေ မထွက်ဖြစ်ခဲ့တာ တနှစ်ခွဲ၊ နှစ်နှစ်နီးပါး ကြာမှကိုး။

ညီညီနိုင်နဲ့ ပရိသတ် ဘာ့ကြောင့် အဆက်ပြတ်ခဲ့ရ သလဲ။

ဖြေရမယ် ဆိုယင်တော့.... ဆရာ အထောက်တော် လှအောင် လေ သံ နဲ့ အ ကြောင်း ကြောင်း သော အကြောင်းကြောင်းကြောင့်လို့ပဲ ငုံချရမယ် ထင်ပါရဲ့။

ဝိတ္ထာရအားဖြင့် ဘဝကံကြမ္မာ၊ ကိုယ်ရေးကိုယ်တာ ပြဿနာ၊ ကျန်းမာရေးအခြေအနေ၊ နောက်ကျောမဲထိုး ခြေထိုး၊ ချောက်ချမှုများ၊ အထွေထွေ အခက်အခဲများ ကြောင့်ဆိုသော်လည်း မမှား။

ဒီနောက် ဘာသာရေး၊ သာသနာရေးကို အာရုံစိုက် ၍ သာသနာရေး ကိစ္စများတွင် ပျော်မွေ့ခဲ့ခြင်းလည်း ပါ ခဲ့ပါသည်။

သို့ပေမယ့် အချိန်တန်တော့လည်း ကလောင်ကိုပဲ ပြန်ကိုင်ရပြန်သည်။

အနုပညာသမားဘဝ ဝဋ်ကြီးလှပါဘိတကား၊

စင်စစ်တော့.... ညီညီနိုင်ဆိုတာ စာရေးမှ ထမင်း စားရသော စာရေးဆရာ မဟုတ်ပါလား။

စာရေးတဲ့ အလုပ်ကလွဲလို့လည်း တခြားစီးပွားရေး မလုပ်တတ်၊ မလုပ်ချင်။

မှန်သော သစ္စာစကား ပြောရပါက ညီညီနိုင်သည် စာရေးဖို့ လူဖြစ်လာရတဲ့ သတ္တဝါတဦး။

တနည်းအားဖြင့် စာပေအတွက် အသက်၊ ဘဝကို စတေးပေးဆက် ထားခဲ့မိသူပါ။

ညီညီနိုင် ငါးတန်း ခြောက်တန်း ဘဝကတည်းက စာရူး၊ ပေရူး ဖြစ်ခဲ့ပါတယ်။ တဆင့် တက်ပြန်တော့ ဝါသနာရှုံ အဆင့်မှ ကလောင်ရှင်ဘဝ လှမ်းခဲ့ရပြန် ပါတယ်။

ညီညီနိုင် အဖို့ ကိုယ့်ကိုယ်ကို ထင်ပေါ်ကျော်ကြား အောင် အောင်မြင်မှုကို လုပ်ကြံဖန်တီး ယူခြင်း မရှိပဲ၊ ပင်ကိုယ်ကြိုးစားမှုနှင့် ပရိသတ်များ၏ မြှောက်စားအား ပေးမှုဖြင့် စာပေစင်မြင့်ပေါ် ရောက်ခဲ့ရတယ်ဆိုပါတော့။





အသက်အငယ်ဆုံးနှင့် ထိပ်တန်း (၁၀) ဦး စာရင်း ဝင် ကလောင်တချောင်း ဖြစ်ခဲ့ရပါတယ်။

ညီညီနိုင်ဟာ ငွေနဲ့ အောင်မြင်ကျော်ကြားမှု တခု တည်းအတွက် စာရေးဆရာ လုပ်ခဲ့သူ မဟုတ်ပါ။

သည့်အတွက် အမှတ်တရ ဖြစ်ရပ်လေးတခု။

သက်သေ ပြပါရစေ။

တခါက .... ညီညီနိုင်ရဲ့ ရေးဖော်ရေးဘက်လည်းဖြစ်၊ ကျေးဇူးခံ ကျေးဇူးစားတွေဆိုလည်း မမှားတဲ့ ထိပ်တန်း စာရေးဆရာ တယောက်က အသစ်စက်စက် သူ့ ကိုရိ လာကားကြီးကို လက်ညှိုးထိုးပြပြီး

ညီညီနိုင်လည်း အစ်ကို့လို ကားတစီးလောက်တော့ ရှိဖို့ကောင်းနေပြီကွာလို့ ပြောဖူးပါတယ်။

အမှန်တော့ သူက မေတ္တာ အပြည့်နဲ့ ပြောတာ ဖြစ် မှာပါ၊

ဒါပေမယ့် ညီညီနိုင်က မာနကြီး တခွဲသားနဲ့ ဘာ ပြန်ပြောလိုက်သလဲ သိလား။

'ကျွန်တော် စာရေးတာ တိုက်ဆောက်ဖို့ ကားစီးဖို့ မဟုတ်ဘူး အစ်ကို၊ ကားစီး တိုက်ဆောက်ချင်မှဖြင့် စာရေးမစားဘူး၊ မှောင်ခိုလုပ်မယ်၊ ဒီထက် သတ္တိရှိယင် ဒမြ တိုက်မယ်၊ ကျွန်တော်ကတော့ စာရေးဆရာအဖြစ်နဲ့ လမ်းပေါ် လျှောက်နေရတာကို ဂုဏ်ယူနေမှာပဲ'

ကဲ.... ကြည့်၊ ညီညီနိုင် စကား အယူအဆတွေဟာ ဒီနေ့ အချိန်မှာ အတော်လေး 'ကြောင်'ရာ ကျနေမှာပဲ။

သဘောတရား အရ မှန်ပေမယ့် လက်တွေ့ပိုင်းအရ မှားသွားတယ်လို့လည်း ပြောချင် ပြောကြပါလိမ့်မယ်။

ခုတော့.... ညီညီနိုင် သိပါပြီ။

အနုပညာ ဓာနဆိုတာ ထမင်းမဝပါဘူးလို့။

ရှိပါစေတော့။

ဒါက ညီညီနိုင်ရဲ့ စာပေအပေါ်မှာ သစ္စာ စောင့်သိရိုသေခဲ့တာကို ကြုံကြိုက်တုန်း ပြောပြတာပါ။

ညီညီနိုင်ကို စုံထောက်နဲ့ လျှို့ဝှက်သဲဖို စာရေးဆရာတယောက်အဖြစ် ယေဘုယျအနေနဲ့ အများက သတ်မှတ်ခဲ့ကြပါတယ်။

တချို့ဆိုယင်....ညီညီနိုင် စာတွေကိုတောင် သိုင်းဒိုင်းစာရင်းထဲ ရောသွင်းပြီး နှာခေါင်းရှုံ့ချင်ကြသေးတယ်။ အမှန်တော့ အဲဒီလူတချို့ဟာ ညီညီနိုင်ရဲ့ စာတွေကို စေ့စေ့ပေါက်ပေါက် ဖတ်ဖူးကြပုံ မရပါဘူး။ ကုန်ကုန်ပြောရယင် ညီညီနိုင့်ဝတ္ထု တအုပ်တလေတောင်မှ ဖတ်ဖူးကြရဲ့လား မသိဘူး၊ လူတယောက်ရဲ့စာတို့ မဖတ်ဖူးပဲနဲ့ ဝေဖန်တာပါ။ ရောင်တော်ပြန်နဲ့ ရောလွှတ်တာပါ။

ဒီနေရာမှာ မသူတော် ဖြစ်ခါမှ ဖြစ်ရော၊ ကိုယ့်ကိုယ်ကို ဖော်ရပါလိမ့်မယ်။

ညီညီနိုင်ဟာ လုံးချင်း ဝတ္ထုအုပ်ပေါင်း (၄၀) ကျော် (၅၀) နီးပါး၊ ဝတ္ထုတို (၁၀၀) ကျော်၊ ရုပ်ပြဇာတ်လမ်း (၂၅) ပုဒ်၊ နာမည်တမျိုးနဲ့ ကဗျာ လေးငါးဆယ်ပုဒ် ရေးခဲ့ဖူးပါပြီ။

ရေးခဲ့တဲ့ ဝတ္ထုတိုင်းဟာ လျှို့ဝှက်သည်းဖို သက်သက်တင် မဟုတ်ပါဘူး။ စိတ္တဗေဒ၊ အချစ်၊ မေတ္တာဘွဲ့၊ အိမ်ထောင်ရေး၊ ဘဝသရုပ်ဖော်၊ ဘာသာပြန် စသဖြင့် ရသစုံရေးခဲ့တာ အများကြီး။

ပြီးတော့.... သာမန် အပစ်အခတ် သက်သက်တင် မကပဲ လူတန်းစားရေးရာ၊ လောကအမြင်၊ ဘဝဒဿန၊





လူ့သတာဝစရိုက်၊ ပြည်သူတွေရဲ့ ခံစားမှု စသဖြင့် ရသပေါင်းစုံ ပေါ်လွင်အောင်....

လက်လှမ်းမီသမျှ တိုင်းပြည်နဲ့ ပြည်သူ့ အကျိုးပြုတွေပါတန်သလောက် ပါခဲ့ပြီးသားပါ။

အမှန်တရားမို့ ပြောရယင်.... ဒီနေ့နာမည်ကြီးနေတဲ့ စာရေးဆရာ၊ စာရေးဆရာမ တချို့တောင် ညီညီနိုင်ရဲ့ လက်ရာဟောင်းတွေကို ပြန်ကူးမချရုံတမယ်.... ဆင်တူယိုးမှားလုပ်ပြီး တကွက်၊ တခန်း၊ တပိုင်း တစ ကူးမရေးထုတ်ထားခဲ့ကြတာတွေ ကြုံနေရပါတယ်၊

ညီညီနိုင်ဟာ ပြည်သူ့ဘက်တော်သားပါ။

ညီညီနိုင့်စာတွေဟာလည်း ပြည်သူ့အတွက် အနည်းနဲ့အများ အကျိုးပြုစေရမယ်ဆိုတဲ့ စေတနာရည်ရွယ်ချက်နဲ့ ရေးခဲ့တာတွေပါ။

ညီညီနိုင်ဟာ စားပေါက်ချောင်တဲ့ ဝတ္ထုပုံစံတခုထဲပွဲစွဲရေးခဲ့သူ မဟုတ်ပါဘူး။

ချိုချဉ်ဖန်ခါး ရသာမျိုးစုံကို ပေးဆက်ဖို့ ကြိုးစားခဲ့ပါတယ်။

အသစ်အဆန်းတွေ တီထွင် တင်ဆက်ဖို့သာ ကြံခဲ့ပါတယ်။

ညီညီနိုင်ဟာ သူများ နောက်လိုက် မလုပ်ပါဘူး။ ငါးပွက်ရာ ငါးစာ မချပါဘူး။ ရှေ့ကသွားမယ့် အသစ်သမားပါ။

ပရိသတ်အကြိုက်၊ ကိုယ့်အကြိုက်၊ ထုတ်ဝေသူအကျိုး၊ နိုင်ငံတော်ရဲ့ မူဝါဒတွေနဲ့လည်း အံကိုက် ဖြစ်အောင် စာတွေ ရေးခဲ့တာ ဖြစ်ပါတယ်။

ညီညီနိုင်ရဲ့ စေတနာ မေတ္တာမှန်ခဲ့သလို၊ တုန့်ပြန်အကျိုးပေးသန်တဲ့ အနေနဲ့ ဟော.... ခုတော့ စာဖတ်သူများနဲ့ ညီညီနိုင် ပြန်လည် ဆုံစည်းခဲ့ရပါပြီ။

ဒီနေရာမှာ မဇ္ဈိမစာပေ ကိုရဲမြင့်ရဲ့ ကျေးဇူးတရားကို ဖော်ထုတ်ပြဖို့ လိုလာပါတယ်။

မဇ္ဈိမစာပေ ကိုရဲမြင့်ဟာ ညီညီနိုင်ရဲ့ ဘဝ၊ ညီညီနိုင်ရဲ့ စိတ်ဓာတ်၊ ညီညီနိုင်ရဲ့ စာတွေ အပေါ်မှာ အတိအကျ နီးပါး နားလည်းခံစားခဲ့သူ တယောက်ပါပဲ၊

ပြီးတော့.... ကိုရဲမြင့်ဟာ စာပေမြတ်နိုးစိတ် အပြည့်နဲ့ ကိုယ်တိုင်က စာပေသမားပီပီ၊ မြန်မာစာပေလောက တိုးတက်ရေးနဲ့ စာပေအနုပညာသည်များ အဆင်ပြေရေး ဆိုတဲ့ အမွန်မြတ်ဆုံး စေတနာ ဦးထိပ်ထားလို့ မဇ္ဈိမစာပေတိုက်ကို တည်ထောင်ခဲ့တဲ့လူ ဖြစ်ပါတယ်။

ကိုရဲမြင့်က ပြောပါတယ်။

'ကျွန်တော်ကတော့ အရှုံးအမြတ် ဆိုတာထက် စာရေးဆရာ၊ တုတ်ဝေသူ၊ စာဖတ်ပရိသတ်၊ သုံးပွင့်ဆိုင် ဩဝါဒအကျိုးပြု အောင်မြင်ရေးကို ဦးစားပေးမှာပဲ၊ ကျွန်တော်တို့ သစ္စာရှိရှိ၊ မေတ္တာသိသိနဲ့ ညီညီညွတ်ညွတ် လက်တွဲပြီး စာပေလောကကြီးကောင်းကျိုးကို တထောင့်တနေရာကနေပြီး တာဝန် ထမ်းဆောင်နိုင်မယ် ဆိုယင် ပင်ပန်းခံရကျိုး နပ်ပါပြီဗျာ....တဲ့။

ဒီတော့.... ကျွန်တော်နဲ့ ကိုရဲမြင့်တို့ အခြေခံတခုတည်းအပေါ်မှာ ပေါင်းစည်းမိကြပါရော။

နိဂုံးချုပ်အနေနဲ့ ပြောရယင်တော့။

ညီညီနိုင် ငယ်ပါသေးတယ်။

ကြိုးစားနေပါတယ်။





ညီညီနိုင်ချစ်တဲ့ မြန်မာပြည်ကြီးနဲ့ ညီညီနိုင်ရဲ့ ချစ်ပရိသတ်များအတွက်၊ စာကောင်းမွန် လက်ရာသစ်များကို မဇ္ဈိမစာပေရဲ့ အား သစ်လောင်းမှုနှင့်အတူ အဆက်မပြတ်ရေးနေပါပြီ။

ညီညီနိုင်ရဲ့ ချစ်ပရိသတ်ဟောင်းများက နွေးထွေးစွာကြိုဆိုပါ။

ဒီကနေ့ လူငယ် စာဖတ် ပရိသတ်တွေဟာလည်း ညီညီနိုင်လက်ရာတွေနဲ့ စိမ်းကောင်း စိမ်းနေပါလိမ့်မယ်။

အဲသလို စိမ်းနေရာက ပရိသတ် အသစ်လေးများဖြစ်လာမယ့် ညီငယ် ညီမငယ်လေးများနဲ့လည်း ညီညီနိုင်မိတ်ဆက်လိုက်ပါတယ်၊ ညီညီနိုင့်ကို လက်ကမ်းပေးပါ။ ကြိုဆိုပါ။

ရသစုံ ဇာတ်လမ်းများနဲ့အတူ၊ အနှံ့အလျှ သမုဒ္ဒယရင်ခုန်သံ မေတ္တာဘွဲ့လေးများ ရေးဆက်ချော့မြူပါရစေ။

ဝေဖန်ပါ၊ အကြံပေးပါ၊ မေတ္တာတုန့်ပြန် အားပေးကြပါဦးလို့၊ အားလုံးကို ပန်ကြားယင်းနဲ့ပဲ....

ညီညီနိုင် ပြန်လာပါပြီ....လို့။

မိုးပွင့်ပန်းလို လန်းဆန်းကြပါစေ။

လေးစားလျက်

စာပေသစ္စာဖြင့်

ညီညီနိုင်

တဆင့်

မဇ္ဈိမစာပေ

## အခန်း( ၁ )

သရဏဂုံတင်ပြီးပြီ ဆိုသည်နှင့် ရေခဲတိုက်တခွင်မှာ ရုတ်ရုတ်သဲသဲလေး ဖြစ်သွားပါသည်။

တလားစင်ပေါ်မှာ ကျွန်တော့်ခေါင်းကို အသုဘယာဉ်ပေါ်သို့ ထမ်းတင်လိုက်ကြသည်။ တဆက်တည်းတွင် ခေါင်းနောက်မှ ကပ်လိုက်လာသော ကျွန်တော့် မိတ်ဆွေတယောက်က လက်ထဲက ရေအိုးလေးကို ခွမ်းကနဲ ရိုက်ခွဲပစ်လိုက်သည်။

သည်မှာပင် ကျွန်တော့်အသက်နှင့် ခန္ဓာကိုယ် အိုးစားကွဲခဲ့ပါပကောဆိုသော အသိနှင့်တကွ ငါ့မသာ ချတော့မှာပါကလားလို့ နားလည်လိုက်ရပါတော့သည်။

ဟုတ်ပါသည်။

ကျွန်တော် သေခဲ့ပြီ။

သေခဲ့သည့်နောက် သုံးရက်မြောက်ပြီမို့ ယနေ့ ကျွန်တော့် အသုဘ ချခဲ့ခြင်းပဲဖြစ်ပါသည်။

တရွေ့ရွေ့ မောင်းထွက်လာသော အသုဘကားရှေ့မှ ကြေးစည်သံနှင့် ကားနောက်မြီးက တွယ်ယင်း အော်ကြီး ဟစ်ကျယ် ငိုလာသော အမေ့ငိုသံတို့က ယှက်ပြိုင် ရောထွေးနေပါသည်။

လိုက်လှဲ ကြေကွဲဖွယ် အတိရှိနေသည်။

သို့နှင့်အမျှ ကျွန်တော့်သည်းအူနှလုံးတွေ ကြေပြုန်းမတတ် ခံစားခဲ့ရပါချေသည်။

အမေ့ငိုသံကို ကျွန်တော် မကြားလိုပါ။ ပဋ္ဌာမြေထူး အရှုးမီးဝိုင်းဘဝမှ အမေ့ဖြစ်ပုံကိုလည်း ကျွန်တော် မကြည့်ရက်ပါ။

ဒါပေမယ့် ကျွန်တော်အံကြိတ်လျက် မြင်နေရပါသည်။ အမေ့ကို ပြေး၍ ထွေး၍ ဖြေသိမ့်ပေးလိုက်ချင်စမ်းပါဘိသည်။

ဩော်....ဘဝချင်း ခြားနေရပါရောလားဆိုသည့် ဆင်ခြင်ဉာဏ်အတွေးက ကျွန်တော့်အား တုပ်နှောင် ချုပ်စည်းထားပါသည်။

သည်တော့လည်း အမေ့ပူဆွေးမှုကို ဝေမျှယူလျက် မျက်ရည်ကျရုံမှအပ ဘာမှမတတ်သာ။

ကျွန်တော့် မျက်စိအောက်၌ပင် လူတစုက အမေ့ကို မာဇဒါ ရဲကားလေးပေါ်သို့ ဆွဲတင်သွားကြသည်။ အဖေ ငိုကြီးချက်မ





လူးလွန့် ရုန်း ကော့ ယင်းကြားမှ ကားထဲရောက်သွားရရှာပါသည်။ ရေခဲတိုက် ပရဝုဏ်အပြင်သို့ ထွက်မိကြပါပြီ။

ရှေ့ဆုံးမှ ပန်းခွေချိတ် အသုဘ ကားကလည်း နှေးနှေး မောင်းရာမှ တဖြည်းဖြည်း မြန်လာသည်။ နောက်တွင် အမေပါသော ရဲကားလေး အပါအဝင် ကိုယ်ပိုင်ကား ခြောက်စီး ခုနစ်စီးနှင့် ဘတ်စ်ကားငါးစီး ကပ်လိုက်လျက်။

ကားအားလုံးမှာ လူအပြည့်ဆိုရမလောက်၊ သည်လူတွေထဲတွင် ကျွန်တော်သိသူလည်း ပါသည်။ မသိသူလည်း ပါသည်။

မျက်မှန်းတန်းမိသူ ရှိရုံနှင့် လုပ်ဖော်ကိုင်ဖက် တရပ်တည်းနေ ဆွေလို မျိုးလို မိတ်ဆွေတွေလည်း ပါပါသည်။

ကျွန်တော့်ကို သိပ်ခင်မင်ပါတယ်ဆိုတဲ့ လူတချို့တော့လည်း မတွေ့ရ။

ပြီးကော့ အသုဘပို့ လာကြသည့်အနက်၊ ရယ်လား မောလား စကားတွေ ဖောင်လောက်အောင် ပြောလာသူတွေလည်း တွေ့ရသည်။

ယပ်တောင်လေး တဖျပ်ဖျပ်ခတ်ယင်း ငိုင်တွေလာသူတွေ။ အိပ်ငိုက်လာသူတွေ၊ လာလမ်းတလျှောက် ငေးလာသူတွေ အစုံပါပဲ။ တချို့လည်း ကျွန်တော့်အကြောင်းတွေကို စပ်မိစပ်ရာ ပြောယင်းဖြင့်။

ကျွန်တော့် အသုဘ ကားတန်းသည် မြို့ထဲမှ စုန်ဖြတ်ခဲ့ပါသည်။

မကြာမီ မြို့စွန် သုသာန်နယ်မြေသို့ ချဉ်းနင်း ရောက်ရှိလာရသည့်။

သုသာန်မြေ၊ အဝိဇ္ဇာရေ၊ လူသေမြှုပ်သည့် သုသာန်မြေ။ (သို့မဟုတ်) အေး ငြိမ်းချမ်း သာ လူ့ ဘဝ စခန်း ပန်းတိုင်။

တနည်းအားဖြင့် ကျွန်တော် အနားယူ အိပ်စက်ရမည့် ကွန်းရိပ်သာ။

ညောင်ညို၊ ကုက္ကို၊ မန်ကျည်း၊သရက် စသည့် သစ်ပင်ကြီးငယ်များ သွယ်ဆိုင်း ညို့ဝိုင်းထားသော ရှက်ကြွေတော အလယ်တွင် ဇရပ်အိုလေး တဆောင်နှင့်၊ မြေပုံမို့မို့ အုတ်ဂူဖွေးဖွေး မှတ်တိုင်လေးတွေ အစီအရီက ငြိမ်သက် ချမ်းမြေ့မှုကို အပြည့်အဝ ပြဆိုနေပါသည်။

ဒီ့အပြင် ကျွန်တော့်ကို လာလှည့်အိပ်လှည့်လို့ ဖိတ်ခေါ်ကြိုဆိုနေသည် ထင်ရသည်။ တကယ်စင်စစ်တော့လည်း ကျွန်တော့်အတွက် မြေမွှေ့ရာ ခြောက်ပေတွင်းလေးကို အရန်သင့်တူးပြီးသား မဟုတ်ပါလား။

တွင်းနှင့် အနီးဆုံးနေရာတွင် အသုဘကားရပ်သွားပါသည်။ ကျွန့်တော့်ရုပ်ကလာပ် ထည့်ထားသော ခေါင်းကို မှန်ပေါက်မှ ထမ်းထုတ်လိုက်ကြပါသည်။

ပြီးတော့ တွင်းရှိရာသို့ သယ်ဆောင်လာကြသည်။ ကျွန်တော့် ခေါင်းနောက်မှ အမေဦးဆောင်သော လူအုပ်ထွေးကြီး ထက်ကြပ်မကွာ ပါလာခဲ့သည်။

တဒင်္ဂချင်းဆိုသလို ကျွန်တော့်မြေတွင်း ပတ်လည်၌ လူတွေ ဝိုင်းပြုံသွားပါသည်။ ကျွန်တော့်ခေါင်းကို တွင်းနှုတ်ခမ်းပေါ်တင်ထားပါသည်။ လောလောဆယ် မြှုပ်ဟန် မတူသေးပါ။





မှန်ပါသည်။ ကျွန်တော့်အထက် အရာရှိ ဖြစ်သူက ထုံးစံအတိုင်းအမိန့်ပြန်ရဦးမည်။

အမိန့်ပြန်သည် ဆိုခြင်းမှာ အသုဘ အခမ်းအနားတခုအဖို့ ဝမ်းနည်းစရာ အကောင်းဆုံးအချိန်ဟု ကျွန်တော် နားလည်ပါသည်။ တော်ရုံတန်ရုံ စိတ်မခိုင်သူများ မျက်ရည်ဖြိုင်ဖြိုင်စီးကျရပါသည်။

အမိန့်ပြန်ရသူ ကိုယ်တိုင်ပင်လျှင် အသံတွေတုန်ယင် ချောက်ချားလျက်။

'ရှုခင်းလှ မြို့မရဲတပ်ဖွဲ့စခန်း၌ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားခဲ့သော ဒုရဲအုပ် ကိုရဲဇော်(ပရ....အမှတ်....)အသင်သည် ကွယ်လွန်သေဆုံးခဲ့ပြီ ဖြစ်သဖြင့် ယနေ့မှအစ ကျွန်ုပ်တို့ရဲတပ်ဖွဲ့နှင့် လုံးဝ မပတ်သက်တော့ကြောင်း ယခုအချိန်မှစ၍ အသင် သွားလိုရာသို့ သွားတော့ဟု ခွင့်ပြုလိုက်သည်....

စသဖြင့် ရက်ရက်စက်စက် ပစ်ပစ်ခါခါ နှင်ထုတ်လိုက်ခြင်းမည်သော အမိန့်ပြန်တမ်းစာ အဆုံးသတ်လိုက်သည်နှင့် တပြိုင်နက် အမေ့ငိုသံက စူးစူးဝါးဝါး ပေါ်ထွက်လာပါတော့သည်။

အမေ့ငိုသံကြောင့် ကျီးတွေပင် လန့်ပြို့သွားရ ပါသည်။ ထို့အတူ ကျွန်တော့်ရင်ထဲမှာ ဘယ်လို ခံစားလိုက်ရမှန်းမသိ၊ ခံစားချက်ကို ပြန်မပြောပြတတ်လောက်အောင်ဖြစ်ခဲ့ရပါတော့သည်။

'သားရေ....လူလေး၊ မောင်ရဲဇော်၊ ဒီအလုပ်ကို မလုပ်ပါနဲ့ အန္တရာယ် များပါတယ်ဆိုတာ မေမေ အတန်တန်တားရဲ့နဲ့၊ သား ဝါသနာပါလွန်းလို့ပါ မေမေခွဲ့တဲ့၊ ခုတော့ ကိုယ်ကျိုး

တွေ နည်းကုန်ပြီပေါ့နော်၊ မေမေ့သားကြီးနဲ့ မေမေကွဲရတော့မယ်၊ မအေကို လုပ်ကျွေးချင်ရှာတဲ့ လူလိမ္မာကြီးရဲ့၊ မေမေ့စကားကို နားမထောင်တဲ့ သားမိုက်ကြီးရဲ့၊ မေမေ့ကို ချစ်တယ်ဆို၊ မေမေ့တယောက်တည်း ထားခဲ့တော့မှာလား သားရယ်....

အမေသည် လှူးလှိမ့်ငိုယင်းမှ မြေကျင်းထဲသို့ ချတော့မည့် ကျွန်တော့်အလောင်း ကျွန်တော့်ခေါင်းကို ပြန်လှူဖို့ ကြိုးစားရှာပါသေးသည်။

အမေ့ကို အားကောင်းမောင်းသန် လူကြီး တယောက်နှင့် မိန်းမဝဝကြီးတယောက် နှစ်ဘက်ညှပ်၍ ဆွဲချုပ် ထားရပါသည်။

အမေ့အဖြစ်ကို မရှုစိမ့်နိုင်တော့သည့်အဆုံး ကျွန်တော်ဒီမှာ အမေရေ့လို့ လှမ်းခေါ်ပြီး ကိုယ်ထင်ပြလိုက် ချင်ပါသည်။ သို့ပေမယ့်... ကျွန်တော့် နှုတ်အစုံမှာ ကော်စေးနှင့် ကပ်ထားသလို ခေါ်နိုင်အားမရှိ ဖြစ်နေရပါသည်။

ကျွန်တော် မလှမ်းမကမ်းအဝေးမှ အမေ့ ဖြစ်ထွေကို အတိုင်းသား မြင်နေရပါသည်။ အမေကတော့ ကျွန်တော့်ကို မမြင်နိုင်ပါ။ တခြား ဘယ်သူကမှလည်း ကျွန်တော့်ကို ဂရုတမူ အရေးတစိုက် မြင်တွေ့လိမ့်မည် မဟုတ်ပါ။

ကျွန်တော်ကတော့ သူတို့အားလုံးနှင့် အဖြစ်အပျက်အားအစအဆုံးကို မလွတ်တမ်း ကြည့်မြင်နေခဲ့မိပါသည်။





ကျွန်တော်နှင့် သူတို့ကြားမှာ အကာအဆီးရယ်လို့လည်း မရှိပဲလျက် ကျွန်တော့်ကို လူတွေ မတွေ့ကြခြင်းမှာ ကျွန်တော် ရုပ်ဒြပ်မရှိသော ဝိညာဉ်မို့လား။

အခြားသော ဝိညာဉ်များသည်လည်း ကိုယ့်အသုဘ ချပုံကို ကိုယ်ပြန်မြင်နိုင်ကြ လေသလားမသိ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကိုယ်ကျွန်တော် အသုဘ ချနေသည်ကို ပြန်မြင်နေရသည်ကတော့ နည်းနည်း ဆန်းနေတယ် ထင်ရသည်။

ကျွန်တော့်ကုသိုလ် ထူးတယ်လို့ပင် ဆိုနိုင်ပါသည်။

ယခုလည်း ဆန်းဆန်းကြယ်ကြယ်ကြားမှပင် ထူးခြားသော အခြင်းအရာတရပ် ကျွန်တော့်မျက်စိအောက်တွင် ပေါ်ထင် လာပြန်ပါချေပြီ။

တခြားတော့ မဟုတ်ပါ။

သုသာန်ဝဆီမှ ဗောက်စ်ဝက်ဂွန်း ကားလေးတစီး အရှိန်ပြင်းပြင်း မောင်းဝင်လာရာမှ ကျွန်တော့်ကို သင်္ဂြိုဟ်ရာ အရပ်နားတွင် ထိုးဆိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။

ကားထဲမှဖြူဖြူသွယ်သွယ် မိန်းမပျိုလေးတယောက် ထွက်လာပြီး၊ ကျွန်တော့်အလောင်း မြှုပ်နှံနေကြသည့် အမေတို့ လူအုပ်ဆီသို့ အလူးအလဲ ပြေးကပ်သွားသည်ကိုလည်း ကျွန်တော် မြင်ရသည်။

မိန်းမပျို လက်ထဲမှာတော့၊ ကတော့ဖက်စိမ်းလေးတလုံး အပြည့် ပန်းကလေးတွေလည်း ပါသွားသည်။

စံပယ်ပန်းလေးတွေပဲ ဖြစ်မည်လို့ ကျွန်တော်ခန့်မှန်းမိသည်။

မိန်းမပျို၏ မျက်နှာလေးမှာ အလှပျက်လုနီးပါး ညှိုးငယ်နေခဲ့သည်။ မျက်ခွံလေးတွေ မို့နီအောင်ပင် ငိုထားပုံရသည်။

ကျွန်တော်ကတော့ မိန်းမပျိုရယ်လို့ မြင်မြင်ချင်းပင် ဘယ်သူဆိုတာ အတပ်သိလိုက်ပြီးသား။

ကျွန်တော်ကသာမြင်၍ သူက မြင်နိုင်ခွင့် မရရှာခဲ့သူ မိန်းမပျိုကား ကျွန်တော် စုံမက် မြတ်နိုးခဲ့ရပါလေသော မိမိလတ်၊ ကျွန်တော့်ချစ်သူ မိမိလတ်ရယ်ပါ။

ကျွန်တော်၏ နောက်ဆုံးခရီးကို မိမိ့ခမျာ မမိမကမ်း အပြေးအလွှား လိုက်ပို့ခဲ့ရရှာဟန်တူသည်။

မိမိ ကျွန်တော့်အမေထံပါး ရောက်ခဲ့သည့် အချိန်မှာလည်း ကျွန်တော့်ခေါင်းက မြေကြီးကျစ်ခဲခဲများအောက်တွင် ဖုံးအုပ်နှင့်ပြီး ဖြစ်နေပါချေပြီ။

မိမိ ရှေ့မှောက်မှာပင် ကျွန်တော့်ကို မြေဖို့နေခဲ့ကြသလို မိမိကိုယ်တိုင်ပင် ပန်းထုပ်လေး အသာချပြီး မြေကြီးခဲတတုံးနှစ်တုံးကို ကျင်းထဲ ပစ်ထည့်လိုက်ပါသေးသည်။

ပြီးတော့မှ မိမိသည် လက်ကိုင်ပဝါလေး ပါးစပ်အုပ်လျက် ခပ်ကျိတ်ကျိတ်လေး ရှိုက်ငိုပါတော့သည်။

မိမိ့ကို လူတချို့က အကဲခတ်ကြသည်။

အများအားဖြင့်တော့ ကားတွေပေါ်သို့ အလျှိုအလျှို ပြန်ရောက်ကုန်ပေပြီ။

အမေ့ကိုလည်း ပွေ့ချီလျက် မာဇဒါ ကားလေးပေါ်သို့ ဖျောင်းဖျ ခေါ်တင်သွားကြပါသည်။





ကားတွေ တစီးပြီးတစီး ထွက်ခဲ့ကြသည်။ တအောင့်တခဏအတွင်း၊ လူမကျန်တော့သလောက် ဖြစ်သွားသည်။

ဩော် ကွယ်လွန်သူတယောက် အနေနှင့် ဘာမှတန်ဖိုးမရှိ၊ အသုံးမကျတော့ပါလား၊ လွယ်လွယ်နဲ့ စွန့်ပစ်ခဲ့ကြတာ ပါပဲလား။

ကျွန်တော် နာကျည်းလိုက်မိသည်။ စိတ်တော့ မပျက်မိပါ။ မိမိနှင့် ကျွန်တော့်အထက် အရောရှိနှစ်ယောက် ကျန်နေခဲ့သေး၍ အားရှိသလိုလို ဖြစ်မိပါသည်။

ခုမှ မိမိသည် အားရပါးရငိုခွင့် ရရှာပါတော့သည်၊ မိမိငိုပုံက စကားမပြော အသံမထွက်သော ငိုခြင်းလို့သာ ဆိုရပါမည်။ သည်လိုငိုရသည်က ပို၍ ပြင်းထန် ပင်ပန်းလှပါသည်။

မိမိနှုတ်က ဖွင့်မပြောသော်လည်း မိမိ့ရင်ပြင်မှ ဝေဒနာ၏ အတိုင်းအဆကို ကျွန်တော်သိပါသည်။ မိမိအသည်းကြားတွင် ပဲ့တင်လိုက်စားနေမည့် စကားတွေကိုလည်း ကျွန်တော်ကြားယောင်မိပါသည်။ မိမိ့ နှင်းဆီရောင်ပါးလေးပေါ် မျက်ရည်ဥလေးတွေ ကြွေသက်နေသည့် အဖြစ်ကိုလည်း ကျွန်တော်တွေ့ရပါသည်။

မိမိနှင့်ကျွန်တော့်အဖြစ်က ရှင်စဉ်ကတည်းက မကောင်း။ ခု ကျွန်တော် သေပြီဆိုတော့ ပိုအကြောင်းဆိုးဖို့သာ ရှိတော့သည်။ ရှင်းရှင်းဆိုပါစို့ရဲ့။ မိမိ့မိဘများက ကျွန်တော့်လိုရဲအရာရှိငယ်လေးတယောက်နှင့် သူတို့သမီး မတန်၊ သဘောမတူနိုင်-ဟု ဆိုခဲ့သည့် ကြေးရဘတ် အလှကြီး ဖြစ်ပါသည်။

ကျွန်တော်တို့ ချစ်ခြင်းကို ခွင်းဖို့ ကြိုးပမ်း၍ သူတို့ သဘောတူသူနှင့် ပေးစားမည့် တကဲကဲကြားထဲကမှ ကျွန်တော်တို့ ဇွတ်မှိတ် ဆက်သွယ် နေခဲ့မိကြသည်။

ကဲ.... ခု.... ကျွန်တော်သေပြီဆိုသောအခါ....

အကြင်နာ မေတ္တာတရား ခေါင်းပါးလှသော ပတ်ဝန်းကျင် လောကအလယ် မိမိရယ် တယောက်တည်း၊ အားကိုးရာမဲ့တယောက်တည်း၊ အို.... မိမိ့ဘဝကို ကျွန်တော် ဆက် မတွေးရဲပါချေပြီ။

မိမိလေးရယ်....ကိုဇော်သနားလိုက်တာကွယ်၊ မိမိနဲ့ ထပ်တူ ကိုဇော် ခံစားနေရပုံတွေလည်း မြင်လာလှည့်စမ်းပါတော့ အချစ်ရယ်....။

ဒါပေမယ့် မိမိက ကျွန်တော်ကို မမြင်လာလှည့်။ ကျွန်တော့် ရေရွတ်သံတွေကိုလည်း တစွန်းတစမျှပင် ကြားယောင်ခြင်း မရှိခဲ့။

မိမိမျက်လုံးအိမ်တွင် ထင်ဟပ်လာရမည်က မြေတွင်းဟောက်ပက် အနေမှ မြေပုံလေးအဖြစ် မို့တက်လာသည်ကိုသာ။

သုသာန်စောင့်များက ကျွန်တော့် မြေပုံလေးပေါ်တွင် မှတ်တိုင်စိုက်ပြီးသည်အထိ မိမိ စောင့်ကြည့်နေခဲ့ပါသည်။

ဤသည်ပင် မိမိက သူ့မေတ္တာ သူ့သစ္စာ ကြီးမားခိုင်မြဲခြင်းကို သက်သေလာပြခဲ့သည်ပဲလို့ ကျွန်တော်မှတ်ယူခဲ့မိသည်။ ယူကျုံးမရ ဖြစ်ရသည်နှင့် အမျှ တဘက်ကလည်း ကြည်နူးလှိုက်မောနပြုန်ပါသည်။





ကျွန်တော့်အထက်အရာရှိကြီး နှစ်ဦး ပြန်သွားသည့်တိုင်အောင်မိမိမပြန်ပဲ ကျွန်တော့်မြေပုံလေးပေါ်တွင် စံပယ်ပန်းတွေ ဖြန့်ကြဲ၍ ပန်းကော်ဇော ခင်းထားပေးခဲ့ပါသေးသည်။

ကျွန်တော့် မှတ်တိုင်လေးပေါ်တွင်လည်း စံပယ်ကုံးလေး တကုံးချိတ်လိုက်ပါသည်။ စံပယ်သည် ကျွန်တော်နှင့် မိမိတို့ အကြားဝယ် ထာဝရ တည်ရှိနေသည့် သင်္ကေတကလေး တခုဖြစ်ပါသည်။

စံပယ်ပန်းကို မိမိကြိုက်သည်ရယ်မို့ ကျွန်တော်ကလည်း မြတ်နိုးရပါလေသည်။ မိမိနှင့်တွေ့တိုင်း စံပယ်ကုံးလေး ဝယ်သွား၍ ကိုယ်တိုင်ပန်ဆင်ပေးရသည်မှာ ကျွန်တော့်ဝတ္တရားတခုလိုဖြစ်ခဲ့ပါသည်။ ထို့နောက်.... မိမိခေါင်းမှ ပန်တော်ကျ စံပယ်ပန်းလေးကို မွှေးကြူသိမ်းယူခဲ့ရသည်ကလည်း ပီတိဖြစ် မဆုံးသော အလုပ်တခုဟု ဆိုရပါလိမ့်မည်။

ခုတော့.... သည် ပီတိမျိုးသည် ကျွန်တော်နှင့် အလှမ်းကွာဝေးလှသော ဟိုး.... အတိတ်ဆီတွင် ကျန်ရစ်ခဲ့ရပါလေပြီ။

မိမိရယ်.... ကျွန်တော်ရယ်....စံပယ်ပန်းလေးတွေရယ်.... မျဉ်းပြိုင်ကျသော အနေအထားပေါ်၌ ရောက်နေရပါချေပြီ။

မိမိ စီးလာသည့် ဗောက်(စ)ဝက်ဂွန်း လိပ်ခုံးကားနီလေး ထဲမှ လူတယောက် ထွက်လာသည်။ ဒရိုင်ဘာ အဘိုးကြီးပင် ဖြစ်ပါသည်။

အဘိုးကြီးက ကျွန်တော့်မြေပုံမှတ်တိုင်ရှေ့တွင် ကျောက်ဆပ်ရုပ်မှာ ရပ်ငိုနေသော မိမိ့ကို သွားရောက် ချော့မော့ နှစ်သိမ့်ပြီး ကားဆီသို့ တွဲခေါ်လာသည်။

အမှန်တော့လည်း မိမိပြန်ဖို့ ကောင်းနေပါပြီ။ အိမ်က ကျကြီးသော သိသွားလျှင် မိမိအရိုက်ခံရပါလိမ့်မည်။ ခုတောင် ခါးကြောင်ခိုးဝှက်ကလေး ပြေးလာရဟန်တူပါသည်။ မိမိရယ်.... ပြန်ပါ ပြန်ပါလေတော့ မိမိရယ်....။

ကျွန်တော့်နှုတ်ဖျားမှ ကြိမ်ဖန်များစွာ တီးတိုးတိုက်တွန်းနေမိသည်။ မိမိကတော့ ကြားနိုင်မည် မဟုတ်ပါ။ အလားတူပင် မဖြစ်နိုင်မှန်း သိလျက်နှင့် မိမိ ပါးပြင်မို့မို့ချောလေးမှ ရွှေမျက်ရည်စလေးတွေကို တယုတယ သုတ်ပေးချင်စိတ်တွေဆို့မရ ပိတ်မရ ပေါ်ပေါက်ခဲ့ရပါသည်။

သည် အတောအတွင်းမှာပင် မိမိတို့ကားလေးက လှည့်ကွေ့မောင်းထွက်သွားပါပြီကော။

ကျွန်တော့်ရင်ထဲမှာ ဟာ၍ ကျန်ခဲ့ရာမှ မိမိ့ကားလေးတရေးရေး ကွာဝေး ပျောက်ကွယ်သွားသည်အထိ ကျွန်တော်လိုက်ကြည့်နေခဲ့မိပါသည်။

ဟင်.... နောက်ဆုံးတော့ မိမိကိုယ်တိုင်လည်း သုသာန်မြေတွင် ကျွန်တော့်ကို တယောက်တည်း ပစ်ထားခဲ့သည်ပါပဲ။

အိပ်တန်းတက် ဆက်ရက် သာရကာတို့မှအပ ကျွန်တော်အထီးတည်း ကျန်ခဲ့သော သက်မဲ့ကမ္ဘာကြီး အလယ်တွင် ကျယ်ပြန့်ရှည်လျားသော လောင်းရိပ်ကြီးတွေ ထိုးကျလာပါသည်။

တောင်စွယ် နေကွယ်တော့မည်မို့ နေဝင် ဆည်းဆာအောက်တွင် ကျွန်တော့်မြေပုံလေးသည် သစ်သစ်လွင်လွင်ကလေးဖြစ်နေသည်။ ထုံးဖြူဆေးရေး မှတ်တိုင်လေးမှာလည်း





အကျည်းတန်တစပြင်ကို အလှဆင် ကျက်သရေ ဆောင်ခဲ့သည့်အလားပမာ....။

ဒု ရဲအုပ် ကိုရဲဇော်
အသက် ၂၆ နှစ်
၇-၄-၈၄ နေ့တွင် အနိစ္စရောက်သည်။

သည်မှတ်တိုင်လေးက ကျွန်တော် ရဲဇော် သေပြီဆိုသည့်အဖြစ်ကို တိတိပပ ပြဆိုထားပါသည်။ ကျွန်တော်သည်လည်း ထိုမှတ်တိုင်လေးမှ ဖဲကြဉ်လျက် သုသာန်ဝန်းကျင်ကို ကျောခိုင်းပို့ ကြံလိုက်မိပါသည်။

သို့ပေမယ့်.... ကျွန်တော် ဘယ်ကို သွားရပါမည်နည်း။

သေလွန်ပြီးသည့် အခြားမဲ့၌ တမလွန်ဘဝခရီးသည် မပိဝိုးဝါးနိုင်လွန်းလှပါသည်။ လေအဟုန်ဝယ် တိမ်တိုက်စီးရသကဲ့သို့ခရီးက မရေမရာရှိနေပါသည်။

ကျွန်တော်သည် လမ်းပျောက်သော ခရီးကန္တာတွင်တဖြည်းဖြည်းရွေ့လျားယင်း အတွေးတွေ ထွေပြားလာမိပါသည်။ မြေပုံမှတ်တိုင်လေးက ပြဆိုထားသည့်အတိုင်း ကျွန်တော်.... ကျွန်တော်... ကျွန်တော် တကယ်ပဲ သေခဲ့ပြီလားလို့။

## အခန်း ( ၂ )

ရှခင်းလှ မြို့စွန်ရှိ သနပ်ဖက်ပွဲစား၊ လိမ္မော်ခြံ သဋ္ဌေး ဦးဘတူအိမ် ဒမြတိုက်နေသည်ဟု အမည်မသိ လူတယောက်က မြို့မ ရဲတပ်ဖွဲ့စခန်းသို့ အရေးတကြီး ဖုန်းဆက်ခဲ့သည်။

အချိန်က နေဝင်ရီတရောလေး ဖြစ်ပါသည်။ ကျွန်တော့် ဂျူတီပြီးဆုံး၍ လူလဲတော့မည့်ဆဲဆဲ ဆိုလျှင်လည်းမမှားပါ။

ကျွန်တော်က စခန်းမှူးထံ ချက်ချင်း သတင်းပို့အစီရင်ခံလိုက်ရပါသည်။ စခန်းမှူး ဦးမျိုးထွန်း၏ မျက်လုံးအစုံမှာ သိသိသာသာကြီး ပြူးကျယ်သွားပါသည်။





ကွမ်းချေးတတ်၍ ညစ်ထူထူဖြစ်နေသည့် နှုတ်ခမ်းကြားမှ 'ဟေ' ကနဲ အာမေဋိတ်နှင့် 'ဟုတ်မှဟုတ်ရဲ့လားကွာ ဒုက္ခပါပဲ' စကားသံတွေ ထွက်လာခဲ့ပါသည်။

ဦးမျိုးထွန်းဘာ့ကြောင့် အံ့အားတသင့် ညီးတွားလိုက်ရသလဲဆိုတာ ကျွန်တော်သိပါသည်။ ယခုတလော ကျွန်တော်တို့ ရှခင်းလှ မြို့နယ်တဝိုက်တွင် ဒမြပူနေသည်။ တလအတွင်း ဒမြမှုပေါင်း ရှစ်ဆယ်မှုတိတိ ရှိခဲ့သည်။

အကျယ်အဝန်းပမာဏ ဆယ်မိုင်ပတ်လည်ထက် မပိုသော မြို့သိမ်မြို့ငယ်လေး တခုအနေနှင့် မတန်တဆ ဖြစ်ပွားခဲ့သည် ဆိုရမည်။ ထိုထက် ပိုဆိုးသည်က တမှုမှ လက်သည် မပေါ်ခဲ့ခြင်းပဲ ဖြစ်သည်။ ခြေရာခံလို့ မရအောင်လည်း ပိပိရိရိ ပိုင်ပိုင်နိုင်နိုင် ကျူးလွန်သွားကြသည်။ သည်ကြားထဲမှ ခု... တမှုတိုး၍ ဗူးလေးရာ ဖရုံဆင့်ခဲ့ပါလေပြီ။

ဒါပေမယ့် ခုအမှုက ပူပူနွေးနွေး လိုက်ရမည့် အခြေအနေမှာ ရှိနေသည်။ ကျွန်တော်တို့အတွက် မျှော်လင့်ချက် လမ်းစလည်း ဖြစ်သည်။

ထို့ကြောင့် ဦးမျိုးထွန်းက စခန်းတွင်ရှိသမျှ လူအင်အားနှင့် ကျွန်တော်ဦးဆောင်၍ ဦးဘတူအိမ်သို့ အမြန်သွားရောက်ရန် အအစီအစဉ်ချသည်။ သူလည်းနောက်က ဆက်လိုက်လာမည်ဟု ဆိုသည်။

ကျွန်တော် ဂျူတီပြီး၍ သည်အစီအစဉ်ကို ငြင်းပယ်မည် ဆိုလည်း ရပါသည်။ သို့သော် ထမင်းရေပူလာ လျှာလွှဲလုပ်ပြီး ကျွန်တော် ခေါင်းမရှောင်ချင်။ ဒမြဂိုဏ်းဖမ်းမိရန် လမ်းစပေါ်

လာသော အခွင့်ကောင်းတခု အနေနှင့်လည်း လက်လွှတ်မခံနိုင်။ ကျွန်တော်က သစ္စာ၊ သမ္မာဓိ၊ သတ္တိ ဟူသည့် ရဲကျင့်ဝတ် ဆောင်ပုဒ်ကို မြတ်နိုးစွာ ရင်ဝယ် ပိုက်ထားသူလည်း ဖြစ်သည်။

စဉ်းစားရန်ကလည်း အချိန် မရှိတော့သည်မို့....။

ရဲတပ်ကြပ်ကြီးတယောက်၊ ရဲတပ်သား သုံးယောက်အား လက်နက် အပြည့်အစုံနှင့် ခေါ်၍ လင့်ရိုဗာ ရဲကားပြာလေးစီးကာ ဒမြတိုက်ရာဆီ ဒုန်းစိုင်းလာခဲ့ကြပါတော့သည်။

လူတွေ အုတ်အုတ်ကျက်ကျက် ဖြစ်နေသော ဦးဘတူခြံဝသို့ ကျွန်တော်တို့အရောက်နှင့် ဒမြများအထွက်မှာ တော့လွဲကလေး လွဲသွားပါသည်။

တမိနစ်ပိုပိုလေး ( နောက်ကျသွားကြောင်းနှင့် ဒမြများစီးလာသော ဂျစ်ကား မြို့ဘီလူးမြို့ရှိရာ မြောက်ဘက်သို့ မောင်းထွက်သွားကြောင်းများ သိလိုက်ရပါသည်။ မီလိုမီဌြားဆိုပြီး စက်ကုန်ဖွင့်၍ နောက်က လိုက်ခဲ့မိကြပြန်သည်။

မြို့ဘီလူးမြို့နှင့် ရွှခင်းလှ ၂၅ မိုင် ဝေးသည်။ အကွေ့အကောက်ထူပြောသော တောင်တက် တောင်ပတ်လမ်း ဖြစ်သည်။ ရွှခင်းလှမှ ထွက်မိ၍ ၅ မိုင်လောက်တွင်ပင် လူဆိုးဒမြများ၏ ဂျစ်ကားကို ကျွန်တော်တို့မီခဲ့ကြသည်။

ဂျစ်ကားက ဦးဘတူခြံဝမှ လူများ သတင်းပေးလိုက်သည့် နံပါတ်နှင့် အစိမ်းပုပ်ရောင်မို့လည်း လွဲမှားစရာ မရှိပါ။ သို့သော် သူတို့နောက်မှ ကျွန်တော်တို့ ရဲကားပြာလေး လိုက်လာမှန်း ရိပ်စားမိကြသည်နှင့် ဣန္ဒြေမပျက် မှန်တမ်းလေး





မောင်းနေသော ဂျစ်ကား အရှိန်ကို တရကြမ်း တင်ပြေးပါတော့သည်။ ကျွန်တော်တို့ကလည်း ကိုက်ငါးဆယ် အကွာမှ ထတ်ကြပ်ကပ်လိုက်ခဲ့ကြပါသည်။

ကျွန်တော်တို့ကို မျက်ခြည်ဖြတ် ပြေး၍မလွယ်မှန်း သိလာကြသော ရှေ့ကားဆီမှ အဟန့်အတား ကျည်ဆန်များ ပလူပျံ လာတော့သည်။ ကျွန်တော်တို့ဘက်ကလည်း အားကျမခံ တုံ့ပြန်ပစ်ခတ်ခဲ့ရပြန်သည်။ သည်မှအစ တောလုံးညံ့၊ တောင်လုံးဟိန်းသွားအောင် တိုက်ပွဲကြီးတပွဲ အပြေးအလွှား ဖြစ်ပွားခဲ့ရတော့သည်။

ရှေ့ကားမှ လူဆိုးတွေက ပြောင်းတိုတွေချည်းသုံးကြသည်။

ကျွန်တော်တို့က သူတို့ထက်သာသည်။ ကျွန်တော့်လက်ထဲတွင် ဆားဗစ်ရိုင်ဖယ်ဘာကြီး တလက်နှင့် ကျန်လူများမှာ စတင်းဂန်း၊ မောင်းပြန်၊ ရိုင်ဖယ် ကိုယ်စီ ရှိကြသည်။

သို့ရာတွင် ကွေ့ပတ်သောလမ်းပေါ်မှ ပစ်ကွင်းက မတည်ငြိမ် ပြေးလွှား ယိမ်းကစားနေလေတော့ ကျည်ဆန်တွေ တစွေ့တစောင်း လွဲချော်ကုန်တာသာများပါသည်။

သည်ကြားထဲမှ ကျည်ဆန်တတောင့် မျက်စိလည်လာပြီး ကျွန်တော်ထိုင်ရာဘက် ကားမှန်ပေါက်ကို ထွင်းဖောက်ဝင်လာသည်။

နားထဲ၌ ထန်ကနဲ ချလွမ်ကနဲ ကြားလိုက်သည်နှင့် တပြိုင်တည်း ဘေးသို့ ကျွန်တော်ဝပ်ချလိုက်ပြီးသား ဖြစ်သွားမိသည်။ နည်းနည်းလေး နှေးလိုက်လို့ကတော့ နဖူးမှာ မရဏတံဆိပ်ခတ်နှိပ်ခံရပြီး မရှူမလှ အသက်ထွက်ဖို့ သေချာပါသည်။

ကျွန်တော့် ဦးနှောက်ကို မစားလိုက်ရသော ကျည်ဆန်သည် ကား နောက်ပိုင်းမှ ရဲတပ်သားလေး၏ လက်မောင်းထဲသို့ ဒေါသတကြီး ဖောက်ထွင်းခိုနားသွားသည်။

'အား....'

ကိုယ့်ဘက်က တယောက်ထိပြီဆိုတော့လည်း သွေးတွေဆူလာရသည်။ မီးကုန်ယမ်းကုန် ဆော်ပစ်ကြသည်။ ကလဲ့စားချေသော ကျည်တတောင့်က ရှေ့ဂျစ်ကား၏ ဘီးတဘက်ကို ဖောက်ခွဲပစ်လိုက်ပါသည်။

မွတ်မွတ်လည်နေသည့် ဘီးများလည်း တဒင်္ဂအတွင်း အလည်ရပ်ခဲ့ရတော့သည်။

ကားထဲမှ လူဆိုးတွေ ထွက်လာကြသည်။ ဗရုန်းသုန်းကားနှင့် ကြုံသလို ခုန်ဆင်း ခဲ့ကြခြင်းပဲဖြစ်သည်။

ပြီးတော့ သူတို့တွေက ကားလမ်းဘေးရှိ ဆင်ခြေလျှောတောင်နံရံပေါ် ပြေးတက်ခဲ့ကြသည်။ မှောင်ရီပျိုးစဖြစ်၍ သူတို့ အရေအတွက်ကို အတိအကျ မသိနိုင်ပါ။ လေးငါးခြောက်ယောက်တော့ ရှိမည်ထင်ရသည်။

ကျွန်တော်တို့ကားကို သူတို့ကားနှင့် ဝါးသုံးပြန်လောက် အကွာ ၆ရောက်ရာအရပ်မှာပင် ထိုးရပ်ခိုင်းလိုက်သည်။ ရပ်ရပ်ချင်း ကျွန်တော်အလျင်ဆုံး ကားထဲမှခုန်ထွက်ပြီး တောင်ကုန်းစပ် အင်ကြင်းပင်ကြီးနောက် ပြေးကပ်လိုက်သည်။ကျွန်တော့်လူများလည်း ရှေ့ဆင့် နောက်ဆင့် ဆိုသလို သစ်ပင်ချုံကွယ်များတွင် တပ်ဖြန့်ပြီး ဖြစ်သွားသည်။





နှစ်ဘက်စလုံး လှုပ်ရှားမှုတွေက မျက်စိတမှိတ် လျှပ်တပြက်ဆိုသလို မြန်ဆန်လှသည်။ နေရာယူမိကြပြီ ဆိုသည့်နောက်တော့ ကျည်ဆန်ချင်း စကားပြောတော့သည်။

'ဒိုင်း ...ဒက်....ဒက်....'

'ရော....ရော....ဒိုင်း....'

လိမ္မော်ရောင် မီးပွင့်ကလေးတွေ ဟိုနေရာက လက်ကနဲ သည်နေရာမှ ဝင်းကနဲ ပေါ်ထွက်လာခဲ့သည်။ မှောင်အရိပ်နှင့် လိမ္မော်ရောင် ပန်းစား၍ ကြည့်လို့မှ လှ လှသေးတော့။

လှသလောက် ကြောက်စရာကောင်းသော လိမ္မော်ရောင်တွေ အသံများကား သိမ့်သိမ့်တုန် မြည်ဟည်းသျက်။ ယမမင်း၏ အ,မင်္ဂလာ ဘေးတပုဒ်အလား နားကြားဆိုးလှပါဘိ။

သစ်ဆင်းပျိုလွင်သော ည၏နိဒါန်းကမ္ဘာမှာ သာယာလှပမှု အလျဉ်း မရှိတော့ပဲ အကျည်းတန် အရုပ်ဆိုးခဲ့ရပါပြီ။

ညအမှောင်ရိပ်ထိုးပြီး ပစ်ကွင်းတွေ ပျောက်နေသော ကြောင့် ထင်သလောက် အရာမရောက်။ လိမ္မော်ရောင်အပွင့်နှင့် ရိပ်ကနဲ အလှုပ်ကို မှန်း၍ပစ်နေကြရခြင်း သာ ဖြစ်သည်၊

တိုက်ပွဲ၏ အရှုံးအနိုင်ကို အချိန်က အဖြေပေးပါလိမ့်မည်။ သို့မဟုတ် လက်နက်အင်အားက ဆုံးဖြတ်ပေလိမ့်မည်။

ကျွန်တော်တို့မှာ ကျည်ဗူးကိုယ်စီနှင့် ကျည်အား အပြည့်ပါ သည်။ ကျည်ဆန်ကုန်လိုက် ထပ်ဖြည့်ပစ်လိုက်နှင့် ကြာတော့ ရန်သူလူဆိုးတွေဘက်က ပစ်အားလျော့လာသည်ကိုတွေ့ရသည်။

ထိုမှတဆင့် ဖြိုးဖြိုး ဖြောက်ဖြောက်နှင့် ပစ်ဆုတ်ဆုတ်ခဲ့ကြ သည်။ကျွန်တော်တို့က အဆက်မပြတ် ဖိတိုက်ခဲ့သည့်အဆုံးမ

တော့ လူဆိုးတွေ အုပ်စုကွဲ၍ အမှောင်ထုနှင့် သစ်ပင်အုပ်များကို အားကိုးပြုပြီး ကစဉ့်ကလျား ထွက်ပြေးကြပါတော့သည်။

သည်တော့လည်း ကျွန်တော်….ကျွန်တော့်လူများအား နှစ်ဖွဲ့ခွဲလိုက်ပါတော့သည်။ ရဲကြပ်ကြီးနှင့် ရဲတပ်သား နှစ်ယောက်က တဖွဲ့။ ကျွန်တော်နှင့် ဒရိုင်ဘာ ရဲတပ်သားက တဖွဲ့။ ရဲကြပ်ကြီးအား ရန်သူတယောက်တည်းကိုသာ လက်ရဖမ်းရန် မှာလိုက်သလို ကျွန်တော် ကိုယ်တိုင်လည်း တောင်ပေါ်တက်ပြေးသူ တယောက်နောက်သို့ မျက်ခြည်မပြတ် ပြေးလိုက်ခဲ့ပါသည်။

လက်မောင်းဒဏ်ရာရသူ ရဲသားလေးကိုမူ ချုံဖုတ်ငယ်တခုထဲ နားနေစေခဲ့သည်။

ကျွန်တော်ရွေးချယ်ခဲ့သော သားကောင်သည် လူမှဟုတ်ပါလေစ ထင်မှားရလောက်အောင် သွက်လက် လျင်မြန်လွန်းလှသည်။

ကုတ်အင်္ကျီ ဖားဖားကြီးနှင့် ဘောင်းဘီရှည် ဝတ်ထားပုံရပြီး၊ လူငယ်တဦး ဖြစ်မည်လို့လည်း ခန့်မှန်းရပါသည်။ သစ်ပင်တပင်မှ တပင်ကူး၍ ကုန်းအမော့သို့ ပြေးတက်နေပုံမှာ လှစ်ကနဲ လှစ်ကနဲ….။

သူ မည်မျှပင် ဖျတ်လတ်လျင်မြန်စေဦးတော့။ ကျွန်တော်သာ အခက်အခဲပြေးပွဲတိုင်း၌ ဗိုလ်စွဲခဲ့သူ တယောက်မှန်းသိလျှင် အမောခံပြေးနေတော့မည် မထင်။ သူနှင့် ကျွန်တော် စက္ကန့်ပိုင်းလေးခြား၍ တောင်ပေါ်ရောက်ခဲ့ကြပြီ ဆိုကတည်းက သူ အရှုံးပေးဖို့ကောင်းပါသည်။





သူက လတ်လျှော့အရှုံးပေးမည့်အစား ထင်းရှူးပင်ကြီးတပင်ကိုကာဗာယူပြီး ကျွန်တော့်ကို ဆီးကြိုပစ်ခတ်ခဲ့ပါသည်။

သူ့ဆီ ကျည်ဆန်ကုန်ပြီလို့ တွက်ခဲ့သော ကျွန်တော့် ပခုံးစွန်းမှာ မီးစကြီးနှင့် အထိုးခံလိုက်ရသလို ပူလောင်သွားရပါသည်။

ကျွန်တော့်တကိုယ်လုံး ချာလည်ပတ်လည် လည်ကျသွားပါသည်။ လက်လှမ်းမီရာ သစ်ကိုင်းတခုကို လှမ်းဆွဲထားနိုင်မိလို့ တော်သွားသည်။ နို့မဟုတ်လျှင် တောင်အောက်သို့ တလိမ့်ခေါက်ကွေး ကြသွားဖို့သာ ရှိပါသည်။

သူ့ကို ပစ်ချနိုင်ခွင့် ကြုံပါလျက် လက်နက်မဲ့ ထွက်ပြေးသူတယောက်အနေနှင့် ညှာလိုက်မိပြီး အရှင်ဖမ်းဖို့ ကြိုးစားလိုက်မိခြင်းက ကျွန်တော့် မဟာအမှားပါပဲ….။

ကျွန်တော် ကိုယ့်ကိုယ်ကို ကျိန်ဆဲယင်း သူ့ကိုလည်း ဒေါ မနသာ ပွားလိုက်မိပါသည်။ ရန်သူကို ရန်သူလို ရက်စက်တော့မည်။ ဆုံးဖြတ်ချက်နှင့် လူးလဲထခဲ့ပါသည်။

ရန်သူ…ကျွန်တော့်ရှေ့ အတော်ဝေးဝေးမှာပြေးနေသည်ကို ပေါ်သစ်စ လရောင်အောက်မှာ မြင်ရသည်။

ကျွန်တော်လည်း ပခုံးဒဏ်ရာကို လျစ်လျူရှုလျက် ထင်းရှူးတောနှင့် တောင်ကြောတလျှောက် ပြေးနေသူကို အမီလိုက်ဖို့ ကြိုးပမ်းမိပြန်သည်။ သည်စဉ်အတွင်း တောင်အောက်ဘက်မှ သေနတ်သံတွေ လှိုင်တက်လာသည်ကို ပြောက်တိပြောက်ကျား ကြားနေရသည်။

သူတို့လည်း ရန်သူ လူဆိုးကို မိသေးပုံမရ။

ဝိန်ခေါ်ပြေးသော ရန်သူနောက်သို့ ဘွာမခတ်တမ်း လိုက်ဖမ်းနေရဟန်....။

လိုက်ဘမ်းပြေးတမ်းသံသရာ ဘယ်ခါဆုံးပါတော့မည်နည်း။

ကျွန်တော့်ရင်ထဲမှာတော့ တူမျှသော သွေးကြွေးကို ပေးဆပ်ရန်ဆန္ဒဖြင့် ရေအဆုံး မြေအဆုံး လိုက်ဖို့သာ ကြိမ်းဝါးနေခဲ့မိပါသည်။

မကြာမီပင် ကျွန်တော့်ဆန္ဒ ပြည့်ဝခဲ့ရပါတော့သည်။ ထင်းရှူးတောကို လွန်မြောက်၍ ကုန်းခေါင်ခေါင်သို့ အရောက်... ။

ရှေ့လူရန်သူသည် ကြောက်ဇော ကြီးမားစွာဖြင့် တဟုန်ထိုးပြေးနေသော်လည်း ကျွန်တော့်ပစ်ကွင်းအတွင်း သေနတ်တကမ်း လှမ်းမီနိုင်ကြောင်း သိသည်နှင့် ကျကျနန ကျွန်တော်ရပ်လိုက်ပြီး သေသေချာချာချိန်၍ မောင်းကို အပိုင်ဖြုတ်ချလိုက်ခြင်းပဲ ဖြစ်ပါသည်။

တကယ်စင်စစ် ရန်သူကို အသေမပစ်ချင်သည့်တိုင်အောင် ပေါင်လောက်တော့ ချိုးပစ်လိုက်မှ အကြံနှင့် ပေါင်ကို မှန်းပစ်ခဲ့သည်။

သို့ပေမယ့်လည်း သူ့ခမျာ ကံဆိုးသည် ဆိုရပါလိမ့်မည်။ ကျွန်တော်က အပစ်၊ သူက နောက်လှည့် အကြည့်ဆုံသွားခြင်းက လည်းသူ့အတွက် ကြမ္မာငင်သည်နှင့် မခြား....။

ကျွန်တော့်ပြောင်းဝမှ လိမ္မော်ရောင်ကို မြင်လိုက်ပြီး သူဝပ်ချလိုက်ရာမှ ပေါင်ရယ်လို့ မှန်းခဲ့သော ကျည်ဆန်သည် လည်မျိုနှင့် မျက်နှာတခုခုကို ဖောက်ဝင်သွားဟန်တူပါသည်။





သူသည် မျက်နှာတဝိုက်ကို လက်ဝါးနှင့် စုံအုပ်လျက် ဒူးညွှတ်ခွေကျသွားတာ ကျွန်တော် လှမ်းမြင်ခဲ့ရပါသည်။

နောက်ခဏ၌ သူ့ရှေ့သို့ ကျွန်တော် ရောက်သွားပါသည်။ ကျွန်တော်ထင်သလိုပင် ကျည်ဆန်က လည်တိုင်ကိုထွင်း၍ လည်ကုပ်မှ ပွင့်ထွက်သွားရာမှ မှောက်ခုံကြီး လဲကျလွန့်လူးနေသည်ကို မြင်ရသည်။

ဒဏ်ရာမှ သွေးတွေ တရဟော စီးကျနေသည်။ သည်ပုံမျိုးနှင့် အသက်ရှင်ဦးမည်ဆိုလျှင် အလွန်ဆုံး နောက် ၅ မိနစ်ခန့်သာ ဖြစ်ပါလိမ့်မည်။

မည်သူမည်ဝါ မသိသော ကံခေသူ ကိုလူဆိုးအတွက် ကျွန်တော် သနားကရုဏာသက်နေမိပါသည်။ သေရန် မရည်ရွယ်ခဲ့ပဲလျက် ကျွန်ုပ်တော့်လက်ချက်ဖြင့် သေရှာတော့မည်ဆိုသောအခါ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

မှောက်ခုံကြီး လဲနေရာမှ သက်သာရာ ရစေသောငှာ လက်မောင်းတဘက်မှ မချီ၍ ပက်လက် လှန်ပေးလိုက်မိပါသည်။ သည်မှာပင် ဖုတ်တွေပေလူးနေသော သူ့မျက်နှာကို ကျွန်တော်တွေ့ခဲ့ရပါတော့သည်။

တွေ့တွေ့ချင်း ကျွန်တော့်မျက်လုံးတွေကို ကျွန်တော်မယုံနိုင်။ ဟုတ်မယ်မထင်ပါဘူးဆိုတဲ့ သံသယပင် ဝင်လိုက်မိသေးသည်။ ဒါပေမယ့် အသေအချာ ဂရုတစိုက် ပြန်ကြည့်မိလိုက်တော့ ကျွန်တော့်ရင်ဘွင်းမှာ ဟာကနဲ လှိုက်ခုန်တက်သွားရသည်။

ရှစ်ရပ်ဝန်းကျင်တခုလုံး လျှောင်တော်လဲသံကြီးများနှင့်အတူ သွက်သွက်ခါ ချာချာလည်၍ ဦးစိုက် ပြောင်းပြန်ကျသွားပါသည်။

'ညီ....ညီလေး၊ ညီလေးရဲမောင်'

ကြောင်တက်တက်ကြီး ဖြစ်သွားရာမှ အနိုင်နိုင် အားယူခေါ်လိုက်ရသော ကျွန်တော့်အသံသည် အထိတ်တလန့်နှင့် ထွက်သွားသည်။

အသံက တုန်နေသလို ကျွန်တော့် တကိုယ်လုံးလည်း ဆောက်တည်ရာမရ ချောက်ချားနေခဲ့ ရပါပြီ။

ရာဇဝတ်သားသည် မမျှော်လင့်ပဲ ကျွန်တော့်ညီလေး လာဖြစ်နေသောကြောင့်လည်း ကျွန်တော် အံ့သြခြင်းနှင့် အမျှ ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ကိုယ့်ညီ အရင်းခေါက်ခေါက်ကိုမှ ပစ်သတ်မိပါရောလားလို့ ဆင်ခြင်လိုက်မိပြန်တော့ ဖြေမဆည်နိုင်အောင် ရင်နာဆွေး။

'ဖြစ်မှ ဖြစ်ရလေ ညီလေးရယ်'

သွေးအိုင်ထဲမှ ညီဖြစ်သူကို ဝင်ပွေ့ ထားလိုက်မိပြီးနောက် ကျွန်တော့်နှုတ်က ကျိတ်မနိုင်ခဲမရ ရေရွတ်မိသည်။ ကျွန်တော့် အသံကိုကြား၍ ကျွန်တော်မှန်း သူ သိသွားသည်ထင်ပါသည်။ နောက်ဆုံးအချိန်ပိုင်း၏ ထွက်သက် ဝင်သက်ကို ခဲယဉ်း ငင်ပမ်းစွာ ရှူရှိုက်ယင်းမှ ရဲမောင်က ကျွန်တော့်ကို တစုံတရာ ပြန်ပြောခဲ့သည်။ အသံအစား ကျည်ဝင်ပေါက်မှ သွေးတွေသာ ပွက်ကနဲ အန်ထွက်လာပါသည်။





ရီဝေ ပြာမှိုင်းနေသော သူ့မျက်လုံးတွေကိုလည်း ဖွင့်ကြည့်ဖို့ ကြိုးစားရှာသည်။ သူ့မျက်လုံးတွေထဲတွင် အစ်ကို ရဲဇော်ရယ်လို့ အသိအမှတ်ပြုသည့် အရိပ်လက္ခဏာလေးတွေ မဆိုစလောက် ပေါ်ထင်လာပါသည်။

'ကိုကြီး မင်းမှန်းမသိခဲ့ပါဘူး ညီလေး၊ မင်းကိုလဲ့ အသေပစ်ခဲ့တာ မဟုတ်ပါဘူးကွာ၊ ခြေထောက်ဆိုပြီး ပစ်ခဲ့တာပါ၊ မင်းက ဖြုန်းကနဲ ဝပ်ချလိုက်တော့ ခုလို....ခုလို....'

ကျွန်တော် မျက်ရည်စက်လက်နှင့် အယူခံ ဝင်နေမိခဲ့ပါသည်။ ငိုသံပင် ပါသွားမလား မပြောတတ်။ ထို့အတူ ရှေ့ဆက် ဘာပြောရမှန်း မသိသလို အသံက တိမ်ဝင်သွားရပါသည်။

ကျွန်တော့်စကားတွေကို ရဲမောင် ကြားမှ ကြားပါလေစ။ ကြားသည့်တိုင် နားကော လည်ပါ့မလား။

စင်စစ် ကျွန်တော်စိုးရိမ်သလောက် မဆိုးရွားခဲ့။ ရဲမောင် ကျွန်တော့်စကားတွေကို နားလည်ကြောင်း အထိမ်းအမှတ်ဖြင့် မသိမသာ ခေါင်းညိတ်ပြခဲ့ပါသည်။

သူ့ လက်တဘက်ကလည်း ကျွန်တော့် လက်တဘက်ကို ကိုင်ညှစ်ပြသည်။ ကျွန်တော့်အဖို့ ဝမ်းသာ ဝမ်းနည်းကြီး ဖြစ်ရလျက်....။

'ကိုကြီးကို ခွင့်လွှတ်နော်....ညီလေး၊ မင်းမှန်းသိခဲ့ယင် သဲသဲမဲမဲကြီးကို လိုက်ဖမ်းမိမယ် မထင်ပါဘူး၊ ဒါပေမယ့် ကိုကြီးက ဝတ္တရားအရ ဟင်.... ရဲမောင်....ရဲမောင်....'

ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားသော သူ့လက်ကလေး မှာလည်း ပြေလျော့ကျသွားသည်။ သို့မို့ကြောင့်လည်း ကျွန်တော် သူ့နာမည်ကို အသံကုန်ဟစ်၍ အော်ခေါ်လိုက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော် ဘယ်လိုပဲခေါ်ခေါ်၊ ရဲမော်တယောက်ကတော့ မကြားနိုင်တော့ပါ။ ကြားနိုင်စွမ်းသော အသိဥာဏ် ဝိညာဉ် ဟူသမျှ ရဲမော်ခန္ဓာမှ အပြီးအပိုင် စွန့်ခွာသွားပါလေပြီ။

သို့နှင့်တပြိုင်နက် ကျွန်တော့်ရှေ့မှောက် မြင်ကွင်းသည် အမျိုးအမည်မသိသော အရောင်တမျိုးဖြင့် အုံ့ဆိုင်း ပြောင်းလဲ သွားသည် မှတ်ထင်လိုက်ရသည်။ ကျွန်တော်ကိုယ်တိုင်လည်း သတိလစ်သွားသကဲ့သို့ မျက်လုံးဟော့ ပြာမိုက်ပြီး၊ စိတ်နှင့်လူနှင့် ကင်းလွတ်သွားပါသည်။

ရဲမော် အလောင်းကိုပိုက်လျက် မည်မျှကြာအောင် ကျွန် တော် မိန်းမောနေမိသည် မသိ။ မြူခိုးတွေ ရစ်ဆိုင်းလာရာမှ လရောင်လေးပင် နွမ်းသွားခဲ့ပါချေပြီ။ ထင်းရှူးနံ့နှင့် ယမ်း စော်တွေကတော့ သင်းသင်းပျံ့နေဆဲ။ ကျွန်တော့်မျက်ရည် တွေနှင့် ညီလေးရဲ့ သွေးတွေလည်း စီးပြိုင် ရောယှက်ကာဖြင့်။

အနိဋ္ဌာရုံ လောက၏ တိတ်ဆိတ်ငြိမ်သက်ခြင်း အလယ်မှ တဖြည်းဖြည်း သတိတရား ပြန်ဝင်လာချိန်ထိ ကျွန်တော့်အနီး သို့ ဘယ်သူတစုံတယောက်မျှ ရောက်မလာခဲ့ပါ။

ကျွန်တော် အဖော်ခေါ်ခဲ့သော ရဲသားဒရိုင်ဘာလည်း ကျွန် တော့်ကို မျက်ခြည်ပြတ် ကျန်ခဲ့ပုံရသည်။ တပ်ကြပ်ကြီးတို့ အဖွဲ့





လည်း လူဆိုးတွေနောက် လိုက်ယင်းနှင့် အဝေးသို့ ရောက်ကုန် ပြီ ထင်သည်။

သို့သော်စခန်းမှူးတို့စစ်ကူလိုက်လာဟန်ဖြင့်တောင်အောက် ဆီမှ လူသံဆူသံတွေတော့ သဲ့သဲ့ပဲ့တင် ကြားနေခဲ့ရသည်။

ကျွန်တော်သည် ညီလေးရဲမော်၏ မျက်နှာကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်လိုက်မိပြန်သည်။ ရဲမော် ပါးစပ်အဟောင်းသားပွင့်လို့.... မျက်လုံး အစုံကလည်းပြူးတူး ကြောင်တောင်လေး....

ရဲမော်မျက်နှာကို ကြည့်ယင်းမှ ငါဘာလုပ်ရပါ့မလဲ။ ကိုယ့် ကိုယ်ကို ပြန်မေးမိသည်နှင့် တချက်တည်း အမေ့ကို ပြေးမြင် ယောင် လိုက်မိပါတော့သည်။

အမေသည် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို တသွင် တည်း ရင်မှ ဖြစ်ခြင်းအတူတူ ညီလေး ရဲမော်အပေါ်တွင် သံယောဇဉ် ကြီးခဲ့ပါသည်။ အချစ်ပို၍ အလိုလိုက်ခဲ့ပါသည်။

အမေ့ပုံစံက အဖေရှိစဉ်က မထောင်းတာ လှပေမယ့် အဖေ မျက်ကွယ် ပြုသွားပြီ ဆိုသောအခါ ရဲမော်အဖို့ဘေး ဖြစ်စေသည်။ အမေ့မေတ္တာဟူသည် ရဲမော်အတွက် လောင် စာ အဆိပ်အတောက် သက်သက်လိုပဲ ဆိုချင်သည်။

ရဲမော်သည် အလိုလိုက် အမိုက်စော်ကားပြီး ဆိုးဆိုး တေ တေ လေလေ လွင့်လွင့် နေခဲ့သည်။ နွဲ့ဆိုးလည်း ဆိုးသည်။ မိုက်ဆိုးလည်းဆိုးသည်။

အိမ်တွင် ပစ္စည်းပျောက်ပြီဆို ဗေဒင် သွားမမေးနှင့်။ ရဲမော်လက်ချက်။ အရပ်ထဲ ရန်ဖြစ်ပြီဆိုလည်း ဂတ်ကိုလိုက် သွား၊ ရဲမော် ထိပ်ဆုံးက။ အမေ့ အကြွေး ဆပ်လိုက်ရပြီတဲ့။

တခြားအကြွေးမှဟုတ်။ ရဲမော်ရဲ့ အရက်ကြွေး ဖဲကြွေး။

ရဲမော်၏ ဆိုးဒဏ်ကို ဆူဆူဆဲဆဲလုပ်ယင်း အမေခံခဲ့သည်။ သည်ကြားထဲမှ ကျွန်တော်က အဆစ်ပါလိုက်ရ သေးသည်။ ကျွန်တော်က အကြီးမို့ သူ့ကို ဆုံးမမိပါကလည်း သူက တုတ်တပြက် ဓားတပြက်။

အမေ့ မျက်နှာကို ကြည့်၍ ကျွန်တော် အလျှော့ပေးခဲ့ရသည်ချည်းပါ။

ကဲ...အခု သူချစ်တဲ့ သားငယ် ရဲမော်၊ ကျွန်တော့် ဟယောဂဖြင့် အသေဆိုး သေခဲ့ပြီ ဆိုတာများ ကြားလိုက်လျှင် အမေ ဘယ်လို နေလိမ့်မလဲ။

ဆိုးပေ့ ထိပ်ခေါင် သားသမီးမျိုးကိုမှ မိဘတွေက အချစ်သည်းတတ်ကြသည်။ လူလည် လူမိုက်ပါဆိုမှ မိန်းကလေးတွေက မျက်စိကျချင်သည်။ ရဲမော်သည် မြာမပွေသည့်တိုင်အောင် မြာစွံ သူတယောက် ဖြစ်ခဲ့သည်။

မြို့တကာ နယ်တကာစုံအောင် လိုက်ရှုပ်ယင်းနှင့် ကျောက်ခါးပတ်မြို့သူ မနန်းကြူနှင့် တွေ့သည်။ ကြိုက်သည်။ လက်ထပ်သည်။ သည်တခုတော့ ရဲမော် ကောင်းသည် ဆိုရမည်။ မနန်းကြူကို သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းခဲ့သည်။ ခုဆို သားလေး နန်းမော်ပင် သုံးနှစ်သား ရှိခဲ့ပြီ။

မနန်းကြူနှင့် ယူ လိုက် သည် ဆို က တည်း က ရဲမော် ကျောက်ခါးပတ်ကို သွားနေခဲ့သည်။ ကျောက်ခါးပတ်မှ မနန်းကြူတို့ အိမ်တွင် မျက်မမြင် ဖခင်အိုကြီး တယောက်သာ ရှိသည် မဟုတ်လား။





ပြီးတော့ ကျောက်ခါးပတ်က နယ်စပ်သို့ ဝင်ထွက်ရာ တံခါးဝ မြို့ကြီးနှင့်နီး၍ မှောင်ခိုကုန်များ ရောင်းဝယ်ဖောက်ကားရာ ဈေးကွက်ကြီးတခု ဖြစ်နေသဖြင့် ရဲမော်လို လူစားနှင့်လည်း ကိုက်ပါသည်။

ကျောက်ခါးပတ်သည် မြို့ဘီလူးဟိုဘက်မိုင် (၇၀) ကျော်တွင် ရှိပါသည်။ မြို့ဘီလူးနှင့် ကျွန်တော်တို့ ရွာခင်းလှမှာ ၂၅ မိုင် ဝေးသဖြင့် ကျောက်ခါးပတ်နှင့် ရွာခင်းလှဆိုလျှင် မိုင်တရာနီးပါး အလှမ်းကွာသွားသည်။

ကျောက်ခါးပတ်ရှိ ရဲမော်တို့ အိမ်သို့ ကျွန်တော် နှစ်ခေါက်လား ရောက်ဖူးသည်၊ အိမ်ကလေးက ပျဉ်ထောင် သွပ်မိုးနှင့် သပ်သပ်ရပ်ရပ်ကလေး ဖြစ်သည်။ ရေဒီယိုကက်ဆက်၊ ရေခဲသေတ္တာ စသည့် ခေတ်မီ ပရိဘောဂများဖြင့် ဧည့်ခန်းကို တန်ဆာဆင်ထားသည်။ သည်ပစ္စည်းတွေက ရဲမော် လက်ထက်တွင်မှ ဖြစ်ထွန်းခဲ့သည် အဆိုရှိသည်။

ရဲမော်သည် မှောင်ခိုကုန်ကူး၍ စီးပွားရှာနေသည့် အချက်ကိုလည်း ကျွန်တော် သိခဲ့ရသည်။ သည်ကြားထဲမှ အကွက်လည်လျှင် လည်သလို ဖဲဒိုင်ကိုင်လိုက်သေးသည်။

တွေးကြည့်လျှင်တော့ သူနှင့် ကျွန်တော့်ဘဝက သမသတ်ကျလှသည်။ အစ်ကိုက ရဲအရာရှိငယ်တဦး။ ညီက မှောင်ခိုကုန်သည် ဖဲရာဇာ။ ကောင်းပဲကောင်းသေးတော့။

သို့ပေမယ့် သူ ကြီးပွားနေသည် ဆိုတော့လည်း အစ်ကိုတယောက် နေရာမှ ဝမ်းသာကြည်နူး ခဲ့ရသည်။ ရဲအရာရှိ

တယောက် အနေနှင့်တော့ သူ့ကို ဝိသမလောဘ မထားရန်နှင့် ကိုယ့်အန္တရာယ် ကိုယ်ကြည့်ရှောင်ရန် သတိပေးခဲ့မိသည်။

ရဲမော်ကလည်း ရယ်ရယ်ပြုံးပြုံးနှင့်ပင် သူ့အတွက် စိုးရိမ်စရာမလိုကြောင်း၊ ဆိုင်ရာပိုင်ရာတွေကို မီးသေကြောင်း၊ အန္တရာယ်မကင်းသည့် အလုပ်ကိုလည်း သူ လုပ်မည်မဟုတ်ကြောင်း ပြန်ပြောသည်။

သူ့အပြောနှင့် လုပ်ရပ်ကား မညီခဲ့ပါ။ ခုလို မှောင်ခို ဘဝမှ တဆင့်တက်၍ အန္တရာယ်အဝန်းအဝိုင်းထဲ ကျင်လည်ရသော လူဆိုး ဒမြတယောက်ပင် ဖြစ်နေပါပြီကော။

တကယ်တော့ ခုလို မဖြစ်ခင်ကတည်းက ငါ့မှာ မယားနှင့်သားနှင့်ပါလားလို့ ရဲမော် ဆင်ခြင်ဖို့ ကောင်းပါသည်။ သူချစ်ပါသည်ဆိုသော ဇနီးချော မနန်းကြူနှင့် သားငယ်မောင်နန်းမော်တို့ကို ငဲ့ညှာသင့်သည်။

မနန်းကြူသည် ရှမ်းသွေးနွယ်သူတဦးပီပီ အသားဖြူ၍ ရိုးရိုးယဉ်ယဉ်လေးလှသူဖြစ်ပါသည်။ သဘောထားလည်း ပြည့်ဝရှာသည်။ အိမ်မှုကိစ္စလည်း နိုင်နင်းသည်။ ရဲမော့် အပေါ်တွင်လည်း ချစ်ခင်စုံမက်မှုအတိဖြင့် မယားဝတ္တရား ကျေပွန်သည်။ လိမ္မာရေးခြားလည်း ရှိလှသည်။

သားကလေး နန်းမော် ဆိုလျှင်လည်း ဝဝကစ်ကစ် ချစ်စရာကလေးပါ။ သုံးနှစ်ရှိပြီဆိုတော့လည်း တွတ်တီးတွတ်တာလေးတွေ ပြောတတ်နေပြီ။ မာမီရယ် ချာပေးကွယ် ရီးဂျားလိုကျင်တယ်လို့ပင် သီချင်း အော်ဆိုတတ်နေရှာပြီ။ ကဲ....ခု....





ရဲမော် သေပြီဆိုသောအခါ မနန်းကြူတို့ သားအမိ ဘယ်သူ့သွား အားကိုးကြတော့မလဲ။

မနန်းကြူတို့ ရှေ့ရေးကား ရင်လေးဖွယ်ပင် ဖြစ်ပါသည်။ မျက်မမြင် ဒုက္ခိတ ဖခင်ကြီးနှင့် လူမမည်သားလေးကို ပိုက်၍ လက်ငင်းဒိဌ အတိဒုက္ခရောက်ရတော့မှာ မလွဲ။ ထို့အတူပင် ဒမြလူဆိုးဖြစ်နေသော ရဲမော်ကို ကျွန်တော်ကိုယ်တိုင် အသေပစ်ခတ် ဖမ်းဆီးခဲ့ကြောင်း လောလောလတ်လတ် အမေသိသွားခဲ့သော် ရင်ကျိုးမှာ ကျိန်းသေ။

သည်တော့လည်း အမေနှင့် မနန်းကြူတို့ ပြဿနာကို အေးရာအေးကြောင်း ကျွန်တော် ကြိုးစားရပါလိမ့်မည်။ ဘယ်နည်းဖြင့် ဖြေရှင်းရမလဲ၊ ခေါင်းအေးနိုင်သမျှ အေးအေးဆား စဉ်းစားကြံဆမိသည်။

နောက်ဆုံး အကောင်းဆုံးထင်ရသောအကြံတခုကျွန်တော့်ဦးနှောက်ထဲက လျှပ်ပြက်သလို လက်ကနဲထွက်လာပါသည်။

ထိုအချိန်မှာပင် စစ်ကူလိုက်လာသော စခန်းမှူးနှင့်အဖွဲ့သည် ကျွန်တော်နှင့် ရဲမော်ထံသို့ ရောက်ရှိလာပါသည်။ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြလိုက်သောအခါ။

'အေးကွာ စိတ်မကောင်းစရာပါပဲ၊ ဘာတတ်နိုင်မလဲ၊ ကဲ....ထ၊ အလောင်း ပြန်သယ်ရအောင်၊ ရှေ့ကကောင်တွေ ဆက်လိုက်စရာ ရှိသေးတယ်'

ကျွန်တော်က စခန်းမှူးအား ကျွန်တော်ဆက်လုပ်လိုသော အကြံအစည်အား တင်ပြရာ၊ စခန်းမှူးသည် တွေပြီးစဉ်းစားနေလိုက်သည်။ နောက်မှ သက်ပြင်းတချက်ချလိုက်ပြီး

'လွယ်တော့ မလွယ်ဘူးနော်၊ အန္တရာယ်သိပ်များတယ်'

ကျွန်တော့်မှာ စိတ်သိပ်ထက်သန်နေသည့်အပြင် သည့်ထက်ကောင်းသည့် အခွင့်အရေးမရှိကြောင်း အထပ်ထပ် ရှင်းပြသောအခါ။

'အေးကွာ၊ ကြည့်လုပ်၊ စခန်းကိုတော့ ဖြစ်တဲ့နည်းနဲ့ လျှို့ဝှက်ဆက်သွယ်၊ သိပ်လည်း အတင့်မရဲနဲ့'

ကျွန်တော်သည် ခေါင်းညိတ် ပြလိုက်ပြီး၊ ချက်ချင်းပင် ရဲမော် အလောင်းမှ အဝတ်အစားများ နှင့် ကျွန်တော့် ရဲဝတ်စုံကို လဲဝတ်လိုက်ပါသည်။ သို့ဖြင့် နောက်တမိနစ်မျှအကြာတွင် ကျွန်တော်သည် ရဲမော်ဘဝသို့ ရောက်၍၊ ရဲမော်သည် ကျွန်တော်ဒုရဲအုပ် ရဲဇော် ရယ်လို့ အသွင် ပြောင်းသွားပါလေပြီ။

အဝတ်အစားချင်းလဲလိုက်ရုံနှင့် ဘဝချင်းပြောင်းလို့ရခဲ့ခြင်းမှာကျွန်တော်နှင့် ရဲမော် အသွင်တူ အမြွှာညီအစ်ကို နှစ်ယောက်ဖြစ်ခဲ့သောကြောင့်သာ။

ကျွန်တော်နှင့် ရဲမော်သည် အတွင်း စိတ်ဓာတ်ကလွဲ၍၊ အပြင်ဗဟိဒ္ဓသဏ္ဌာန်တွေ အားလုံး ခွဲခြားမရအောင် တူလှပါသည်။ ငယ်စဉ်ကဆို ကျွန်တော်တို့ နှစ်ယောက်ကို မကြာခဏ လူချင်းမှားတတ်ကြသည်။ ယှဉ်ရပ်နေကြသည့် တိုင်အောင် ရဲမော်လား၊ ရဲဇော်လား ရွေးပြနိုင်ဖို့ပင် ခက်သည်။

ခုတော့လည်း ရဲမော့်အသေမှာ ကျွန်တော့်အသေ ဖြစ်သွားပြီဆိုပါတော့။ သို့နှင့်အမျှ ကျွန်တော် သေနတ်နှင့်ပစ်၍ ရဲမော်သေခဲ့ရခြင်းလောက်တော့ မဆိုးတော့ချေ။





အမေ့အတွက် အများကြီး ဖြေသာသွားလိမ့်မည်။ ရဲမော်ဘဝမှ ကျွန်တော့် အနေနှင့်လည်း မနန်းကြူတို့ သားအမိကို အခြေမပျက် သွားရောက် စောင့်ရှောက်ခွင့် ရနိုင်သည်။ ကျွန်တော်တို့ ကြံစည်ထားသည့် အတိုင်း သည်နယ်တဝိုက်တွင် သောင်းကျန်းနေသော ဒမြဂိုဏ်းကိုပင် ခြေရာခံလိုက်မိစရာ အကြောင်းရှိသေးသည်။ တချက်ခုတ် သုံးချက်ပြတ်။

ဘခုတော့ရှိသည်။ ထိုစဉ်က သွေးဆူပြီး တကိုယ်လုံး ထူပူနေဟန်ဖြင့် ကျွန်တော့်ချစ်သူ မိမိလတ်အရေးနှင့် ပတ်သက်၍ ထည့်မတွေးမိခဲ့။ ၎င်းပြင် ကျွန်တော်ရှေ့ဆက် ကြုံတွေ့ရမည့် အခက်အခဲပြဿနာ အန္တရာယ်ဝက်ပါကြီးများကိုလည်း အလေးအနက် မျှော်တွက်ခြင်း မရှိခဲ့ပါ။ အမေနှင့် ရင်မဆိုင်ရဲသောကြောင့် သတ္တိနည်းစွာ ဇာတ်မြှုပ်ရှောင်ပြေးရာ မကျဘူးလားဆိုတဲ့ မေးခွန်းမျိုးလည်း ကျွန်တော့် အသိဉာဏ်ထဲ တစိုးတစိမျှ ဝင်မလာ။

ကျွန်တော် ညီလေးရဲမော် အလောင်းကို နောက်ဆုံး ကြည့်ခြင်းဖြင့်ကြည့်လျက် အမျှအတမ်းဝေကာ စခန်းမှူးတို့အဖွဲ့အားနှုတ်ဆက်ပြီး ထိုနေရာမှ အလျင်အမြန် ခြေရာဖျောက် လစ်ပြေးခဲ့မိတော့သည်။

နှင်းဇာလွှာရုံ ညမှုန်ရီအောက်မှ တတောင်ဆင်းတတောင်ကျော် ခရီးကြမ်းကို စိုင်းနှင်လာခဲ့ရသည်။

နောက်ဆုံးတော့ ရှူခင်းလှ၊ မြို့ဘီလူး ကားလမ်းမကြီးဘနေရာသို့ ရောက်ခဲ့ရတော့သည်။ ထိုနေရာမှာ ရဲမော်တို့လူဆိုးတွေ ကားဘီးပေါက်ပြီး ကျွန်တော်တို့ ဆင်းတိုက် လိုက်

ဖမ်းခဲ့သည့်နေရာ၏ ရှေ့ငါးမိုင်ကျော်ကျော် အကွာပင်ဖြစ်သည်။

ကားလမ်းမကြီးအတိုင်း နောက်ထပ် ခုနစ်မိုင်ခန့် လျှောက်သွားသည် ဆိုလျှင်ပင် မြို့စွန်သို့ ချဉ်းကပ်မိလေတော့သည်။ ထိုနေ့ညအဖို့ မြို့ဘီလူးမြို့စွန် တောင်ပေါ် ယာခင်းလေးတခုမှ ယာတဲဟောင်းတလုံးတွင် ဝင်နား အိပ်စက်လိုက်ရပါသည်။

မနက်လင်းတော့မှ မြို့ထဲကို ခပ်တည်တည် ဝင်ခဲ့သည်။ ညက ကျွန်တော်တို့သတင်းသည် မြို့ဘီလူးမြို့ကိုပင် ဂယက်ရိုက်လာခဲ့ကြောင်း တွေ့ရသည်။

သတင်းက ဒမြမျာႏကို လိုက်ဖမ်းယင်း ဒုရဲအုပ်တယောက် ကျဆုံးခဲ့ရကြောင်းနှင့် ဒမြများကို မမိပဲ လွတ်သွားကြောင်း၊ ဂျစ်ကားမှာလည်း မြို့ဘီလူးတနေရာမှ ခိုးယူလာသော ကား ဖြစ်နေကြောင်းများ။

ကျောက်ခါးပတ်သို့ သွားရန် မလွယ်သေးသလို ရှခင်းလှကို ပြန်လို့ မဖြစ်သေးသည့်အတူ ကြားစခန်း မြို့ဘီလူးမှာပင် တနေကုန် အချိန်ဖြုန်းခဲ့ရပြန်သည်။

ညဘက်တွင် ဘုန်းကြီးကျောင်း တကျောင်း၌ တည်းခို အိပ်စက်လိုက်သည်။

ရဲမော်ကုတ်အင်္ကျီအိတ်ထဲက ၃၂ဘိုပစ္စတိုတလက်နှင့်ငွေသုံးရာကျော်တွေ့ခဲ့ခြင်းကြောင့် အခိုက်အတန့်အားဖြင့် ကျွန်တော်၏ သွားလာစားသောက်ရေးအတွက် မပူခဲ့ရပါ။

ပခုံးမှဒဏ်ရာကိုပင် ဝါးရှတာဆိုပြီး ဆေးတိုက်တွင် ဆေးထည့်ခဲ့သေးသည်။





သည်နေ့တော့ ရှခင်းလှကို ရုပ်ဖျက်ပြန်လာပြီး စခန်းနှင့် လျှို့ဝှက် ဆက်သွယ်ပြီး ရဲမော်အသုဘကို လိုက်ပို့မိသည်။ အခြေအနေတွေကိုလည်း အကဲခတ်ခဲ့သည်။ ကျွန်တော် ထင်ထားခဲ့သလို ရဲတပ်ဖွဲ့ တာဝန်ရှိသူများမှအပ လူတွေအားလုံးက ကျွန်တော်သေပြီလို့ပဲ သတ်မှတ် နားလည်ခဲ့ကြသည်။

အမှန်တော့ လူမသေသည့်တိုင် ဘဝသေခဲ့ရပြီ ဆိုနိုင်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်အသုဘ အဖြစ်နှင့် ကျွန်တော်ကိုယ်တိုင် လာရောက်ပို့ဆောင်လျက် မိခင်နှင့် ချစ်သူတို့၏ ဖြစ်ထွေကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရခြင်းပဲ မဟုတ်ပါလား....။

ရဲမော်ကို မြေမြှုပ် သင်္ဂြိုဟ်ပြီးသည်အထိ ပုန်းကွယ် စောင့်ကြပ်နေခဲ့၍ ကျွန်တော်တယောက်တည်း ကျန်တော့မှ သင်္ချိုင်းကုန်းကထွက်၍ ခုလိုခြေဦးတည့်ရာ လျှောက်နေခဲ့မိသည်။

တွယ်ရာမဲ့ ဝိညာဉ်သစ်တခုအနေနှင့် ဘယ်သွားလို့ဘယ်လာရမှန်းမသိ ဖြစ်နေရပါသည်။

အတိတ်မှ ရဲဇော်ဘဝ ပြည်ဖုံးကား ကျသွားသည်။

အနာဂတ်တွင် ရဲမော်ဘဝဖြင့် အသက်ရှင် လှုပ်ရှားရပါတော့မည်။

သို့သော် မျက်မှောက်တူရူရှိ ပစ္စုပ္ပန်မှာပင် ကျွန်တော် တယောက် ယောင်လည်လည်....။

နောက်ဆုံးတော့ ကျောက်ခါးပတ်သို့သွားရန် စိတ်ပိုင်းဖြတ်လိုက်မိပါသည်။ သွားချိန်တန်ပြီလို့လည်း ထင်သည်။ ထိုမှလွဲ၍ သွားစရာ တခြားနေရာလည်း မရှိ။

မကြာမီ ရှခင်းလှမြို့ထဲ ပြန်ဝင်လာရသည်။

ကျောက်ခါးပတ်ကားဆိပ်သို့ ရောက်ခဲ့ရသည်။

အလာကောင်းပေမယ့် အခါနှောင်းလေတော့ ကျောက်ခါးပတ်သွားမည့် လူစီးကားရယ်လို့ မရှိတော့။

စိတ်ပျက်လက်ပျက် ဖြစ်နေသည့်ကြားမှ ကံအားလျော်စွာ ကုန်တင် လော်ရီကားကြီးတစီးက ကျောက်ခါးပတ်ကို အရေးတကြီး သွားမည်ဟု ပေါ်လာသည်။

ဝန်စည်စလယ်အပြည့်နှင့် ကားကြီးသည် ဘက်ဖို့(ဒ်) အမျိုးအစားပင် ဖြစ်လင့်ကစား စုတ်ချာ အိုမင်းတော်မူလှသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အတွက်တော့ သိကြားမင်းဆက်သော ပန်းရထားပါ ပေတည်း။



# အခန်း(၃)

ကျောက်ခါးပတ်။ ပင်လယ်မျက်နှာပြင်မှ အမြင့်ပေ လေးထောင်ကျော်တွင်ရှိသော တောင်ပေါ်မြို့တမြို့ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ရှခင်းလှထက် သုံးလေးဆကြီးသော မြို့ကြီးလည်း ဖြစ်သည်....။

ကျွန်တော်တို့ ရှခင်းလှက လျှိုမြောင်စိမ့်စမ်းနှင့် လွမ်းချင့်စဖွယ် သာယာသလောက် ကျောက်ခါးပတ်က လှပသည်ဟု ဆိုနိုင်ပါသည်။

ကျောက်ခါးပတ်သည် လှပမှုအရာတွင် ပြင်ဦးလွင်၊ တောင်ကြီး၊ ဆွမ်ပရာဘုံစသည့် နာမည်ကျော် တောင်စခန်း မြို့ကြီးများထက် မသာသည့်တိုင် လျော့မည်တော့ မဟုတ်ပါချေ။

ကျောက်ခါးပတ်ဆိုသည့်အတိုင်း ကျောက်တောင်ကြီးတွေကို ခါးပန်းမှပတ်၍ တက်သွားရပါသည်။ သို့သော် မြို့ပေါ်ရောက်လျှင် မြေမြင့်လွင်ပြင်ကြီးအဖြစ် ကားလမ်းတွေ အရပ်မျက်နှာအနှံ့သို့ ဖြာထွက်လျက် ရှိပါသည်။

ပြီးတော့ ကျောက်ခါးပတ်၏ မြို့စနစ်တည်ပုံနှင့် အိမ်ရာတိုက်တာ အဆောက်အအုံများ ဆောက်လုပ်ထားပုံက လူနေမှုအဆင့်အတန်း မြင့်မားသည်။

တနည်းအားဖြင့် နိုင်ငံခြားဆန်သည်။

ချစ်စရာကောင်းသည်။

သပ်ရပ် သန့်ရှင်းသည်။

ကျောက်ခါးပတ်သို့ ကျွန်တော်ရောက်ရှိချိန်မှာ မနက်ဝေလီဝေလင်းပေမို့ မြူခိုးဝေ၍ နှင်းမိုးစွေနေသည်။

ဒါပေမယ့် လော်ရီကား ဒရိုင်ဘာကြီးနှင့်အတူ တညလုံးပုလင်းထောင်လာသော ကျွန်တော့်ရင်ထဲ၌ အပူဓာတ်ခံ ရှိနေသဖြင့် အေးသည်ချမ်းသည် မသိသာခဲ့....။

ကျွန်တော့်အဖို့ မိခင်ကြီး၏ အဆုံးအမကြောင့် သေရည်သေရက်ကိုသောက်ခဲလှပါသည်။ မလွှဲသာလို့ သောက်ရပါကလည်း ခုံနှံ့မင်မင်တော့ မရှိ။

သို့သော် ယနေ့မှစ၍ ကျွန်တော့်ကို အရက်သမားစာရင်းသွင်းရပါလိမ့်မည်။ နောက်နေ့ နောက်နေ့ များတွင်လည်း ကျွန်တော် အရက်သောက်ရဦးမည်သာ ဖြစ်သည်။

အရက်မူးနေလျှင် ညီလေး ရဲမော်ကို သတ်ခဲမိသည့် ပြစ်ချက်ကို မေ့သလိုလို။ ညီလေးအတွက် ပူဆွေးဒဏ်၊ အမေနှင့်





မိမိလတ်တို့ကို နောက်ဆံတင်းရသည့် ဝေဒနာများမှ ဖြေသာသလိုလို ရှိခဲ့သည်။

နောက်ပြီး ညီလေး ရဲမော်အစား ပုံမှားရိုက်နိုင်ဖို့ သည်အရက်ကို မသောက်မဖြစ် သောက်ခဲ့ရပါသည်။

သို့မှလည်း အရက်ချိုး ရဲမော်လို့ အများယုံကြည်မည်မဟုတ်ပါလား။

ထို့အတူပင် ရဲမော်၏ အမူ အကျင့်၊ ဓလေ့စရိုက်၊ အပြောအဆို၊ လေသူလေသိမ်း၊ သွားဟန်လာဟန်၊ ပုံစံ မျက်နှာထားများကို တသဝေမတိမ်း တုပနိုင်အောင် ကျွန်တော် ကြိုးစား ရပါလိမ့်မည်။

ဒါတွေက အမြွှာညီအစ်ကို ဘဝမှ ကျွန်တော်နှင့်သူ၏ ကွဲလွဲချက်ကလေးတွေကို ညှိနှိုင်းယူလိုက်ရုံသာ ရှိပါသည်။

ငယ်စဉ်ကတည်းက လက်ပွန်းတတီး နေထိုင် စားသောက်လာခဲ့သူ တယောက်အနေနှင့်လည်း ခဲရာခဲဆစ်တော့ ရှိမည်မထင်။

ဘာပဲဖြစ်ဖြစ် သူ့ပတ်ဝန်းကျင်ထဲ ရှောရှောရှူရှူ ဝင်ဆန့်နိုင်အောင် ကျွန်တော် အတတ်စွမ်းဆုံး၊ အပါးနပ်ဆုံး အလိမ္မာသုံးဖို့လိုသည်။

အို....မီးစဉ်ကြည့်ကရုံပါပဲ။

ကုန်တင်ကားကြီးသည် ကျောက်ခါးပတ် မြို့ထဲသို့ ဖြတ်သန်းဝင်ရောက်လာပြီးချိန်တွင် ကျွန်တော်က ရဲမော် အိမ်ရှိရာ သရဖီလမ်းထိပ်၌ ရပ်ခိုင်းခဲ့ပါသည်။

ဒရိုင်ဘာကို ကျေးဇူးတင်စကားပြော၊ လက်ဖက်ရည်ဖိုး ပေးကာ သရဖီလမ်းအတွင်း တည်တည်ပဲ ဝင်လာမိသည်။ သုံးလေးအိမ် ကျော်သည်နှင့် ရဲမော်တို့အိမ်ပဲ ဖြစ်ပါသည်။

တအိမ်လုံး အိပ်မောကျနေသည်။

ပကတိ ငြိမ်သက်တိတ်ဆိတ်မှုဖြင့် မှောင်မည်းလျက်ရှိသည်။

ကျွန်တော်လည်း နှင်းတောထဲ ရပ်နေလို့တော့ မဖြစ်ပါဘူး၊ ထွက်၍ အိမ်ရှေ့တံစက်မြိတ်အောက်မှ လှေကားတိုလေးပေါ်တက်ကာ တံခါး ခေါက်လိုက်ရပါသည်။

အထဲမှ တော်တော်နှင့် ပြန်မထူး။

ကျွန်တော် အကြာကြီး စောင့်ရသည်။

စောင့်ယင်းမှလည်း ရင်ထိတ်နေရသည်။

ဘယ်သူများ လာဖွင့်ပေးမလဲ။

မနန်းကြူ လာဖွင့်ပေးမယ်ဆိုယင် ဘာကဘယ်လို စပြောရပါလိမ့်။

သူ့အဖေကြီး မမြင်မစမ်းနှင့် ထလာလို့ အဖေပဲ ခေါ်ရမလား၊ အဘပဲ ခေါ်ရမလား။

သည့်ကြားထဲမှ ကျွန်တော့်ဆံပင်အား ရဲမော်လို ညာဘက်နဖူးပေါ် ခပ်ရွှေရွှေလေး အုပ်ကျနေအောင် လုပ်လိုက်ရသေးသည်။

အိမ်ထဲမှ တီးတိုးလှုပ်ရှားမှုနှင့် စကားသံတချို့ ကြားလာရသည်။

ထို့နောက် အိပ်ချင်မူးတူး လှမ်းမေးလိုက်သံ ထွက်လာခဲ့သည်။





လေးလေးနွဲ့နွဲ့ ဝဲတဲတဲ လေးနှင့်။

'ဘယ်သူလဲ'

မနန်းကြူ၏ အသံဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်မိလိုက်ပါသည်။ ကျွန်တော်လည်း ချက်ချင်း ဆိုသလို တုံ့ပြန်အဖြေ ပေးခဲ့ပါသည်။

ဒါပေမယ့် ကျွန်တော့်အသံတွင် တုန်ယင်ခြင်း အနည်းငယ်ရောစွက်ပါသွားကြောင်း သတိထားလိုက်မိသည်။

'မောင်ပါအကြူ ရဲမော်ပါ'

ကျွန်တော့် ပြန်ထူးသံကို ကျွန်တော်ကိုယ်တိုင် မကြိုက်လိုက်သော်လည်း မနန်းကြူကတော့ ယုံလိုက်မိဟန် တူသည်။

'လာပြီ မောင်ရေ့'လို့ အသံကလေးပေးသည်။

ခြေသံအချို့နှင့် မီးခလုတ် ဖွင့်သံတချက် ဆက်တိုက်ဆင့်ထွက်လာရသည်။

တရုတ်ကတ်နှင့် မှန်ပြတင်းပေါက်များမှ ဖြာထွက်လာသော မီးရောင်နှင့်အတူ တံခါးနောက်သို့ မနန်းကြူ ရောက်လာသည်။

တံခါးပွင့်သွားပြီးတော့ ကျွန်တော်တို့ နှစ်ယောက်သား မျက်နှာချင်း ဆိုင်လိုက်မိကြသည်။

မနန်းကြူသည် အိပ်ရာမှ ထလာရသဖြင့် ကပိုကရိုလေးနိုင်နေပါသည်။ အဲဒီ ကပိုကရိုလေးနှင့်ပဲ လှနေသယောင်ယောင်။

အသားအရေမှာ ဆင်စွယ်နှစ်ရောင် တောက်လျက် ချောမွတ်ဝါဝင်း နေသည်။

ပါးဖောင်းဖောင်းလေးတွင် သွေးခြည်ဥနေသည်။

မျက်လုံးတွေက ကြည်လင်ဝင်းလဲ့နေသည်။

ကိုယ်လုံးကိုယ်ပေါက်က အချိုးအဆစ် ကျသည်။ မိန်းမလှ တယောက်တွင်ရှိအပ်သော ဂုဏ်ဒြပ်များနှင့် ပြည့်စုံသည်လို့ပဲ ဆိုရမည့် မနန်းကြူရယ်ပါ။

မနန်းကြူက ဖွာဆန်ကြဲနေသော ဆံပင်ကို လက်ကလေးနှင့် သပ်တင်၊ ကျန်တဘက်က စုစည်းယင်းမှ အိမ်ထဲ အရဲစွန့် လှမ်းဝင်လိုက်သည့် ကျွန်တော့်ကို တအံ့တဩလေး ငေးကြည့်နေခဲ့ပါသည်။

ကျွန်တော်ကတော့ မသိလိုက် မသိဘာသာပင် ဧည့်ခံကုလားထိုင်စုရှိရာသို့ သူ့ကို ကျော်ပြီး လျှောက်သွားခဲ့သည်။

သူလည်း တံခါးပြန်ပိတ်ပြီး ကျွန်တော့် နောက်သို့ လိုက်လာသည်။

ကျွန်တော်က တယောက်ထိုင် ကြိမ်ကုလားထိုင် တလုံးပေါ်တွင် ဒူးချင်းချိတ်၍ ကျောမှီ ထိုင်ချလိုက်ယင်း ဒူးယားတလိပ်ကို မီးညှိသောက်နေလိုက်ပါသည်။

မနန်းကြူက ကျွန်တော့် ခြေရင်းတွင် ပုံ့ပုံ့ကလေး လာထိုင်ခဲ့ရာမှ ကျွန်တော့် ခြေထောက်မှ ရှူးဖိနပ်ကို ချွတ်ပေးရှာသည်။

ဤသည်မှာ ရဲမော် ပြန်လာလျှင် မနန်းကြူ လုပ်ပေးနေကျ ဝတ္တရားတခုအဖြစ် ကျွန်တော် နားလည် လိုက် ရသည်။

မနန်းကြူသည် နောက်တဘက် ကျန်သည့် ဖိနပ်ဇစ်ကို ဆွဲဖွင့်ယင်းမှ ကျွန်တော့်ကို မကြည့်ပဲ ပြောခဲ့ပြန်ပါသည်။





'မောင်ပြန်လာတာ ဘာမှ ပါမလာပါလား ဟင်'

'ဟုတ်တယ် ဘာမှ ပါမလာဘူး'

ကျွန်တော့်အဖြေက တုံးတိတိကြီး။

တကယ်စင်စစ်တော့ မနန်းကြူ၏ မေးခွန်းကို ကျွန်တော် နားမလည်၍ ရောချလိုက်ခြင်းလို့ပဲ ဆိုရပါမည်။

ကျွန်တော်က ဘယ်သွားလို့ ဘာပါလာရမှာလဲ။

ရဲမော်က ဘယ်သွားမယ်လို့ ပြောခဲ့သလဲ။

ဒါတွေကို ကျွန်တော်မှ မသိပဲ။ ဖြေရ ခက်တော့တာပေါ့။

အလွယ်ဆုံး အနေဖြင့် ကျွန်တော့်တွင် ဘာမှ ပါမလာသည့်အတူ ပါမလာဘူးပဲ ဘူးခံလိုက်ရတော့သည်။

ပြီးတော့ ကျွန်တော် မနန်းကြူ မျက်နှာကို အကဲစမ်းကြည့်နေလိုက်မိသည်။ သည်မှာပင် အကြည့်ချင်း ဆုံသွားရသည်။

မနန်းကြူ၏ အကြည့်က လေးနက်သော သံသယ မပါသော်လည်း ထူးခြားသော အံ့ဩမှုလေး တမျိုးဖြင့်-

'မောင်ကလဲ ဘာအူကြောင်ကြောင် ဖြစ်နေတာလဲကွယ့်၊ မောင့် ခရီးဆောင် သေတ္တာလေး ယူသွားတာပဲ၊ မမှတ်မိတော့ဘူးလားလို့'

'ဩော် ...ဒါလား၊ ဟို....မောင့်သူငယ်ချင်း တယောက်ဆီမှာ မေ့ကျန်ခဲ့တယ်နဲ့တူဘယ်'

'ဘယ်က သူငယ်ချင်းလဲမောင်၊နယ်စပ်မြို့ကလား၊ကျောက်ခါးပတ်ကပဲလား'

မနန်းကြူ၏ ထပ်ဆင့်ပုစ္ဆာကြောင့် ရင်မောရပြီး အောက်မေ့လိုက်ရသော ကျွန်တော့်မှာ တိတ်တခိုး ဝမ်းသာလိုက်ရပါသည်။

သူ့စကားထဲတွင် နယ်စပ်မြို့ဆိုသည့် ဝေါဟာရတလုံး ညပ်ပါလာသည့်အတွက်ပဲ ဖြစ်ပါသည်။ ရှင်းရှင်းဆိုရလျှင် ရဲမော်ခရီးထွက်ရာအရပ်ကို နယ်စပ်မြို့ရယ်လို့ ကျွန်တော် နားလည်လိုက်ရပြီ မဟုတ်ပါလား။

သို့သော် ကျွန်တော်က ဘာဖြေရကောင်းမှန်း စဉ်းစားယင်း အချိန်ဆွဲသည့် အနေဖြင့် လက်ထဲမှ စီးကရက်ကိုသာ ရှိုက်ကာရှိုက်ကာ ဖွာနေလိုက်ပါသည်။

မနန်းကြူသည် ကျွန်တော့်ခြေအိတ်နှင့် ဖိနပ်ကို အိမ်ခြေရင်းဘက်ရှိ ဖိနပ်စင်ကလေးပေါ် နေသားတကျ သွားတင်ပြီး ပြန်လာသည်။ နောက် ကျွန်တော်ထိုင်ရာ ဆိုဖာ အောက်မှာပင် မိန်းမထိုင်လေး လာထိုင်ပြီး

'ဒါနဲ့ မောင်.... မောင် သွားတုန်းကတော့ ဆယ့်ငါးရက် တပတ်လောက်ကြာမယ်ဆို၊ ခုတော့သည်း ပြန်လာတာ ခုနစ်ရက်တောင် မပြည့်ပဲနဲ့၊ အကြူ တခုမေးမယ် စိတ်မဆိုးနဲ့နော်၊ မောင်တို့ ဒီဘခေါက်သွားတာ အဆင်မှ ပြေရဲ့လား၊ လမ်းမှာ တခုခုများ ဖြစ်ခဲ့သလားလို့၊ ပြောစမ်းပါဦး မောင်ရယ်၊ အကြူ စိုးရိမ်လို့ပါ'

'သြော်ကွာ အကြူကလဲ၊ ဘာမှ မဖြစ်ပါဘူးကွာ'

'မဟုတ်သေးဘူးမောင်၊ မောင့်မျက်နှာက ခါတိုင်းနဲ့မတူဘူး၊ ဟိုတုန်းက ပြန်လာပြီဆို ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်ပါး





ပါး၊ ဒီတခါတော့ တမျိုးကြီးပဲ၊ မျက်နှာညှိုးလို့၊ မောင်တို့ လမ်းမှာ ဘာတွေများ ဖြစ်ခဲ့သလဲဟင်'

တကယ်ဆို မနန်းကြူမှာ အပြန်ဆန်းနှင့် ပြန်လာသော လင်တော်မောင်အတွက် ရတက်မအေး စိတ်ဖြင့် မေးမိမေးရာတွေ မေးနေခြင်းသာ ဖြစ်ပါသည်။ မေးရိုးမေးစဉ်အတိုင်း မေးနေခြင်းသာပဲ ထင်ရပါသည်။ ကျွန်တော့်ကို မသင်္ကာ၍ တမင်ကလာ စစ်ဆေးနေပုံ လုံးဝ မပေါ်ပါ။

မူမမှန်သော ကျွန်တော့်ဘက်ကသာလျှင် အသားလွတ် ဒူးတုန်ချင်သလိုလို ခံစားနေရသည်။ မလုံအိုးကို တုတ်ထိုးခံနေရသည်။ သူတခွန်း မေးလိုက်တိုင်း ကျွန်တော်လိပ်ပြာထိတ်သွားရပါသည်။ အကယ်၍ ကျွန်တော်သာ ရဲအရာရှိတယောက်မဟုတ်ပဲ သာမန်လူတယောက်သာ ဆိုပါလျှင် ဂွန္ဒြေအပျက်ပျက် ဖြစ်လောက်ပါပြီ။

တနည်းပြောရလျှင် ရဲအရာရှိလုပ်ခဲ့သည့် တသက် အများတကာကို တရားခံစစ် စစ်လာခဲ့သမျှ မနန်းကြူနှင့် တွေ့တော့မှ ဝဋ်ဆိုက်ပြီလားမသိ။ ရှိပါစေတော့။ သည်လို အကျပ်အတည်းမျိုးတွေကို ရှေးဦးမဆွတည်းက ကျွန်တော် မျှော်လင့်ပြီးသားမို့။

အဲ.... ကျွန်တော့် အဖို့ မနန်းကြူ သင်္ကာရန့်ကင်းအောင် အလှည့်အပတ် ထောင်သောင်းနှင့် အဖြေကောင်းလေးတွေ ဖြေဖို့သာ အရေးကြီးသည်။

အရေးကြီးသည်။ ခုလိုတွေ့ဆုံပွဲမှာ ကျွန်တော့်ကိုကျွန်တော် မှတ်ကျောက်တင်ခံနိုင်ရန် ကြိုးပမ်းရပါလိမ့်မည်။ ပဏာမ စာ

မေးပွဲအနေနဲ့ဆို အောင်မှတ်ပြည့် ရဖို့လိုသည်။ အပြောတချက် မမှားအောင် အရေးကြီးသည်။

မနန်းကြူ၏ စကားများအရ ရဲမော်သည် နယ်စပ်မြို့သို့ သွား၍ မှောင်ခိုကုန်ကူးသည်ဆိုသော အချက်က ထင်ရှား ပေါ်လွင်နေသည်။ ကျွန်တော့်အတွက် အသက်ရှူလမ်း ပွင့် သွားရပြီပဲ ဆိုပါတော့။

'ဟင်း ပြောရယင်တော့ စိတ်မကောင်းစရာပဲ အကြူ ရယ်၊ မောင်အကြူ့ကိုတောင် ဖွင့်မပြောတော့ဘူးလို့ထား တာ အဲ မောင်တို့ ဒီမြို့အဝင်မှာပဲ ရှာဖွေရေးနဲ့ ပက်ပင်းတိုးပြီး ပစ္စည်းတွေ အဖမ်းခံလိုက်ရတယ်၊ လူပါမလိုက်ရအောင် မနည်း ကြီး ပြေလည်အောင် ရှုန်းထွက်ခဲ့ရတာပဲ၊ မောင့်သေတ္တာ သူငယ်ချင်းအိမ်မှာ ကျန်ခဲ့တယ်ဆိုတာလဲ့ စင်စစ်တော့....အသိမ်း ခံရတဲ့အထဲ ပါသွားတာပါ၊ မြန်မြန် ပြန်လာရတာလဲ ဟိုဘက် မှာ အခြေအနေ သိပ်မကောင်းလို့ပဲပေါ့'

ကျွန်တော်က သက်ပြင်းတချက်နှင့်အတူ လေးလေးတွဲ့တွဲ့ ချင့်ပိုင်း ပြောဆိုမိခဲ့သည်။ နယ်စပ်မြို့၊ မှောင်ခိုကုန်၊ ရှာဖွေရေး ဆိုသည့် အရာများမှာ အဆက်အစပ်ဟပ်မိ၍ ယုတ္တိရှိနေတော့ လည်း မနန်းကြူ စောဒက မတက်တော့။ ကျွန်တော့်စကား ကို ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပါသည်။

ရဲမော်၏ ဘဝနိဒါန်းအဖွင့်မှ ပြဿနာတဆစ်တော့ဖြင့် ပြေ လျော့သွားရ ပါလေပြီ။

သို့သော် မနန်းကြူသည် မျက်နှာလေး ညှိုးနွမ်းကျသွား ရာမှ ကျွန်တော့်ကို အားပေးစကားလေးတွေပင် ပြောလာပါ





သေးသည်။ ကျွန်တော်ကလည်း သူ့ကိုတပြန် ချော့မော့နှစ်သိမ့် လိုက်မိသည်။

ထို့နောက်တော့ မနန်းကြူ၏ နက်ရှိန်းဝင်းကြည်သော မျက်လုံးရိပ်ဝယ် တစုံတခုကို သတိရဟန်လေး ပေါ်လွင်သွား သည်။

သန္တာရောင် နှုတ်ခမ်းလေးတွေကလည်း စကားတချို့ ဖွင့် ပြောတော့မလို တလှုပ်တရွလေး ဖြစ်လာသည်။

ကျွန်တော်က သူ့ထက်ဦးအောင် ကြားဖြတ်လိုက်သည်။ ဒါမှလည်းကျွန်တော်ဖြေရရှင်းရ သက်သာသွားမည် မဟုတ်ပါ လား။

'မောင် လမ်းမှာတညလုံး မအိပ်ရသေးဘူးအကြူ၊ အကြူ့ မှာ ဘာပြောစရာ ရှိသေးလို့လဲဟင်'

'ဒါဖြင့်လည်း တရေးလောက်တော့အိပ်လိုက်ဦးပေါ့ မောင် ရယ်... မောင်နိုးပြီးမှ အေးအေးဆေးဆေးပြောယင် ဖြစ်ပါ တယ်၊ ကဲ....လာ.... အိပ်ရာထဲသွားစို့လေ'

မနန်းကြူသည် အလိုက်သိသော ဇနီး အလိမ္မာလေး တယောက်ဖြစ်ပါသည်။ ကြည့်လေ....ကျွန်တော်က စကားခေါ် လိုက်သည်နှင့် ဘာမှအထွေအထူး ဆက်မပြောတော့ပဲ ငေါက် ကနဲထလျက် အိပ်ခန်းဆီသို့ ဦးဆောင်ခဲ့သည်။

သူ နှုတ်ရေးပြင်ခဲ့သည့်စကားက ကျွန်တော့်အတွက် အရေး ကြီးလောက်ပါသည်။ ခရီးရောက်မဆိုက် ပင်ပင်ပန်းပန်းကြား ထဲမှ သိစေချင်တော့ဟန်မတူ။

မဟုတ်မှလွဲရော၊ ကျွန်တော်(ရဲဇော်)နှင့် စပ်လျဉ်းသည့် အမင်္ဂလာ သတင်းများပဲလား။

ဒါဆိုလျှင်တော့ သူဖွင့်မပြောမချင်း ကျွန်တော်မေးလို့ သင့်မည်မဟုတ်။

အိမ်တွင်းရေးနှင့် ပတ်သက်နေသလား။ ဒါကိုလည်း သူပြောမှပဲ သိခွင့်ရှိသည်။

အို.... ကျွန်တော့်အနေအထားကိုက ခြေသွားမှခေါင်းပါ၊ သူငင်မှကိုယ်ယိမ်း၊ နေအရောင်လာမှ လအရောင်ပြန်နိုင်သည့် ပမာ။

ခုလည်း မနန်းကြူ ရှေ့ဆောင်သွားရာနောက်သို့ ကျွန်တော်တယောက် အရိပ်လို ကပ်လိုက်လာရ ပါလေသည်။

နံရံတလွှာကို ဖြတ်လိုက်သည်နှင့် သူတို့အိပ်ခန်းထဲ တန်းရောက်သွားပါသည်။

သူတို့အိပ်ခန်း၏ ဟိုဘက်နံရံတချပ်ခြားတွင် မနန်းကြူ၏ ဖခင်ကြီး နေပါသည်။

အိပ်ခန်းထဲမှာ မတ်တတ်ဗီရို၊ အလှပြင် မှန်တင်ခုံကြီးနှင့် နှစ်ယောက်အိပ် ခုတင်ကြီးတလုံး တွေ့ရသည်။

ခုတင်က အိမ်ဘေးပြတင်းပေါက်ကို ခေါင်းပြုထားသည်။ အပြင်ဧည့်ခန်းဆောင်လေး ခေတ်မီလှပသလို အတွင်းအိပ်ခန်းကလေးကလည်း သန့်ရှင်းမွှေးကြိုင်နေသည်။ အမှိုက် တစ၊ ဖုန်တမျှင်မရှိ။ စိတ်ကြည်နူးဖွယ်အတိ။ အိမ်ရှင် မကောင်း တယောက်၏ လက်ရာဖြစ်ကြောင်း သိသာသည်။





ခုတင်ထက်မှ နိုင်လွန်ခြင်ထောင်ကို ဖောက်ထွင်းလျက် မောင်နန်းမော်လေး အိပ်နေသည်ကို မြင်ရပါသည်။ ကွေးကွေးလေးအိပ်နေပုံမှာ အရုပ်ကလေးတရုပ်နှင့် တူပါသည်။ ဝဝကစ်ကစ်နှင့် ချစ်စရာလေးလည်း ဖြစ်ပါသည်။ သူ့ခမျာဘဝဆိုးလေး ဖြစ်ခဲ့ပါရောလား ဆိုတာ မသိရှာ။

ထို့အတူပင် ကိုယ့်ကိုယ်ကို မုဆိုးမ ဖြစ်လို့ဖြစ်မှန်းမသိသော မနန်းကြူက ကျွန်တော့်အတွက် ညအိပ်ဆွယ်တာနှင့် တပတ်ချစ်လုံချည်တထည် ဗီရိုထဲမှ ထုတ်လာပေးသည်။ ကျွန်တော်လည်း မလွှဲမရှောင်သာပင် မနန်းကြူရှေ့၌ အဝတ်အစားတွေ လဲလိုက်ရပါသည်။

ချွတ်ယင်း လဲယင်းမှလည်း....

'သားလေး နေကောင်းတယ် မဟုတ်လားအကြူ'

'မောင့်သားဘယ်တုန်းကများ ဖျားဖူး နာဖူးလို့လဲ မောင်ရယ်.... ဒါပေမယ့် တနေ့တခြား စကားတတ်လာတာတော့ ပြောနဲ့၊ ညကတောင် မောင့်ကို မေးနေသေးတယ်၊ ဖေဖေကြီးကလဲ ဘယ်သွားနေမှန်း မသိပါဘူး... တဲ့၊ သားသားအတွက် ကစားစရာတွေ၊ မုန့်တွေ အများကြီး ဝယ်လာမယ်ဆိုပြီး ခုထိ ပြန်မလာဘူး တဲ့၊ သားသားကို ညာကြေသွားတာ တဲ့၊ တို့ဖကလေ.... သူ့မြေးပြောတာ သဘောကျလွန်းလို့ ရယ်လို့ မဆုံး....'

ကျွန်တော့်ခြေထောက်မှ ခါထုတ်လိုက်သော ဘောင်းဘီကို ကောက်လိုက်ယင်းမှ ရယ်သံလွင်လွင်လေးနှင့် အဆုံးသတ်လိုက်ပါသည်။

မနန်းကြူထံမှ တဆင့်ကြားလိုက်ရသော မောင်နန်းမော်၏ စကားလေးများအတွက် ကျွန်တော့်ရင်ထဲမှာ စူးမျက်မျက် ဝေဒနာတရပ် ခံစားလိုက်ရပါသည်။

'ဟုတ်လား....အေးကွာ၊ မောင်လဲ အလုပ်အကိုင် အဆင မပြေတာနဲ့ သားလေးအတွက်တောင် ဘာမှသတိမရတော့ဘူး'

'အင်းလေ.... မောင်ကလဲ ခါတိုင်း ပြန်လာတယ်ဆိုယင် မယားအတွက်၊ သားအဖို့ဆိုပြီး တပွေ့တပိုက်ကြီး ပါပါလာ လျက်နဲ့၊ အခုများ အဝတ်တထည် ကိုယ်တခုတောင် အနိုင နိုင်မို့ စဉ်းစားရကျပ်နေတာ၊ ဟင်း.... ကြည့်စမ်းပါဦး၊ ဒီအင်္ကျီ ဘောင်းဘီတွေလဲ ဝတ်သွားကတည်းက တခါမှ မလဲဘူးလား၊ နံလိုက်တာ ဟောင်လို့၊ အပိုတစုံ ယူသွားတာ ရော ဘယ်ရောက်သွားလဲ မသိဘူး၊ မောင်ဟာလေ အဲဒီလို အမြဲပစ်စလက်ခတ်နဲ့ ကိုယ့်ကိုယ်ကို ဂရုစိုက်တယ်မှမရှိပဲ၊ အကြူ မို့လို့သာပေါ့၊ ဒို့ပြင် မိန်းမမျိုးသာဆို ထွက်ပြေးတာကြာပြီ

မနန်းကြူ တတွတ်တွတ် မြည်တွန်တောက်တီးယင်း ဗီရို ဘေးနံရံတွင် ကပ်ထားသော ခြင်းကြားကလေးထဲသို့ အဝတ် ဟောင်းတွေကို သွားပစ်ခဲ့သည်။ ကျွန်တော်လည်း သူ့ကို ကျောခိုင်း၍ ခြင်ထောင်လှပ်ပြီး ခုတင်ပေါ်သို့ တက်လိုက် ပါသည်။ ဤသည်ပင် လောလောဆယ် ကျွန်တော် အလုပ် သင့်ဆုံးအလုပ်ဟု ယူဆမိပါသည်။

မောင်နန်းမော်၏ဘေးတွင် အသာဝင်၍ ပက်လက်လှဲလိုက ယင်းမှ အိပ်စက်ဖို့ အားထုတ်ခဲ့ရပါသည်။





ခေါင်းချ၍ မျက်စိကို ဇွတ်မှိတ်ထားလိုက်သော်လည်း အသိစိတ်ရယ်က အိပ်လို့မပျော်။ မနန်းကြူသာ လာအိပ်လျှင် ခက်ရချည်ရဲ့။ တွေးပူရင်ဆူနေရပါသည်။

သည်စဉ်ပင် ကျွန်တော့်ဘက် ခေါင်းရင်းသို့ မနန်းကြူရောက် လာပါသည်။ ခြင်ထောင် လှုပ်သွားဘည်ကို သိသည်နှင့် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

ခုတင်အောက်မှာ ရပ်ပြီး ခြင်ထောင်ထဲ ဇခေါင်းလျှိုလာ သော မနန်းကြူ၏ မျက်နှာကလေးကို ကျွန်တော့်ပေါ်မှ မိုးလျက်သား တွေ့ရသည်။ တွေ့သည်နှင့် မခြား၊ ကျွန်တော့် နှဖူးပြင်ဝယ် မနန်းကြူ၏ ငုံ့နမ်းခြင်း ခံလိုက်ရသည်။

သင်းထုံသော ရနံ့ကြောင့် အသက်ရှူ မှားသွားရသလို အိစက်နုထွေးသည့် အထိအတွေ့က ကြက်သီးမွေးညင်း ထသွား စေပါသည်။

ကျွန်တော့် နှလုံးသား အစုံသည် ဖျပ်ဖျပ်ခါသွားသည်။

ညံ့သည်ပဲဆိုဆို ကျွန်ဘော့်တသက်ပန်ဘဝတွင် မိန်းမသား တဦး၏ နမ်းကြူယုယမှုမျိုး မကြုံစဖူးပါ။

ထို့ထက်....ထို့ထက်တော့ ဝေးပါသေးသည်။

မိမိနှင့် ချစ်ခဲ့ရသည်မှာလည်း ပဝါဘကမ်း လက်တလှမ်း အချစ်မျိုးသာ ဖြစ်ခဲ့သည်။

မေတ္တာတေးသီယင်း တယောက်မျက်နှာတယောက်ကြည့်ရုံ နှင့် စခဲ့ကြသည်။

ခုတော့....

ကျွန်တော် အရှုံးအမူး အလူးအလဲ လှုပ်ခတ်လိုက်မောသွားရသည့် ခံစားမှုအစုစုကို ထိန်းသိမ်း ကာဆီးသောအားဖြင့် ပြောမိပြောရာ ပြောလိုက်မိပါသည်။ မနန်းကြူ၏ ယဉ်စစပြုံးအကြည့်ကို ငေးမောလျက်....

'အကြူရော မအိပ်သေးဘူးလားဟင်'

'မိုးပဲလင်းနေပြီပဲ မောင်ရယ်... အကြူက တညလုံးအိပ်ခဲ့ပြီးသားလူပါ၊ မောင်သာ ပျော်အောင် အိပ်တော့နော်၊ ထမင်းစားချိန်ကြမှ အကြူလာနှိုးမယ် ဟုတ်လား၊ တို့ဖ နိုးနေတာ လက်ဖက်ရည်အိုး သွားကြိုပေးလိုက်ဦးမယ်'

တော်ပါသေးရဲ့။ မနန်းကြူ ပြောပြောဆိုဆို ကျွန်တော့်ကို ခြင်ထောင်ချပေးခဲ့ပြီး အိပ်ခန်းထဲမှ ထွက်သွားပေလို့။

ကျွန်တော့်အဖို့ အခိုက်အတန့် လွတ်လပ်မှု ရသွားသည်။ စိတ်ထဲမှာတော့ ရှုပ်ထွေးနွမ်းနယ်နေရဆဲ။

အိပ်ရာဝင် ပြဿနာသည် ကျွန်တော် ထင်စားခဲ့သည်ထက် သိမ်မွေ့နက်နဲကြောင်း လက်တွေ့ နားလည်လိုက်ရပါပြီ။

ဤသည်မှာ ကျွန်တော် တိုးဝင်လျှောက်လှမ်းရမည့် ကန္တာခရီး၏ အစပဲ ရှိဦးမည်။

နောင် သည့်ထက်ပို၍ ခက်ခဲဆိုးရွားသော အမှုအခင်းတွေ ဘယ်နည်းဖြင့် ပေါ်လာဦးမှာလဲ။ တွေးယင်းဖြင့် ကျွန်တော် သတ္တိနည်းချင်လာသည်။

ကိုယ့်ဇာတ် ကိုယ်နိုင်ပါ့မလား ရယ်လို့ စိုးရိမ်လာမိခြင်းပါပဲ။





လက်ရှိအခြေအနေကို သုံးသပ်ကြည့်တော့လည်း ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ဆိုသည့် ဘဝမှာ အလှသားကျနေပါပကော။

တဘက်က တဖန် နောက်ကြောင်းကို အတွေးရောက်သွားသည်။

အေးကွက်ရယ်တော့ မမြင်သာပါ။

အမေ.... အမေတယောက်တည်း အိမ်မှာ ဘယ်လိုဖြစ်နေမှာပါလိမ့်။

နေလို့ ထိုင်လို့မှ ကောင်းပါ့မလား။

ပြုစုစောင့်ရှောက်မယ့်လူမှ ရှိပါလေစ.... စသည်ဖြင့် ရင်လေးဖွယ်ချည်းဖြစ်နေသည်။

မနန်းကြူနှင့် တွေ့ခဲ့ရတော့လည်း မိမိ့ကိုသတိရရပြန်သည်။

မနန်းကြူ၏ အလှသည် တစိမ့်စိမ့် အေးမြကြည်နူးမှုကို ပေးစွမ်းနိုင်သည်နှင့် အမျှ မိမိလတ်၏ အလှမှာ လတ်လတ်ဆတ်ဆတ်ကလေးနှင့် တက်ကြွရှင်လန်းစေသည် ဆိုရမည်။

ကိုယ့်ချစ်သူမို့ အမွမ်းတင်သည် မဟုတ်ပါ။ မိမိလှပုံက တခါကြည့်မိလျှင် မျက်စိထဲမှ လွဲမထွက်နိုင်အောင် အသည်းစွဲသွားစေသော အလှမျိုး။

မိမိသည် ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်က ဘွဲ့ရခဲ့ပြီးသူ ဖြစ်သော်လည်း ကျွန်တော်တို့ ရွှေခင်းလှ မြို့မျက်နှာဖုံး ဂုဏ်ကြီးရှင် ဘယောက်၏ တဦးတည်းသော သမီးပျိုလေးပီပီ၊ အခြေ

မပျက် ထိုင်စားယင်း သူ့အလှကို လှခြင်းမကလှအောင် သနေနိုင်သူလေးလည်း ဖြစ်ပါသည်။

ခုလို သည်အလှနှင့် ခွဲနေရသည်မှာ ငရဲကျသည်ထက် ဆိုးပါသည်။

ခက်ထန်သော ဂုဏ်ပကာသန ဂယက်လှိုင်း၊ ပတ်ဝန်းကျင် မုန်တိုင်းဒဏ်ကို မီမီတယောက်တည်း ရင်စည်းခံနိုင်စွမ်း ရှိပါလေမလား။

သည်လိုပုံနှင့် ပြန်လည်ဆုံဆည်းခြင်း မျှော်လင့်ချက်ကမ္ဘာမှ ခေတ္တရိပ်မြုံ နန်းလေးနှင့် ကျွန်တော်တို့ ဝေးသထက်ဝေးခဲ့ရပြီထင်ပါရဲ့။

အတွေးတွေ.... အတွေးတွေ.... အတွေးတွေ....။

သည်အတွေးတွေကြောင့် ရုတ်တရက် အိပ်စက်လို့မရအောင် ဖြစ်နေရသည်။

ဗယ်လူး ညာလိုမ့်နှင့်ပင် ခြောက်နာရီခွဲ သံချောင်းခေါက် သံပေါ်လာသည်။ တဖက်ခန်းမှ မနန်းကြူ၏ဖခင် မျက်မမြင် အဘိုးကြီး ဦးကြာရှုံ၏ ဘုရားရှိခိုးသံကိုလည်း ကြားလာရသည်။

အစိန္တေယျ အစိန္တေယျ အစချီသော ဦးကြာရှုံ၏ ဘုရားရှိခိုးသံမှာ တော်တော်နှင့် မဆုံးနိုင်။

သို့သော် အသံနေအသံထား ဝဲဝဲတဲနှင့် ဆွဲငင်သာယာ၍ နားဝင်ပီယံချိုလှသည်။





သည်တော့လည်း ကျွန်တော့်မှာ သောက အပန်းပြေသလိုဖြစ်၍ တဖြည်းဖြည်း အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားရပါတော့သည်။

## အခန်း( ၄ )

မျက်နှာက မေးရိုးကားသော မျက်နှာ။

အသားက မညိုမဖြူနှင့် အသားလတ်ပါပဲ။

မျက်ခုံးကောင်းသည်။ မျက်လုံးက နည်းနည်း ရီဝေချင်သလိုနှင့် တောက်ပသည်။

နှာတံက ပေါ်ပေါ်။ နှုတ်ခမ်းပိရိပြတ်သားသည်။

ဆံပင်မှာ အတန်ငယ်ကောက်ပြီး ထောက်ချလျက် ညာခွဲ ခွဲထားသည်။

အရပ်အမောင်း ၅ ပေ ၉ လက်မအတိ။

ပခုံးကျယ်၍ ရင်အုပ်ထွားထွား။ လက်မောင်း ကြွက်သားတွေအမြှောင်းမြှောင်း ထနေသည်။

အလယ်နှင့် ထိုက်ဖက်အောင် တောင့်တင်း ကျစ်လစ်သော ဆံပင်ထုံး ခြေသလုံးတွေလည်း ရှိလည်။

ဦးပုံချိုးကို မိန်းမချော ချော၍ ယောကျ်ား ပီသသူ ဟု အများက သတ်မှတ်ကြမည်ထင်သည်။

တကယ်တော့ ထိုအသွင်သဏ္ဌာန် ပိုင်ရှင်မှာ ကျွန်တော် (သို့မဟုတ်) ညီလေး ရဲမော်ပင် ဖြစ်ပါသည်။

မနန်းကြူ လာနှိုး၍ အိပ်ရာထ၊ မျက်နှာသစ်၊ ရေမိုးချိုးပြီး ကိုယ်ရေစစ်ယင်းမှ ကျွန်တော့်ကို ကျွန်တော် ကိုယ်လုံးပေါ် ဗီရိုရှေ့တွင်ရပ်၍ လေ့လာနေမိခြင်းပါပဲ။

ညီလေးနှင့် ကျွန်တော်တူပုံက ကျွန်တော်ကိုယ်တိုင် အံ့ဩလောက်ပါသည်။ နှစ်ယောက်တွဲ ရပ်လျက်နှင့်ပင် ခွဲမရအောင် တူခဲ့သည်ဆိုတော့ တယောက်တည်းဆို အထူးပြောစရာလိုတော့ မည်မထင်။

သို့မို့လည်း မနန်းကြူက သူ့ ချစ်လင်အမှတ်ဖြင့် ကျွန်တော့်ကို ယုံစားလက်ခံ ထားခဲ့မိရှာသည်။

ကျွန်တော်ထမင်းစားခန်းထဲ ရောက်၍ လေးထောင့်စားပွဲ နောက်ဝင်ထိုင်မိပြီး ခဏအကြာတွင် ဦးကြာရုံကိုတွဲလျက် မနန်းကြူ ဝင်လာသည်။

သူတို့နောက်မှ မောင်နန်းမော်လေး ကပ်ပါလာသည်။

မောင်နန်းမော်လေးသည် ကျွန်တော့်ကိုမြင်လိုက်သည်နှင့် ဝမ်းသာအားရ....

'ဟော....ဖေဖေကြီးနိုးပြီ၊ တို့ဖေဖေကြီးနိုးပြီ'





ကျွန်တော်ကလည်း ပြေးဝင်လာသော မောင်နန်းမော်လေးကို ဆီးပွေ့၍ ပေါင်ပေါ်တင်လိုက်ပြီး ...

'သား... ထမင်းစားမလိုလားကွ၊ ဖေဖေကြီးနဲ့ တခါတည်း စားမယ်နော်....'

'အမယ်လေး....မောင့်သားကို ကျွေးပြီးပါပြီ မောင်ရယ်၊ သူ သက်သက်ဝင်ရှုပ်မလို့၊ ကဲ–သား....အိမ်ရှေ့သွားဆော့နေ ချည်နော်၊ သားလိမ္မာတယ်မဟုတ်လား.... မေမေပြောတာ နားထောင်'

မနန်းကြူက ဦးကြာရုံအား စားပွဲထိပ်တွင် နေရာချပေးပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ယင်း သားငယ်အား လှမ်းပြောလိုက်သည်။

သည်တော့လည်း ချာတိတ်လေးခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ကျွန်တော့်ပေါင်ပေါ်မှ လျှောဆင်း သွားရှာသည်။ သို့သော် အပေါက်ဝ အရောက်၌ နောက်လှည့် ကာ အသံစာစာလေးဖြင့်–

'ဟင်းနော်....ဖေဖေကြီး ထမင်းချားပြီးယင် သားသားကို ကချားချရာတွေ ပေးရမှာပဲ၊ သိလား'

'အေးပါကွ၊....သားအတွက်က စားစရာတွေ အများကြီး ငယ်လာပါတယ်၊ ပြီးတော့သွားယူပေးမှာပေါ့'

မောင်နန်းမော်လည်း ကျွန်တော်စကားကြောင့် ကျေကျေ နပ်နပ်လေး အိမ်ရှေ့ ပြေးထွက်သွားတော့သည်။

သည့်နောက်တော့ ထမင်းဝိုင်းကိုစရပါသည်။

ထမင်းက ကော်ဆန်ဖြစ်၍ ကော့စင်းပြီး ပျောင်းအိနေပါသည်။ ပဲပုပ်ကြော်၊ ဝက်သားဆီပြန်၊ ကင်ပွန်းချဉ်ရွက်ဟင်းချိုတို့ကသည်း ခံတွင်းတွေ့၍ ထမင်းမြိန်စေပါသည်။

ဦးကြာရုံကိုတော့ မနန်းကြူကိုယ်တိုင် ဟင်းခတ်ထည့်ပေးရသည်။ ဦးကြာရုံသည် ကြောင်တောင်ကန်းကြီး ဖြစ်သော်လည်း သူ့ထမင်း ပန်းကန်ကို သူစမ်း၍စားနိုင်သည်။

ဦးကြာရုံက အမေ့ထက်ပင် အသက်ငယ်ဟန်တူပြီး၊ အလွန်ဆုံးရှိလှ ခြောက်ဆယ်နီးပါးသာ ဖြစ်ပေမည်။ ဒါပေမယ့် ခေါင်းတုံးမွေး ဖြူနေသည်။ ပိန်သည်။ အရပ်ရှည်သည်။

ဦးကြာရုံနှင့် ညီလေးရဲမော်တို့ ဆက်ဆံရေးမှာ သိသာသာ မေးပြောခေါ်ထူး လောက်ပဲ ရှိလိမ့်မည်ဟု ကျွန်တော် မျှော်မှန်းခဲ့မိသည်။

သို့သော် ကျွန်တော်မျှော်မှန်းချက်ထက် တဆပိုကြောင်း သိလာရသည်။

ဦးကြာရုံက ထမင်းလုပ်ကို ကြေညက်အောင် ဝါးယင်းမှ ကျွန်တော့်ဆီရယ်လို ကြည့်လျက် စကားစခဲ့ပုံက-

'မင်းတို့ကုန်တွေ ရှာဖွေရေးက သိမ်းလိုက်တယ်ဆိုကွ၊ မောင်ရဲမော်....မင်းတို့ဟာက ဘာတွေများမို့လဲကွာ'

ဦးကြာရုံအသံက အသံသြဇာကြီးမားစွာရှိပါသည်။

ရုတ်တရက်ဟိန်းထွက်လာသောသူ့အသံကြောင့် ကျွန်တော့်မှာ ဟင်းချိုဇွန်းကို လှမ်းကိုင်တော့မည့်ဆဲဆဲ လက်ကိုပင် ပြန်ရုပ်လိုက်ရသည်။





ဦးကြာရုံက ကျွန်တော့်ပြန်ကြားချက်ကို နားစွင့်နေသည့်အတူ၊ မနန်းကြူကလည်း ကျွန်တော့်မျက်နှာတွင် အရိပ်အကဲဖမ်းကြည့်နေပါသည်။

'ခြော်....အထည်အလိပ်တွေနဲ့ ကားပစ္စည်း နည်းနည်းပါးပါးလောက်ပါအဖေရာ... သူများတကာတွေလို ထရပ်ကားတွေနဲ့ စီးလုံးတိုက်ချလာတာလဲ မဟုတ်ပဲနဲ့၊ ဂျစ်ကားလေး တစီးစာထဲရယ်..'

ကျွန်တော်က အလွယ်တကူပင် အဖြေပေးခဲ့မိသည်။ အဖေလို့ပင် ရှောရှောရှူရှူ ပါးစပ်ဖျားမှထွက်သွားသည်။

ပြေလည်ပုံရသည်။

ဦးကြာရုံက ခေါင်တညိတ်ညိတ်နှင့် ပန်းကန်ထဲမှ ထမင်းတွေကို ဆုပ်နယ်လိုက်ယင်း—

'ဒါပေါ့ကွယ်....အဆက်အစပ် မမိတော့လဲ ခံလိုက်ရမှာပေါ့ ဘာပဲဖြစ်ဖြစ်-သူတို့နဲ့ကင်းနိုင်လေ ကောင်းလေပဲ၊ အဲ.... အထည်လိပ်လောက်ထက် ပိုလာဖို့တော့ မသင့်ဘူးသား၍၊ တို့သားအဖတွေမှာလဲ မင်းပဲ အားကိုးနေရတာ မဟုတ်လား'

ဦးကြာရုံက နားဝင်ချိုအောင် ဆုံးမရှာသည်။

အကယ်၍ သူ့သားမက်ဖြစ်သူရဲ မော်သာ အရောင်ပြလျက်သားကျွေးမှု မယားကျွေးမှု အတွက် လိုက်ဒမြတိုက်နေကြောင်းသာ သိသွားလျှင် စားလက်စ ထမင်းလုပ်ပင် မျိုကျတော့မည်မဟုတ်။

ဦးကြာရှုံ၏သဘောထားကို ကျွန်တော် ကြားလိုက်ရသည်နှင့် သူတို့အားလုံးအတွက် စိတ်မကောင်းကြီးစွာ ဖြစ်သွားရပါသည်။

သည်ကြားထဲ ဦးကြာရှုံအား နှစ်သိမ့်ပေးလိုက်မိသည်။

'ဒါတော့ စိတ်ချပါအဖေရယ်.... ဥပဒေနဲ့ ငြိစွန်းမယ့် အလုပ်မျိုးတော့ ကျွန်တော်အတတ်နိုင်ဆုံး ရှောင်ပါ့မယ်'

အိမ်း.... သာဓု.... သာဓု.... အဲသလို လိမ္မာတယ်ဆိုယင် အဖေတို့ ဝမ်းသာပြီး စိတ်အေးရတာပဲလေ၊ အနို့ နေစမ်းပါဦး မောင်ရဲမော် မင်း နေမှကောင်းရဲ့လားဟင်'

'ခင်ဗျာ ဘာဖြစ်လို့လဲ အဖေရဲ့၊ ကျွန်တော် နေကောင်းပါတယ်'

'တခြား မဟုတ်ပါဘူးကွယ်၊ နယ်စပ်မြို့က အအေးတွေ ဘာတွေ မိလာလို့ များလာလို့၊ မင်းအသံက နည်းနည်းရှနေတယ် အောက်မေ့ရတာနဲ့'

လက်ဆေးဇလုံတွင် နှိုက်ဆေးယင်း အမှတ်မထင် ပြောချလိုက်သော ဦးကြာရှုံ၏ စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားရသည်။

ထိုမျက်လုံးတွေသည် တပြိုင်တည်း ချက်ချင်း မနန်းကြူဆီ ရောက်လိုက်ရသည်။

မနန်းကြူက ထမင်းကိုသာ ငုံ့စားနေသည့်အတွက် ကျွန်တော့် ဘုရားတ လိပ်ပြာခေါ်ရသည့် အဖြစ်ကို မမြင်ရှာခဲ့။

ကျွန်တော် သက်ပြင်းတချက် ခိုးချလိုက်ရပါသည်။





ဦးကြာရှုံ ဦးကြာရှုံသည် မျက်စိမမြင်သူမို့ နားက သူများသက် ပိုပါးနေသည်။

ထိုသို့အကြား အာရုံတွင် ထက်မြက်နေခြင်းဖြင့် ကျွန်တော် ကြိုးစား ပမ်းစား တုပထားသည့်ကြားမှ ကျွန်တော်နှင့် ရဲမော်တို့၏ အသံခြားနားချက် မဆိုစလောက်လေးကို ဦးကြာရှုံ ဖမ်းမိလိုက်ပြီ ထင်သည်။

ကျွန်တော် မအံ့သြသော်လည်း တုန်လှုပ်ခဲ့ရသည်။

ဦးကြာရှုံကို လျှော့တွက်လို့ မဖြစ်တော့။ သတိထား ဆက်ဆံဖို့ လိုလာသည်။

ကျွန်တော်လည်း လေသံကို မသိမသာ မြှင့်ကာ လက်သုတ်နေသော ဦးကြာရှုံအား စောဒက တက်လိုက်မိသည်။

'ဒါတော့ အဖေစိတ်ထင်လို့ နေမှာပါအဖေရယ်....'

မနန်းကြူကလည်း အရွှန်းလေး ဖက်၍ ဝင်ထောက်လိုက်သဖြင့် ကျွန်တော်ခံသာသွားပါသည်။

'တို့ဖများတော့ လူကြီးပီပီ အစိုးရိမ် သိပ်လွန်တာပဲကိုး၊ တနေ့တနေ့ သူ့သားမက်နဲ့ သူ့မြေးလောက်ပဲ ဂရုစိုက်နေတာပဲ၊ သူ့သမီးကျတော့ ဒီလိုတခါမှ မမေးဖူးပေါင်...'

'ဩော်....မိနန်းကြူနှယ်.... သမီးက အဖနဲ့ အမြဲတွေ့နေရတာပဲ၊ မေးစရာ လိုပါဦးတော့မလား၊ ဟိုမြေ ကတော့ ကလေးမို့၊ ငါ့သားဆိုတာကလဲ ခရီးထွက်နေရတာချည်း ဆိုတော့ ကျန်းမာရေးအတွက် ပေါ့ဆမိမှာ စိုးလို့ပေါ့၊ ကဲ....နင့်ဖပဲ ကြည့်...ငယ်ငယ်က နေပူမိုးရွာမရှောင် လျှောက်သွားပြီး ဖြစ်သလို အနေမိုက်မိလို့ မျက်စိကွယ်ခဲ့ရပြီပဲ၊ ဥစ္စာကာစောင့်

အသက်ဥာဏ်စောင့်တဲ့၊ နင့်ဖလို မဖြစ်အောင် ကြုံတဲ့လူတိုင်း သတိပေးပြီး ကုသိုလ် ယူနေရတာပဲ၊ ဘုရား....ဘုရား....'

အဘိုးကြီးက သူ့သမီး သူ့ဩဝါဒပေးပြီး ရေသောက်နေလိုက်သည်။

သည်အတွင်းမှာပင် မနန်းကြူ ထမင်းစားပြီးသွားသည်။

လက်ဆေး၍ ဦးကြာရှံသောက်ပြီးသော ဖန်ခွက်နှင့် အခန်းထောင့်ရှိ သောက်ရေအိုးမှ ရေထသောက်သည်။ ကျွန်တော့်အတွက်လည်း တခွက် ခပ်လာပေးသည်။

ထို့နောက် သူ့ဖခင်ကြီးကို တွဲခေါ်လျက် အိမ်ရှေ့ခန်းသို့ ထွက်သွားကြတော့သည်။

ကျွန်တော် တယောက်တည်း ကျန်ရစ်ခဲ့ရာမှ စိတ်ထဲမှာ လေးတေးတေးကြီး ဖြစ်နေမိသည်။

ဦးကြာရှံတို့ မြေးအဘိုး သားအဖ သုံးယောက်စလုံး ရဲမော် အပေါ်တွင် သံယောဇဉ် အတော် ကြီးရှာကြပါကလားဟူသော အသိက ကျွန်တော့်ရင်ထဲ၌ ဝေဒနာတရပ်ကို အထုအထည်နှင့် တည်ဆောက်ခဲ့ပါလေသည်။

သို့နှင့်အမျှ ကျွန်တော့်လက်ချက်ကြောင့် ရဲမော် လူ့လောကမှ စွန့်ခွာ သွားရပြီးဆိုသော အချက်နှင့် ကျွန်တော် ရဲမော်အစား ဝင်ရောက် ဟန်ဆောင် နေသည်ကို သူတို့ မရိပ်မိကြပါစေနှင့်ဟု ဘုရားတနေရသည်။

မရိပ်မိနိုင်အောင်လည်း သူတို့ကို ခပ်ခွာခွာ ရှောင်နေဖို့ စိတ်ကူးထားလိုက်သည်။





ကြာကြာတော့ ရှောင်ချိန်မရ။ ထမင်းပွဲ လက်စသိမ်း၍ ပန်းကန်ခွက်ယောက်များ သွားဆေးပြီး ပြန်ထွက်လာသော မနန်းကြူနှင့် ရင်ဆိုင်ရသည်။

မနန်းကြူ ထွက်လာချိန်၌ ကျွန်တော်က နှစ်ယောက်ထိုင် ကြိမ်ခုံကြီးတွင် ထိုင်၍ ကက်ဆက်မှ နောက်ဆုံးပေါ် တီးလုံးတပုဒ် အလိုက် မောင်နန်းမော်လေး အနောက်တိုင်းအက ကပြနေသည်ကို ကြည့်ပြီး သဘောကျနေဆဲ ဖြစ်ပါသည်။

မောင်နန်းမော်လေး မကာတတ်ကတတ်နှင့် ဖနောင်လေး ကြွတ်၍ လက်ကလေး တကားကား၊ ဖင်ကလေးတလှုပ်လှုပ်လှုပ်နေပုံမှာ မထိမခိုက်လေး နိုင်လှသည်။ပြေး၍ ပွေ့ချီ နမ်းပစ်လိုက်ချင်စရာသာ ကောင်းတော့သည်။

တီးလုံးအဆုံးသတ်နှင့် မောင်နန်းမော် အက အရပ်မှာလည်း ညီးကိုက်ဝါးကိုက်ပါပေသည်။

မောင်နန်းမော်သည် ကပြီးသွားသည်နှင့် တချက်တည်း လက်နှစ်ဘက် ဆန့်တန်းလှမ်းကြိုထားသော ကျွန်တော့် ရင်ခွင်ဆဲသို့ ပြေးဝင်လာသည်။

'ဟာ....သားသားက အကသိပ်တော်တာပဲကွာ၊ ဒါမှ ဖေဖေ သားကွ....'

ကျွန်တော်က မောဟိုက်နေရှာသော မောင်နန်းမော်ကို ထွေးဖက်လျက် ချီးကျူးအားပေးလိုက်မိသည်။ တဆက်တည်း သူ့ပါးလေးကို ငုံနမ်းခဲ့သည်။

သည်တွင် ချာတိတ်က သွားလေးအကျဲသား၊ ပြုံးချိသော မျက်နှာထားဖြင့်....

'ဒါဖြင့် သားကို ကချားဂျရာပေးတော့လေ၊ ဖေဖေကြီး
သားကပြယင် ကချာဂျရာတွေ ပေးမယ်ချို....'

'ပေးမှာပေါ့ကွာ၊ ဖေဖေကြီး အပြင်သွားယူရဦးမှာသား

'ညာတာ....ဖေဖေကြီးညာတာ၊ ညာနဲ့...အဒုပေး....'

'သားကလဲကွာ....ဖေဖေကြီး ပေးပါ့မယ်ဆိုမှ၊ ကဲ....ခအ
ယင် သားနဲ့အတူတူ သွားဝယ်မယ်၊ ဟုတ်လား'

ကျွန်တော်က မောင်နန်းမော်လေးကို ကတိပေးနေခို
မနန်းကြူ အနားရောက်လာ၍ ကျွန်တော့်ဘေးတွင် ဝင်ထို
လိုက်ပြီး....

'မောင်တို့ကတော့ ကလေးကို အလိုလိုက်ရမယ်ဆိုယ
နှစ်ယောက်မရှိဘူး၊ သူ့သားမှာလဲ ကစားစရာတွေ တပုံကြီ
ရှိရဲ့သားနဲ့၊ ရှိတာတွေပဲ ကစားစမ်းပါလေ့....'

ဟုတ်တော့လည်းဟုတ်သား။ ကက်ဆက်ခုံဘေးမှ ရှိုးကေ
ဗီရို အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံးမှာ မောင်နန်
မော်၏ကစားစရာ အရုပ်တွေချည်း ပြည့်နေသည်။

မော်တော်ကား၊ လေယာဉ်ပျံ၊ တင့်ကားအစ ခွေးရုပ်
ကြောင်ရုပ်၊ ကပွလီရုပ်၊ ဝက်ဝံနှင့် ဆင်ရုပ် သံပတ်ရုပ် အမျိုး
မျိုး အစားစား တွေ့ရသည်....။

ဒါ့တွေကိုမြင်၍လည်း ရဲမော် သူ့သားကို ဘယ်အ
အလိုလိုက် ယုယ ချစ်လှကြောင်း တွက်မိပြီး ဖြစ်သည်
သည့်အတွက်ကြောင့်လည်း ရဲမော်နေရာမှ ကျွန်တော့်အနေနှင့်

'ကြူရာ...ရှိတာလဲရှိတာပေါ့၊ အသစ်ဝယ်ပေး လို့ကေ
ဘာကုန်မှာလိုက်လို့လဲ၊ မောင်တို့မှာ ဒီသားလေးတယော





တည်း မွေးထားတဲ့ဥစ္စာ....ဘယ်လောက် ကုန်ကုန်၊ သားလိုချင်
တာဆို လက်နှေးလို့ဖြစ်ပါ့မလား၊ ကဲ....ပြောနေကြာတယ်၊
ခုပဲ သွားဝယ်ပေလိုက်ရအောင်'

ကျွန်တော်က စိတ်နောက်ကိုယ်ပါ ထလိုက်မည့်ဟန်ပြင်
မိသည်။

မနန်းကြူသည် ကျွန်တော့်လုပ်ရပ်ကို အလိုမကျသလိုနှင့်
ညည်းညည်း ညူညူလေး ဟန့်တားခဲ့ပါလေ၏။

'မောင်ကလည်း ခက်တာပဲကွယ်၊ မောင့်သားကို ကစားစရာ
ဝယ်ပေးဖို့ထက် အရေးကြီးတဲ့ကိစ္စ အကြူ ပြောစရာရှိနေတယ်
မောင်ရဲ့၊ စောစောတည်းက ပြောမလို့ဟာလဲ ထမင်းစားပျက်
မှာစိုးလို့'

မနန်းကြူ စကားကြောင့် မောင့်နန်းမော် ငိုမဲ့မဲ့လေး
ဖြစ်သွားရှာသည်။

ကျွန်တော်က တူတော်ချော၏ ဗိုလ်ကေစလေးကို ပွတ်ချေ
ချော့မော့ယင်း ရယ်ရယ်မောမော ပြန်ပြောခဲ့ပါသည်။
တကယ်ဆိုတော့ မကြားချင်ဆုံး အကြောင်းအရာတခုကို
ကြားရတော့မည်အတွက် ရယ်မောခြင်းဖြင့် ကိုယ့်ကိုယ်ကို
အားတင်းထားလိုက်မိရသည်သာပါ။

'ကဲ....ကဲ....အကြူ ပြောစရာ ရှိတာမြန်မြန်ပြော၊ မင်း
ပြောပြီးမှ တို့သားအဖ အပြင်သွားမယ်...၊ ဟုတ်ပြီလား'

သည့်နောက်မှ မနန်းကြူ ကျွန်တော့်မျက်နှာကို အကဲ
ခတ်လျက် အရဲစွန့်၍ ဖွင့်ပြောလာပါတော့သည်။ ကျွန်တော်

ဘိုးဘွားနှင့် မျှော်လင့်ထားရသော သတင်းစကားပင်ဖြစ်ပါ သည်။

'ပြောရမှာတော့ စိတ်မကောင်းစရာပဲ မောင်ရယ်....'

'အဲ အကြူကလဲပြေမယ့်ဟာပြောစမ်းပါ၊စကားပလ္လင်တွေ ဘာတွေ ခံနေတာနဲ့ပဲကြာလှပြီ'

'မောင်....မောင့်အစ်ကိုကြီး ကိုရဲဇော်ဆုံးပြီတဲ့....'

'ဘာ...'

'အစ်ကိုကြီး ကိုရဲဇော်ဆုံးပြီလို့ပြောတာ....'

'ဟင်....ဟုတ်လား၊ ကိုကြီးရဲဇော်ဆုံးပြီ၊ ဘယ်တုန်းကလဲ အကြူ....ဘာဖြစ်လို့လဲဟင်....ဘယ်သူ လာပြောလို့လဲ'

ကျွန်တော့် နှုတ်ဖျားမှ မယုံကြည်နိုင်သော လေပေါက်မျိုးဖြင့် မေးခွန်းတွေ တရစပ်ထုတ်လိုက်မိသည်။

ကျွန်တော့် မျက်နှာထားမှာလည်း အကောင်းဆုံးအမူအရာနှင့် ထိတ်ထိတ် ပျာပျာ....။

အစ်ကိုသေကြောင်း သိလိုက်ရသော ညီတယောက်၏ သရုပ်သကန်ကိုပေါ်လွင်စွာဆောင်ယူထားနိုင်လိုက်သည်ဟုကျွန်တော့် ထင်ပါသည်။

မနန်းကြူပင်လျှင် ကျွန်တော့်ကိုယ်စိတ်နှစ်ပါး လှုပ်ခတ်မှု၏ အရှိန်ဟပ်သွားသလို မျက်နှာတွင် လန့်သွေးဖြာခဲ့ရရှာပါသည်။

ကျွန်တော်တို့ နှစ်ယောက်ကိုကြည့်၍ ရင်ခွင်ကြားမှ မောင်နန်းမော်လေးခမျာ ကြောင်တောင်လေး ဖြစ်နေ၏။ လောကရေးရာ နားမလည်ရှာသည့် လူမမည် ဖသဆိုးလေး ပေကလား။





'ဟုတ်....ဟုတ်တယ်မောင်....လွန်ခဲ့တဲ့ သောကြာနေ့ကဆိုလားပဲ၊ လူဆိုးတွေနဲ့ တိုက်ပွဲမှာ ကျသွားတာတဲ့၊ နောက်တနေ့ကျတော့ မောင့်မေမေက လူလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်တယ်'

'တောက်....ဖြစ်မှဖြစ်ရလေကွာ၊ ကဲ....အကြူသိသလောက်ပြောစမ်းပါဦး၊ ကိုကြီးရဲဇော် ဖြစ်ပုံတွေကို....'

ကျွန်တော်၏ တောင်းပန်မှု အလျောက် မနန်းကြူက ကျွန်တော် သေဆုံးရပုံကို အသေးစိတ် ပြောကြားခဲ့ရှာသည်။ ပြီးတော့လည်း....

'မနေ့ကပဲ အသုဘချသွားပြီထင်တယ်၊ အကြူကတော့ မောင်ခရီးထွက်နေတဲ့အကြောင်း ပြောလိုက်ပါတယ်၊ အကြူလိုက်သွားချင်ပေမယ့် အိမ်မှာက အဖေတယောက်တည်းထားခဲ့လို မဖြစ်ဘူးမဟုတ်လား၊ အဲဒါနဲ့ အကျိုးအကြောင်းပြေလည်အောင် စာရေးပေးလိုက်ပြီးငွေငါးရာ ပေးလိုက်တယ်' ဟူ၍ နိဂုံးချုပ်လိုက်ပါသည်။

ကျွန်တော်ငိုင်တွေသွားရပါသည်။

စိတ်မငြိမ်သက်ခြင်း အဓိပ္ပာယ်ဖြင့် လက်ဝါးတွေကို ဆုပ်ချည် ဖြန့်ချည်လုပ်နေမိသည်။

နောက်....တကိုယ်တည်း ရေရွတ်ခဲ့သည်။

'ဟင်....ဒီလိုဆိုယင် အမေတော့ဒုက္ခပါပဲ'

'အကြူသဘောကတော့ ရှုခင်းလှကို မောင် ဒီနေ့ပဲ လိုက်သွားပြီး အမေနဲ့ တွေ့စေချင်တယ်မောင်....'

'မောင်လဲ သွားဖို့စဉ်းစားနေတာပါ'

'သွားယင်လဲသွားလေ....တော်ကြာ ကားမရပဲနေဦးမယ်'

သည်လိုနှင့် ကျွန်တော်တို့ အိပ်ခန်းထဲ ပြန်ရောက်ခဲ့ကြရတော့သည်။

ကျွန်တော်အကြံက ရှခင်းလှကိုသွားမယ်ဆိုပြီး မြို့ဘီလူးတွင် နှစ်ရက် သုံးရက်လောက် သွားခိုနေလိုက်မည်။ နောက်မှ အမေနဲ့ တွေ့ခဲ့ပြီဆိုကာ ကျောက်ခဲပါးပတ်ကို ပြန်လာမည်။

တကယ့်တကယ် အမေဆီသွားလို့တော့ မဖြစ်သေး။

မဖြစ်ရသည့်အကြောင်းကလည်း အခိုင်အလုံ ရှိနေသည်။

ရုပ်ချင်း တူလွန်းကြသော ကျွန်တော်တို့ အမြွှာညီအစ်ကိုအား တွေ့သူတိုင်း လူမှားရသော်လည်း အမေကတော့ ကောင်းကောင်းကြီး ခွဲခြားနိုင်သော ကြောင့်ပါပေတည်း။

အမေသိပုံကလည်း ကျွန်တော်တို့၏ အသံပေါ်၌မူတည်သည်။ နားအာရုံ ထူးနေသော ဦးကြာရုံမှလွဲလျှင် အမေတယောက်တည်းသာ ကျွန်တော်တို့ ကွဲလွဲချက်ကို သတိပြုခဲ့မိသည် ဆိုရမည်။

သို့သော် ဦးကြာရုံကို စိတ်ထင်လို့ နေမှာပါဟူ၍ အယုံသွင်းနိုင်ခဲ့လင့်ကစား အမေ့ကိုတော့ မွေးကတည်းက နေလာခဲ့သည်မို့ ကျွန်တော်လှည့်စား နိုင်မည်မဟုတ်။

ထို့ကြောင့် လက်ဦးမဆွကတည်းက အမေနှင့် တွေ့ဖို့ မကြိုးစားခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဗီရိုထဲမှ မနန်းကြူ ထုတ်ပေးသော ညီလေး ရဲမော်၏ ဂျီကြူစပို့ရှပ်နှင့် ဂျင်း(နဲ့) ဘောင်းဘီကို ဝတ်လိုက်ပါသည်။





အနွေးထည်အဖြစ် ရဲမော်နှင့်ကျွန်တော် လဲဝတ်ခဲ့သော ဘန္တာသပ်ကုတ် အညိုကိုပင် ရွေးယူခိုင်းခဲ့ပါသည်။

ကုတ်အင်္ကျီ လက်ထဲရောက်တော့မှ တစုံတခုကို သတိရလိုက်ပြီး အိတ်တွေရှိသမျှ စမ်း၍နှိုက်၍ ရှာမိသည်။

သည်မှာပင် ရဲမော်၏ပစ္စတို ပျောက်နေကြောင်း တွေ့သိရတော့သည်။

ကျွန်တော်က မနန်းကြူ၏ မျက်နှာကို ကွက်ကနဲလှမ်းကြည့်လိုက်သည်။

ကျွန်တော့်အကြည့်ကို မနန်းကြူ နားလည်သည်။

မဝှ့ မရဲလေးနှင့် ကပျာကရာ...

'မောင်....မောင့်....ဟိုဟာ .. ဟို....အကြူ သိမ်းထားတယ် မောင်....ယူမလို့ လားဟင်'

'အင်း....အဲဒါ....နယ်စပ်မြို့က လူတယောက်က သူ့မိတ်ဆွေအတွက် လူကြုံပါးလိုက်တဲ့ လက်ဆောင်လေ အကြူရဲ့၊ မောင် ..မြို့ထဲသွားယင်းနဲ့ ဝင်ပေးသွားမလို့....'

ကျွန်တော်၏ဖြေရှင်းချက်က မနန်းကြူအား ကြေလည်မှု အပြည့်အဝ ပေးနိုင်ပုံမရပါ။

မနန်းကြူသည် အင်တင်တင်နှင့် မှန်တင်ခုံ အံဆွဲထဲမှ ရွှေဘိုကို သွားယူပေးခဲ့သည်။ မျက်နှာကတော့ သိပ်မကောင်း။ မျက်လုံးတွေမှာလည်း သံသယဘမျိုး ယှက်နွယ်လျက်....။

သေနတ်ဆိုသည်က ဒုစရိုက်မကင်းသော ပစ္စည်းတခု ဖြစ်လေတော့ မနန်းကြူ အတွေးနက်ရတာကလည်း အဆိုးဆိုသာ။

ကျွန်တော်က သေနတ်နှင့် ပတ်သက်၍ မနန်းကြူ ထိတ်လ
ရင်းနှီးမှု ရှိပြီးသား ထင်မိလို့လည်း ညက မသိမဝှက်ပဲ ပေးခဲ
ခြင်းဖြစ်ပါသည်။

ကျွန်တော်၏ ပေါ့ဆမှုကြောင့် ပြဿနာက အလစ်တက်ခဲ့
ရပါလေပြီ။

ပြဿနာကို ချေဖျက်ရန် ကျွန်တော်အမြန်ဆုံး အကြံထုတ်
လိုက်ရပါသည်။

ရဲအရာရှိ တယောက်တွင် မရှိမဖြစ်သော ဖြတ်ထိုးဉာဏ်က
ကျွန်တော့်ကို အထောက်အကူ ပေးခဲ့ပါသည်။

ကျွန်တော်က ကျည်ကပ်ကို ပစ္စတိုဒင်မှ ဆွဲထုတ်ပြီး
မနန်းကြူအားပြယင်း....

'ကြည့်စမ်းပါဦး....ဟောဒီ ကြည်ကပ်ထဲမှာ ကျည်ဆန်
တတောင့်မှ မထည့်ဖူးသေးပါဘူးအကြူ၊ သေနတ်က အသစ်
စက်စက်လေးပါ....'

သည်တော့မှ မနန်းကြူ၏ သံသယမျက်လုံးတွေမှာ အရောင်
ဖျော့ကျသွားရသည်။

မနန်းကြူလို အမျိုးသမီး တယောက်အနေနှင့် သေနတ်အ
ကြောင်း နကန်းတလုံးမှ နားမလည်တော့လည်း ကျွန်တော့်
လိမ့်လုံးက အလုပ်ဖြစ်သွားသည်။

သေနတ်ကလည်း အမြင်အားဖြင့် အသစ်လို့ထင်ရအောင်
မည်းနက် ပြောင်လက်နေသည် မဟုတ်ပါလား....။





နားလည်သူသာ ဆိုပါက ပြောင်းဝကို ကောက်နမ်းလိုက်
ရုံပဲရှိသည်။ မဆေးကြော ရသေးသော သေနတ်ပြောင်းမှာ
ယမ်းနံ့တွေ သင်းနေမှာမလွဲ။

'မောင့်သေနတ်မဟုတ်ဘူး၊ မောင် သေနတ်မကိုင်ဘူးဆိုလဲ
ပြီးတာပါပဲမောင်၊ ဒီနယ်ဘက်မှာ သေနတ်ဆောင်တာ
မဆန်းပေမယ့် တို့ဖကတော့ ဘုရားသမားပီပီ သေနတ်ဆို
လေသံတောင်မကြားချင်အောင် ရှုံတာကလား၊ မောင့်ဟာ
ကြီးကို ပေးရမယ့်လူကိုသာ မြန်မြန်ပေးခဲ့ပါမောင့်ရယ်....နော်'

ကျွန်တော့်ရင်ဝမှ အလုံးကြီးကျသွားပါသည်။

ကျွန်တော် ကုတ်အင်္ကျီကို ထပ်ဝတ်လိုက်သည်။

ပြီးသည်နှင့် လုံချည် အင်္ကျီတစုံနှင့် တိုလီမိုလီလေးများ
ပါသော ကချင်လွယ်အိတ် ကလေး ကို ကျွန်တော့် လက်
ထဲသို့ မနန်းကြူ အပ်လိုက်ပါသည်။

ကျွန်တော်ကလည်း လွယ်အိတ်ကို ကွင်းထိုးကိုင်၍ အပြင်
ထွက်ရန် ဟန်ပြင်မိသည်။

'အဖေကြီး.... သား သားပါ လိုက်မယ်နော်.... နော်....
သား သားကို ကချား ဂျရာ ဝယ်ပေးလေ'

မောင်နန်းမော်က ကျွန်တော့် ဘောင်းဘီစကို ဆွဲလှုပ်
ယင်းမှ ပူဆာလိုက်ပါသည်။

ကျွန်တော့်မှာ ခြေတရှုတ်ဆွဲသွားရတော့သည်။

မနန်းကြူက ကလေးကို ပခုံးမှ ကိုင်၍ ချော့ရှာပါသည်။

'သားရယ်.... အဖေကြီးက ဟိုအဝေးကြီး သွားမှာကွ၊ သားမလိုက်နဲ့ဦးနော်.... ပြန်လာတော့ သားလိုချင်တာ ဝယ်ခဲ့မှာပေါ့၊ နော်.... အဖေကြီး....'

'သားကလဲ လိမ္မာသားနဲ့ကွာ၊ ဟောအဖေကြီးက သားမှာ မရှိသေးတဲ့ အရုပ်မျိုးရော.... မုန့်တွေအများကြီးရော ဝယ်လာမှာ'

ကျွန်တော်က မနန်းကြူစကားကို သံယောင်လိုက်၍ တူတော်မောင်ကို နှစ်သိမ့်ဖို့ ကြိုးစားခဲ့ပါသည်။

သို့ပေမယ့် ချာတိတ်က ဖအေလိုပင် ခေါင်းမာလှသည်။ ခြေဆောင့်သည်။ လည်ခါခါ လက်ခါခါနှင့် ဇွတ်တရွတ် ဂျီတိုက်သည်။

'ဟင့်အင်း.... ဟင့်အင်း.... အခုလိုက်ရမှ၊ အဒုလိုက်ရမှ၊သား သား မလိုက်ရယင် အော်နိုပစ်လိုက်မယ် တိလား....'

'သား သားငိုတော့ မေမေက ဟောသလိုရိုက်မှာပေါ့'

မောင်နန်းမော်က ရာဇသံပေးသည်။

မနန်းကြူက သူ့တင်ပါးလေးကို ဖျန်းကနဲ လက်ဝါးစာ တချက်ကျွေးလိုက်သည်။

မောင်နန်းမော်က ကျွန်တော့်မျက်နှာကို စစ်ကူတောင်း၍ လှမ်းကြည့်လိုက်ပြီး ဟီးကနဲ ငိုချလိုက်သည်။

သည်တွင် ကျွန်တော်လည်း သူတို့သားအမိကြားမှ ဖြန်ဖြေရေးသမားလုပ်၍....

'ကဲပါ အကြူရာ... သူစိတ်ကျေနပ်အောင်တော့ မြို့ထဲခဏခေါ်သွားလိုက်ဦးမှနဲ့ တူတယ်'





'နေပလေ့စေမောင်....သားသမီးဆိုတာငယ်ငယ်ကတည်းက နိုင်ထားမှ တော်ရုံရယ်.... ခုတည်းက မိဘစကား နားမထောင်ယင် ကြီးတော့ မခက်ဘူးလား၊ မောင့်ကြောင့် ဒီကလေး ညည်းကမ်းပျက်ချင်နေတာကြာပြီ၊ခုလဲ မောင်ပဲ အစလုပ်ခဲ့တာ၊ ကိုယ့်သားစိတ်ခေတ် ကိုယ်မသိတာကျနေတာပဲ၊ သူ့ကို တခုခု ပေးမိယင် မဆုံးတော့ဘူး၊ ကဲ သွားမှာသာ သွားစမ်းပါ၊ အလကား အချိန်ကုန်တယ်'

မနန်းကြူ ကျွန်တော့်ကို မျက်စောင်းထိုးယင်း မာကျော ကျောလေး ပြန်ပြောခဲ့ပါ၏။

ကျွန်တော်ကလည်း ရှိုက်ကြီးတငင် ငိုနေသော ကလေးကို သနားလာသဖြင့် သူနှင့် အတိုက်အခံလုပ်လိုက်ရသည်။

'ခုမှ ဆယ့်တနာရီတောင် မထိုးသေးပါဘူးကွာ၊ မင့်ကားတွေက ညနေ ၅ နာရီအထိ ရှိပါတယ်၊ မြို့ထဲသွားတာလေးများ ဘာကြာမှာမှတ်လို့ အကျီသာ လဲပေးလိုက်၊ ကဲ.. သားသားလဲ မငိုနဲ့၊ တိတ် တိတ် သားကို အဖေကြီး ခေါ်မယ် နော်... ဘယ့်နှယ်ကွာ ဆူဆူပူပူနဲ့ အိမ်ကထွက်လို့ ဘယ်စိတ်ဖြောင့်ပါ့မလဲ၊ ဟိုမှာလဲ ရက်တောင်လည်တော့မယ့်ဥစ္စာ၊ ဘယ်တော့ရောက်ရောက် အကြောင်းမထူးပါဘူး'

သည်တော့လည်း မနန်းကြူက....

'ကဲ.... ကဲ ....တို့ ဘုရား သူ့သားဘက် ခပ်ပါပါ ဖြစ်နေတော့ အကြူ အရှုံးချည်းပဲ....'

ဖွစ်တောက် ဖျစ်တောက်လေးနှင့် ဗီရိုသွားဖွင့်သည်။

အပြာရောင် အင်္ကျီဘောင်းဘီလေးတစုံ ထုတ်လာသည်။

မောင်နန်းမော်အား လဲပေးသည်။

မောင်နန်းမော်မှာ အငိုတိတ်ပြီး မျက်နှာတခုလုံး ပီတိပြုံးတွေ ဝေနေပါတော့၏။



[library stamp]

## အခန်း (၅)

မောင်နန်းမော်လေးအား မြို့လယ်ဈေးကြီးဆီ ခေါ်လာပြီး စတိုးဆိုင်တဆိုင်မှ ဘိုမရုပ်ကလေး ဝယ်ပေးလိုက်ရပါသည်။

ဂါဝန်တိုလေး ဝတ်ထားသော ဘိုမရုပ်လေးအား ရော်ဘာတမျိုးနှင့် လုပ်ထားသည်။ ချစ်စရာ မျက်နှာလှလှလေးတွင်သည်း ဆေးရောင်စုံခြယ်လျက် တွေ့ရသည်။

ဘိုမရုပ်ကလေး ဗိုက်ကို နှိပ်လိုက်လျှင် အင်းကနဲ အော်၍ မျက်လုံးတွေ မှိတ်သွားသည်။ နှိပ်ရာက လွှတ်လိုက်တော့မှ ပါးကနဲ အော်ပြီး မျက်လုံးလေးများ ပြန်ဖွင့်လာတတ်သည်၊ ဒါကိုပင် မောင်နန်းမော် အတော် သဘောကျနေသည်။

အရုပ်ကလေး ဝါးကနဲ ပြန်အော်လိုက်တိုင်း သူက တဟက်ဟက်ရယ်တတ်သည်။ သူ့ကို ကြည့်ပြီး ကျွန်တော် ကြည်နူးခဲ့ရပါသည်။

သည်လိုနှင့်ပင် ကျွန်တော်တို့ တူးဝရီးနှစ်ယောက် ဈေးထဲသို့ ရောက်ခဲ့ကြပြန်သည်။ မနန်းကြူတို့ သားအဖအတွက် နေ့ခင်း နေ့လယ်စားစရာ တစုံ ဝယ်ရန်ဖြစ်ပါသည်။

ဈေးနေ့မို့ နေမြင့်သည့်တိုင် တိုးမပေါက်အောင် စည်ကားနေပါသည်။

ဝယ်ပါယူပါ တစာစာနှင့် ဈေးခေါ်သံတွေ ဆူညံနေသည်။

နေကြာစေ့သည်တွေ၊ ပဲပုတ်သည်တွေမှ အစ ဆီသည်ဆန်သည်၊ အထည်သည်အဆုံး တောင်းပလုံးတွေ၊ ဈေးရုံ၊ ဈေးခုံ၊ ဈေးဗန်းတွေနှင့် မျက်စိနောက်စရာတွေ ရှုပ်ထွေးနေသည်။

အသက်အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ လူမျိုးပေါင်းစုံကြားမှ ရှမ်းခမောက်လေးတွေနှင့် မောပျိုဖြူလေးတွေ၊ သင်တိုင်းနက်ဝတ် ပအိုဝ့်နီမလေးတွေ၊ မျက်ခမ်းတွင် ကာချယ်ဆိုးထားသော ဂေါ်ရခါးမလေးတွေ စသဖြင့် မျက်စိအေးစရာလေးတွေလည်း မြင်ရပါသည်။

သူတို့လေးတွေနှင့် ဆုံရလေတော့ ကျွန်တော့်ဘဝရှေ့ရေးနောက်ရေးတွေကိုပင် တဒင်္ဂအားဖြင့် မေ့သွားခဲ့ရပါသည်။ မရှက်တမ်းဝန်ခံရပါလျှင် ကျောက်ကပတ်မြို့သူတွေကို လှရာရာရွေး၍ ငေးခဲ့မိသည်။





သူတို့လေးတွေက မောင်နန်းမော်ကို ပွေ့ချီမလို အချစ်ပို၍ ခေါင်းပုတ်ထိပ်ပုတ်နှင့် ကျီစယ်သွားကြသည်။

ကျွန်တော့်ကိုတော့ စိတ်ဝင်စားလောက်စရာ ဖိုသတ္တဝါ တယောက်ရယ်လို့ မထင်ကြ။ ကျွန်တော့်ကို ကြာရှည်မကြည့်ပဲ မျက်နှာလွှဲသွားကြတာများသည်။

တကယ်ဆိုတော့ ကျွန်တော်က သားတယောက်နှင့် လူပျိုဆိုတာ သူတို့မသိကြလို့ပဲ မဟုတ်ပါလား။

ထိုအတွေးဝင်လာသောအခါ မနန်းကြူကိုသွားမြင်ယောင်လိုက်မိသည်။ မောင်နန်းမော်က ကျွန်တော့်ကို သူ့အဖေအရင်းထင်နေသလို မနန်းကြူကလည်း သူ့ချစ်လင်အစစ်ဟု ယုံစားခဲ့သည်။

သည်တော့လည်း ကျွန်တော့်မှာ မယားနှင့် လူပျိုဖြစ်ခဲ့ရပြန်ပါလေသည်။

အဖြစ်ကား တွေးလိုက်တိုင်း ရင်မောစရာကောင်းလှသည်။

ကဲ...ဥပမာဆိုပါတော့၊ ကျွန်တော်အမေ့ဆီ သွားမယ်ဆိုပြီး မြို့ဘီလူးက ပြန်လာသည့်နောက်ပိုင်း ဘယ်လိုရှေ့ဆက် စခန်းသွားရလေမည်နည်း။

ဈေးလယ်တွင် လူရှုပ်ရှုပ်၊ မျက်စိရှုပ်ရှုပ်၊ ဦးနှောက်ရှုပ်ရှုပ်နှင့် ကျွန်တော်ရပ်နေမိသည်။ အရေးထဲ မနန်းကြူတို့ သားအဖ စားဖို့ ဘာဝယ်ရကောင်းမလဲ စဉ်းစားရသေးသည်။

နောက်ဆုံးတော့ မုန့်စားတန်းဘက် ပြန်ရောက်ခဲ့ရပြီး နှစ်ပြန်ကျော် သုံးကျပ်ဖိုး ဝယ်လိုက်မိသည်။

မောင်နန်းမော်ကို လက်တဘက်က ချီ၍ နှစ်ပြန်ကျော်ထုပ်လေး တဘက်ကကိုင်ယင်း လူအုပ်ထဲတွင် တိုးဝှေ့ ရွှေ့လျားပါလာခဲ့မိသည်။

သို့ရွှေ့လျားပါလာဆဲမှာ ကျွန်တော့်စိတ်ဝယ် မလုံမလဲ စနိုးစနောင့်နှင့် ထင့်တင့်တင့် ခံစားခဲ့ရပါသည်။

ဤသည်မှာ ကျွန်တော့်ကို တစုံတယောက်ကနောက်ယောင်ခံပြီး ချောင်းမြောင်းလိုက်နေသည်ဟု အထင်ရှိခဲ့ရသောကြောင့် ဖြစ်ပါ၏။

ကျွန်တော် အမှတ်တမဲ့ နောက်လှည့်ကြည့်မိလေတိုင်း မျက်လုံးတွေ မြောက်မြား အကြားမှ ထူးခြားသော မျက်လုံးတစုံကို မြင်လိုက်ရသလိုလို။

ပထမတော့ အမှတ်တမဲ့မို့ ထားပါတော့။

နှစ်ကြိမ်က သုံးကြိမ်တိုင်လာတော့ မရိုးသားပါကလားဟု အသိတရားဝင်လာရသည်။

ဟုတ်တယ်လေ။ ကျွန်တော် နောက်လှည့်ကြည့်လိုက်တိုင်း မျက်လုံးပိုင်ရှင်က လူတွေနှင့် ကွယ်ကွယ်ပစ်လိုက်သည်ချည်း ကြုံခဲ့ရသည်။

ခဏအကြာတွင် ဈေးပေါက်ဝကို ရောက်လာသည်။

ဗယ်ဘက်ကို ချိုးကွေ့၍ မှန်တမ်းလေး လျှောက်လာမိသည်။

ခြေလှမ်းနှစ်ဆယ်လောက်တွင် နောက်သို့ ဗြုန်းဆို လှည့်ကြည့်မိလိုက်ပြန်သည်။





ကျားမုဆိုးကဲ့သို့ မျက်လုံးတွေကို ရိပ်ကနဲတွေ့၍ ဖြတ်ကနဲ ပျောက်သွားသည်။

မျက်လုံးပိုင်ရှင်သည် ဂျာကင်နှင့် ဘောင်းဘီဝတ်၍ ဦးထုပ်ဆောင်းထားကြောင်းတော့ သိလိုက်သည်။

ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထား၍ မျက်နှာကိုတော့ သဲသဲကွဲကွဲ မတွေ့လိုက်ပါ။ သည်လူ ကျွန်တော့် နောက်သို့ လိုက်နေတာ သေချာပါပြီ။

မောင်နန်းမော်လေးသာ ရင်ခွင်ကြားမှာ မပါပါက ဒီငနဲနဲ့ ကျွန်တော်ရင်ဆိုင်မလား၊ ရင်ဆိုင်နိုင်သည်။ သူဘယ်သူဆိုတာ သိအောင် ပြန်ချောင်းချင်သလား၊ ချောင်းလို့ရသည်။

အခုတော့ ကျွန်တော် အစွယ်မရှိသော သားကောင်လို ရှောင်တိမ်းဖို့ပဲ ကြိုးစားနေရသည်။ အဆုံးစွန်အားဖြင့် နောက်လှည့်ကြည့်ရုံပဲ တတ်နိုင်သည်။

ဘဘက်လူ ရိပ်မိသွားမှာလည်း စိုးရိမ်ရသေးသည်။ မသိသာနှင့်ပင် ဗဟို လမ်းမကြီးအတိုင်း ပလက်ဖောင်းပေါ်မှ ဖြည်းဖြည်း လျှောက်လာမိသည်။

ဗဟို လမ်းမကြီးသည် ကျောက်ခါးပတ်မြို့ကို ထက်ခြမ်းခွဲ ကျက် တောင်နှင့်မြောက် သွယ်တန်းနေသည်။ လမ်းမကြီး လျှောက် ကားတွေမြင်းလှည်းတွေ ဥဒဟို ပြေးလွှားယောက်ယက် ခတ်နေသည်။

အဘက်အဆင်း အမြင့်အမောက်များသော ကျောက်ခါး တွင် ဆိုက်ကားမရှိ၊ ခရီးတို ပြေးသည့် ဘတ်စ်ကား ဆို

တာလည်း တွေ့ရမည် မဟုတ်။ ဒတ်ဆန်းတက္ကစီလေးတွေ
ချင်ငှား၊ မငှားချင်လျှင် လမ်းလျှောက်။

လောလောဆယ် အခြေအနေအရ ကျွန်တော်က လ
လျှောက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ဈေးမှ မြို့တောင်ပိုင်း မနန်းကြူတို့ အိမ်ရောက်ရန် နာရီ
ခန့် လျှောက်ရမည် ဖြစ်ပါသည်။ လျှောက်ရပါစေလေ။ လ
လျှောက်သွားခြင်းဖြင့် ဦးထုပ်နဲ့လူကို နောက် ကြိုက်သလော
လိုက်စမ်းလို့ အခွင့်အရေးပေးထားလိုက်သည်။

သူ ဘယ်အထိ လိုက်နိုင်မလဲ။

တဆက်တည်း သူ ဘယ်သူပါလိမ့်၊ ငါ့နောက် ဘယ်အ
နဲ့ ဘာကြောင့် လိုက်ချောင်းရသလဲ၊ မေးခွန်းတွေ အစီ
ပေါ်လာသည်။

သူ့အလိုက်ခံခဲ့ရာတွင်လည်း ရဲမော်အနေနှင့်လား၊ ရဲ
အနေနှင့်လား။

သည်ကျောက်ခါးပတ်၌ ကျွန်တော် (ရဲဇော်) အနေ
အဆက်အသွယ် အပေါင်းအဖော်ရယ်လို့ မရှိတာတော့အမှ

ဈေးဝင်း နယ်နိမိတ်ကို ကျော်လွန် လာသည်နှင့်အမျ
အသွားအလာ နည်းနည်း ရှင်းသွားသည်။

ကျွန်တော် နောက်လှည့်ကြည့်မိပြန်သည်။

သည်အခါတော့ ကျွန်တော့်လူကို မတွေ့တော့။ ကေ
ဘာဘားချော ချောင်တချောင်တွင် ဝင်ကပ်နေလိုက်ပြီ
သည်။ ဒါမှ မဟုတ် ကျွန်တော် ရိပ်မိမှန်း သိလိုက်လို့ ခြေ
ဖျောက်ပြေးပြီလား။





ကျွန်တော်ကတော့ ဣန္ဒြေမပျက် ခရီး ဆက်ခဲ့မိသည်။

ဗဟိုလမ်းမကြီးနှင့်ဆုံရာ ကားလမ်းမကြီး တခုကို ဖြတ်လိုက်သည်။

လမ်းဆုံထောင့် ဟိုမှာဘက်ရှိ လက်ဖက်ရည် ဆိုင်တဆိုင်ရှေ့ ရောက်ခဲ့ရသည်။

သည်တွင် ကျွန်တော့် ခေါင်းထဲတွင် အကြံတခု ရလိုက်မိသည်။

ဆိုင်ရှေ့တွင် တအောင့်ကြာမျှ လူယောင်ပြ ရပ်နေပြီးမှ လက်ဖက်ရည်ဆိုင်ထဲ ကျွန်တော် ဝင်ခဲ့ပါတော့သည်။

ကျွန်တော့်အကြံက နောက်ယောင်ခံ မင်းသားကို ပြန်ချောင်း၍ အကဲခတ်ရန် မျှားခေါ်ခဲ့ခြင်း ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်နေလိုက်ရုံကလွဲ၍ သူ့ကို တန်ပြန် ထောက်လှမ်းဖို့ နည်းလမ်း မရှိတော့။

သူသာ ရဲမော်နှင့် ပတ်သက်နေသူ ဆိုပါက လူရုပ်ကို မြင်ရလျှင်ပင် ကျေနပ်ပါပြီ၊ ကျွန်တော့်အတွက်လည်း အရေးကြီးသည် မဟုတ်ပါလား။

လက်ဖက်ရည် ဆိုင်အတွင်း၌ လူအတော်အသင့် ရှိနေသည်။ သို့သော် ကျွန်တော်တို့ တူဝရီး နှစ်ယောက်စာ အတွက်တော့ စားပွဲလွတ်တလုံး ရခဲ့ပါသည်။

စားပွဲမှာ ဆိုင်ဘေး ပြတင်းပေါက် တခုနှင့် ကပ်နေပါသည်။ ဆိုင်တံခါးကို မျက်နှာပြု၍ ပြတင်းပေါက်ကို တစောင်းပေး ထိုင်ရသည်။

ထိုနေရာမှ တဆိုင်လုံးသာမက ဆိုင်အပြင် ဗဟိုလမ်းမကြီးနှင့် ဖြတ်လမ်းဘက်ကိုပင် မြင်တွေ့နိုင်သဖြင့် ကျွန်တော့်အကြိုက်ပါပဲ။

စားပွဲ တဘက်တချက် နောက်တွင် ကုလားထိုင် နှစ်လုံးရှိရာ ကျွန်တော်က အယင်ဝင်ထိုင်ပြီးမှ ကျွန်တော့် ဘေးခုံပေါ်သို့ မောင်နန်းမော်ကို ချီတင်ထားပေးလိုက်သည်။

ကျွန်တော်တို့ ထိုင်မိသည်ဆိုလျှင် စားပွဲထိုးလေးတယောက် အပြေးအလွှားရောက်လာပြီး မုန့်နှစ်ပွဲချသည်။

'ဘာသောက်မလဲ ဆရာ'

'နွားနို့ ရတယ်မဟုတ်လား'

'ရပါတယ် ဆရာ'

'အေး ဒါဖြင့် နို့တခွက် ပေးကွာ'

ကျွန်တော်က စားပွဲထိုးလေးကို မှာယင်းကြားထဲမှ ဆိုင်တံခါးဝကို မျက်ခြည်မပြတ် ကြည့်နေမိသည်။ ကျွန်တော့် မိတ်ဆွေ ကိုဦးထုပ်များ ဝင်လိုက်လာမလား မျှော်လင့်ချက်နှင့် ဖြစ်ပါသည်။

သို့နှင့်မခြား ဗဟိုလမ်းမဆီကပဲ ပေါ်လာမလားဟူသော အတွေးဖြင့် ပြတင်းပေါက်ကိုလည်း အလစ်မပေး။

သည်အတောအတွင်း မောင်နန်းမော်လေးက သူ့ ဘိုမရုပ်လေး ဗိုက်ကိုနှိပ်၍ အင်းကနဲ ဝါးကနဲ မြည်အောင် ကစားယင်းမှ....

'အဖေကြီး....သားသား မုန့်ကျွေးချင်တယ်'

'ဘယ်မုန့် စားမလဲသား၊ ဒီဟာလား....ဒါလား....'





ကျွန်တော်က ကိတ်မုန့်ပန်းကန်နှင့် ပေါက်စီ ပန်းကန်ကြီးကို ပြပြီး မေးလိုက်မိသည်။

မောင်နန်းမော်က ပေါက်စီပန်းကန်ကို လက်ညှိုးထိုးသည်။

'ဒီအလုံးကြီး ကျွေးမယ်....'

ကျွန်တော်လည်း ပေါက်စီတလုံးယူ၍ ဖင်ပိတ်စက္ကူကို ခွာပေးလိုက်သည်။ မောင်နန်းမော်သည် ပေါက်စီလုံးကြီးကို အားရပါးရ ကိုက်စားနေသည်။ မကြာမီ နို့လာပို့သဖြင့် ပန်းကန်ပြားထဲတွင် ငှဲ့၍ အအေးခံမှုတ်ပြီး သူ့ကိုတိုက်ရပြန်သည်။

ဒါလည်းသူက အလုအယက်သောက်ပြန်သည်။

ပေါက်စီစားလိုက်နွားနို့သောက်လိုက်နှင့်မို့ ဘိုမရုပ်ကလေးကိုပင် မောင်နန်းမော် မေ့သွားပုံရသည်။ ပေါင်ပေါ်မှ ဘိုမရုပ်ကလေး လျှောကျသွားသည်ကိုပင် မသိရှာ။

သည်တော့လည်း ကျွန်တော်က နို့ခွက်ကို စားပွဲပေါ်တင်ပြီး ကုလားထိုင် ခြေထောက်တွေကြားမှ ဘိုမရုပ်ကလေးကို ကုန်းကောက်လိုက်ရသည်။

ထိုသို့ငုံ့ကောက်လိုက်သည်နှင့်ကျွန်တော့် ခေါင်းပေါ်မှအရာဝတ္ထုတခု ဝှီးကနဲဖြတ်သွားသည်မှာရှေ့ဆင့်နောက်ဆင့်ကလေးပဲ ဖြစ်ပါသည်။

အရာဝတ္ထုသည် ကျွန်တော့်ခေါင်းပေါ်မှ ကျော်၍ မောင်နန်းမော်ရှေ့က ပွတ်ရုံကလေး ဖြစ်ပြီး ဆိုင်အလယ် သမံသလင်းထက်သို့ ဒေါင်ကနဲမည်အောင် အပြားလိုက်ကျသွားသည်ကိုတော့ မြင်လိုက်ရသည်။

ထိုအရာဝတ္ထုကား ၆လက်မ အသွားနှင့် ပေါက်ဓားကြီး တချောင်း။

'ဟာ....ဓားကြီးပါလား

'ဓားနဲ့ပစ်တယ်ဟေ့....'

'ဘယ်ကဓား ကျလာတာလဲကွ'

အသံဗလံများ လက်ဖက်ရည်ဆိုင်တခုလုံး ပွက်လောရိုက် ဆူညံသွားသလို လူတွေကလည်း ရှုတ်ရှုတ်သဲသဲ။

ကျွန်တော့်မျက်လုံးအစုံ ပြတင်းပေါက် အပြင်ဘက်သို့ ချက်ချင်း ရောက်သွားသည်။

မည်သူမျှ မတွေ့ရတော့။

သည်တော့လည်း ပြတင်းဘောင်တွင် ခါးစောင်းတင်၍ ဟိုဟိုသည်သည် လိုက်လံရှာဖွေကြည့်မိပြန်သည်။

လမ်းမပေါ်၌ အသွားအလာမပျက် ရှိနေသော လူတချို့သာ တွေ့ရသည်။

လူတွေကြားထဲမှ ဘယ်သူမျှ မမြင် မသိလိုက်ရအောင် လျှပ်တပြက် ရှုတ်တရက်နှင့် လှမ်းပစ်သွားခဲ့ခြင်းပဲ ဖြစ်ပါသည်။

ဤအဖြစ်က ဓားသမား ကျွမ်းကျင်သလောက် လျင်မြန် လှကြောင်း ပြဆိုနေသည်။

ဓားသမားသည် ပစ်ပြီးပြီးချင်းပင် သူ့လက်ကိုသူယုံ၍ (သို့မဟုတ်)ထိမထိ စောင့်ကြည့်ရန် အချိန်မရသဖြင့် နောက် လှည့်မကြည့်တမ်း တချိုးတည်း ကိုယ်ရောင်ဖျောက် လစ်ပြေး သွားပုံရသည်။





ဓားသမား ဘယ်သူ ဘယ်ဝါရယ်လို့ အရိပ်အရောင်ပင် လိုက်ရသော်လည်း ဓားကတော့ ကျွန်တော့်အတွက် န်းခဲ့ဘာသေချာသည်။

ဆိုလျှင် စေစောပိုင်းက ကျွန်တော့်နောက် ခြေရာခံလိုက် ာင်းခဲ့သော ဦးထုပ်နှင့် ဆရာပဲဖြစ်နေမလား။

ဘာပဲဖြစ်ဖြစ်မောင်နန်းမော်ကိုနို့ တိုက်ယင်းတံခါးဝကိုသာ စိုက်၍ ပြတင်းပေါက်ကို ကျောခိုင်းလျက် သတိလစ် မိသည်က ကျွန်တော်အမှားပါ။

မောင်နန်းမော်၏ ဘိုမရှပ်ကလေးကို ကျေးဇူးတင်ဖို့သာ ဘော့သည်။ နောက်မို့ဆို ကျွန်တော့်လည်တွင် ထုတ်ချင်း ချင်ခတ်၊ မခတ်လျှင် ကျောပြင်တွင် တန်းလန်းစိုက်၍ ရမည်မှာမလွဲ။

ာက်မြနေသော အီတလီလုပ် ပေါက်ဓားကြီးကို ကြည့် း ကျွန်တော့်ရင်တွေ တဒိန်းဒိန်းတဒိတ်ဒိတ် ခုန်လာရသည်။ က်နှင့်တကိုယ် မကြုံစဖူး တုန်လှုပ်ချောက်ချားခြင်းဖြင့် ည်းတွေ အူတွေယားနေရသည်။

ကျောချမ်း၍ ကြက်သီးထနေခြင်းနှင့် အတူလည်း မခံချင် သတွေ ပြင်းပြနေသည်။

မျက်နှာချင်းဆိုင် သတ်ပုတ် တိုက်ခိုက်ရမည်ဆိုလျှင် န်မရွေး လာစမ်းပါ....ကျွန်တော်ကအသင့်။ ခုတော့.... ဘာမသိနှင့် အလစ်သတ်ဖို့ကြံတာ။

ကြံပက်စက်သလောက် သတ္တိကြောင်တဲ့ကောင်။

တင်း....တနေ့တော့သိမှာပေါ့။

ဆိုင်ထဲရှိလူတွေ ကျွန်တော့်ကို ဝိုင်းအုံလာကြသ
တယောက်တပေါက် မေးကြသည်။

ကျွန်တော်ကလည်း ဦးထုပ်နှင့်လူ လိုက်ချောင်းနေသ
အကြောင်းကို မြုပ်၍ လက်ရှိအဖြစ်အပျက် အတွေ့အ
ကိုသာ ဖြေရှင်းပြလိုက်သည်။

ကျွန်တော့်စကား အဆုံးတွင်....

'ဘောက်.... နေ့ခင်းကြောင်တောင် မြို့လယ်ကောင်
များ အတင့်ရဲလိုက်တာကွာ'

တယောက်က မကျေမနပ်နှင့် မြည်ဆိုသည်။

'ညဘက်ဆို လမ်းထွက်ဖို့တောင် မကောင်းတော့ဘူး၊က
ကြီးက တယ်ကြောက်စရာ ကောင်းပါလား'

တယောက်က ညည်းတွား၏။

'ဘာရန်ငြိုး ရန်စမှုလဲ မရှိဘူးဆိုတော့ လမ်းသရဲ
လက်သရမ်းပြီး လက်တည့်စမ်းသွားတာ ဖြစ်ရမယ်'

တယောက်က မှတ်ချက်ချသည်။

'ကံကောင်းလို့ ကလေး မထိတာပေါ့'

တယောက်က စုပ်သတ်သည်။

တယောက်ကလည်း တက်ခေါက်ပြီး အကြံပေးသည်။

'ဂတ်တဲ သွားတိုင်ပါလား'တဲ့။

ကျွန်တော်ကတော့ နို့နှင့် မုန့်ဖိုးငွေရှင်း၍ပြုးတူးကြေ
တောင် ဖြစ်နေသော မောင်နန်းမော်လေးကို ပွေ့ချီလိုက်
လူတွေကြားထဲမှ ရုန်းထွက်ဖို့သာ ကြိုးစားခဲ့မိပါ၏။





ကြာကြာဆက်နေလို့ ရဲတွေဘာတွေ ရောက်လာလျှင် ပြဿ
နာထပ်တက်မှာ စိုးရသည် မဟုတ်ပါလား။

ဆိုင်အပြင်ဘက် ရောက်သည်နှင့် တွေ့ရာ မြင်းလှည်းတစီးကို
မ်းတားလိုက်မိသည်။ အပြေးအလွှား တက်ထိုင်မိပြီဆိုလျှင်ပင်
ရဖီလမ်းသို့ မောင်းခိုင်းလိုက်ရသည်။

လမ်းတလျှောက်လုံး ကျွန်တော့်ရင်ထဲမှာ အတွေးတွေ
ဘောင်ဘင်ခတ် လာခဲ့ရသည်။ အဖြစ်အပျက် အားလုံးကို
ေါင်းအေးအေးထား၍ ဆင်ခြင်သုံးသပ်မိသည်။

နိဂုံးချုပ်အနေဖြင့် ဦး ထုပ် ဆောင်း ခါးသမားမှာ
န်တော့်ကို ရဲမော် အထင်ဖြင့် လုပ်ကြံခဲ့ခြင်းပဲ ဖြစ်ရမည်။
အဖြေထွက်လာသည်။

ရဲမော်နှင့်သည့်လူ ဘယ်လို ရာဇဝင်နောက်ကြောင်း ရှိခဲ့ပါ
မှု။

အသက်အန္တရာယ် ရန်ရှာရလောက်အောင် ရဲမော်တယောက်
ာပြဿနာတွေ ပွေရှုပ်ခဲ့ရသလဲ။

မည်သို့ပင်ဆိုစေကာမူ ရဲမော်ဘဝကို ကျွန်တော် အစားဝင်
န် ဆောင်ခဲ့ရသည့်နောက် ချီကတည်းကယဉ်သကိုလို့ပြောရ
...ပြဿနာအလုံးအထွေးကြီးနှင့် အန္တရာယ် နိဒါန်းတရပ်
ရှင်ဝယ် ပိုက်ခဲ့ရပါလေပြီ။

ရဲမော်၏ ပြဿနာ ကျွန်တော့်ပြဿနာ။ ရဲမော်အန္တရာယ်
န်တော့် အန္တရာယ်။ ရဲမော့်အသက်။ ကျွန်တော့်အသက်။

ရဲမော်ဒုက္ခ ကျွန်တော်ဒုက္ခပေမို့ အရိုးကြေ အရေခန်း မလျော့တမ်းဇွဲသုံး တုံးတိုက်တိုက် ကျားကိုက်ကိုက် ဇွတ်မိုက်၍ ရှင်းလင်းဖို့သာ ရှိပါတော့သည်။

ဤသည်ပင် ညီလေး ရဲမော်ကို ပစ်သတ်မိခဲ့သော အပြစ်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဒဏ်ခတ်ခြင်းမည်ပါလိမ့်မည်။

တနည်းအားဖြင့်တော့လည်း ရဲမော်နှင့် သူ့မိသားစုအတွက် အကျိုးပြုရာရောက်သည်သာ မဟုတ်ပါလော။

ကျွန်တော်စိတ်အလျင်မှာ ရဲရင့်ခြင်းဖြင့် တည်ငြိမ်လာရသည်။

ကျေနပ်မှုနှင့်အတူ အားတက်မိခဲ့တည်။

တွန့်လှုပ်မှု လျော့ပါး၍ ချောက်ချားရသည်များ ပျောက်ကွယ်ခဲ့ရသည်။

သို့သော်....

မကြာမီ....

ရဲမော်တို့အိမ်ရှေ့ရောက်ခဲ့၍ ဖင်မလီယာဆီဒင်ကားဖြူလေး တစင်းရပ်နေသည်တို့ တွေ့လိုက်ရပြီး ဇဝေဇဝါဖြစ်ခဲ့ရပြန်သည်။

မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်နှင့် လှေကားထစ်အတက်မှ မနန်းကြူ ဆီးကြိုပြောလိုက်သော စကားကြောင့်လည်း အာမေဍိတ်ဆို့သွားရပါတော့သည်။

ပြော... ကျွန်တော့်ဘဝကအကြောင်းကိစ္စ အခြေအနေဟူသော နေမင်းကြီး ပြုပြင်စီရင်သမျှ ရောင်ပြန်ဟပ်ရသောလှိုင်းပမာနှယ်ပါတကား။





တနည်းဆိုတော့ ဘီလူးဆိုင်း၊ နတ်ဆိုင်း၊ အိုးစည်ဆိုင်း၊ ဆိုင်းအမျိုးမျိုး တီးသမျှ ကကြိုး အမျိုးမျိုး ပြောင်းကပြရသော ခုနှစ်တွေမင်းသားဘဝ မဟုတ်ပါလား။

မနန်းကြူရဲ့ စကားကိုလည်း ကြည့်ပါဦး။

'မောင်ရေ.... မောင့်သူငယ်ချင်း ကိုသက်ခိုင်တို့ လူစုခုပဲ ရောက်လာကြတယ်၊ မောင်နဲ့တွေ့ဖို့ အရေးကြီးလို့ ဆိုတာနဲ့ အကြူကလည်း မောင်စျေးထဲ သွားနေတယ်ဆိုပြီး စောင့်ခိုင်းသားတာ' တဲ့။

ကဲ....။

# အခန်း (၆)

သက်ခိုင်ဆိုတာ ဘယ်သူလဲ။

သချိုင်းကုန်းမှ ရဲမော်ကိုသာ ပြေးမေးလိုက်ချင်စမ်းပါတော့သည်။

ရဲမော် မဖြေနိုင်တော့သည့်တိုင်အောင် မနန်းကြူးကတော့ သိပါလိမ့်မည်။

မနန်းကြူကို မေးလျှင်တော့ကျွန်တော်ရူးသွားပြီလို့ စွပ်စွဲခံရမှာ ကျိန်းသေသည်။

သည်အကျပ်တည်းက လွတ်မည်ဆိုယင်ဖြင့် ကျွန်တော်ရူးချင်ပါသည်။

ဒါပေမယ့် ကျွန်တော်ရှူးလို့ အကျပ်တည်းက လွတ်ပါမတဲ့ သား။

ကဲ... ဒီလိုဆို သက်ခိုင် ဘယ်သူဆိုတာ စဉ်းစားကြည့်စမ်း။

မင်းသူငယ်ချင်းပဲ မင်းသိဖို့ ကောင်းတာပေါ့။

ဟင့်အင်း.... ကျွန်တော်မသိဘူး။

ဒီနာမည်ကိုတောင် ဒီတခါပထမဆုံး ကြားဖူးတာ။ ကျွန် တော့် သူငယ်ချင်းတွေထဲမှာလည်း သက်ခိုင်လို့ မရှိဘူး။

ဒီတော့ မင်းဘယ်လိုလုပ်မလဲ။ အတွေ့မခံပဲ ရှောင်သွား မလား။

အို... အဲဒီလိုလဲ မဖြစ်သေးဘူးလေ။

အချိန်မရှိဘူး ရဲဇော် ... မြန်မြန်စဉ်းစား။ မနန်းကြူက မင်းကို စောင့်ကြည့်နေတယ်။

မထူးပါဘူးကွာ.... ကြုံရာကွေ့၊ တွေ့ရာတက်နဲ့ လှော်ဖို့က မှင်းတာဝန်ပဲ။ လာမယ့်ဘေး ပြေးသာရှင်းပစ်လိုက်။

ကျွန်တော့် ဦးနှောက်နှင့် ကျွန်တော် ဆွေးနွေးလိုက်ပြီး ယတိပြတ် ဆုံးဖြတ်ချက်ချမိခဲ့သည့်နောက် မနန်းကြူ၏အပြော ကို....

'ဟုတ့်လား' ဟူသော အာမေဋိတ်နှင့် တုံ့ပြန်ခဲ့မိသည်။

တဆက်တည်းမှာလည်း မောင်နန်းမော်ကို ချီထားရာမှ အောက်ချ၍ အိမ်ထဲသို့ ဝင်လိုက်ပါသည်။

ညှော့ခန်း ကုလားထိုင်စုထွင် ထိုင်နေကြသော သူတို့ သုံး ယောက်ကို တွေ့လိုက်ရပါသည်။





သူတို့က ဘေးတိုက်၊ ကျောခိုင်း၊ မျက်နှာချင်းဆိုင် ပုံစံ အသီးသီးဖြင့် ထိုင်နေကြသည်။

သူတို့အားလုံး ဘောင်းဘီဝတ် လူတန်းစားတွေပါပဲ။

မှောင်ခိုဆည်များကို အလျှံပယ်ဝတ်လျက် အရောင်တွေ ဘဖိတ်ဖိတ်တောက်လို့။

သူတို့က ကျွန်တော့်အတွက် မျက်နှာစိမ်းများသာ ဖြစ် ပါသည်။

သူတို့အထဲမှ ဘယ်သူပါလိမ့် သက်ခိုင်ဆိုတာကို စဉ်းစား အကဲခတ်ယင်း မျက်နှာထား တည်တည်နှင့်ပင် ကျွန်တော် ရှေ ဘိုးလှမ်းမိသည်။

'ဘယ့်နှယ် ပေါ်တော်မူ ရွှေမင်းသား၊ တိုင်းခန်းလှည့်လည် ဘာ ကြာလှချည်လားကွ'

ဘေးတိုက် ပေးထိုင်နေသော ဂျက်ကော့(တ်) ဂျာကင်၊ ပိုလီယက်စတာအင်္ကျီ အနုန်းခွံရောင် သက္ကလပ် ဘောင်းဘီကို ဝတ်ထားသူက ကျွန်တော့်ကို လှည့်ကြို့နှုတ်ဆက်လိုက်ပါသည်။

ထိုသူမှာ ကျွန်တော်နှင့် သက်တူရွယ်မျှရှိ၍ အသားဖြူဖြူ နှုတ်ခမ်းမွေး စစနှင့် လူပုံချော တယောက်ဖြစ်ပြီ နိုင်ငံခြား ငြီးကရက် တလိပ်ကို ခဲထားသည်။

ကျွန်တော်ကလည်း သူနှင့်မျက်နှာချင်းဆိုင် နှစ်ယောက်ထိုင် ခုံကြီးတွင် ဝင်ထိုင်ခဲ့ရာမှ အလိုက်သင့်....

'အေးကွာ ကြာဆို ကိုယ့်သားတော်မောင် ဂျီတိုက်နေ ဘာနဲ့ ဈေးထဲ မုန့်ဝင်ကျွေးနေရသေးတာကိုး၊ မင်းတို့ရောက် ခနမှန်းသိယင်တော့ မြန်မြန်ပြန်လာမှာပေါ့ကွ'

ခပ်ဖျန်းဖျန်းလေး ဟာသနှောလိုက်သည် ဆိုလျှင်ပင် ကျွန်တော့် ဘေးတဘက်မှ ကုတ်အင်္ကျီဝတ် ကုလားလူမျိုး လူငယ်၊ ဆံပင်ကောက်ကောက်က နေကာမျက်မှန်ကို လက်ထဲတွင် လှည့်ကစားယင်း....

'ဟာ ဆရာကလဲ့ ဒီနေ့ ဈေးနေ့မို့ ဈေးလည်သွားပြီး ကျောက်ခါးပတ်သူ ပုပ္ပရွှ အချောအလှတွေကို ကထရိုက်ဆွဲပြီး ငမ်းလာတာများ မသိတာလိုက်လို့၊ မဟုတ်ဘူးလား အစ်ကို သက်ခိုင်ရာ'

'မင်းပြောတာ ငါးဆယ် ရာခိုင်နှုန်းလောက် ဟုတ်နိုင်တယ် မိုက်ကယ်၊ ဒီမောင့်ရုပ်က ဖြောင့်တော့ သူက မငမ်းချင်ပါဘူး ဆိုတဲ့တိုင်အောင် သူ့ကို အတင်းအဓမ္မလိုက်ဆွဲမယ့် ဒေဝဏ္ဏရာ ဒိုင်ယာနာလေးတွေကို ဝိုင်းစိုင်း လည်နေမှာ.... အဲဒီကြားက သူ့ခမျှာ မနည်းရုန်းထွက်နေရလို့ ကိုဖိုးကြာ ဖြစ်ခဲ့တာပဲထင်ပါရဲ့'

သက်ခိုင်ဆိုသူ နှုတ်ခမ်းမွှေးနှင့်လူက ပြောလိုက်သည့် နောက် နှစ်ယောက်စလုံး ဟားတိုက်ရယ်လိုက်ကြသည်။ သူတို့ စကား အသွားအလာကို ထောက်၍ ရဲမော်နှင့် သူတို့၏ ရင်းနှီးကျွမ်းဝင်မှုကို သိလာရသည်။

သို့နှင့်အမျှ နှုတ်ခမ်းမွှေးနှင့်လူမှာ သက်ခိုင်ဖြစ်၍ ကုလားလေးအား 'မိုက်ကယ်'ရယ်လို့ ကျွန်တော် မှတ်သားမိခဲ့သည်။ သည်တော့လည်း တခါတရံ နောက်ရွှတ်ရွှတ် ရိသဲ့သဲ့နှင့် တင်တင်စီးစီးနိုင်လှသော ရဲမော့် အပြောလေးတွေကို သွားသတိရလိုက်သည်။





ရဲမော်သည် တေပေ လေလွင့် ကျောင်းစာပစ်၍ မက်ထရစ် ဂိတ်တွင် အကြိမ်ကြိမ် နစ်ခဲ့သော်လည်း နယ်စုံ လူစုံ အတွေ့အကြုံ ဗဟုသုတစုံခဲ့ပြီး အကြားအမြင် များလှသလောက် စကားကြွယ်ခဲ့သူသာ ဖြစ်ပါ၏။

သို့ကလို ရဲမော်၏ အသုံးအနှုန်း လေသံများကို ဖွမ်း၍....

'ဒီမှာသက်ခိုင်.. လူပြက် ပါးစပ်နဲ့ အရူးစကားတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ကိုယ်ဘယ်လို လူစားလဲဆိုတာ မင်းတို့ သိပြီးသားပါ၊ ဟောဒီကမ္ဘာကြီး တခုလုံးမှာ....အိုကွာ စကြဝဠာ အနန္တအနန္တာကြီးထဲမှာ ရှိသမျှ မိန်းမဆိုယင် ဟောဒီက မနန်းကြူကလွဲလို့ အားလုံး ဖွဲ့နဲ့ဆန်ကွဲ၊ ရွှံ့ပုပ်နဲ့ ကျောက်ရုပ် နည်းပဲ၊ သိလား....တလောကလုံးမှာ တွယ်တာ မက်မောစရာ ဆိုလို့ ကိုယ်မယားနဲ့ ကိုယ့်သားပဲရှိတယ်၊ မယုံယင် အကြူကို မေးကြည့်'

ကျွန်တော်က မောင်နန်းမော်လေးနှင့် ဘေးတွင် ဝင်ထိုင်လာသော မနန်းကြူကို စစ်ကူတောင်းလိုက်ပါသည်။

ဤတွင် ခေါင်းရင်းဘက် စားပွဲထိပ်မှ မျက်ပေါက် ကျဉ်းကျဉ်းနှင့် ရှမ်းတရုတ်စပ်ဟု ထင်ရသူ တတိယလူက ကောက်ကာငင်ကာ....

'ဟိုးဆရာဟိုး....ကိုယ့်ကိုယ်ကို ဒီလောက် သိဒ္ဓိတင်ရယင် တော်ရောပေါ့ဆရာရယ်၊ တော်ကြာ ရှိမ်းဆာယာ ပိမောက်လို့ ပေါက်နေဦးမယ်'

ကျွန်တော့်ကို အလစ်ဝင်တွယ်လိုက်သည်။

တဆက်တည်း၌ ဣလားလေး မိုက်ကယ်က ရှမ်းတရုတ်စ
ထိုလူရွှယ်ကို လှမ်းနောက်၍ ဖမ်းနှိမ်လိုက်သည်။

'ရှမ်းဆာယာပို မောက်ယင် ကိုယ်ပျောက် ရတယ်ဟ
နှင့်အဖေကြီး ချိုပေါက်ရမှာလား အိုက်ထွန်းရဲ့၊ ဟင်း..
ပြောလဲပြောချင်တယ်၊ ပြောလဲပြောတတ်ဘူး၊

'အံမာ .. မင်းရာမျှား ရာရာသသ၊ ငါလေသိုင်းနဲ့ ပစ်ရိုက
လိုက်လို့ တခါတည်း ကမ္ဘာ့အပြင် လွင့်သွားမယ်'

အိုက်ထွန်းနှင့် မိုက်ကယ်တို့ စစ်ပွဲဆုံးတော့မှ သက်ခိုင်က
ပြာခံခွက်ထဲသို့ စီးကရက်တိုကို ထိုးချလိုက်ပြီး ကျွန်တော့်က
စေ့စေ့ကြည့်ယင်း တလုံးချင်း ချေပလာပြန်သည်။

'အေးပါလေ ... အသစ် မတွေ့ခင်တော့ အဟောင်း
တတွယ်တွယ် ဆိုတာလို ဒီမယားမှ ဒီမယားဖြစ်နေဦးမှာပေါ့
မနန်းကြူ ရှေ့မှာမို့ ဒီစကားမျိုးထွက်တာ ဖြစ်ချင်ဖြစ်မယ်
ဒါပေမယ့် ယောကျ်ားတို့အကြောင်း ယောကျ်ားတွေပဲသိပ
တယ်....ရဲမော်ရာ၊ အထူးသဖြင့် မင်းအကြောင်း ငါသိပ်သိတ
ပေါ့လို့....ဒီကောင်ပြောတိုင်း မယုံနဲ့ မနန်းကြူရေ..
ယောကျ်ား မာယာတွေ၊ ချွဲချွဲပျစ်ပျစ်နဲ့ ယောကျ်ား မာယ
တွေဗျ၊ ရှေ့တုန်းတော့ ချွဲပြီး နောက်ကွယ်ကျမှ ပစ်သွားက
တာမျိုး...အဲ....ယောကျ်ားဆိုတဲ့ သတ္တဝါမျိုးက လှေကာ
သုံးထစ် ဆင်းလိုက်တာနဲ့ အိမ်မေ့ ယာမေ့ ထမင်းမေ့ ဟင်းမေ
မယားမေ့ သားမေ့ ဖြစ်ကုန်တာကလား၊ ဒီတော့ သူတို့က
အလစ်မပေးမှ တော်ရုံကျတာ၊ ပြန်လာပြီဆို ချက်ကင်းလုပ်
ထတ်နိုင်ယင် အပြင်ထွက်တိုင်း ကပ်လိုက်ဖို့ကြိုးစား'





'ဟေ့ကောင် သက်ခိုင်....မင်း ကိုယ့်ဆီလာတာ အလုပ်ကိစ္စ
နဲ့လား၊ ချောက်တွန်းဖို့ သက်သက်လား၊ အေး....ဘာပဲဖြစ်ဖြစ်
မင်းနားလည်ထားဖို့က တို့လင်မယား နှစ်ယောက်ကြားမှာ
ကြားမင်း နားကင်းကြီးနဲ့ ဆင်းခဲ့တောင် ဒီတသက်မကွဲ
ဘူးမှတ်၊ တို့အချစ်ဟာလဲ ဗိုလ်ခြေတသောင်း ခြံရံတဲ့မာရ်နတ်
တာဖျက်လဲ ပျက်မှာမဟုတ်ဘူး၊ ဒီတော့ ဝဿကာရပုဏ္ဏာလို
ခြေထိုးဖို့ ကြိုးစားလဲ မင်းမြေမျိုရုံပဲရှိမယ်၊ ကိုယ့်အဖို့ကတော့
လူတယောက်၊ အသက်တချောင်း အသည်းတခု၊ အချစ်တချစ်၊
ယားတယောက်ပဲ....'

'အမယ်လေးဟဲ့....ရောမ သစ္စာရှင်ကြီး ပါလားနော်၊
အဲဒီလို .. အဲဒီလို သစ္စာရှိ သဘောဖြူ ရုပ်ချော အပြော
ကောင်းလေးကို ကောင်မလေးတွေ မျက်စိကျတတ်တာဗျ၊
နန်းမဆိုတာမျိုးက သူတို့ကြိုက်မိယင် ပျိုသော အိုသော
ရှောင်တာမဟုတ်ဘူး၊ သတိသာ ကြပ်ကြပ်ထားပေတော့
နန်းကြူ၊ ကျွန်တော် စေတနာနဲ့ပြောတာ၊ တော်ကြာမှ
ငှင့်စကားနားမထောင်မိလို့ ကျွန်မလင် အလစ်သုတ်ခံရပြီ
ကိုသက်ခိုင်ရဲ့ဆိုပြီး ကယ်ပါ ယူပါ အော်ပြေးလာတာ
မြင်ပါရစေနဲ့ဗျာ၊ လွန်မှတော့ ကျွန်တော်တို့လဲ ဘာမှ
တတ်နိုင်ဘူးနော်'

ဒီလောက်ဆို သက်ခိုင်တို့လူဇုံ ကျွန်တော့်အပေါ်တွင်
အကျကြီး ကျသွားပြီဖြစ်ကြောင်း သိသာလောက်ပါသည်။

ရှင်းရှင်းပြောပါက သူတို့သည် ရဲမော်နှင့် တရုပ်တည်း
ဘူခဲ့သည့် ကျွန်တော့်ကို ရဲမော်၏ ကိုယ်ပွားရယ်လို့ မရိပ်မိခဲ့

သလို ရဲမော်စစ်စစ် အထင်ဖြင့်သာ ခေါ်ပြောဆက်ဆံ ယုံကြည် လက်ခံ ထားလိုက်တာ ထင်ရှားသည်။

ကျွန်တော်ကိုယ်တိုင်လည်း ရဲမော်ဂိုက်ဖမ်း၍ ခြေရာချင် တထပ်တည်း နင်းလိုက်နိုင်အောင် ပီရိသေသပ် ပိုင်နိုင်မှုရှိခဲ့သည် မဟုတ်ပါလား။

ကျွန်တော့်ဘက်က ကြည့်လျှင်လည်း သူတို့ကို ရဲမော်၏ လုပ်ဖော်ကိုင်ဘက်၊ အပေါင်းအသင်း တစုဆိုတာလောက်သာ သိရပါသေးသည်။

ယေဘုယျအားဖြင့်သူတို့သည်လက်ဖျားငွေသီးသလို အလျှ ပယ် သုံးဖြုန်းနိုင်၍ ပျော်ပျော် ပါးပါး နေတတ်သူ လူငယ် လူရွယ်များလို့ပဲ ထင်ရပါသည်။ အဓိပ္ပာယ်က ခင်မင်ဖော်ရွေ သော လူရိုးလူကောင်း လူပျော်လူနောက်တွေပါလား ဆိုတာ ထက် မပိုသော အဆင့်မှာပဲ ရှိနေသည်။ ယခုချိန်ထိ သူတို့ကို ဒုစရိုက်ဂိုဏ်းနှင့် ပတ်သက်ပြီး မယုံသင်္ကာ ဖြစ်စရာ မတွေ့ရ သေးပါ။ မနန်းကြူ ရှေ့မှောက်မို့ သူတို့ ဟန်ဆောင်ထား ကြသည်လား မသိ။

လောလောဆယ်မှာမူသက်ခိုင်ပြောစကားတွေကို မနန်းကြူ က ပြန်လှန်ချေပလိုက်ခြင်းကိုသာ ကျွန်တော် ကြားသိလိုက်ရ ပါသည်။

မနန်းကြူသည် သူ့ပေါင်ပေါ်တွင် ဘိုမရုပ် ကလေး နှင့် ကစားနေသော မောင်နန်းမော်၏ ဆံပင်စလေးတွေကို လက် ဝါးနှင့် ပွတ်သပ်ပေးယင်းမှ ပြုံးပြုံးလေး





'ကိုသက်ခိုင်ရယ် အလစ်သုတ်တဲ့လူက သုတ်လို့ ပါတဲ့လူက ခိုင်လဲ ပါစမ်းပါလေ့စေ၊ မကြူကတော့ ခွင့်လွှတ်မှာပါ၊ ယ်သူတွေ ဘာပဲ ပြောပြော မကြူ ယောကျ်ား ဟာ ဒီလို ောက်ပြားမှာ မဟုတ်ဘူးဆိုတာလဲ ယုံကြည်ပြီးသားပါ ရှင်'

မနန်းကြူ၏ စကားက ကျွန်တော့် အသည်းကြားကို စူး င် မွှေနှောက်လိုက်ပါသည်။

သီလေး ရဲမော်ကို မြင်ယောင်လွမ်းတလိုက်ရသည်။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဒေါသဖြစ်မိသည်။

ခံစားမှုအနေနှင့်ရင်ထဲမှာ သိမ့်သိမ့် ခါသွားရသည်။နောက် မီး အစားခံရသလို တမြိုက်မြိုက်လောင်ကျွမ်းခဲ့ရသည်။ ပြီး ကျင် ဆွေးမြည့်မဆုံး ဖြစ်ရပါသည်။

ဒါပေမယ့် အပေါ်ယံကြောအားဖြင့် မချိတရိ ပြုံးနေခဲ့ သည်။

ဩော်–ဘယ်လောက်များ ဆိုးရွားလိုက်ရပါတဲ့ ကျွန်တော့် ဝပါလဲ။

သက်ခိုင် နှင့် အပေါင်းအသင်းများ ကတော့ မနန်းကြူ စကားကို ပြက်လုံးကောင်းတပုဒ် ကြားရသည်နှင့်မခြားခွက်ခွက် န်အောင် ဟားခဲ့ကြပါသည်။ သည်ကြားထဲမှ—

'အပါးပါး.... ဒီလင်မယားကတော့ တကယ့် စံပြပဲဟေ့၊ င်အဖောက်ကိုညီလို့၊ အိမ်ထောင်ရေး သူရဲကောင်း ဘွဲ့ င် ပေးဖို့ကောင်းနေပြီ၊ လင်ကလဲ သူ့မယားက လဲ့ယင် ည်းပဲတဲ့၊ မယားကလဲ သူ့လင်ကို ဘုရားဖြစ်မယ့် အုတ်နီခဲ က် ကိုးကွယ်တာ၊ တောက် တို့များတော့ အဲဒီလောက်

အတွဲညီတဲ့ အိမ်ရှင်မလေး တယောက်တောင် အားကျပါးကျ လိုချင်လာရော’

‘လိုချင်တိုင်း ရမတဲ့လား၊ အစ်ကိုသက်ခိုင်ပုံမျိုးနဲ့ နောက် ဆယ်သက်တောင် စွံမှာ မဟုတ်ပါဘူး၊ အေးအေးဆေးဆေးပဲ ပုလင်းပိုက်ပြီး ငိုက်နေစမ်းပါဗျာ’

သက်ခိုင်ကို မိုက်ကယ်က သိက္ခာချလိုက်ပါသည်။

သည်တွင် မျက်မွေး အိုက်ထွန်းက မိုက်ကယ့်ကို လှမ်းခွပ် လိုက်ပါသည်။

‘အံမာ မိုက်ကယ်ရာ၊ ကိုသက်ခိုင်အကြောင်း မင်းမသိသေး ဘူးလားကွ၊ မကြာခင် နှစ်ဖြာကြင်လို့ ဒါလင် ဒါလင်နဲ့ဖြစ် တော့မှာပါကွ၊ မှန်တယ်မဟုတ်လား ဆရာ’

ကျွန်တော့်ကို သက်သေတည်လာသော အိုက်ထွန်း၏စကား အား စိတ်ထဲက အူကြောင်ကြောင်နှင့် ခေါင်းညိတ်ထောက်ခံ လိုက်ရပါသည်။

‘အင်း....ဆိုပါတော့ကွာ၊ တို့အတွက် ပွဲတော်ကြီးလာတော့ မယ်လို့ပဲ ပြောရမှာပေါ့၊ ဒါနဲ့ အခုမင်းတို့ ကိုယ့်ဆီလာတာ အလည်သက်သက်ပဲလား၊ အကြောင်းထူးရှိလို့လား ဟင်.... သက်ခိုင်’

အချိန်တန်ပြီ ယူဆ၍ ကျွန်တော့်ရင်ထဲတွင် အောင့်ထား ရသော မေးခွန်း တခုကို တဆက်တည်း အန်ထုတ်လိုက်မိပါ သည်။





ကျွန်တော့် မေးခွန်း ကြောင့် သူတို့ သုံးယောက် စလုံး ယောက်မျက်နှာတယောက် လှမ်းကြည့်လျက်သား ဖြစ်သွား ကြရသည်။

ထို့နောက် မသဲကွဲသော အဓိပ္ပာယ်တွေကိုယ်စီနှင့် မျက်လုံး များက ကျွန်တော့် မျက်နှာပေါ် တပြိုင်တည်း ရောက်လာ ကြသည်။

ရှေ့တည့်တည့်မှ သက်ခိုင်က ပြောလိုက်သည်။

‘အရေးကြီးတယ် မကြီးဘူးတော့ မသိဘူးပေါ့ကွာ၊ ကိုယ့် အဘိုးကြီးက မောင်ရင့်ကိုသွားခေါ်ချည်ဆိုလို့ လာကြရတာပဲ၊ ဒါကလဲ မင်း ကိုးကွ၊ ဟို နယ်စပ်မြို့က ပြန်လာကတည်းက တောက် တခေါက်မှ ရောက်မလာပဲ’

သည်တခါ မျက်လုံး ပြူးသွားရသူကတော့ ကျွန်တော်။ ကျွန်တော့် နှလုံးသွေးတွေ ခုန်၊ အတွေးတွေစုံ၊ ဗျာပါ ရ ပုံသွားရသည်မှာလည်း တမုဟုတ်ချင်း....။

နယ်စပ်မြို့၊ နယ်စပ်မြို့ဟူသောအသံတွေကလည်း ကျွန်တော့် နား ဝယ် ပဲ့တင်အပြန်တထောင် ခတ်ခဲ့ရပါချေပြီ။

နယ်စပ်မြို့ဆိုသည်မှာ ရဲမော်နှင့်တကွသော သူတို့၏ လျှို့ဝှက် ချက်တ အဖြစ် ရှေးဦးမဆွကတည်းက နားလည်ထားသော ကျွန်တော့် အဖို့ သူတို့ကို ဘယ်သူတွေ ရယ်လို့ သိလိုက်ရပါ ပြီ။

သူတို့ ငှပ်ရည်၊ သူတို့ပုံစံနှင့်သူတို့ ရပ်တည် လှုပ်ရှားနေသည့် အကား မိုးနှင့်မြေ၊ ရေနှင့်ဆီပမာ ကွာခြား လွန်းလှပါတံ။

သူတို့ကိုတွေ့ချင်သည့် အာသီသ ကျွန်တော့်ရင်ထဲမှာ ကိန်းအောင်းနေတာ ကြာလှပါပကော။

ခုတော့ ကျွန်တော်က လိုက်မရှာရပဲ သူတို့က အိမ်တိုင်ယာရောက် လာခေါ်နေလေပြီ။

ဘယ်အရေးကိစ္စကြောင့် ကျွန်တော့်ကို လာခေါ်ကြပါလိမ့်။

သူတို့နောက် ကျွန်တော်လိုက်ရလား။

မလိုက်ဘူး ငြင်းယင် ကျွန်တော့်အပေါ် သူတို့ ဘယ်သူထင်သွားကြမလဲ။

ငြင်းသည့်အတွက်ကော သူတို့ ဘာလုပ်ကြဦးမည်နည်း။

လိုက်မယ်ဆိုပြန်တော့ တဘက်တွင် ကျောက်ခါးပတ်သို့သွားဖို့ မနန်းကြူနှင့် ပြောထားတာက ရှိသေးသည်။

ဒီပြဿနာကို အပြေလည်ဆုံး ကျွန်တော် ဘယ်လိုကိုင်တွယ်ဖြေရှင်းရပါမည်နည်း။

အရေးထဲ အိမ်ပြန်ရောက်ရောက်ချင်း သူတို့နှင့် စကားရောဖောရော ဝင်လုပ်နေလိုက်ရသော မေ့ပြယ်လုမတတ်ဖြစ်ခဲ့သည့် မြို့လယ် လက်ဘက်ရည်ဆိုင်တွင် ကျွန်တော့်ကို လုပ်ကြံခဲ့သူ ဦးထုပ်ဝဏ် လူအကြောင်း ပြေးသတိရလိုက်ရသေးသည်။

သူကကော ဘယ်သူတဲ့လဲ။ ရဲမော်၏ သီးသန့် ပြဿနာမှ အန္တရာယ်တပါးပဲလား။

အို.... တွေးရရင်ဝယ် ခေါလှပါဘိတော့။

သည်သို့သည်နှယ် အတွေးပဟေဠိတွေ၊ ပြဿနာတွေ၊ အခက်အခဲတွေ၊ အရှုပ်အထွေးတွေ၊ အန္တရာယ်တွေ ဝိုင်းဝိုင်း





ပတ်ချာလည်နေခဲ့ရသည်မှာ ရဲမော်ဘဝကို ကူးပြောင်းဝင်စားခဲ့မိသည့်အချိန်မှ အစပြုခဲ့ခြင်း ဖြစ်သည်။

သည်ဘဝကိုမှ အမိုက်ခံ အရှုးထ၍ ပြောင်းရကောင်းလားလို့ ကိုယ့်ကိုကို ဒေါသထွက်မိသည်။

သို့သော် ရဲမော်ကို ကျွန်တော်ကိုယ်တိုင် ဝတ္တရားအရ သတ်မိကြောင်း အမေသိမှာ စိုး၍ မနန်းကြူတို့ မိသားစု ဖရိုဖရဲ ကသီလင်တနှင့် ဒုက္ခရောက်မည့်ဘေးမှ ပြေးထိန်းပြီး ရဲမော်ကို ဘဝတုံးအောင် ဖျက်ဆီးစေခိုင်းခဲ့သော ဒုစရိုက်ဂိုဏ်းသားများကို ဖော်ထုတ်ရန်အတွက် ခုလို မလွှဲမရှောင်သာ လူချင်းလဲ ဘဝချင်းပြောင်းခဲ့ကြောင်း သွား စဉ်းစားမိပြန်သည်။

သည်လို ပြန်စဉ်းစားမိတော့လည်း စိတ်ဖြေရာရ၍ အားတင်းနိုင်လိုက်ပါသည်။

သည်အခြေရောက်မှ နောက်ဆုတ်ဖို့ မလွယ်တော့သည့်အတူ ဘာပဲဖြစ်ဖြစ် ရှေ့တက် ရင်ဆိုင်တော့မည်လို့ ဆုံးဖြတ်ချက်ထုတ်ခဲ့မိသည်။

ထို့ကြောင့်လည်း ကျွန်တော့် အဖြေကို ငံ့လင့်နေကြသော သက်ခိုင်နှင့် အပေါင်းပါများအား....

'ဆရာကြီးက ခေါ်တယ်ဆိုတော့လဲ လိုက်ရတာပေါ့ကွာ၊ ဘယ်တော့သွားကြမလဲ'

'မင်းလိုက်မယ် ဆိုယင်တော့ အခုသွားရုံပဲ ရဲမော်'

သက်ခိုင်က ကျွန်တော့်ကို ပြန်ပြောလိုက်သလို ထိုင်ရာမှ ထ၍ ဟန်ပြင်လိုက်သည်။ မိုက်ကယ်နှင့် အိုက်ထွန်းတို့ကတော့ မြင်းတူ ရပ်ပြီးကြပြီ။

ကျွန်တော်ကလည်း ဘေးမှမနန်းကြူဘက်လှည့်၍ ခွင့်ပန်ရ တော့သည်။

'ကဲ....မောင်၊ သူတို့နဲ့လိုက်သွားဦးမယ်အကြူ'

'ဟင်....ဒါဖြင့် ဟိုသွားဖို့ကိစ္စ'

'အဲဒါတော့ ပြန်လာမှ ကြည့်စီစဉ်တော့မယ် အကြူရယ်၊ ဒီနေ့မမီလို့ မသွားဖြစ်လဲ မနက်ဖြန်အစောကြီး ထသွားတာ ပေါ့၊ သက်ခိုင်တို့ဆီမှာလဲ သိပ်တော့ ကြာမယ်မထင်ပါဘူး၊ မဟုတ်ဘူးလားကွာ'

ကျွန်တော်က သက်ခိုင်ကို စစ်ကူ တောင်းလိုက် ရပါသည်။ သက်ခိုင်က စီးကရက် အသစ်တလိပ်မီးညှိယင်း တန်းလန်းမို့ ခေါင်းညိတ်ပြသည်။

မနန်းကြူ၏ မျက်နှာကတော့ တခုခုစိုးရိမ်နေသလို။

'အပြန်ကျ....သိပ်....သိပ်လဲသောက်မလာနဲ့ဦးနော်....မောင်'

'စိတ်ချပါ မနန်းကြူရာ.... ခင်ဗျား မောင်တော်ကိုလဲ ကျွန်တော့်တို့ သိပ်မတိုက်ရဲပါဘူး၊ တော်ကြာ....သူက အိမ်ပြန် သောင်းကျန်းနေမှာ မဟုတ်လား'

'ဟင်း....စ ကားကောင်းပြောနေယင် ဝင်ဖောက်တော့မယ်၊ ရှင့်ကိုဘယ်သူ ရှေ့နေငှားလို့လဲ ကိုသက်ခိုင်....'

'ခက်ပါလားဗျာ....ခင်ဗျားတို့ အမျိုးသမီးတွေက တယ် အတွေး ခေါင်ကြတာပဲကိုး၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က





သူအမူး လွန်လာပြီး အိမ်မှာပန်းကန်ခွဲ မှန်ခွဲနဲ့....လျှောက်လုပ် နေမယ်လို့ပါ၊ ,အဲဒီနောက် စကားများပြီး နောင်ဂျိန်.... နောင်ဂျိန်....'

'အို....သူ့ရှာစာ သူခွဲတာပဲ ရှင့်ပူစရာမလိုပါဘူး၊ စောစော လေးသာ ပြန်လွှတ်လိုက်ပါ၊ ရှင်တို့ဆီက စောစော ပြန်ရောက်ယင် ပြီးတာပဲ'

'ဒါတော့ တာဝန် မ ယူ ပါ ရ စေနဲ့ ဗျာ၊ တော်ကြာ ကျွန်တော်တို့ဆီက ပြန်လာပြီးမှ သူ့အဆက်နဲ့ကိုမွေလီဇာတ်ခင်း အလည်လွန်နေယင် ဘယ်တတ်နိုင်မလဲ၊ ကျွန်တော်တို့ကတော့ ကိန္နရီမောင်နှံလို မခွဲနိုင်မခွာရက် ဖြစ်နေတဲ့ လင်မယားကြားမှာ အခြောက်တိုက် ဝင်ရှိလိုက်မှာစိုးလို့ ကြာကြာခွဲမထားဘူး ယုံ'

'အဲဒီလိုဆိုလဲရှင်တို့မြောက်ပေးလို့ပဲ၊တကြိတ်တည်းတဥာဏ် တည်း ဖြစ်ရမယ်....'

'ဟာ....ဘယ်ဘက်မှ မသက်သာပါလားမကြူရာ၊ မဖြစ်ပါ ဘူး၊ ဒီပုံအတိုင်း ဆက်နေယင် ပါးကွဲမှာ သေချာတယ်၊ ပြော ယင်း ဆိုယင်းနဲ့တောင် ပါးယားလာပြီ၊ သွားမယ် ပြန်မယ် ဟေ့၊ ဩော်—ရဲမော် မင်းလဲ မင်း မိန်းမကို အနမ်းလေးနဲ့ နှုတ်ဆက်လိုက်ဦး'

'သွားမှာ သွားစမ်းပါ သက်ခိုင်ရာ၊ ငါ့မှာ အချိန် သိပ်မရှိ ဘူး ကွ'

'ဟုတ်သားပဲအစ်ကိုသက်ခိုင်ရ၊ နောက်ကျသွားလို့ဘော့(စ်) ဆီးကောနေဦးမယ်'

ကျွန်တော်နှင့် ကုလားလေး မိုက်ကယ်က လှုံ့ဆော်စကား ဆိုလိုက်တော့မှ မနန်းကြူနှင့် သက်ခိုင် စကား ဖြတ်လိုက်ပြီး အိမ်တံခါးဝသို့ ထွက်ခဲ့၏။

နောက်ပြောင် ရယ်မောယင်းနှင့် ပင် ကားဖြူလေးပေါ် ကျွန်တော်တို့ ရောက်ခဲ့ကြသည်။ ဖင်မလီယာကား မထွက်မီ မောင်နုန်းမော်လေး အိမ်ရှေ့ ပြေးထွက်လာ၍ တာ့တာ လုပ် လိုက်လေးသည်။

သည့်နောက်တော့ မနန်းကြူတို့အိမ်နှင့်ဝေးခဲ့ရတော့သည်။

မနန်းကြူတို့ အိမ်မှ ဝေးသထက် ဝေးခဲ့ရသည်နှင့် အမျ သက်ခိုင်တို့ သုံးယောက်သား၏ မျက်နှာပေါ်မှ အပြုံး အရယ် များလည်း ပျောက်ကွယ်ခဲ့ရပါလေပြီ။

ဗဟိုလမ်းမကြီးအတိုင်း ကျောက်ခါးပတ်မြို့ မြောက်ဘက်သို့ ခပ်မှန်မှန် ဦးတည်မောင်းလာသည့်တလျှောက်လုံး သူတို့ နှုတ် ဆိတ်ခဲ့ကြသလို ခပ်တည်တည်ကြီး လုပ်နေကြသည်။

စောစောပိုင်းက ပေါက်ကရလေးဆယ် ရွှတ်နောက်နောက် တွေ ပြောခဲ့ခြင်းမှာ ရဲမော်နှင့် ပေါင်း၍ မနန်းကြူကို အယုံ သွင်းထားခဲ့သော လုပ်ထုံး လုပ်နည်း တရပ်သာ ဖြစ်ကြောင်း ကျွန်တော် နားလည်ခဲ့ရပါသည်။

သို့နှင့်မခြား ကားရှေ့ခန်းတွင် အိုက်ထွန်းတယောက်တည်း ထိုင်မောင်း၍ နောက်ခန်းတွင် အမှတ်မထင် ဝင်လိုက်ခဲ့မိသော ကျွန်တော့်ကို မိုက်ကယ်နှင့် သက်ခိုင်တို့ ကြားညှပ် ထိုင်ခဲ့သည့် အဖြစ်ကိုလည်း ဆင်ခြင် သတိပြုမိလိုက်သည်။





တကယ်တော့ သူတို့သည် ရေခြုံ၍ ခေါင်းလိုတွန်ကျူးခဲ့ သော ဝံပုလွေများသာ မဟုတ်ပါလား။

ကျွန်တော့် အထင် မမှားကြောင်း မကြာသော ကာလ မှာပင် ပွဲတွေ့ သိရှိခဲ့ရပါသည်။ ဤသည်ကတော့—

‘ရဲမော်....မင်း ပစ္စတို ငါ့ပေးစမ်း’

လို့ သက်ခိုင်က ခက်ထန်ထန်လေသံဖြင့် တောင်းခံခဲ့ခြင်းပဲ ဖြစ်ပါသည်။

ပထမတော့ ကျွန်တော်စောဒကတက်မိသေးသည်။

‘ဘာဖြစ်လို့ပေးရမှာလဲ သက်ခိုင်၊ တို့လောကီမှာ သေနတ်နဲ့ သက်နဲ့ ကင်းကွာရိုး မရှိဘူး မဟုတ်လား’

တကယ်စင်စစ် ရဲမော်ပစ္စတိုထဲတွင် ကျည်ဆန် တတောင့်မျှ သက်ကျန်မရှိတော့ပါ။ ဒါပေမယ့် ရဲမော်နေရာမှ ကြည့်လျှင် အလွယ်တကူ ပေးအပ်မည့်လူစား မဟုတ်ကြောင်း တွက်လိုက်မိသော ကျွန်တော်က ရဲမော်ဂိုက်ဖမ်း၍ လူမိုက်သံနှင့်ပင် ပြန် ဟောက်လိုက်ခြင်း ဖြစ်ပါသည်။

‘လေရှည်မနေနဲ့ ရဲမော်၊ ဒါ ငါ့ဦးလေး မင်းတို့ဘော့စ်ရဲ့ အမိန့်ကွ၊ ငါကိုယ်တိုင်လဲ သူမှာလိုက်လို့ တောင်းရတာ၊ ဒါကို မင်း လွန်ဆန်ချင်လို့လား’

သည်တော့လည်း ကျွန်တော်က အင်တင်တင်နှင့်ပင် ကုတ် အင်္ကျီထဲမှ ပစ္စတိုကို ထုတ်ပေးလိုက်ရပါသည်။ ကျည်မပါသည့် တိုင်အောင် ပစ္စတိုရှိနေသေးလျှင် ဟိတ်ထုတ်၍ ဟန်လုပ်ခြောက် နိုင်သေးသည်။

သေနတ်တလက်သည် သူတို့မြေအောက်ကမ္ဘာဝယ် တန်ဖိုးအရှိဆုံး တန်ခိုးအထွားဆုံး အရာဝတ္ထုတခုလို့ ယုံကြည်ထားကြသည်။

သေနတ်ရှိလျှင် အသက်ရှည်၍ ရွှေဆိုရွှေ ငွေဆိုငွေ လက်ညှိုးညွှန်ရာ ရေဖြစ်သည်။

ခုတော့ ကျွန်တော် တအား လျှော့သွားရပါချေပြီ။

တပြိုင်တည်း၌ ဘော့စ်ဆိုတာ ဘယ်သူလဲ။

ဘော့စ်က ဘာကြောင့် ကျွန်တော့် သေနတ်ကို သိမ်းခိုင်းခဲ့ရသလဲ။

ကျွန်တော် ရဲမော်အသွင်ဖြင့် လူဝင်စား လုပ်နေကြောင်း သိသွားလို့ ဖမ်းဆီးလိုက်တာများလား။

မေးခွန်းပုစ္ဆာတွေ တသီကြီး ကျွန်တော့်ခေါင်းထဲ ဝင်ဆောင့်ခဲ့ရပါတော့သည်။



အခန်း( ၇ )

ဖျန်းကနဲအသံနှင့်အတူ ကျွန်တော့်ပါးစောင်မှာ ပူလောင်သွားရပါသည်။

လူသည်လည်း တဘက်သို့ ပစ်လဲမတတ် ယိုင်ထွက်သွားရသည်။

ကျဉ်တက်သွားသော ပါးစပ်ထဲမှ ငန်ကျိကျိမို့ ထွေးထုတ်လိုက်တော့ သွေးတွေ။

ကျွန်တော့်ကို လက်ဖြန့်ရိုက်လိုက်သူ ပါးကွက်အာဏာသား သက်ခိုင်ခမျာလည်း အတော်အထိနာသွားဟန် လက်ခေါက်ကို ပွတ်နေရှာသည်။

သူ့မျက်နှာပြင်တွင် အစွမ်းကုန် ရက်စက်မုန်းတီးခြင်းများက လျှမ်းလျှမ်းပြည့် နီရဲလျက်။

သည်ကြားထဲမှ ကျွန်တော့်ကို ဘီလူးကြည့် ကြည့်ထားလိုက်ပါသေးသည်။

နှုတ်ခမ်းမွေး သက်ခိုင်၏ နောက်ပါးတွင် မိုက်ကယ်နှင့် အိုက်ထွန်း အပါအဝင် ငရဲသားခုနှစ်ယောက်က ကျွန်တော့်ကို ခြံရံဝန်းပတ်ထားသည်။

ကျွန်တော်နှင့် စားပွဲတလုံးခြား မျက်နှာချင်းဆိုင်မှာတော့ ဘော့စ် (သို့မဟုတ်) ဂိုဏ်းချုပ်ဆရာကြီးဆိုသူ ထိပ်ပြောင်ပြောင် ဖြူဖြူဖိုင့်ဖိုင့် လူကြီးက ဆေးပြင်းလိပ်ခဲလျက် စောင့်ကြည့်နေသည်။

လေးချောင်းထောက် ကုလားထိုင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသော သက်ခိုင်က ဒုတိယမ္ပိ စင်မေးလိုက်ပြန်ပါသည်။

‘ဘာလို့များ ဒီလောက်တောင် အသားနာခံနေရတာလဲ ရဲမောင်ရာ၊ တို့သိချင်တာလေး ဖြေဖို့ပဲ၊ ဘာအပန်းကြီးစရာ လိုက်လို့၊ မနူးဃတော ဒုလ္လဘောတဲ့၊ မင်းကိုမင်း မသနားဘူးသားကွ၊ ဟင်.... ငါလဲ မင်းကို လိုအပ်တာထက်ပိုပြီး မနှိပ်စက်ချင်ပါဘူးလေ၊ ဒီတော့ မှန်တဲ့အတိုင်း ဝန်ခံလိုက်စမ်းပါကွာ’

‘ငါနဲ့ ယော်ကျားစကား ပြောနေတာကွ။ တကယ့် အမှန်စင်စစ်ကတော့ ငါ့ကို မင်းတို့ သက်သက်မဲ့ စော်ကားနေကြတာ၊ ဒီလို စွပ်စွဲတိုင်း ငါခံမယ်ဆိုယင် ရာဇဝင် ရိုင်းသွားမှာပေါ့၊ ဒါမှ မကျေနပ်လဲ သတ်ပစ်လိုက်ကြ၊ သေတာနေ့ မွေး





နေ့ပဲကွာ၊ သေရမှာ ငါမကြောက်ပါဘူး၊ ကြောက်တယ် ...့ စကားလဲ ငါ့အဘိဓာန်မှာ လုံးဝမရှိဘူး’

‘ဒါ.... မင်းစကား အကုန်ပဲလား ရဲမောင့်’

‘အေး.... ဟုတ်တယ်’

‘ဩ.... မင်းက ပျားရည်တိုက်တာတော့ ငန်တယ်ထင်ပြီး ...ခါးကြီးမှ မျိုချင်တဲ့ လူကိုး၊ ငါ့အနေနဲ့ ဝမ်းမြောက် ...သာ ပါရမီဖြည့်ရတော့မှာပေါ့လေ’

...ဖြီးဖြီးဖြီးနှင့် ပြောပြောဆိုဆို သက်ခိုင်က ကျွန်တော့်ကို ...ရိုက်ချလိုက်ပါသည်။

ကျွန်တော်က နောက်ဆုတ်ရှောင်တိမ်း ပေးလိုက်မိသည်။

သူ့လက်ဝါးက နှာဖျားမှ ဝှီးကနဲ ပွတ်လွဲသွားသည်။

ကျွန်တော်လည်း မှန်ထူသွားရာမှ ကမူးရှူးထိုးနှင့် ဝုန်း ... ထလိုက်သည်။

အသင့်ပြင်ထားသော လက်သီးကို သက်ခိုင်ဆီ ပစ်သွင်း ... အရှယ်မှာပင် သေနတ်ပြောင်းဝများက ကျွန်တော့်ခန္ဓာ ...အနှံ့အပြားကို ဝိုင်းထောက်လာကြသည်။

နောက်ကျောတလက်၊ နားထင်မှာ တလက်၊ ဗိုက်မှာ ...က်။

သေနတ်ပြောင်းများ အလယ်တွင် မလှုပ်သာ မလွန့်သာ ...တော်ဖြစ်ခဲ့ရချိန်မှာတော့ သက်ခိုင်က တဟားဟားရယ် ...ခဲ့ပါလေပြီ။

ပြီးတော့ ကျွန်တော့်ရှေ့ကို တလှမ်းချင်း ပြန်ဝင်လ ရာမှ ကျွန်တော့်ဗိုက်က သေနတ်ပြောင်းကို ဖယ်ခိုင်း လို သည်။

'မလုပ်ပါနဲ့ကွာ၊ မတော်တဆ ကျည်ဆန်ထွက်သွား ငါ့သူငယ်ချင်း အူပေါက်လောင်း ဖြစ်သွားပါဦးမယ် တဲ တဲ....'

ဖြူန်းကနဲ ကျွန်တော့်မျက်နှာကို ညာဖြောင့် လက်သီးန ထိုးချလိုက်သည်။ ကျွန်တော် အငိုက်မိသွားရသည်။ မျက်လ ထဲတွင် မြာသွားပြီး ပက်လက်လန်ခဲ့ရသည်။

တစုံတယောက်က ဆီးပွေ့ ထားလိုက်သော ကြောင့်သ သက်သာသွားသည်။ ကျွန်တော့် မေးရိုးစပ်တွင် ပူစပ်ပူလော ဝေဒနာတရပ် တဖြည်းဖြည်း ခံစားလာရသည်။ သပြေ မှည့်ရောင် ဝင်းထွက်လာမှာ သေချာသည်။

'သေနတ်နဲ့ ဝိုင်းအချိန်ခံထားရတဲ့ လူကို ထိုးရဲတယ်ဆိုတော မင်းတော်တော် သတ္တိကောင်းပါလား သက်ခိုင်'

ကျွန်တော်က သက်ခိုင်ကို အစိမ်းလိုက် ဝါးစားချင်သေ ဆန္ဒဖြင့် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြ ယင်း ချီးကျူးလိုက်မိသည်။

သက်ခိုင်ကလည်း သူ့ဂျာကင်အိတ်ထဲမှ ပြောင်းတိုခြေ လုံးပြူးလေး ထုတ်၍ ဆုံလည်ကို လက်ဝါးပွတ်ဆွဲ လှ ကစားယင်း သရော်ပြုံးပြုံးခဲ့ရာမှ....

'ကဲ.... နောက်ဆုံးအဆင့်အနေနဲ့ တို့ဆွေးနွေးကြရအော ရဲမော်- ချင့်ချင့်ချိန်ချိန် သတိထားပြီး မင်းဖြေစေချင်တပ





အဲ.... ရှင်းလှက ဦးဘတူအိမ် ဒမြတိုက်တဲ့ ညက ငွေတွေနဲ့ အတူ ရခဲ့တဲ့ ရတနာအထုပ်ကလေးကို မင်းဖြောင်ထားတယ် မဟုတ်လား၊ အိုဒါ ဘယ်မှာလဲ၊ အခုထုတ်ပေးစမ်း၊ ဒါဆို မင်းသက်သာမယ်'

သက်ခိုင်က တတိယအကြိမ်မြောက် မေးခဲ့ခြင်းပါပဲ။

ကျွန်ဘော်ကလည်း တတိယ အကြိမ်မြောက်၊ ဖြေလိုက် သည်။

'ရတနာထုပ်နဲ့ ပတ်သက်လို့ကတော့ ငါ့ဆီက မသိဘူး မရှိဘူးဆိုတဲ့ စကားက လွဲပြီး ရှေ့ဆက် မမျှော်လင့်နဲ့ ကိုယ့်လူ ရှင်းရှင်းပြောရယင် ရတနာထုပ်ကို ငါမဖြောင်ခဲ့တာ အမှန်ပဲ'

ဟုတ်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုသည် မမှန်တာ မလုပ်၊ မဟုတ်မခံ ဇတ်ဇတ်ကြဲတွေပဲ ဖြစ်ပါသည်။

ဘဝအခြေမလှ၍ သူညအောက် ဝါးနှစ်ပြန်လောက်ရောက် သွားပါစေ။

သစ္စာတရားနှင့် ပတ်သက်လာလျှင် အစွန်းအထင်းခံကြ သူများ မဟုတ်ပါ။

ရဲမော်သည် ဖဲသမား အရက်သမား ဖြစ်ခဲ့သည့်တိုင်အောင် သစ္စာဖောက် အချောင်သဖားအလုပ်မျိုးကိုတော့ ရှောင်ကြဉ် မှာ မလွဲကြောင်း ကျွန်တော် ကောင်းကောင်းသိသည်။

အထူးသဖြင့် ထိုနေ့ညက ကျွန်တော် လဲဝတ်ခဲ့ရသော ရဲမော်၏ အဝတ်အစားတွေထဲမှာ စိန်ထုပ်နှင့် တူတာရယ်လို့ ပုလင်းကွဲတခြမ်းတောင် မပါကြောင်း အသေအချာ ကျွန်တော် တွေ့ခဲ့သည် မဟုတ်ပါလား။

သည်တော့ ခုပြဿနာတွင် ရဲမော် တပတ်ရိုက်ခံနေရပြီလို့ ကျွန်တော် တွက်မိလာရသည်။ ရှင်းရှင်းပဲ ဆိုကြပါစို့။ သူတို့ထဲမှ တယောက်ယောက် ကလိန်ကျ၍ ကြားဖြတ်ခုတ်လိုက်ခြင်း ဖြစ်လိမ့်မည်။ သို့မဟုတ် ရဲမော်ကို အသားလွတ်ချောက်ထွန်းခြင်းလည်း ဖြစ်နိုင်သည်။

ဘာကြောင့် ဘယ်လို သည်အကွက် ဆင်းခဲ့ကြောင်းတော့ အတည့်အလင်း ပိုင်ပိုင် မပြောနိုင်သေးပါ။

မိုက်ကယ်နှင့် သွားခေါခေါ ခပ်ညှက်ညှက် လူတယောက်က ကျွန်တော့်ကို ကုလားထိုင်ပေါ်တွင် မတ်မတ်ပြန်ထိုင်စေသည်။

သက်ခိုင် ကျွန်တော့် နဖူးတည့်တည့်ကို သေနတ်ပြောင်းနှင့် တတန်းတည်း ချိန်လိုက်ပြီး...

'ဒီလောက်တောင် ခေါင်းမာလှတာ၊ မင်းထိုက်နဲ့ မင်းကံပဲ၊ တို့အဖွဲ့ရဲ့ ထုံးစံအတိုင်း သစ္စာဖောက်တို့ သွားရာလမ်းကို ပို့ရတော့မှာပေါ့၊ ကဲ.... လေးလေး ဘယ်လိုသဘောရသလဲ'

သည်တွင် ဘော့စ်က မျက်လုံးမြူးကြီးနှင့် ကျွန်တော့်ကို တချက် လှမ်းကြည့်လိုက်သည်။

ဟာဝေယံရှပ်နှင့် မြောက်ပြင်လုံချည် ဝတ်ထားသော အသက်ငါးဆယ်ကျော် လူ့ဖားပုပ်ကြီး။ ဘော့စ် အမည်မှာ ဦးမျိုးခေါင်ဖြစ်ကြောင်း ကျွန်တော်သိခဲ့ပြီးပါလေပြီ။

ဘော့(စ်)သည် ဆေးပြင်းလိပ်ကြီးကို ပါးစပ်မှ ချွတ်လိုက်ပြီး တူဖြစ်သူ သက်ခိုင်အား....

'နေဦး သက်ခိုင်.... လေးလေး သူနဲ့ စကားပြောကြည့်ဦးမယ်'





'ဟုတ်ကဲ့'

'ဒီမှာ မောင်ရဲမော်....'

'အမိန့်ရှိပါ ဘော့(စ်)....'

ကျွန်တော်က သူ့အခေါ်ကို ပြန်ထူးကာ ခပ်တည်တည် ပြန်ကြည့်ထားလိုက်သည်။

ဦးမျိုးခေါင်လည်း တချက်ပြုံးလိုက်ရာမှ....

'ဘော့(စ်)တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ မောင်ရဲမော်ရာ ခါတိုင်းလိုပဲ အန်ကယ်တို့ ဆက်ဆံကြသေးတာပေါ့၊ မင်းအပေါ်မှာ အန်ကယ် ဘယ်လောက် ယုံကြည်အားထားခဲ့တယ်ဆိုတာလဲ ပြောနေစရာ မလိုပါဘူး၊ အန်ကယ့်ဂိုဏ်းမှာ ဗိုလ်တင်ထားတာကိုပဲကြည့်၊ အဲဒါနဲ့အမျှ အန်ကယ့် သဘောသားကို မင်းနားလည်ပြီးသားပါ'

'အန်ကယ် မကြာခဏ သတိပေးဖူးတယ်မဟုတ်လား မောင်ရဲမော် သူခိုးမှာလဲ သူခိုးသစ္စာနဲ့၊ ဒမြသစ္စာနဲ့လို၊ ဒီလိုသစ္စာရှိခါမှ တို့လုပ်ငန်းတွေမှာ ဘေးကင်းလိမ့်မယ် မဟုတ်လား၊ ဒီအတွက် အန်ကယ့် လူတွေဆိုယင်လဲ အဘက်ဘက်က စိတ်အချရဆုံး အတော်ဆုံး လူတွေကိုမှ ထိပ်ခေါက်ရွေးထားခဲ့တယ်၊ မောင်ရဲမော်က အစ ကျန်လူတွေ အားလုံးလိုလို ကိုးတန်းဆယ်တန်း ခေတ်ပညာလောက်တော့ တတ်ထားတဲ့ လူတွေချည်းပဲ၊ အန်ကယ့်တူ သက်ခိုင်ဆိုယင် ဘီအေဘွဲ့တောင်ရပြီးပြီ'

'အဲဒီလူတွေကို အကျိုးခံစားခွင့် အပြည့်နဲ့ အလုပ်ပေးပြီး အထက်တန်းကျကျ အဆင့်မြင့်မြင့် ဖွဲ့စည်းထားတာကြောင့်

လည်း အန်ကယ်တို့ကို တော်ရုံတန်ရုံနဲ့ ယှဉ်ရဲတဲ့လူ မရှိခဲ့ဘူး၊ ယှဉ်ပြိုင်ဖို့မပြောနဲ့ မော်ကြည့်ဝံ့တဲ့ လူတောင် မမွေးသေးဘူး ဆိုပါတော့၊ ဥပဒေ အာဏာပိုင်တွေနဲ့ ပတ်သက်ပြန်တော့လဲ လက်တလုံးကြားလေးတွေ၊ အဆို့အပိတ်လေးတွေနဲ့ရှောင်ကွင်း လှည့်ပတ် ဖြေရှင်းနိုင်ခဲ့တယ်၊ ပိရိတဲ့ နေရာမှာ ဒီနယ်တဝိုက်က ဒမြမှူ အားလုံးလိုလို အန်ကယ်တို့ လက်ချက်ချည်းပဲဆိုတာ ဘယ်သူမှ မရိပ်မိခဲ့ဘူးလေ၊ အန်ကယ်ကိုယ်တိုင် ကျောက်ခါး ပတ်မြို့ မျက်နှာဖုံး လူကြီးလူကောင်းတယောက် အနေနဲ့ ဟန် မပျက် နေနိုင်ခဲ့တာလဲ မင်းအသိပဲ'

'ဒီတော့ အန်ကယ်ဘယ်သူ့ကြောက်လို့ ဘာမှုစရာလိုသေးလဲ အန်ကယ် စိုးရိမ်တာတခုပဲရှိတယ်၊ ဒါကတော့ ကိုယ့်အချုင်းချင်း သွေးကွဲမှာနဲ့ အန်ကယ့်အပေါ်မှာ ခေါင်းတုံးပေါ် ထိပ်ကွက် အသားထဲက လောက်ထွက် လုပ်မှာကိုပဲ၊ ဒါဆိုယင်တော့ အန်ကယ်သည်းမခံနိုင်ဘူး၊ ဘယ်သူ့ကိုမှ ညှာမှာမဟုတ်ဘူး၊ အန်ကယ့်ကိုယ် အန်ကယ်တောင် ချမ်းသာပေးမယ် မထင်နဲ့ ...'

'ဟော.... အခုပြဿနာပေါ်လာတဲ့ အခါမတော့ အန်ကယ် တော်တော်ကို စိတ်မကောင်း ဖြစ်သွားရတယ်၊ မမျှော်လင့်တဲ့ လူက မမျှော်လင့်ဆုံး အလုပ်ကို လုပ်လိုက်ပြီးကိုး၊ ကဲ....အန် ကယ့်ကိုတော့ မှန်မှန်ကန်ကန်လေး ဖြေစမ်းပါ မောင်ရဲမော်- ရတနာတွေ ဘယ်မှာလဲ'

ဦးမျိုးခေါင်က မိန့်ခွန်းရှည်ကြီး ချွေခဲ့သည့် တချိန်လုံး သာယာညှင်းပျောင်းစွာ ပြောခဲ့ရာမှ နောက်ဆုံးစကားလုံး တွင် ခပ်ကျယ်ကျယ်လေး ဆောင့်မေးလိုက်ခြင်း ဖြစ်ပါသည်။





ပြီးတော့ ဆုံလည်ကုလားထိုင် နောက်မှီတွင် ပြန်မှီချလိုက် ကာ ဆေးပြင်းလိပ်ကြီး ဖွာလျှက် ကျွန်တော့်ကို မှိန်းကြည့် နေခဲ့သည်။

သက်ခိုင်ကလည်း စားပွဲစောင်းတွင် မှီရပ်လျက် ကျွန်တော့် မျက်နှာတွင် အကဲဖမ်းထားသည်။

ကျွန်တော်က သက်ပြင်းတချက်ချလိုက်ပြီး....

'ကျွန်တော် ဘယ်လိုလူစားလဲ ဆိုတာ အန်ကယ် သိသား ပဲလေ၊ အန်ကယ်နဲ့ နှစ်ရှည်လများ လက်တွဲခဲ့တဲ့ သက်တမ်း တလျှောက်လုံးကိုလဲ ပြန်လေ့လာကြည့်ပါဦး အန်ကယ်တို့ ပြောသလို ဘိန်းစားကျင့် ဘိန်းစားကြံ ဘယ်နှစ်ခါကြုံဖူးခဲ့ လဲ၊ ဟုတ်လို့ကတော့ အစီစီချီးကပ်သွားပါစေ ကျွန်တော် ငြင်းမနေပါဘူး၊ အဲ.... မဟုတ်ပဲနဲ့တော့ နားရှက်ဆွဲတောင် ခံနိုင်ဘူး အန်ကယ်၊ ဒါနဲ့.... ကျွန်တော်တခု ထပ်ပေးပါရ စေဦး၊ အဲဒီရတနာထုပ် ကျွန်တော် ယူတယ်ဆိုတာကော သက်သေ အထောက်အထား ပြနိုင်လို့လား'

ကျွန်တော်က မယုတ်မလွန်ဖြေယင်း စကားတောက်လိုက် သည်။

ကျွန်တော့် အပြောကြောင့် ဦးမျိုးခေါင် တွေဝေသွား သည်။ အလေးနက် စဉ်းစားဟန်လည်း ရှိခဲ့သည်။

အတော်ကြာမှ နောက်မှီ ထိုင်နေရာက ကိုယ်ကိုပြန်မက်ပြီး ဆေးပြင်းလိပ်ကြီးကို စားပွဲပြာခံခွက်ထဲ ထိုးချေလိုက်ယင်း....

'အန်ကယ့် အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ လိုက်နာခဲ့တာမဟုတ် တော့ အတိအကျ မသိရဘူးပေါ့ကွာ၊ မောင်ရဲမော်ရယ်....

သက်ခိုင်ရယ်၊ မိုက်ကယ်ရယ်၊ အိုက်ထွန်းရယ်၊ မောင်မောင်
၅ ယောက်ကို လွှတ်ခဲ့တယ်၊ အိုက်ထွန်းက ကားမောင်းအော
စောင့်၊ ကျန်တဲ့လူတွေကို မင်းဦးစီးပြီး တိုက်ထဲဝင်ဖို့ အ
စိတ် စီစဉ်ပေးလိုက်တယ်၊ ဒီနောက်ပိုင်း သိရသလောက်
တော့ သက်ခိုင်က ဦးဘတူ အိမ်သားတွေရဲ့ လက်ဝတ် လ
စားတွေ ချွတ်ယူနေတုန်း မင်းက မီးခံသေတ္တာဖွင့်ပြီး ငွေ
ယူယင်းက အထုပ်ကလေးတထုပ်ကို အိတ်ထဲထည့်ထားလိုက်
မိုက်ကယ်နဲ့ သက်ခိုင်က မြင်လိုက်ရတယ်တဲ့၊ ထွက်ပြေ
ကားပေါ်ရောက်လို့ သက်ခိုင်က မေးလို့တောင် မင်းတို့နဲ့မ
ပါဘူး၊ မေးစရာမလိုဘူးလို့ ပြန်ဟောက်ခဲ့သေးတယ်ဆို၊ အ
ကိုလဲ အားလုံးကြားခဲ့ရတယ်လို့ သက်ခိုင်က ပြန်တိုင်ခဲ့တ

'သူပြောတာကို အန်ကယ်က ယုံသလား'

'မယုံတဲ့တိုင်အောင် သံသယဝင်စရာတော့ ဖြစ်ခဲ့
မဟုတ်လား ရဲမော်၊ အစီအစဉ်အရ ဘယ်လောက် အ
အခဲတွေတွေ၊ မနက်ကျတာနဲ့ ငါ့ဆီမှာ လာစုဖို့ မှာလိုက်
မေ့သွားပြီးလား အင်.... အချိန်တန်လို့ သူများတွေအလျ
ပြန်ရောက်ခဲ့ပေမယ့် မင်းမရောက်ဘူး၊ တရက်နှစ်ရက်ကြ
ဒီနေ့အထိ မင်းပျောက်နေခဲ့တာကိုး'

'ဘယ်သူ ဘာပဲ ပြောပြော ကျွန်တော့်ကိုယ် ကျွန်
သိတယ် အန်ကယ်၊ ရတနာထုပ်ဆိုတာ ကျွန်တော်လုံးဝ
ခဲ့ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်လို့လဲ ကားပေါ်မှာ ဘာမှ မ
မိဘူး၊ အမှန်တော့ ကျွန်တော့်ကို ချောက်တွန်းထ
အန်ကယ်'





ဤတွင် ကျွန်တော့်ဘေးမှ သက်ခိုင်မှာ ရှုံ့ရှုံ့ရွဲရွဲဖြစ်သွား
ဘော့သည်။

'ဘာကွ.... ငါကပဲမင်းကို ချောက်တွန်းရဦးမယ်ဟုတ်လား၊
ကိစ္စကို ဖွင့်တိုင်ခဲ့တာပါကွာ၊ မင်းနဲ့ ငါနဲ့ တချိန်က ဗိုလ်
ာက် ဆိုပေမယ့် မင်းဗိုလ်ဖြစ်တဲ့နောက် ငါကျေကျေနပ်နပ်ပဲ
သြဇာ ခံခဲ့တယ်မဟုတ်လား ရဲမော်၊ ဒီကြားထဲက မင်း
တ်ဘာ လုပ်တာတော့ ငါလက်ပိုက်ကြည့်မနေနိုင်ဘူး၊ ငါ့
ားအရ လေးလေးကို အမှန်အတိုင်း ဖွင့်တိုင်ခဲ့တာ၊ ငါ့
က သက်သေခံမယ့် လူတွေ အများကြီးရှိတယ် ရဲမော်...
ာဏ်နီ ဉာဏ်နက်ထုတ်နေလို့ အလကားပဲ'

'ကဲ....မင်းဒီရက်ပိုင်းအတွင်းမှာ အန်ကယ့်ဆီကို ဘာကြောင့်
ာနိုင်ခဲ့တာလဲ မောင်ရဲမော်...'

သက်ခိုင်၏ လေပြေထိုး စကားအဆုံးကို စောင့်၍ ဦးမျိုး
င်က ဆက်မေးလိုက်ပြန်သည်။

ျွန်တော့်အဖို့ အလျှောက်ကောင်းမှ အထောင်းသက်သာ
ကိန်းဆိုက်ခဲ့ရပါချေပြီ။

စကားလုံးတိုင်း အမှားမပါသွားအောင် ကြိုးစားရပါ
ည်။

ရတနာအမှုကို ဖြေရှင်းရသည်က တဘက်၊ ရဲမော်အတုဖြစ်
ာင်း မရိပ်မိစေရန် ဖုံးရ ဖိရသည်က တဘက် အချိန်ပြည့်
တ်ရင်မောနေရသည်။

ဤအချိန်ထိတော့ သူတို့အားလုံး ကျွန်တော့်ကို ရဲမော်
ာ ထင်နေကြသေးသည်။

သည်ကြားထဲမှ ဦးမျိုးခေါင်၏ စကားက ကျွန်တော့် ဘဝကို အထုပ်ဖြေမည့် တကဲကဲ ...။

ကျွန်တော် ဘာဖြစ်လို့ ဘယ်ပျောက်၍ ဘယ်ရောက်နေ ကြောင်း ဘယ်လို ဖြေရပါမလဲ။ ဦးနှောက် ခြောက်ခဲ့ရ ပါသည်။

ကံကောင်းထောက်မစွာ ပခုံးမှ ဒဏ်ရာကို သွားသတိရ လိုက်သည်။ အခက်အခဲ အကျပ်အတည်းကြားမှ ရုန်းထွက်ဖို့ လမ်းတွေ့လိုက်ခြင်းပဲ ဆိုပါတော့။

'အဲဒီညက ရဲတွေနဲ့ အပြန်အလှန် တိုက်ပွဲဖြစ်ခဲ့တာလဲ အန် ကယ် သိမှာပါ၊ ကျွန်တော်လဲ တောင်ပေါ်တက်ပြေးခဲ့ရတ နောက်က လိုက်လာတဲ့ ရဲတယောက်ပစ်လိုက်တဲ့ ကျည်ဆန် မှန်လို့ ပခုံးမှာ ဒဏ်ရာရခဲ့တယ်၊ အဲဒီ ရဲလဲ ကျွန်တော်ပြန်ပစ် လိုက်တာ ထိကျန်ရစ်ခဲ့တယ်၊ ဒါနဲ့ ကျွန်တော်လဲ မြို့ဘီလူး အရောက် ပြေးခဲ့ပြီး မြို့အနောက်ပိုင်းက ဘုန်းကြီးကျောင်းမှာ ခိုခဲ့ရတယ်၊ သေနတ်ဒဏ်ရာကို ဝါးစရှတာလို့ပြောပြီး ဆေးကု နေရတယ်၊ အန်ကယ် မယုံယင် စုံစမ်းကြည့်ပါ၊ ဒဏ်ရာ သက် သာလာတာနဲ့ အပြေးပြန်လာခဲ့တယ်၊ အန်ကယ့်ဆီကို ညနေမှ လာမယ် စိတ်ကူးနေတုန်း သက်ခိုင်တို့ ရောက်လာကြတာပဲ၊ ကဲ.... ကျွန်တော်သာ မရိုးသားယင် ဒီမြို့ကို ပြန်လာပါ့မလား အန်ကယ်'

ကျွန်တော့်အနေနှင့် ကိုယ်တွေ့ကြုံခဲ့ရသော အပိုင်းကို ရောက် လာပြီဖြစ်၍ ပြောင်းပြန် လှန်ပြလိုက်ရုံသာရှိပါသည်။





ဦးမျိုးခေါင်လည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင် နေရာမှ....

'ဒါနဲ့ မင်းပစ်ခဲ့တဲ့လူဟာ မင်းအစ်ကို ရဲအရာရှိ ဖြစ်နေ တယ်ဆိုတာကော မင်းသိပြီးလား ရဲမော်'

'ဗျာ'

ဦးမျိုးခေါင်၏ ရုတ်တရက် အပြောကြောင့် ကျွန်တော် အလန့်တကြား ဖြစ်သွားရပါသည်။

သည်တခါ 'ဗျာ'ဆိုတဲ့ အာမေဍိတ်မှာ တမင်မလုပ်ရပဲ အဟုတ် ထွက်သွားသည်။ တနည်းအားဖြင့် ယုတ္တိပိုရှိသွား သည် ဆိုရမည်။

သို့သော် သေသူမှာ ကျွန်တော် ရဲဇော်လို့ သူတို့ယုံကြည်ခဲ့ ခြင်းမျှဖြစ်၍ တကယ်စင်စစ် ရဲမော် ဖြစ်နေကြောင်း သိသေး ဟန်မတူ။

ယုတ်စွအဆုံး ကျွန်တော်တို့ ညီအစ်ကို ရုပ်ချင်းတူ အမြွှာ ညီအစ်ကို ဖြစ်ကြောင်း သိခဲ့ကြသည့် တိုင်အောင် လူချင်းလဲ ထားသည့် အဖြစ်ကို တွေးမိကြမည် မထင်ကြပါ။

သည့်လို စဉ်းစားမိပြန်တော့ ဣန္ဒြေဆည်၍ အဖြေပေးနိုင် ခဲ့ပါသည်။

'ဪ အန်ကယ်တောင် ဒါကို သိနှင့်နေပြီကိုး၊ ကျွန်တော်က အန်ကယ် မသိသေးဘူး အောက်မေ့နေတာ အန်ကယ်ရဲ့'

'ဟာကွာ အန်ကယ်အနေနဲ့ ဒီနယ်တဝန်းမှာ အပ်ပျောက်တာကအစ သိနေတာပဲ၊ အဆန်းလုပ်လို့ ရဲမော်ရာ... မင်းကကော ဘယ်လိုလုပ် သိတာလဲ'

'ဒီအကြောင်းကို ကျွန်တော် အိမ်က မိန်းမပြောလို့ခုမနက်မှ သိတာပါ အန်ကယ်၊ အမေက လူလွှတ် အကြောင်းကြားတယ်တဲ့လေ၊ အင်း၊ မငတ်တဆ ဖြစ်သွားတာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကြံဖန် စိတ်ဖြေ ရုံရှိတော့ တာ ပေါ့ လေ.... ကျွန်တော်တို့ ဘဝကိုက ဆန့်ကျင်ဘက် ဖြစ်နေခဲ့တာကိုး'

'ဒါဖြင့် မင်းအမေနဲ့ သွားမတွေ့ရသေးဘူး ဆိုပါတော့'

'ကိုယ့်လိပ်ပြာ ကိုယ်မသုံပဲနဲ့ အမေ့ကိုလဲ သွားတွေ့ဖို့ ခက်နေတယ် အန်ကယ်ရဲ၊ အေးအေးဆေးဆေး ကျမှ သွားလိုက်မလားလို့ တွက်ထားပါတယ်'

'အေးလေ ဒါလဲ ဟုတ်တာပဲ'

'ကဲ ဒီလိုဆို ကျွန်တော့်ကို စွဲချက်တင်ထားတဲ့ ပြဿနာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရလဲ အန်ကယ်၊ ကျွန်တော်ကတော့ အန်ကယ်စီရင်သမျှ နာခံရမယ့်လူပါ၊ ကျွန်တော့်အဖို့ အစ်ကိုတယောက်လုံးလုံးပြန်သတ်မိခဲ့တဲ့နောက် ဖြစ်ချင်တာဖြစ် အကြောင်းမှုထူးတော့ပါဘူး အန်ကယ်ရာ'

သည်စကားတွေကို ရင်ထဲက မပါပဲ ဟန်ဆောင်ပြောခဲ့ရခြင်း ဖြစ်ပါသည်။

သို့သော် ဦးမျိုးခေါင်ကိုတော့ ချက်ကောင်းထိစေခဲ့သည်။

ဦးမျိုးခေါင်သည် ကျွန်တော့်ထွက်ချက် အားလုံးကို ပြန်လှန်စစ်တွေးပြီးနောက် ခုလို အမိန့်ချခဲ့ပါလေ၏။





'အင်း....အကြောင်းကြောင်းကို ထောက်ပြန်တော့လဲ မင်းနဲ့ သက်ခိုင်ပြောတာတွေ ဘယ်ဟာ မှန်တယ် မှားတယ် ဝေခွဲရမလွယ်ပြန်တော့ဘူး၊ ဒီတော့ အန်ကယ့်အနေနဲ့ အဖြေပေါ်အောင် ဖော်ထုတ်ဖို့ အချိန်ယူရလိမ့်မယ်ထင်တယ်၊ အန်ကယ့်ကို အဖြေရှာခွင့် ပေးတဲ့အနေနဲ့ ခုအတောအတွင်း အန်ကယ်တို့ဆီမှာပဲ နေစေချင်တယ်၊ နေဆို ခုညက စပြီးတော့ပေါ့'

ပိုင်လိုက်လေခြင်း ဦးမျိုးခေါင်....

စင်စစ်တော့ ကျွန်တော့်ကို ပျားရည်နဲ့ ဝမ်းချတော့မလို့လား။

သည်လိုမှ မပြောချင်လျှင် ကြိုးရှည်ရှည် လှန်ထားလိုက်တယ်လို့ပဲ နားလည်ရပါလိမ့်မည်။

အို....ဘာပဲဖြစ်ဖြစ်၊ သေစေ၊ သတ်စေ ကျည်ဆန်နမ်း၍ သွေးခန်းစေဆိုသည့် အမိန့်ထက်စာလျှင် တော်ပါသေးသည်။ တော်သေးသည်။

သို့သော် နည်းနည်းတော့ ကျွန်တော်ဈေးဆစ်မိ၏။

ဒါကလည်း မနန်းကြူကို ကျွန်တော် အမေ့ဆီသွားဖို့ ပြန်လာမည်ဟု ပြောထားခဲ့သောကြောင့် ဖြစ်ပါသည်။

ဩော် ... ကျွန်တော့် ဘဝက ငရုတ်သီးလည်း ထောင်းရ၊ ထမင်းအိုးလည်းကြည့်ရ၊ ကလေးလည်း ပြေးချော့ရနှင့် ဖြစ်နေသော အိမ်ရှင်မတဦးလို ဗျာရှုပ်ရပါကလား။

တနည်းတော့လည်း ခု ဒိုးပတ်က က၊ ခုန် ဇော်က က၊ ခု ငြင်း ချနှင့် ခုနစ်ထွေ မင်းသားမှ ခုနစ်ထွေ မင်းသားပါ။

'ခု ညတော့ ကျွန်ဘော် အိမ်ပြန်ပြီး အကျိုးအကြောင်း ပြောလိုက်ချင်သေးတယ်၊ ထုံးစံအတိုင်းပေါ့ အန်ကယ်၊ အရေး ပေါ် အလုပ်ကိစ္စနဲ့ ဘယ်သွားရမယ်၊ ညာသွားရမယ် လုပ်ပြီး အဆင်ပြေယင် ညတွင်းချင်းတောင် ပြန်လာမှာပါ၊ နောက် မို့ဆို ကျွန်တော့် အမျိုးသမီး စိတ်ပူနေလိမ့်မယ် အန်ကယ်ရဲ့'

ကျွန်တော့် အဆိုပြုချက်ကို ဦးမျိုးခေါင်က စဉ်းစား သည်။ အတော်လေး စဉ်းစားပြီးတော့မှ-

'အေးလေ.... ဒီလိုဆိုလဲပြန်လိုက်ဦးပေါ့၊ မနက်ကျတော့သာ ဆက်ဆက် ပြန်လာခဲ့၊ မမေ့နဲ့နော် ရဲမော်.... မင်းမလာဘူး ဆိုယင်တော့ အန်ကယ့် အဆိုးမဟုတ်ဘူးနော်....'

'စိတ်ချပါ အန်ကယ်.... ကျွန်တော် ကတိပေးပါတယ်'

'ဖြစ်ပါ့မလား လေးလေး.... ကတိဆိုတာ လူတိုင်း ပါးစပ် ဖျားက ပေးတတ်တာချည်းပဲ၊ ကတိတည်ဖို့ ခဲယဉ်းသလောက် ကတိဖျက်ဖို့တော့ ဝန်မလေးကြဘူး၊ သူ့မှာလဲ အဖြစ်ကြီးနဲ့ ဆိုတော့ စိတ်မထင်လို့ ဟိုဟိုဒီဒီ သွားလက်တို့လိုက်ယင် မခက် ဘူးလား'

သက်ခိုင်က ဦးမျိုးခေါင်ကို ဝင်တားသည်။

ဦးမျိုးခေါင်က ရယ်သွမ်းသွေးယင်း...

'ရဲမော်ကို ငါယုံတယ် သက်ခိုင်၊ မင်းပြောသလို သူလုပ် ရဲလဲ လုပ်စမ်းပါလေ့စေကွာ၊ တို့က သူ့ကိုဒီအတိုင်းလွှတ်ထား တာမှမဟုတ်ပဲ၊ ယုတ်စွအဆုံး သူလက်တို့လို့ ဟိုလူဒီလူလာကြပြီ ပဲထား 'အစစ အရာရာ မီးသေပြီးသား၊ ငါ့အနေနဲ့ မှုစရာလား၊ ဒမြမှုဆိုတာ လက်ပူးလက်ကြပ် မမိသ၍ အလကားပဲ၊ ဟင်း....





င်းဘောင် အသရေဖျက်မှုနဲ့ ဒုက္ခရောက်သွားဦးမယ်၊ ပြီးတော့ ူ့မှာ သူ့အစ်ကို ရဲအရာရှိကို သတ်မှုနဲ့ အချိန်မရွေး ဆိုင် ကို ထိုးအပ်ခံရမယ် ဆိုတာလဲ မေ့လို့မဖြစ်ဘူး၊ သက်ခိုင် က်ခိုင်.... လည်မလိုလိုနဲ့ အ သေးတဲ့ ကောင်ပဲကိုးကွ'

သက်ခိုင်အားဖြေရှင်းသလိုလိုနှင့် ကျွန်တော့်ကို ဦးမျိုးခေါင် မ်းခြောက်ခဲ့ခြင်းပင် ဖြစ်ပါ၏။

ကို့နောက် ကျွန်တော့်ကို တိုက်ရိုက် လှမ်းပြောခဲ့ပြန် ါသည်။

'အေးကွာ.... မင်းအစ်ကို မကလို့ မင်းအဖေပဲ ဖြစ်ဖြစ်၊ သူတို့ လူကို အသေသတ်မိခဲ့တာတော့ မကောင်းဘူးပေါ့ မော်ရာ၊ သူတို့အနေနဲ့ တို့ကို သဲကြီး မဲကြီး လိုက်ရှာနေမှာ ်န်းသေတယ်၊ ဒီတော့ ခုရက်ပိုင်းအတွင်းမှာ တို့တတွေ ုပ်ရှားမှုတွေ ရပ်ထားမှုဖြစ်မယ်၊ ခြေဝှက်ပြီး ငြိမ်ငြိမ်လေး အနားယူရမယ် ဆိုပါတော့၊ ဒီကြားထဲမှာ သက်ခိုင် လက်ထပ် ာနဲ့ဘာနဲ့ ဆိုတော့ အတော်ပါပဲ.... နောက်ကျမှ အကွက်လည် သလို ဆက်ကြံကြသေးတာပေါ့၊ တို့အေးအေး လူလူထိုင်စား နေဖို့လဲ အလုံအလောက်ရပြီးကြပြီ မဟုတ်လား၊ အဲ... မင်း အဘွက် ဝေစုကိုတော့ ပြဿနာရှင်းမှပဲ ယူတော့ ရဲမော်....'

ကျွန်တော် ဘာငြင်းနိုင်ပါဦးမည်နည်း။

ဟုတ်ကဲ့.... ခေါင်းညိတ်လိုက်ရသည်။

သည်နောက်တော့ မျက်နှာစုံညီ အစည်းအဝေးကို ရုပ်သိမ်း ိုက်ကြပါတော့သည်။

မြေတိုက်ခန်းအပေါ် လျှို့ဝှက်လှေကားမှ ပြန်တက်ခဲ့ကြ ပါသည်။

လျှို့ဝှက်လှေကားအဆုံးရှိ အံဖုံးတံခါးကို ဖွင့်လိုက်လျ အိမ်တန်းလျားရှည်ကြီးထဲကို ပြန်ရောက်ကြရပါသည်။

အိမ်တန်းလျား ရှည်ကြီးထဲတွင် မိုက်ကယ်တို့ လူသိုက်နေ ခုတင်တွေ တန်းစီလျက် တွေ့ရပါသည်။

ဘော်ဒါဆောင်လို အိမ်တန်းလျားရှည်ကြီးနှင့် ဆက်လျ ကားဂိုဒေါင်တလုံး ရှိသည်။

ဂိုဒေါင်အပြင်၌ ပါကင် ဒီဇယ်နစ်ဆန်း ကုန်တင်ကာ နှစ်စီးရပ်ထားသည်။

အိမ်တန်းလျားနှင့် ဂိုဒေါင်များ ရှေ့ခြံဝင်းလယ်မှာတော ဦးမျိုးခေါင်ပိုင် ဘုံနန်းမဟာ စံရာရွှေခန်းနန်းတော်တမျှ ခမ် နားကြီးကျယ်လှသော နှစ်ထပ်တိုက်ကြီးပဲ ဖြစ်ပါသည်။

ဦးမျိုးခေါင်၏ ဖိတ်ခေါ်ချက်အရ ထိုတိုက်ကြီး၏ ထမင် စားခန်းတွင် ညနေစာ စားလိုက်ရပါသေးသည်။

ရောမ စားပွဲဝိုင်းကြီး ပတ်ပတ်လည်ထိုင်၍ တရုတ်ထမင် ဟင်းများနှင့် ရေခဲစိမ် ဝီစကီကို သောက်ရသည်မှာ အလွန် အရသာတွေ့လှပါတော့သည်။

သောက်ယင်းစားယင်းမှ ပေါက်ကရလေးဆယ် တွေ့ကရာ ရှစ်သောင်း ပြောကြသည်။

ပျောကျြားစကားဝိုင်း၏ ထုံးစံအတိုင်း အဓိကအကြောင်း အရာမှာ မိန်းမလှလေးတွေ ပုံပြင်ပဲ ဖြစ်ခဲ့သည်။





ကျွန်တော်နှင့် ဦးမျိုးခေါင်ကတော့ အသောက်အစား သက်သက်။

သို့နှင့် ကျွန်တော့ အိမ်ပြန်မည်ဆိုသောအခါ ည ၉ နာရီခွဲ ခဲ့ရလေပြီ။

ဦးမျိုးခေါင်က အိုက်ထွန်းကို သူ့ဖင်မလီယာ အဖြူ လေးနှင့်လိုက်ပို့ခိုင်းသည်။

မိုက်ကယ်ကလည်း သူပါ အပျင်းပြေလိုက်မည် ဆိုလာသည်။

ရေချိန် မလွန့်တလွန်မို့ သုံးယောက်သား သိုင်းကွက်နင်း၍ သွက်ခဲ့ကြရသည်။

ဦးမျိုးခေါင် မှာလိုက်သည့်အတိုင်း အိုက်ထွန်းက အိမ်တိုင် ရာရောက် လိုက်ပို့ပေးခဲ့သည်။

သည့်အတွက် သူ့ကို ကျေးဇူးတင်ရမလား။ အပြစ်တင်ရ မလားမသိ။

# အခန်း ( ၈ )

မနန်းကြူသည် ကျွန်တော့်ကို ညှော်ခန်းရှေ့ထွက်၍ ထိုင်စောင့်နေရာမှ တံခါး ထဖွင့်ပေးခဲ့ပါလေ၏။

'ကွယ်.... မောင်ကလဲ စောစောပြန်လာပါဆိုမှ...'

အပြစ်တင်ခြင်း မဟုတ်သော်လည်း ညည်းညည်းညူညူကလေး ပြောလိုက်ပြီး ယိမ်းကနဲယိုင်သွားသော ကျွန်တော့်ကို ဆီးထိန်းလိုက်ပါသည်။

ထို့နောက် သူ့လက်တဘက် ကျွန်တော့် ပခုံးကို နောက်ကျောမှ သိုင်းဖက်၍ ကျန်တဘက်က လက်မောင်းကို ဆုပ်ကိုင်ယင်း မနိုင့်တနိုင် အိမ်ထဲသို့ တွဲခေါ်လာခဲ့သည်။

'ဟင်.... ချဉ်စော်ကို ဟောင်နေတာပဲ၊ သိပ်မှုသောက်
လို့ မှာလိုက်ရဲ့သားနဲ့....'

ကျွန်တော့်အဖို့ သိမ့်သိမ့်နှင့်ပင် သူ့အသံဝဲလေးကို ကြ
နေရပါသည်။ သိမ့်သိမ့်နှင့်ပင် မွတ်မွတ်ချော နုနုထွေးမွ
အိကလေးများ၏ ထိတွေ့ ကျီစယ်ခြင်း ခံခဲ့ရသည်။ သိ
သိမ့်နှင့်ပင် မွေ့ရာခုတင်ပေါ်သို့ ရောက်ရပါတော့သည်။

တကယ်တော့ အပေါ်ပိုင်းသာလျှင် ကျကျနန ရောက်
ခြင်း ဖြစ်ပါသည်။ ဒူးကောက်ကွေးမှအစ ခြေထောက်
ချောင်းက ခုတင်အောက်တွင် ကျန်နေသေးသည်။

မနန်းကြူက ခြေထောက်တွေကို လက်နှင့် ပွေ့တင်ပေ
သည်။

ခုတင်ပေါ်ရောက်မှ ဖိနပ်နှင့် ခြေအိတ် အဝတ်အစ
များကို ချွတ်လဲပေးသည်။

သည်အထိ ကျွန်တော်ကလည်း ရေရေလည်လည် လှ
နေခဲ့ပါသည်။ မအန်တာပင် ကံကောင်းလို့ထင်ရ၏။

မကြာခင် ရင်ထဲမှ ပျို့တက်လျက် ခေါင်းထဲတွင် ရှုပ်ထွေ
မူးနောက်နေပြီး ပတ်ဝန်းကျင်သည် ခြားအီကြီးကဲ့သို့ တအိ
လည်နေသည်။

ဒါပေမယ့် မနန်းကြူ ခုတင်ပေါ်မှ ပြန်ဆင်းသွားတ
ကိုတော့ သိလိုက်သလိုလို....။

ဧည့်ခန်းမီးပိတ်သွားသည်။ အိမ်ခန်းထဲ ပြန်ရောက်လ
သည်။ ခုတင်ခေါင်းရင်းမှ စိမ်းပြာရောင် ညအိပ်မီးလုံးလေ





းသွားသည်။ ခုတင်ပေါ်တက်၍ ကျွန်တော်နှင့် မောင်
မော်ကြားတွင် တစောင်း ဝင်လှဲသည်။
သည်တွေကိုလည်း ရေးတေးတေး အသိဉာဏ်၌ လှိုင်း
ခြင်း ခံခဲ့ရသည်။

'မောင်.... ဘယ့်နှယ်နေသေးလဲဟင်၊ သိပ်မူးနေသလား'
အကြားတွင် မနန်းကြူ၏ ကိုယ်တပိုင်း ကျွန်တော့်
ပေါ်တွင် ပိလာပြီး အကြင်နာ ဂရုတစိုက် မေးသံကို
ကြားလိုက်ရပါသည်။

'မူးဘူးကွာ.... မူးဘူး....'
သည်လိုပဲ ကျွန်တော် ပြန်ဖြေလိုက်မိလေသလား....။

'မမူးပါဘူးလဲ ဆိုသေးရဲ့၊ စကားတောင် လေးလုံးမကွဲ
ပါလား မောင်မယ်'

မနန်းကြူ၏ ဟက်ကနဲ တချက်ရယ်ယင်း သရော်ခြင်းကို
ရသည်။

ဒါပေမယ့် မနန်းကြူက ကျွန်တော့်ခေါင်းကို သူ့ရင်ခွင်
သွင်းပိုက်ကာ ယပ်ခပ်ပေးရှာသည်။

လေးငယ်တယောက်လို ကျွန်တော့်နဖူးပြင်ကိုလည်း ပွတ်
ချော့သိပ်သည်။ သည်လိုနှင့် ကျွန်တော်လည်း အိပ်မောကျ
သွင်ပါသည်။

ပ်စက်ခြင်းကမ္ဘာဝယ် အချိန်အတိုင်းအတာကတော့ ရှိ
မထင်ပါ။

န်တော့်အဖို့ တဒင်္ဂ သေဆုံးခြင်း (သို့မဟုတ်) အိပ်မော
းဖြင့် မှောင်ထဲတွင် ခရီးသွားခဲ့မိသည်။

အပြန်ခရီး၌ အိပ်မက်ယာဉ်စီး၍ ပြန်လာသည်ဟုလည်
ဆိုရမည်။

ကျွန်တော့် အိပ်မက်ကတော့ ကြောက်စရာကောင်းလှပ
သည်။

အဆက်အစပ် မရှိသော ရုပ်ရှင်ကား တကားကို ကြည့်
ရသည့်အလားရှိခဲ့သည်။

အိပ်မက်ထဲတွင် ဒေါသဖြစ်နေသော အမေ့မျက်နှာ
တွေ့ခဲ့ရသည်။ အမေက ရန်ဖြိုးတကြီး ကျွန်တော့်အား
နှင့်လိုက်ခုတ်သည်။

မီမီလတ်က ကျွန်တော့်အဖြစ်ကို ရပ်ကြည့်လျက် လ
ခုတ်လက်ဝါးတီးပြီး ရယ်နေခဲ့သည်။ မီမီလတ် ရယ်သံသ
နက်ကျောကျယ်လောင်သလောက် မကောင်းဆိုးဝါး ဆန်
ပါသည်။

ထို့နောက် ဘယ်လိုကဘယ်လို ရှုခင်းလှ သင်္ချိုင်းကုန်း
ရောက်သွားမှန်းမသိ....။

ညီလေးရဲ့မော်က သူ့မြေပုံထဲမှ ထွက်၍ လက်ညှိုး ငေါ
ငေါက်ထိုးပြီး ရန်တွေ့လျက် ကြုံးနေသည်။ ပြီးတော့ သူ
ခေါင်းထဲ ဝင်အိပ်ဖို့ အတင်းဆွဲသည်။

ကျွန်တော်က မဝင်ပါရစေနဲ့ ငြင်းဆန်ရုန်းကန်ပြေး
သည်။ သူက ခေါင်းတလားကြီး ထမ်းပြီး နောက်ကလိုက်
သည်။ ပြေးယင်းလွှားယင်းမှ ကျွန်တော် အဆုံးအစ ရှိ
မထင်သော ချောက်ကြီးထဲသို့ ကျခဲ့ရတော့သည်။





ချောက်နံရံတွင်းပေါက်မှ မြွေဆိုးမြွေဟောက်တွေ ခေါင်း
ပြူလာသည်။ မြွေမျက်နှာများက လူနှင့်တူသည်။ သက်ခိုင်
တို့ ဦးမျိုးခေါင်တို့ မျက်နှာလေးတွေ ဖြစ်နေသည်။

သူတို့သည် ကျွန်တော့်ဆီသို့ တွန့်ကာ လိမ်ကာ လျှောဆင်း
လာကြသည်။

ကျွန်တော်က ကြောက်လန့်တကြား အသံကုန် အော်ဟစ်
နေလိုက်မိသည်။

သည်တွင်ပင် မနန်းကြူ မိုးပေါ်ကပျံကျလာပြီး ကျွန်တော့်
ကို ကယ်တင်သွား၏။

သည်တွင်ပင် အိပ်မက်ရုပ်ရှင် ပြီးခဲ့သည်။

သို့သော် အသံတိတ်ပြနေရာမှ အသံထွက် အိပ်မက်ဖြစ်
သွားပြီ ထင်ရသည်။

တကယ့် တကယ်မှာလည်း အိပ်မက်ထဲမှ ကယ်တင်ရှင်
နန်းကြူက အပြင်၌ ကျွန်တော့်ကို ပြုံးစုံယုယလျက်....

‘မောင်....မောင်....သတိထားပါဦး မောင်ရယ်၊ ဘာတွေ
ယောင်နေတာလဲ၊ ကြည့်စမ်းပါဦး၊ ကြောင်တောင်တောင်
ကြီးနဲ့၊ ဇောချွေးတွေလဲပြန်လို့’

သည်တော့မှ.... အိပ်မက်မက် လန့်နိုးလာကြောင်း သိရ
သည်။

မောင်နန်းမော်နှင့် ဟိုဘက်ခန်းက ဦးကြာရုံ မနိုးသည်ပင်
ဘော်သေးရဲ့....

ကျွန်တော် မနန်းကြူကို တခွန်းတပါဒမျှ ပြန်မဖြေနိုင်သေးပါ။ ရင်မှာ တလှပ်လှပ်နှင့် လှိုက်ဖို မောပန်း နေရသောကြောင့် ဖြစ်ပါသည်။

မနန်းကြူက ကျွန်တော့် မျက်နှာပြင်မှ ချွေးသီး ချွေးပေါက်ကြီးများကိုပင် သုတ်ပေးရသည်အထိ အိပ်မက်က ကြမ်းတမ်း ခဲ့ပုံရပါသည်။

သို့ရာတွင် မနန်းကြူ၏ ပြုံး မျက်နှာလေးကို မြင်လိုက်ရသောအခါ သက်သာသွားသလိုလို....

'အကြူမေးတာ ပြောစမ်းပါဦး မောင်ရဲ့၊ ကေန္တတော့ မောင်အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေ ခြောက်ခံရပြီထင်တယ်'

'ထမင်းလုံး တစ္ဆေလား၊ အတိတ်တစ္ဆေလား၊ စိတ်တစ္ဆေလားမဝေခွဲတတ်သည့်ကြားမှ မနန်းကြူကို ကျွန်တော် ခေါင်းညိတ်ပြလိုက်မိသည်။

'အဲဒါ ဘာမှ မဟုတ်ဘူးမောင်၊ အရက်တွေ နင်းသောက်လို့ အာရုံကြောတွေ ထိခိုက်ပြီးဖြစ်တာ၊ နောက်ထပ် ကြပ်ကြပ်သာသောက်၊ သေလိမ့်မယ် သိလား၊ ဒါနဲ့ ဟိုသဌေး မွေးစားသား သက်ခိုင်တို့ကရော မောင့်ကို ခေါ်သွားပြီး အရက်တိုက်လွှတ်လိုက်ဘာနဲ့ ပြီးရောလား၊ သူတို့ပြောတဲ့ အလုပ်ကိစ္စ ဆိုတာ ဘာထဲ့လဲ'

မနန်းကြူက မျက်စောင်းလေး တ ဖျပ် ဖျပ် ထိုးယင်းမှ ကျွန်တော့်ကို မေးခွန်းထုတ်ခဲ့ပါလေသည်။





တအိမ်လုံးတွင် တိတ်ဆိတ် ငြိမ်သက်နေပြီး နာရီသံ တချက်ချက်နှင့် ကျွန်တော်တို့၏ စကားသံလေးများသာ တီးတိုးပေါ်ထွက်နေခဲ့ရသည်။

တနည်းဆိုတော့လည်း တရေးနိုး ဆွေးနွေးခန်းလေးတခု အပြုံမပြို ဆိုနိုင်ပါသည်။

'ဩော် နောက်တခေါက် စိတ်မကြေပွဲ နယ်စပ်မြို့ပြန်သွား ခေါ်တိုင်ပင်တာပါကွာ'

ကျွန်တော်က ပက်လက်လှန်အိပ်ယင်း နဖူးပေါ်လက်တင် စဉ်းစဉ်းစားစားလေး အဖြေပေးခဲ့မိသည်။

ကျွန်တော့်ဘက် ဘေးစောင်း လှည့်ထားသည့် မနန်းကြူက...

'ဒါဖြင့် အမေ့ဆီကို မောင် မသွားရတော့ဘူးပေါ့'

'သူတို့က နောက် သုံးလေးရက်ကြာမှ ထွက်ဖြစ်မှာပါကွာ၊ ကြားထဲက အမေ့ဆီ သွားဖို့ အချိန်ရပါသေးတယ်၊ မနက်ပြန်လောက်သွား၊ ဖိန်းနွဲခါလောက် ပြန်လာနိုင်တာပေါ့'

သည့်နောက် အတော်ကြာအောင် စကားပြတ်သွားကြသည်။

စဉ်းစားခန်း ဝင်နေခဲ့ရှာပုံရသည်။

ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိ။ အဆုံးတွင် မနန်းကြူက....

'ဟင်း.... မောင့်မလဲ တဆိတ်ရှိ သွားပစ်၊ မယားပစ်၊ ခရီးပျော်နေရတာနဲ့ပဲ အိမ်ကပ်ရတယ် မရှိတော့ပါဘူး။ အကြူ.

အဖို့လဲ ရက်တိုင်း လိုလို ကိုယ့်လင်နဲ့ ခွဲနေရတာချည်းပဲ၊ တခါ တခါများမောင့်ကိုသတိရလိုက်တာ၊အိပ်လို့တောင် မပျော်ဘူး'

ကျွန်တော်သည် မနန်းကြူ၏ မျက်နှာကို ဖျတ်ကနဲ လှမ်းကြည့်လိုက်မိပါသည်။

မနန်းကြူ၏ နှုတ်ခမ်းလေးမှာ အချစ်ငတ်နေသလို တဆတ်ဆတ် တုန်နေပြီး မျက်လုံးလေးတွေက ချစ်ဆန္ဒဖြင့် ရှန်းလဲ့တောက်ပလျက် မျက်နှာလေးက မချိပြုံးပြုံး နေခဲ့ပါသည်။

ကျွန်တော့်ရင်ထဲမှာ ဖိန်းကနဲ ရှိန်းကနဲ လှုပ်ခတ်ချောက်ချားခံစားလိုက်ရပါသည်။

ကျွန်တော်သည် အတွေ့အကြုံ ကင်းမဲ့သူ တယောက် ဖြစ်သည့်တိုင်အောင် ဗဟုသုတတော့ အနည်းအကျဉ်း ရှိပါသည်။

မနန်းကြူ၏ အပြောမှ မျက်နှာသွင်ပြင် အဆုံးသပ် အကဲခတ်နိုင်ခဲ့သည်။

ဤသည်ပင် ကျွန်တော် စိုးရိမ်တကြီး ရှောင်ကွင်းခဲ့ရသော မဟာပြဿနာသို့ ဆိုက်ခဲ့ရပြီဟု နားလည်လိုက်သည်။

သည့်အတွက် မနန်းကြူကို အပြစ်မတင်သာပါ။ သူ့ခမျာ ကျွန်တော့်အပေါ်တွင် လင်သားစင်စစ်အဖြစ်နှင့် ယုံမှတ်နေခဲ့ရသည် မဟုတ်ပါလား။

'ဘယ်လိုများ ကြည့်လိုက်တာလဲ မောင်ရယ်၊ အကြူပြောလိုက်တဲ့ စကားထဲမှာ အမှားများ ပါသွားလို့လားဟင်၊ ကေန္တပဲ....ဒါကြောင့်လဲ မောင့်ကို စိတ်မချချင်တော့ဘူးကွယ်၊ အိမ်မကွာ အိုးမကွာပဲ ရောင်းဝယ်ဖောက်ကား စားကြပါစို့ မောင်ရယ်၊ နယ်စပ်ကုန်ကူးတယ်ဆိုတာ အန္တရာယ်များလှပါတယ်၊ နော်.... မောင်နော်....'





ပြောဆိုယင်းကြားမှ မနန်းကြူက တဆင့်တက်ခဲ့ပြန်ပါပြီ။ ကျွန်တော့်ကို ဘေးတိုက်ဖက်ပြီး ရင်ချင်းအပ် ပါးချင်းကပ် ဖက်ထားလိုက်ခြင်းပဲ ဖြစ်ပါသည်။

ကျွန်တော်ကလည်း အရုပ်တရုပ်ပမာ မထုံတက်သေး နိုင်လှသဖြင့် မနန်းကြူကို အလိုက်သင့် ပြန်ဖက်ထားရပါသည်။

'အထူးသဖြင့် မိန်းမတွေနဲ့ ပတ်သက်လာယင် မောင့်အတွက် စိတ်ပူနေရတာပဲ မောင်၊ မောင့်ကိုတော့ ယုံပါတယ်၊ဒါပေမယ့် ခေတ်မိန်းမတွေဆိုတာက သူများလင်မရှောင် ကြောင်တောင်ကက်ဖို့ လက်မနှေးတတ်ကြတာ များတယ်မဟုတ်လား၊ မောင့်လိုယောကျ်ားမျိုးဆိုယင် နန့်နန့်တက်ကြမှာ၊ မောင်သွားမယ့်လမ်းတလျှောက်မှာကလဲ အဲဒီလို မိန်းမစားတွေက ပေါပါသနဲ့၊ အညာအခွဲ အပလီခရာ နောက်ဆုံးပေါ် မာယာတွေက ခပ်ကောင်းကောင်း ဆိုတော့လဲ သူတို့ညွတ်ကွင်း မောင် ဆင်းမိမှာ စိုးတယ် မောင်၊ ဘာပဲပြောပြော....အိမ်ကဟင်းထက် ဘယ်ဟင်းမှ မကောင်းဘူး ဆိုတာ မောင်သိထားဖို့ အရေးကြီးဆုံးပါ'

မနန်းကြူသည် ညအိပ်ချိန်မို့ ဘလောက်စ်အင်္ကျီ တထပ်တည်းကိုသာ ဝတ်ထားပါသည်။ ဘလောက်စ်အင်္ကျီ ဆိုသည်ကလည်း လှသလှသကလေးမှ ဖြစ်နေသည်။

သည်တော့ ပြည့်ဝန်းမို့မောက်သော အသားစိုင်များနှင့် ကျွန်တော့်ရင်ပြင်မှာ ရွှေဂဟေဆက်ခဲ့ရသလို အိစက်ညက်ညော

နွေးသွေးသည့် အရသာကို ကျွန်တော် တယစ်တမူး ခံစားရပါတော့၏။

သို့စဉ်တိုင် ကျွန်တော်ကတော့ နကမ္ပတိ။

အမှန်အားဖြင့် ကျွန်တော် အကြံအိုက်နေရခြင်းသာ ဖြစ်ပါ၏။

တစထက်တစတော့ ကျွန်တော့်သွေးတွေ ပွက်ပွက်ဆူလာရပါတော့သည်။

မနန်းကြူက နှုတ်ခမ်းချင်း နမ်းလာသောကြောင့်ပဲ ဖြစ်ပါသည်။

ပ ထ မ တော့ ထိုအနမ်းသည် ချိုသလား ချဉ်သလား ကျွန်တော် နားမလည်။

သို့ပေမယ့် ထိုအနမ်းကြောင့် ကျွန်တော့် တကိုယ်လုံး အကြောအချဉ်တွေ တောင့်တက်လာကြောင်း သတိပြုမိသည်။

ကျွန်တော်ကိုယ်တိုင်ပင် ယောင်ယောင်ကန်းကန်းဖြင့်အနမ်းမုန်တိုင်းထဲ နစ်မြော၍ တုံ့ပြန်နမ်းခဲ့မိပါပြီ။

အားကျမခံလည်း ပြန်ညှစ်ဖက်ထားလိုက်မိသည်။

မနန်းကြူ၏ မျက်တောင်ကော့လေးတွေ ညွတ်စင်းသွားသည်။

မျက်လုံးကို စုံမှိတ်ထားလျက်မှ ရင်ကလေးကော့မောက်လာသည်။

နှုတ်ဖျားမှလည်း မပီမသအသံတွေ ပေါ်ထွက်လာရာမှ တကိုယ်လုံး ငါးဖယ်လူးသလို လူးလွန့်နေခဲ့ရပါပြီ။

'ချစ်တယ် မောင်ရယ်၊ သိပ်ချစ်တယ်'





မနန်းကြူက နွမ်းဟိုက်စွာ ဆိုလာပါသည်။

မျက်လုံးတွေတော့ မဖွင့်။

မျက်နှာပြင်မှာတော့ နှမြောတွန့်တိုခြင်း မရှိ၊ ပေးအပ်လိုမှုများနှင့် ရှက်ကြောက်ခြင်း မရှိ၊ ရယူလိုခြင်းများ ပြည့်လျှမ်းနေသည်။

တကိုယ်လုံးလည်း မထိရက် မမြင်ရက်စရာ ဖရိုဖရဲလေးတွေနှင့် အသက်ရှူ မှားလောက်ပါပြီ။

ခက်နေသည်က ကျွန်တော်သည် ကျွန်တော်သည် မနန်းကြူ ထင်ခဲ့သလို သူ့ချစ်လင်စင်စစ်မဟုတ်ပါတကား။

လင်ပိုင် မယားပိုင် အခွင့်အရေးတရပ်ကို ရယူခံစားခွင့် မရှိပါတကား။

ဤအတွေးတွေ ဝင်လာသည်နှင့် တပြိုင်နက် ညီလေးရဲမော်၏ မျက်နှာကို တန်းမြင်ယောင်လိုက်ရပါသည်။

ရဲမော်...မတော်တဆ ကျွန်တော့်လက်ချက်ဖြင့် အသက်သေခဲ့ရသော တမိပေါက် တယောက်တည်းသော ညီလေးငယ်။

မနန်းကြူ... ညီလေးရဲမော်၏ နှလုံးသည်းပွတ်တမျှချစ်မြတ်နိုးခဲ့ရသူ ဇနီးချောလေး။

အကယ်၍သာ မနန်းကြူကို မှောက်မှောက်မှားမှား ကျူးလွန်လိုက်မိပြီ ဆိုပါလျှင် ကျွန်တော်သည် မယားလိုချင် သူ့သင် လု နဲ့ထိုးသတ် ဆိုသည့်ထုံးကို နှလုံးမူ၍ ခွေးဇာတ်ခင်းရာရောက်မသွားပေဘူးလား။

ပုဂံရာဇဝင်တွင် နရသီဟပတေ့မင်း၊ ညီတော် အောင်စွာငယ်နှင့် ခယ်မတော် ဝေဠုဝတီတို့၏ဇာတ်လမ်းသည် အကျော် ဒေးယျ ဖြစ်ခဲ့သည်။

နရသီဟပတေ့က ဝေဠုဝတီကို တပ်မက်၍ ညီတော် အောင်စွာငယ်အား ငဆောင်ချမ်းအရပ်သို့ သူပုန်နှိမ်စေဟု စေလွှတ်ခဲ့သည်။

နောက်....ဝေဠုဝတီကို တော်ကောက်၍ အောင်စွာ့ကို လုပ်ကြံလိုက်သည်။

ကျွန်တော် နရသီဟပတေ့ မဖြစ်ချင်ပါ။

နရသီဟပတေ့၏ လုပ်ရပ်နှင့် ကျွန်တော့် အဖြစ်ကလည်း မတူလှပါ။

ရဲမော်ကို မမျှော်လင့်ပဲ သတ်ရမိခြင်းသာ ဖြစ်သလို မနန်းကြူကိုလည်း ဖြားယောင်း ကြံစည်ခဲ့ခြင်း မဟုတ်။

သို့သော် အများအမြင်ကတော့ နရသီဟပတေ့ လက်သစ်လို့သာ ကမ္ဗည်း တင်ကြပါလိမ့်မည်။

ညီကိုသတ်၊ ညီ့မယားယူ၊ သည်လူလောက် နှလုံးသားကင်းမဲ့သူ ဇမ္ဗူမှာ မရှိဆိုရအောင် အရိုင်းအဆိုင်း အရက်စက်ဆုံးလူ၊ အဖောက်ပြန်ဆုံးလူ၊ လူမဆန်ဆုံးသောလူ၊လူယုတ်မာ၊ လူ့သစ္စာပျက်၊ လူ့အန္ဓ၊ စသည့် ဂုဏ်ထူး ဘွဲ့ထူးတွေလည်း တသီကြီး ပေးကြပါတော့မည်။

ဘာပဲဖြစ်ဖြစ် ကျွန်ဘော် ချစ်သော ညီလေး အပေါ်တွင် အသက်ပေး သစ္စာမြဲမြံ ရပေမည်။





ပြီးတော့ ကျွန်တော်က လူထဲကလူပင် ဖြစ်လင့်ကစား သာမန်လူ မဟုတ်။ ပြည်သူ့ ရဲတပ်ဖွဲ့ဝင်တယောက်။

ပြည်သူ့ ရဲတယောက် ပီသစွာ၊ သစ္စာ၊ သမာဓိ၊ သတ္တိဟူသော ကျင့်ဝတ် သိက္ခာပုဒ်ကို စောင့်ထိန်းဖို့ လိုသည်။

မနန်းကြူလေးအတွက် ရေနစ်သူ ဝါးကူဆိုသလို လုပ်ရာမရောက်အောင်လည်း ကျွန်တော် ကြိုးစားရပါလိမ့်မည်။ ဒါမှလည်း မနန်းကြူကို တကယ်တမ်း သနားစောင့်ရှောက်ရာရောက်ပေမည် မဟုတ်ပါလား။

နောက်ဆုံး သူများ တံထွေးခွက်ထဲ ပက်လက် မျောက်ခုံမျောရုံမက စုံးစုံးပင် မြုပ်မြုပ်၊ ထို့ထက် ပိုဆိုးသည်ကကျွန်တော့် လိပ်ပြာကို ကျွန်တော် ရှက်ရမည်သာ မဟုတ်ပါလား။

ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့်၊ ကျွန်တော် မလုပ်သင့်မလုပ်ထိုက်သော ပြစ်မှုကြီး တရပ် ဖြစ်နေသည်ကတော့အမှန်ပါပေတည်း။

သို့နှင့် မနန်းကြူနှင့် အနမ်းချင်းထပ် ရင်ချင်းအပ်ထားရာမှ ရုတ်တရက် ခွာပစ်လိုက်ပြီး မနန်းကြူ ကိုယ်ပေါ်မှ ဘေးသို့ လှိမ့်ချ ပစ်လိုက်မိပါတော့သည်။

မနန်းကြူခမျာလည်း မှိန်းနေရာက အ လန့် တ ကြား မျက်လုံးလေး ဖျပ်ကနဲ ပွင့်လာပြီး သူ့ကို ကျော ခိုင်း လိုက်သော ကျွန်တော့်အား ကပျာကယာလေး မေးရှာသည်။

'ဟင် ဘာဖြစ်သွားတာတုန်း မောင်ရဲ့၊ မောင့်ဟာကလဲ မလန်းသာ မထိတ်သာ ရှိလိုက်တာ မောင်ရယ်....မောင် ဘာဖြစ်သွားရတာတုန်းလို့'

မနန်းကြူသည် ကျွန်တော့်ကို သူ့ဘက်ဆွဲလှည့်ဖို့ ကြိုးစားရှာသည်။ သူ့အသံမှာလည်း ငိုသံ ပါချင်သယောင်ယောင်နှင့် တုန်တုန်ယင်ယင်လေး နိုင်လို့....

ကျွန်တော်ကတော့ နားနှစ်ဘက်ကို စုံကန်ပိတ်ထားယင်းမှ ပေကပ်နေခဲ့မိသည်။

ကျွန်တော့် ရင်ပြင်မှာ ယူကြုံးမရခြင်း၊ စိတ်မကောင်းခြင်း၊ မနန်းကြူကို သနားခြင်း၊ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ခြင်းများဖြင့် မထွေးနိုင် မအန်နိုင်ဖြစ်၍ ရင်ကျွမ်း မွတတ်....

ကျွန်တော် ဘယ်သို့ ခံစားနေရသည်ကို မနန်းကြူ မသိသော်လည်း မနန်းကြူဘယ်သို့ ခံစားလိုက်ရမည်ကို ကျွန်တော် သိပါသည်။

တချိန်တည်း၌ လှပ၍ သနားစရာကောင်းသလောက်လိမ္မာရေးခြားရှိလှသော မနန်းကြူကို ချစ်ခင်စုံမက် သံယောဇဉ်နှယ်ယှက်ခဲ့ရပြီ ဆိုသည့်တိုင်အောင် အတုအယောင် ဘဝဖြင့် လိမ်လည်လှည့်ဖြား၍ သူ့အသည်းပန်းကို ကျွန်တော် မဆွတ်ခူးလို....

ဖြစ်ခဲ့သမျှ အကြောင်းစုံကို ရေလည်ပတ်နူတ်စွာ ဖွင့်ဟရှင်းပြပြီးမှ သူ့ကို ပြုစု စောင့်ရှောက်ဖို့ ချစ်ခွင့်ပန်မည်ဟူသော ဆုံးဖြတ်ချက် အတွေးသာ ရင်ထဲ ကိန်းဝပ်လာရသည်။

အို....ငါအတန်တန် ရှောင်ခဲ့တဲ့ ကြားက ဖြစ်သွားတာပဲ။





ပြီးတော့ ခရီးမလွန်ခင် ငါ့ကိုယ်ငါ ထိန်းသိမ်း လိုက်နိုင်ပဲ။

ငါ တမင် လော်မာချင်စိတ် ရှိခဲ့တာမှ မဟုတ်ပဲ။

သည့်အတွေးများဖြင့်လည်း တငွေ့ငွေ့ လောင်နေသောင်တမျိုးကို ငြိမ်းသတ်ဖို့ ကြိုးစားရပါသည်။

သည်တော့ နည်းနည်း ဖြေသာသလို ရှိလာသည်နှင့်အမျိုးကြူကို အဖြေစကား ပြန်မိသည်။

'မောင် ဘာဖြစ်သွားတယ်ဆိုတာကိုတော့ မောင့်ကိုမောင် မသိလိုက်ဘူး အကြူ၊ ရင်ထဲမှာ ဟာသွားပြီး ခေါင်းထဲက ကန့် နေသွားတာပဲအကြူ'

'ဒုက္ခပါပဲ မောင်ရယ်.... မောင်သာ တခုခု ဖြစ်သွားယင် ကြူတို့တော့ ကိုယ်ကျိုးနည်းတော့မှာပဲ၊ ကဲ....အခုကော နှယ်နေသေးလဲဟင်'

'ခေါင်းသိပ်ကိုက်နေတယ် အကြူ.... မောလဲ မောတယ်'

'ဒါဖြင့် ဘတ်စပရိုနဲ့ဆာလ်ဖာထရိုတာပြားစီလောက် ကော်ဖီ သောက်လိုက်ပါလားမောင်၊ အကြူ သွားဖျော် လိုက်မယ် သွားရ လာရလို့ ပင်ပန်း အားနည်းနေတဲ့အထဲ အရက် ထိတာပဲ နေမှာ'

သည့်နောက်တော့ မနန်းကြူခမျာ ရေ နွေး အိုး တည်၊ ကော်ဖီဖျော်၊ ဆေးတိုက်နှင့် အလုပ်များသွားရရှာသည်။

တကယ်နေမကောင်းဖြစ်နေသည် အထင်ဖြင့် စိုးရိမ်ခဲ့ရှာသေးသည်။

ကျွန်တော့်ကို စောင်ခေါင်းမြီးခြုံစေပြီး ဘေးက ဂု
တုတ် ထိုင်စောင့်နေသည်မှာ မိုးစင်စင်းလင်းပါရော...။

မိုးလင်းသည်နှင့် အမေရှိရာ ကျောက်ခါးပတ်ကို သွားမ
ဆိုပြီး လွယ်အိတ်ဆွဲထွက်လာသည်။

မနန်းကြူတို့ အိမ်မှာ ကျွန်တော် နေရသည်မှာ စိတ်ကျ
ကျပ်လှပါ၏။ ဒါကြောင့်လည်း မြန်မြန်ထက်ထက် ရှောင်ထွ
ခဲ့ခြင်း ဆိုပါတော့။

သည်ပုံအတိုင်းဆိုလျှင် မနန်းကြူနှင့် ပတ်သက်၍ ကြာရှ
ဟန်ဆောင်နေဖို့ မလွယ်အောင် ဖြစ်ခဲ့ရပါပြီ။

မနေ့က ဦးမျိုးခေါင်တို့ သက်ခိုင်တို့နှင့် အဆက်အသွ
ရခဲ့ခြင်းကပင် အဆင်သင့် ဟန်ကျသည်ဆိုရဦးမည်။

သို့သော် ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျ
ထက်ဆိုးသလို ဦးမျိုးခေါင်တို့က ကျွန်တော့်ကို ရတန
သူခိုး အကျဉ်းသမားတယောက် အနေဖြင့် လက်ခံမည့်အသွ
ရှိနေသည်။

ညီလေး ရဲမော်.... ဦးမျိုးခေါင် ဂိုဏ်းဝင်တယောက်အဖြ
ရေတိမ်နစ်ခဲ့ရကြောင်း တွေ့ခဲ့ရသလို ဒမြမှုတွေနှင့် စပ်လျဉ်း
ဦးမျိုးခေါင်တို့ လက်ချက်မှန်းတော့ သိခဲ့ရသည်။

သို့သော် သက်သေ သာဓက ခိုင်လုံဖို့ လိုနေသေးသည်
ဦးမျိုးခေါင်လို လူကြီး လူကောင်း တယောက်ကို မပိုင်ပဲနှ
သွားကိုင်လို့ ရမည်မဟုတ်။ ဒါကို သူကိုယ်တိုင်က ဖွင့်ပြော
ခဲ့ပြီး ဖြစ်သည်။





ကျွန်တော့်ကိုယ် ကျွန်တော် ရှုခင်းလှ ရဲစခန်းမှ ဒုရဲအုပ် ရဲဇော်ပါဆိုပြီး ဝင်ဖွမ်းလို့လည်း မရ။

ဒုရဲအုပ် ရဲဇော်သေပြီရယ်လို့ အများက သတ်မှတ်ထားကြပြီးသား။

သည်တော့ ကျွန်တော့်စကားကို မည်သူက လက်ခံပါမည်လဲ၊ ယုံကြည်ပါမည်လဲ။

သည့်အတွက်ကို ကျွန်တော် တော်တော်ကြီး ကြိုးစားအားထုတ်ရဦးမည်။ အေးအေးဆေးဆေးကျမှ ဖြေရှင်းလို့ရမည့် ကိစ္စလည်း ဖြစ်နေသည်။

နောက်ဆုံး ကျွန်တော့်အဖို့ ရဲမော်အနေဖြင့်ပင် ဆက်လက်လှုပ်ရှားရုံ ရှိတော့သည်။

ရဲမော်ဘဝတွင် အန္တရာယ်တွေက တပ်ချီစောင့်နေခဲ့သည်။

ဈေးဝတွင် ဓားနှင့် ပေါက်သွားသူက တရန်။

ဗိုလ်လုဘက် သက်ခိုင်က တရန်။

ရတနာထုပ်ပျောက်မှုက တရန်။

ရှေ့ဆက်လည်း ဘယ်ရန်တွေ၊ ဘယ်ပြဿနာတွေနဲ့ ကြုံဆိုရလေဦးမည်မသိ။

ကျွန်တော်လည်း တွေးတောငေးမောယင်းနှင့် မနန်းကြူတို့ အိမ်ရှိရာ သရဖီလမ်းထိပ်မှ ထွက်ခဲ့ပြီး မြောက်ဘက်သို့ ဗဟိုလမ်းမကြီးအတိုင်း လျှောက်လာခဲ့မိသည်။

သည်အချိန်အထိ ဘယ်သွားရမလဲ မသိသေး။

မူလ အကြံအစည်အတိုင်း မြို့ဘီလူးမှာပင် သွားခို
ကောင်းမလား။ အပြီးအပိုင်ပဲ လက်လွှတ်ထွက်ပြေးရကော
မလား။

သည်လိုဆိုပြန်တော့လည်း ကျွန်တော် သိပ် တကိုယ်ကော
ဆန်ရာ ကျသွားမည်။

ပြီးတော့ ဦးမျိုးခေါင် တို့ကို စိန်ခေါ် လိုက်သလို ဖြစ်
ရတနာ ကလိမ်မှုကို တရားခံအဖြစ် လည်စင်းခံပေးရာရောက်
တွေ့ရာသင်္ချိုင်း စားမဆိုင်းအမိန့်နှင့် ဖူးစာဆုံဖို့ရှိသည်။

ဦးမျိုးခေါင် လက်က ကျွန်တော်လွတ်သည်ပဲထား။ မန
ကြူတို့ သားအမိ သားအဖတွေကို ဦးမျိုးခေါင်က ရန်ရှာမှ
စိုးရသေးသည်။

ဦးမျိုးခေါင်ဆီသွားလို့ ရတနာ ကလိမ်မှုကို ဖြေရှင်း
မှပြေလည်ပြန်လျှင်လည်း ကျွန်တော်အခြောက်တိုက် အပျော
ရိုက်ခံရမှာ သေချာသည်။

သို့သည်နှယ် ကျွန်တော် စဉ်းစားခန်း ထုတ်နေရသဖြ
ကျွန်တော့်နောက်ဘက်မှ ကားတစီး ကပ်လိုက်လာသည်ကို မ
ခဲ့ပါ။

လှည့်ကြည့်သိခဲ့ချိန်၌မူ အလွန်မှ နောက်ကျသွားပေပြီ။

နောက်ကျခြင်းအားဖြင့် ကျွန်တော့်အဖို့ အထိတ်တလ
အဖြစ်နှင့် ကြုံလိုက်ရသည်။

ကားက တိတ်တိတ် ဘီးလိမ့်လိုက်ရာမှ ကျွန်တော့်အနာ
ကပ်မိတော့မှ ဗြုန်းကနဲ ဟွန်းတီးလိုက်သောကြောင့်ပင် ဖြ
ပါသည်။





ကားက ဖင်မလီယာကား အဖြူလေး။

ကားထဲတွင် သက်ခိုင်၊ အိုက်ထွန်းနှင့် မနေ့ညက တွေ့ခဲ့
သော အမည်မသိကို သွားခေါ်တို့ ပါလာသည်။

ဩော.... သူတို့သည် ကျွန်တော့်အတွက် အရိပ်မည်းကြီး
းပါတကား။

အခန်း( ၉ )

ဒေါသကြီးသူ စကားတို၏။
လောဘကြီးသူ စကားချို၏။
မောဟကြီးသူ စကားပို၏။

ကြီးကန်ရှင်ကြီး အဆိုအရသာ ဆိုလျှင် ဦးမျိုးခေါင်အား လောဘကြီးသူ တယောက်ဟု ကင်ပွန်းတပ်ရလိမ့်မည် ထင်ပါသည်။

ခြင်းချက် ထားရပါမူ ဦးမျိုးခေါင်သည် စကားချို လောက် ရဲမော်အပေါ်တွင် သူ့ ညာလက်ရုံး အနေဖြင့် သံယောဇဉ်ကြီးကြောင်း တွေ့ရပါသည်။

မဇ္ဈိမစာပေ

ထို့ကြောင့်လည်း မနေ့က ကျွန်တော့်ကို ပြန်လွှတ်ခဲ့သည် မဟုတ်ပါလား။

သို့သော် ကျွန်တော့်ကို မပြတ်မလပ် အစောင့်ချထားလိုက် သည်။ ကျွန်တော့် ခြေလှမ်းကို အကဲခတ်နေစေသည်။

ကျွန်တော် အပြင် ထွက်လိုက်ပြီ ဆိုသည်နှင့် သူ့ လူတွေက ဖျတ်ကနဲ ကိုယ်ရောင်ပြ အနားကပ်လာကြတော့သည်။

ဤသည်ကို ထောက်ပြန်တော့ ကြောက်စရာ ကောင်း သော ဦးမျိုးခေါင် ဖြစ်လာပြန်ပါ၏။

စင်စစ်မှာလည်း ဦးမျိုးခေါင်သည် ဂိုဏ်းဘုရင် တယောက် ပီသစွာ ဦးနှောက်ကောင်း၍ ကွက်ကျော် မြင်တတ်သည် ရက်စက်ရမည် ဆိုပါက သွေးအေးအေးနှင့် ပြုံးပြုံးလေး မောင်းဖြုတ်မည့် လူစား။

အကယ်၍များ ကျွန်တော်သည် ရဲမော် နံပါတ်နှစ် ဖြစ် ကြောင်း သိသွားလျှင်ဖြင့် ကျွန်တော့် ကံကြမ္မာကို ပေဒင်မေး စရာပင် လိုတော့မည် မထင်ပါ။

ပစ္စုပ္ပန်၏ ပစ္စက္ခ အခြေအနေမှာတော့ ဦးမျိုးခေါင်နှင့် ကျွန်တော့် ဆက်ဆံရေးက ပြေလည်သော သဘောကို ဆောင် နေသည်။

ဦးမျိုးခေါင်က သူ့ တိုက်မဟာ အောက်ထပ် တခန်းကို ကျွန်တော့် အား အပိုင်စား ပေးခဲ့သည်။ ထိုအခန်းမှာ ရဲမော် ယခင်က နေနေကျ အခန်းဖြစ်၍ တဆောင်တယောင်ရှိထား သည်။





ရဲမော်၏ ခရီးဆောင် သေတ္တာလေးကိုပင် ခုတင် အောက် မှာ ကျွန်တော် တွေ့ခဲ့ရပါသေး၏။

ကျွန်တော်၏ တောင်းပန်ချက်အရလည်း ရဲမော့် ပစ္စတိုကို ကိုင်ဆောင်ခွင့် ပြန်ပေးခဲ့သည်။ ဒါပေမယ့် သက်စောင့် ကျည်ဆန်တတောင့်သာ ထည့်ထားရပါသည်။

မည်သို့ပင် ဖြစ်စေကာမူ ဦးမျိုးခေါင်၏ ဌာနချုပ်တွင် ကျွန်တော်သည် အထိန်းသိမ်းခံ ဂုဏ်ထူးဆောင် ဧည့်သည်တော် ဖြစ်နေခဲ့ရပါလေပြီ။ မမြင်စွမ်းနိုင်သော သံကွန်ချာ ခုနစ်ထပ် ၏ နောက်ကွယ်မှ အကျဉ်းသား ဘဝသို့ ရောက်နေရပါသည်။ ဦးမျိုးခေါင်က သူ့ခြံဝန်းထဲမှ လွဲ၍ အပြင်ထွက်ခွင့် မပေး တော့သောကြောင့်ပါပေတည်း။

သက်ခိုင်ကတော့ မကြာမီ ကျင်းပတော့မည့် သူ့ မင်္ဂလာပွဲ အတွက် ပြေးလွှားလုံးပမ်းလျက်ရှိသည်။

သူ့ သတို့သမီးလောင်းသည် ဦးမျိုးခေါင်၏ လုပ်ဖော် ကိုင်ဘက် မိတ်ဆွေဟောင်း တယောက်၏ ရင်နှစ်သည်းချာဖြစ် ၍ ချင်းလူမျိုးသူ တယောက်လည်း ဖြစ်ကြောင်း ကျွန်တော် သိခဲ့ရသည်။ သည့်ထက်ပို၍လည်း ကျွန်တော် စပ်စု မေးမြန်း ခြင်း မရှိခဲ့ပါ။

တိုက် နောက်ဘက် အိမ်တန်းလျားကြီးတွင် ကုလားလေး ကယ်၊ မျက်မှေးအိုက်ထွန်း၊ သွားခေါ မောင်မောင်၊ စော ဌေး၊ ဇိုက်ရှဲခင်ညိုတို့ နေကြသည်။

အိုက်ထွန်းနှင့် ခင်ညိုတို့က နာမည်ကျော် ဒရိုင်ဘာများ ဖြစ်ကြသည်။ ကျန်လူများကတော့ လက်သပ်မွေးထားရသော အကြမ်း ပညာရှင်တွေပဲ ဆိုပါတော့။

ကျွန်တော်သည် သူတို့လူသိုက်နှင့် ထမင်းပွဲ၊ အရက်ဝိုင်း တွင် ဆုံကြသည်မှ လွဲ၍ ဖက်လှဲတကင်း မလုပ်ခဲ့ပါချေ။ ပူးပူး ကပ်ကပ် မနေဘူး ဆိုလျှင် ပိုမှန်မည်။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်မဟုတ်ပါလား။

မတော် ကျွန်တော့် ချွတ်ယွင်းချက်ကို ရိပ်မိသွားမှာ စိုးရ သည်။ အတတ်နိုင်ဆုံး ရှောင်၍ မလွှဲသာတော့မှ ဝင်ရောသည်။

သည်ကြားထဲမှ စောဝေဠု (ခေါ်) ဆေးဝေဠုဆိုသူ လမ်းသရဲဘဝမှ ရာထူးတက်ပြီး ကြေးစားလူမိုက် ဖြစ်ခဲ့သည့် ကောင်လေးက ကျွန်တော့်ကို မရမက လိုက်ကပ်နေလိုက်သေး သည်။

ဖြူဖြူသွယ်သွယ်နွဲ့နွဲ့နှင့် မိုက်ကန်းကန်း ရုပ်ကလေး....

သူ့ကို ရဲမော်၏ လက်စွဲတော်အဖြစ် သိရသည်။ သို့သော် ကျွန်တော်က အလိုက်သင့် ပြန်ပေါင်းယင်းမှ သူလျှိုဒလံအမှတ် ဖြင့် သတိထားခဲ့မိသည်။

သူတို့နှင့် မတွေ့သည့် အချိန်များတွင် ကျွန်တော်ကအခန်း အောင်းပြီး၊ တွေးမိတွေးရာ တွေးနေတတ်သည်။

ကျွန်တော့် အတွေးတွေထဲတွင် အမေက ရှေ့ဆုံးမှ ပါ သည်။

အမေ့အတွက် စိတ်ပူပင်မှုကြောင့် တွေးလိုက်တိုင်း စိတ် မကောင်း။ ရဲစခန်းဝင်းထဲရှိ ကွာတာတွင် နေခဲ့သူ အမေကိုဝိုင်း





စောင့်ရှောက်ကြမှာပါလို့သာ ကိုယ့်ကိုယ်ကို ဖြေသိမ့်ထားရ သည်။

မိမိလတ်အကြောင်း သတိရပြန်တော့လည်း ဆွေးရတက် လှိုင်၍ လွမ်းချက် နာရပါသည်။ မိမိသည် သူ့မိဘတွေ သဘော တူ စေ့စပ်ထား သူနှင့် များ လက်ထပ် လိုက်ရပြီလား.... ကျွန်တော့်ကို မေ့သွားပြီလား စသည်ဖြင့် တွေးမဆုံးအောင် ရင်လေး နေရသည်။

'ကိုဇော်ရယ်.... စံပယ်ကို မြင်တိုင်း မိမိတို့တယောက်ကို တယောက် သတိရကြေးနော်၊ စံပယ်ဆိုတာက ကိုဇော်နဲ့ မိမိ တို့ရဲ့ အချစ်သင်္ကေတလေးပဲ မဟုတ်လားလို့၊ စံပယ်ဟာ ဖြူစင် တယ်၊ ရိုးသားတယ်၊ ထာဝစဉ် ပွင့်လန်းနေတဲ့ သစ္စာတရားရဲ့ နိမိတ်ကို ဆောင်တယ်လေ.... ဒါကြောင့်လဲ မိမိအနေနဲ့ စံပယ် ကို အသည်းစွဲ မြတ်နိုးထားရပါတယ်၊ လောကမှာ စံပယ် မပြုန်းသေးသမျှ ကိုဇော့်ကို မိမိ မမုန်းသေးဘူးမှတ်ပါ'

မိမိ ပြောခဲ့သော စကားလေးတွေကိုသာ ထပ်ဘလဲလဲ ကြားယောင် နေခဲ့ပါတယ်။ စံပယ်မသုဉ်းပေမယ့် ကျွန်တော် အသက်ဆုံးပြီ ဆိုသည့်နောက် သည်ချစ်ခွန်းကတိသည် မိမိ့ ရင်ထဲမှာ ခိုတွယ်ရှိနေပါဦးမလား။

ဘာလိုလိုနှင့် ကျွန်တော် သေခဲ့သည်မှာ တပတ်မျှ ကြာခဲ့ ပါပြီ။

တပတ်မဆိုထားနှင့်။ တနာရီမျှ အချိန်ပိုင်းလေး အတွင်း မှာပင် အခြေအနေတွေက မရပ်မနား ပြောင်းလဲနေတတ်လေ

တော့.... မိမိရေ— ကိုဇော်ကိုများ မေ့သွားလေရော့သလား.... လို့။

အရေးထဲ.... မနန်းကြူတို့ ကံဆိုးမ သားအမိက တမျှောင့်။

သူတို့ခမျာလည်း ကျွန်တော် လိမ်လည်လှည့်ဖြားမှုကို ယုံ၍ လင်တော်မောင် ပြန်မလာ ပြန်မလာနှင့် မျှော်ယင်း မောရရှာပေဦးတော့မည်။

ကျွန်တော်သည် ဦးမျိုးခေါင်၏ အကျယ်ချုပ်နှောင်အိမ်ထဲက ဘယ်တော့များမှ ပြန်လွတ်ပါ့မည်နည်း.... ။

သူတို့ သူတို့တတွေကိုလည်း သနားသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သနားသည်။

ဒါတွေအားလုံး အရင်းစစ်လိုက်ရင်တော့ ရဲမော် ဂိုဟ်မွှေလို့ပဲ ဖြစ်ပါသည်။ ရဲမော်.... ရဲမော်.... မကောင်းလိုက်တဲ့ ဘဝတော့ သောတာတောင်မှ အေးအေးမသေ၊ ကျုန်တဲ့လူတွေ ဒုက္ခမျိုးစုံ ပေးသွားခဲ့ပါကလား ငါ့ညီရာ....။

အို... ရဲမော့် အပြစ်ချည်းပဲလဲ နင်းမတင်ပါနဲ့ဦးလေ။ ငါ့ကိုယ်က အတွေးခေါင် ဆတ်ဆော့မိတာလဲ ပါသေးတယ်။

တကယ်လို့သာ ရဲမော်နဲ့ လူချင်းမလဲခဲ့ယင် ခုလို မီးခိုးကြွက်လျှောက် ပြဿနာတွေ ပေါ်ရမှာ မဟုတ်ဘူး။

အမေ့ကိုလည်း ငါပစ်ဖမ်းခဲ့တဲ့ အကြောင်း မပြောဖို့ နှုတ်ပိတ်ထားလိုက်ယင် မရပဲ ဘယ်ရှိပါ့မလဲ။ မသကာ အမေလွမ်းရ ငိုရ ခဏပေါ့။ ခုတော့ ငါ့မှာအမေနဲ့ကွဲအချစ်နဲ့ ဝေးဒုက္ခဘေး အန္တရာယ်တွေ ပတ်ချာလည် ဝိုင်းခဲ့ရပြီ။





ဒါပေမယ့် တခုရှိတာကလည်း အဲဒီအချိန်က ငါမွန်ထူပြီး ကြံမိကြံရာ လုပ်ခဲ့မိတာကိုး။ ဘာပဲဖြစ်ဖြစ်လေ.... စမိမှတော့ အဆုံးသတ်ဖို့ ကြိုးစားရုံပဲ ရှိတော့တယ်။

အစရှိယင် အဆုံးရှိရမှာပဲ မဟုတ်လား။ အချိန်တန်တော့ နွားပိန်ကန်လိမ့်မယ်၊ ငါက မေတ္တာစေတနာဖက်တဲ့ သူတော်ကောင်း အလုပ်ကို လုပ်ခဲ့တဲ့ ဥစ္စာပဲ၊ အကျိုးမဲ့ အရှုံးမရှိနိုင်ပါဘူး၊ အမှန်တရားရဲ့ ဘက်တော်သားအနေနဲ့ တနေ့တော့ အောင်ပွဲခံရမှာပေါ့။

သည်သို့ သည်နှယ် သည်လိုဖြင့်....။

အတွေးပေါင်းစုံ သံသရာမှ ဝက်ပါ ခရီးတွင် ကျွန်တော် ကျင်လည်ခဲ့ရပြီး တနေဝင် တမိုးချုပ်၍ ပထမနှစ်ညကို ကုန်လွန်ခဲ့ရပါလေ၏။

တတိယ နေ့ကူးခဲ့သည့်တိုင်အောင် ကျွန်တော့်ကို ချုပ်ချက်တင်ထားသည့် ပြစ်မှုနှင့် ပတ်သက်၍ ထူးခြားမှု မရှိခဲ့ပါ၊ ဦးမျိုးခေါင်က သူ့နည်း သူ့ဟန်နှင့် တိုးတိုးကြိတ်ကြိတ် စုံစမ်းနေပုံရသည်။

တတိယညမှာတော့ ထူးခြားတိုးတက်မှု တွေ့ရသည်။

ထိုစဉ်က ကျွန်တော်လည်း နောက်ဖေး အိမ်တန်းလျားကြီးထဲ ရောက်ပြီး အရက်ဝိုင်းဖွဲ့နေမိခဲ့သည်။

ဦးမျိုးခေါင်၏ အစီအစဉ်ဖြင့် ကျောက်ခါးပတ်သွားနေသည်ဆိုသော သက်ခိုင်မှ အပ ကျန်လူအားလုံးရှိနေခဲ့ကြသည်။

အရက်သောက်နေစဉ်အတွင်း ဝေဠုက ဂစ်တာတီး၍ အိုက်ထွန်းနှင့် မိုက်ကယ်က အသံသြ အသံကြောင်ကြီးများနှ အလှည့်ကျ သီဆိုဖျော်ဖြေခဲ့ကြသည်။

သည်ကြားထဲမှ ဖဲရိုက်ကြရအောင် ဆရာဟု ဇွတ်ဖော စိန်ခေါ်လာသူကား ဗိုက်ရွှဲခင်ညို ဖြစ်ပါ၏။ ဗိုက်ရွှဲခင်ညို အဆိုပြုချက်ကို အားလုံးက ဝိုင်းထောက်ခံကြရသည် ဆိုတော လည်း ကျွန်တော် တယောက်တည်းက ဆန့်ကျင်ငြင်းဆိုလို့မရ ကျွန်တော့် ဖဲဝိဇ္ဇာဘယောက်လို နားလည်ထားကြသော သူတို့အားလုံးက ဆရာဒိုင်ကိုင်ပါလို့ ပြောလာကြသည်။

ကျွန်တော်သာ ရဲမော်ဆိုလျှင်တော့ သည်လောက်က အရေ မဟုတ်။

သို့ပေမယ့် ရဲဇော်စင်စစ်သာ ဖြစ်နေခဲ့သော ကျွန်တော် အဖို့ မလှုယ်ရေးချ မသွယ်အောင် အခက်တွေ့ ကြုံရပါလေ တော့သည်။

ကျွန်တော့်အဖို့ ဖဲဆိုဘာ စိမ်းကားသော အရာဖြစ်ခဲ့သည် သာ မဟုတ်ပါလား....။

ဖဲကို ကျွန်တော် ဝါသနာ မပါပါ။ ဖဲအသုံးအနှုန်းကြေ မျှသာ တတ်ပါသည်။

ဂျက်ကုလားနှင့် ကွင်းကုလားမ ဆိုတာလောက်ပဲ ခွဲတတ် သည်။ သုံးနှင့် ငါးပေါင်းရှစ်။ ခုနစ်နှင့် သုံးပေါင်း ဘူဆိုတာ လောက်တော့ သိပါသည်။





ထို့ထက်ပိုလျှင် နှစ်ဆယ့်တစ်ပေါက် ခြောက်တီး ခြောက် ေက် ဆွဲနိုင်သည်။ သည်လောက်တော့ ငါးနှစ် ခြောက်နှစ် ားကလေးတယောက်ပင် တွက်တတ်ပေဦးမည်။

သည်လိုလူစား ကျွန်တော့်ကို ပိုကာဒေါင်းမည်။ ဟောလီး ည် ဆွဲမည်ဟု သူတို့က ဆိုလှာသည်။ သံသာစင်တော့ မှောက် ာရော....

သည်တော့လည်း တွမ်တီဝမ်းမှ မဆွဲရလျှင် ပြန်အိပ်မည် ု တင်းခံ၍ ဆန္ဒပြရပါလေတော့သည်။

နန်းကျ ဒမြဗိုလ် ဆိုပေမယ့်လည်း အယင် အရှိန်ကလေး ဘော့ လက်ကျန်ရှိပါသေးသည်။

သူတို့လည်း မလွန်မဆန်ပင် ခေါင်းညိတ်ခဲ့ကြသည်။

တော်ပါသေးရဲ့။ ကျွန်တော့် စိတ်ထဲက ဟင်းချရ၏။အလုံး ကြီး ကျသွား၏။

အိမ်တန်းလျားကြီးအလယ်၊ မီးချောင်းအောက်တသွံ့တည့်၊ လေးထောင့် ခေါက်စားပွဲလေးတွင် ခွေးခြေနှင့် ထိုင်၍ ဝိုင်း သောင် ဖြစ်ကြသည်။

အိုက်ထွန်း၊ ခင်ညို၊ မောင်မောင်၊ ဝေဠု ကျွန်တော် ငါး အိမ် စေ့သွားသည်။ မိုက်ကယ်ကတော ဘိုင်ကောင်။ ဘေး ထိုင်၍ သွားရည်ကျရရှာသည်။

'ကဲဟေ့ ကိုယ်ချမ်းသာသမျှတော့ ဒါအကုန်ပဲ၊ ဘော့စ် သီက ကိုယ့်လုပ်အားခ မရသေးတော့ ဒါနဲ့ပဲ ရင်းမှာပေါ့၊ ကြည့်ကြက် ထိုးကြပေါ့ကွာ'

ကျွန်တော်က ဖဲမဝေမီ ဘောင်းဘီ အိတ်ထဲမှငွေတရာကျော်
ကို စားပွဲပေါ် ပစ်တင်ယင်း ပြောခဲ့သည်။

'တရာကလဲ တထောင်ဖြစ်ချင် ဖြစ်နိုင်တာကိုး....တခုတော့
မှာထားပါရစေဆရာ.... ဒီပွဲက အပျင်းပြေ အပျော်တမ်းနော်
ဥာဏ်မပါပဲ ကံကစားကြရအောင်လို့၊ ဆရာ့ပညာကို လန့်ပြီ
သားမို့ တောင်းပန် ထားရတယ် ဆရာရေ့'

သွားခေါ် မောင်မောင်က ရယ်ကျဲကျဲလေးပင် တုန့်ပြန်
စကား ဆိုလိုက်ပါသေး၏။

သို့နှင့် ဝိုင်းစခဲ့ကြသည်။

ပထမတော့ ကျွန်တော့်အတွက် ကံပေးသေးသည်။

လူ ကံမကောင်းပေမယ့် ဖဲကံ ကောင်းခဲ့သည် ဆိုရမည်။

ကျွန်တော့်ရှေ့တွင် ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန်
တွေ၊ အစိတ်တန်တွေ ပုံလာသည်။

တယ်ဟုတ်တဲ့ ငါပါလားဟူသော စိတ်ဖြင့် စီးကရက်လေး
ဖွာလိုက် ခဲလိုက် ကြားက လက်သွက်သွက်လေး ကစားနေခဲ့မိ
သည်။

သည့်နောက်တော့ ...

'ဆရာရယ် တွမ်တီဝမ်းကြီးက ပျင်းစရာ ကောင်းပါတယ်၊
ကြာကြာနဲ့၊ ကိုးမီးကစားမယ်ဗျာ'

မျက်မှေး အိုက်ထွန်းက ရှုံ့မဲ့မဲ့နှင့် လှုံ့ဆော် လာခဲ့ရာမှ
ကိုးမီး ရှပြောင်းကစား ရပြန်သည်။ အစပိုင်း တလှည့်၊ နှစ်လှည့်
လောက်တော့ ကျွန်တော့် ဆက်နိုင်သေးသည်။





သို့သော် အချိန်ကြာ၍ သန်းခေါင် ကျော်ချင်လာတော့
ကျွန်တော့်ငွေပုံက တတိတိ လျော့လာသည်။ အစားထက်
အလျော်က များလာရသည်။

ကျွန်တော့်ဖဲကိုက တသေတည်း သေနေသည်။

တပေါက်နှစ်ပေါက် ကြားမှ မတက်။ ယက်ကန် ယက်ကန်
နှင့် အသက်ငင်လျက်။

'ဟာ....မဟုတ်တော့ဘူး ထင်တယ်ဆရာ၊ ဆရာတခါမှဒီလို
မဖြစ်ဖူးပါလား'

ဝေငှကြ လျော်ငွေကို ယူယင်း ကျွန်တော့်အား စေ့စေ့
ကြည့်၍ ဖွင့်ပြောခဲ့ရသည်အထိ ဖြစ်လာသည်။ကျန်လူအားလုံး
ကလည်း ကျွန်တော့် အဖြစ်ကြောင့် အံ့သြခဲ့ရပုံ ပေါ်နေကြ
သည်။

'ဖဲဆိုတာ ဝိုင်းမသိမ်းမချင်း အပြတ်ပြောလို့ မရသေးဘူး
လေ၊ ဝိုင်းသိမ်းတော့ ကြည့်ဦးပေါ့'

ကျွန်တော်လည်း ခပ်တည်တည်နှင့် ဖဲဝေယင်း မသိမသာ
ရှင်းလင်းချက် ထုတ်ခဲ့မိသည်။

ပြီးတော့ ဖဲမကြည့်သေးပဲ ဘေးမှ အရက်ခွက်ကို ကောက်
မော့ နေလိုက်သည်။

မျက်လုံးကတော့ အလျင်ကြီးလုပ်၍ ဝိုင်းပတ်လည် ကြည့်
သားမိသည်။ စိတ်ထဲတွင်မူ မြန်မြန်ကုန် မြန်မြန် ဝိုင်းသိမ်းပါ
စေလို့ ဆုတောင်းနေရသည်။

ကြာလျှင် ကျွန်တော်သည် သူတို့ထင်သလို ကျားမဟုတ်ပဲ
ကြောင်ဖြစ်နေကြောင်း ရိပ်မိသွားမည် မဟုတ်ပါလား။

သည့်ကြားထဲမှ ကံအားလျော်စွာ ကျွန်တော့်ကို ကယ်နိုင် ဖို့ အကြောင်း ဆိုက်ရောက်လာသည် ဆိုချင်သည်။ အရက် သောက်ယင်း မျက်လုံး ကစားထားလိုက်မိသော ကျေးဇူးပင် ဖြစ်ပါ၏။

ကျွန်တော့် မျက်လုံးထဲတွင် ဝိုင်းထဲမှ ထူးခြားချက်တခုကို အမှတ်မထင် ရိပ်ကနဲ မြင်လိုက်ရပါသည်။

ဒါကတော့ တစုံတယောက်၏ လက်ဆယ်ချောင်းလှုပ်ရှားမှု။

ဩော် ဒီလိုကိုး၊ ဝမ်းတွင်းကြိတ် မှတ်ချက် ချလိုက်ယင်း မှ မသိချင်ဟန်ဆောင်၍ ဣန္ဒြေမပျက် ကျွန်တော့်ဖဲကို ကောက် ကိုင်မိသည်။

အပေါ်ဆုံးတချပ်ကတော့ ကင်းကုလားပါ။

ဖဲသုံးချပ်ထပ်၍ တချပ်ချင်း ပွတ်ကြည့်နေမိသည်။ ဖဲ ကစားရခြင်း၏ အရသာမှာ ဖဲပွတ်ရခြင်းပဲ ဖြစ်ပါသည်။ အရသာခံ၍ ပွတ်ယင်းနှင့် တဖြည်းဖြည်း ပြူထွက်လာသည့် အောက်ဆုံး ဖဲကား ဘေးစိပ်ညှင်းပွင့်လေးတွေ။

ကျွန်တော့် ရင်တွင်း ထိတ်ကနဲ ဖြစ်သွားရသည်။

စားပွဲပေါ်ကို ကြည့်လိုက်မိသည်။

ရှေ့မှာ ကျပ်တန်ခြောက်ရွက်သာ ရှိသည်။

သည်တလှည့် လျော်လို့မှ လောက်ပါတော့မလား။

အို... ဒါပေမယ့် အောက်ဖဲက ဘေးစိပ်တိုင်း စိတ်ပျက် ရရိုးလား။

အလယ်အောက် ဆွဲကြည့်ပြန်သည်။

ထိပ်နှစ်ဘက်လုံးစလုံး ပျောက်နေ၏။





သည်မျှဆိုလျှင် ဒီဖဲကို ဆက်ကြည့်စရာ မလိုတော့။

တဆယ်ရှောင်သွားသည်နှင့် ရှစ်နဲ့ကိုး တခုခုပဲပေါ့။

သည်တော့ ကျွန်တော့်မှာ ဖဲဆင်လှသွားရပါချေပြီ။

ဒါပေမယ့် ကျွန်တော် ဝမ်းသာလို့ မဖြစ်သေး။ အဆုံး အဖြတ်ပေးမည့် အလယ်ဖဲက ကျန်သေးသည်။ အလယ်ဖဲက ဒုံးကြီးဆို မခက်ရပါလား။

ကျွန်တော် အသက်မရှူနိုင်အောင် ဖြစ်သွားရာမှ အလယ် ဖဲကို မှောက်လျက်သား အပေါ်တင်လိုက်သည်။

နောက်.... ဘာမပြော ညာမပြော လက်ပေါ်တင် ရိုက်ချ လိုက်သည်။ ဖြောင်းကနဲ ကုလားကွာလို့ ခေါ်ခဲ့သည်။

လာသည့် ဖဲကလည်း လိမ္မာပါသည်။ ပြုံးစိစိနှင့် ကင်း ကုလားလေး။

သူတို့ အားလုံး ကျွန်တော့် အပြုအမူကို ထူးဆန်းသလို ကြောင်ကြည့်နေကြသည်။

ကျွန်တော်က အရေးမစိုက်ပဲ အလယ်အိမ်မှ သွားခေါ် မောင်မောင့်ငွေပုံကို လှမ်းစားလိုက်သည်။

သည်တွင် သွားခေါ်က ကပျာကရာ ကျွန်တော့်လက်ကိုပြန် ဆွဲ၍ သရော်သံနှင့် ရယ်လိုက်ယင်း....

'နေပါဦး အာစရိရဲ့၊ မရှိလို့ လုပ်စားတာပဲ၊ ဖြေးဖြေးပေါ့၊ ကျွန်တော့် ဖဲလေး ဘာလေးများလဲ ဖွင့်ဖတ်ကြည့်စမ်းပါဦး၊ မတော်လို့ ဆရာသမားနဲ့ တိုက်တတ်နေမှဖြင့် ဟဲ ဟဲ ဟဲ..'

မောင်မောင်က ကျွန်တော့်ကို တားလိုက်ပြီး သူ့ကုလား ဆိုင်တွင် ပြန်မှီ ထိုင်နေလိုက်သည်။ လက်တန်းပေါ်တွင် လက်

နှစ်ဘက် ယှက်တင်ယင်း မျက်စိထောင့်ကပ်၍ ကျွန်တော့်
မလှမပ ပြုံးကြည့်နေခဲ့သည်။

ကျွန်တော်လဲ သူ့ဖဲ သုံးချပ်ကို ဆွဲလှန်ပစ်လိုက်မိသည်။

သုံးကောင်....။

ကုလားသုံးကောင်။

ကျွန်တော် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

ပြီးတော့....

'ကုလားသုံးကောင်မကလို့ ဆင်သုံးကောင်ပဲ လာလာ
စားတယ်ကွာ'

ကျွန်တော်က ထန်ထန်မာမာပင် ပြောလိုက်ကာ သူ့
တွေကို လက်တဘက်နှင့် ကျုံးယူပစ်လိုက်သည်။

တဝိုင်းလုံး ဟာကနဲ ဖြစ်သွားပြီး မျက်လုံးပြူးကုန်
သည်။

မောင်မောင်လည်း ရှုံးရှုံးရှဲ့ရှဲ့နှင့် ပွစိ ပွစိ....။

'ဘာဗျ.... ကုလားသုံးကောင်ကို စားရအောင် ခင်ဗျားမှာ
ဘာရှိလို့လဲ၊ ခင်ဗျားကိုရော ကျွန်တော်က တိုက်စားပေးထာ
လို့လား'

'တိုက်စားတွေ ဘာတွေ နားမလည်ဘူး သူငယ်ချင်း၊ င
မင်းအိမ်ကို စားချင်လို့ စားတယ်၊ မကျေနပ်ယင်လဲ သေလိုက်
အေး.... ငါ့ဖဲကိုတော့ ဘယ်သူမှ မထိနဲ့၊ မကြည့်နဲ့.... ဒါပဲ'

ကျွန်တော်က ငွေတွေကို ဂျာကင်အိတ်ထဲ သိပ်ထည့်လိုက်ပြီ
မတ်တတ်ရပ်ခဲ့သည်။

သည်တွင် အိုက်ထွန်းကလည်း ထ၍ ဆင်ခြေတက်သည်





'ဟာ.... ဆရာကလဲ ဆရာ့ဖဲတော့ ပြဦးမှပေါ့၊ ခုလိုလုပ်
ာတော့ ဘယ်တရားပါမလဲ....'

'တို့ကြည့်နေစရာ မလိုပါဘူးကွာ၊ ကုလားကြီးအခံပြထား
ားနဲ့၊ ရှိလှယင် လပ် ကိုး၊ အလွန်ဆုံး သုံးကောင်ပေါ့'

မောင်မောင်က ရှုံ့နောက်သိုးသိုးနှင့် ပြောလိုက်သည်။

သူ့လက်တဘက်ကလည်း ဘောင်းဘီနောက်အိတ်သို့ ဝဲ
ားသည်။ ကျွန်တော်က အေးအေးဆေးဆေးပင်။

'ဟုတ်တယ် သူငယ်ချင်း.... မင်းပြောတဲ့ အတိုင်းပဲ၊ ဟော
မှာ ငါ့ဖဲ.... ကိုးရှိတယ်'

'ကိုး.... ကိုးနဲ့ ကုလားသုံးကောင်ကို စားတယ် ဟုတ်လား'
မိုက်ကယ်က ထစ်ထစ်ငေါ့ငေါ့နှင့် ဝင်မေးလိုက်သည်။

ထိုအချိန်တွင် ဝိုင်းလုံးကျွတ် မတ်တတ်ရပ်ကုန်ကြလေပြီ။

'အေး.... စားတယ်၊ ဘာကြောင့်စားတယ်သိချင်ယင်တော့
င်းတို့ကောင် သွားခေါ်ကို ဝိုင်းပြင်ထုတ်ပြီး သူ့ကိုယ်ပေါ်မှာ
ာကြည့်'

'အိုး.... ကျုပ်က ဘာလို့ အရှာခံရမှာလဲ၊ အရှာမခံနိုင်ဘူး၊
ခင်ဗျား သက်သက် စော်ကားတာ...'

'ဒီမယ်.... မောင်မောင်သွားခေါ်၊ မင်း စောစောကဖဲလဲ
က်တာရော ဖဲဝှက်လိုက်တာပါ ငါမြင်ပြီးသား၊ တခြား
တွေ အလျော်အစားတွေမျှပြီး မင်းတအိမ်တည်း ဆက်
က်လျော်နေရပြီ ဆိုကတည်းက မင်းကို ငါချောင်းနေတာ
ပြီ၊ မင်းငြင်းနေလို့ အပိုပဲ'

'ဆရာပြောတာ မှန်တယ်၊ မင်းအရှာခံလိုက်ပါ သွားခေါ ဒါမှမဟုတ် ဖွက်ဖဲထုတ်ပေး... မင်းအကျင့်လဲ တို့သိပြီးသာ ပါကွာ'

တယောက်တခွန်း စကားလုပ်ပွဲကို ဝေဠုက ဝင်ရောက် အဆုံးသတ်ပေးလိုက်သည်။

မောင်မောင် ငိုင်သွားသည်။ တစုံတခု စဉ်းစားလိုက်ပုံ သည်။ ထို့နောက်

'ဒါဆို မင်းတို့တွေတွေချင်း ဖမ်းပါလား၊ ခုတော့ အလ ကား အရှုးလုပ်တာ၊ ငါမခံဘူး၊ ကျုပ်ငွေတွေပြန်ပေး'

'ဟော့ကောင်.... မင်းတို့ ငါ့ကို ဟိုတုန်းက ဒီအပေါက်မျိုး ချီးဖူးလို့လားကွ၊ ဟင်.... ဘာလဲ .. ငါရာထူးကျနေတယ် လက်နက်မဲ့နေတယ်ဆိုပြီး မင်းတို့ဆရာ သက်ခိုင် အားကိုး လူဝါးဝချင်တာလား၊ မစမ်းနဲ့ ကိုယ့်လူ၊ တန်းမတူဘူး အသက် ဘယ်က ထွက်မှန်းမသိ ဖြစ်သွားမယ် နားလည်လား....'

ကျွန်တော်က ပြောပြောဆိုဆိုနှင့် ဒေါသဖြစ်လာရတာမို့ စားပွဲကို ပတ်၍ မောင်မောင့်ဆီ သွားမည် ကြံလိုက်သည်။

မောင်မောင်ကလည်း ကျွန်တော်လစ်ပြီဆိုပြီး ဘောင်ဘ ထဲမှ လက်နှက်တခုကို ဆွဲထုတ်ပစ်မည် ရွယ်လိုက်သည်။

ဝင်းကနဲ အရောင်တောက်၍ ဓားမှန်း သိလိုက်သည်နှ ကျွန်တော်က ခေါင်းညွှတ် ရှောင်ယင်း ဂျာကင်အိတ်ထဲက ပစ္စတိုကို ဆွဲထုတ်ရန် ပြင်မိသည်။

လက်တွေအားဖြင့်တော့ ကျွန်တော့်အစား ဝေဠုက လုပ် သွားသည်။





မောင်မောင်ဓားထုတ်၍ ပေါက်မည့်ဆဲဆဲမှာပင် သူ့ဘေးမှ ခွေးခြေနှင့် လှမ်းပင့်ရိုက်ချလိုက်ခြင်း ဖြစ်ပါသည်။ မောင်မောင့် သက်ရော မျက်နှာရော ဓားရော ခွေးခြေနှင့်ပါ၍ စုတ်ပြတ် လွင့်လန်ထွက်သွားသည်။

မိုက်ကာယ်နှင့် အိုက်ထွန်းတို့က သူတို့ လက်နက်များရှိရာ အိတ်အသီးသီးသို့ လက်ရောက်သွားကြသည်။

ထိုအချိန်တွင် ကျွန်တော့်လက်ထဲမှ သေနတ်ပြောင်းဝက သူတို့ကိုချိန်ပြီး ဖြစ်နေပါလေပြီ။

သူတို့နှစ်ယောက်စလုံး မျက်နှာပျက်၍ စိတ်ဓာတ်ကျသွားရ ှာသည်။ အလိုက်သိစွာပင် သူတို့လက်တော့ကို ရောက်ရာ အရပ်မှ ပြန်ချထားလိုက်ကြသည်။

'မြင်တယ် မဟုတ်လား.... မင်းတို့ လျှင်တယ်ဆိုတာ ငါ အိပ်နေသလောက်ရှိတယ်၊ ကဲ....ရှည်ရှည်ဝေးဝေးတွေးမနေနဲ့၊ ငါ့ရှေ့မှာလာထိုင်ပြီး ဟိုမှာချနေတာကို လာကြည့်နေကြစမ်း၊ ဘယ်လောက် ကြည့်ကောင်းလိုက်တဲ့ပွဲလဲလို့....'

ဟုတ်ပါသည်။

ကျွန်တော်ညွှန်းခဲ့သည့်အတိုင်း မောင်မောင်နှင့် ဝေဠုတို့ရဲ့ အကြိတ်အနယ်ပွဲ... ။

ဝေဠုက ဖြုံဖြုံသွယ်သွယ်၊ မောင်မောင်က မည်းမည်း သက်သက်၊ လူချင်းညီ၍ ဘတပြန် ကျားတပြန် ဆော်နေ ကြသည်။

လက်သွက်ပုံကတော့ ဘုရားတ, လောက်သည်။

မောင်မောင်က ဝေဠုကို ဗယ်ပြ၍ ညာဝိုက်တင်လိုက်သည်။

ဝေဠုမေးရိုးကျိုးမတတ် ခံလိုက်ရသလို ခုတင်တလုံးပေါ် ပက်လက်ပစ်ကျသွားသည်။

သည်အတွင်း မောင်မောင့်လက်ထဲတွင် သောက်ရေအိုးတလုံး ရလိုက်၏။ ရေအိုးကိုမြှောက်၊ အားရပါးရ ပေါက်လိုက်သည်။ ခုတင်ပေါ် ရေအိုး ကျကွဲသွားသည်။ ခွမ်းကနဲပါပဲ။

ဝေဠု ရေအိုးဒဏ်မှ လက်မတင်လေး ရှောင်ထွက်နိုင်ခဲ့လို့ သက်သာတော့သည်။

မောင်မောင့်ဘေးသို့ ဝေဠု ရောက်သွားရာမှ တဆက်တည်း ခြေဝါးစောင်းနှင့် လှမ်းခတ်လိုက်သည်။

မောင်မောင်လည်း နံစောင်းပိတ်၍ အင့်ကနဲ စိုက်သွားသည်။

ဝေဠုက လက်ဝါးစောင်းနှင့် ခုန် ဝင် လာပြန်သည်။ မောင်မောင်က ဘေးသို့ အသာလေး လှည့်၍ တိမ်းညွှတ်ပေးလိုက်သည်။

အကျမှား၍ အနေအထား ပျက်သွားသော ဝေဠုပခုံးကို ဖမ်းချုပ်ပြီး ဒူးနှင့်ပစ်တိုက်လိုက်သည်။

ဝေဠုခမျာ ဗိုက်ရှပ်ပေးလိုက်သည့်တိုင်အောင် ထိချက်နာသွားရသည်။





သူ့ပခုံးကို စုံကိုင်ထားသော မောင်မောင့် လက်နှစ်ဘက်ကို သူ့လက်အစုံဖြင့် ပင့်ရိုက်လိုက်သလို ရင်ဝသို့ ခေါင်းနှင့် ပစ်ဆောင့်သည်။

နှစ်ယောက်သား ကြမ်းပြင်ပေါ်သို့ လုံးထွေးကျသွားပြန်သည်။

သူတို့ တိုက်ပွဲကား မျက်စိတမှိတ် လျှပ်တပြက်အတွင်း ဘာလုပ်လို့ ဘာလုပ်လိုက်မှန်း မသိရအောင် လျင်မြန်လှသည်။ လျင်မြန်မှု ရှိသလောက်လည်း ပြင်းထန်လှပါသည်။

မောင်မောင့် မျက်နှာမှာလည်း သွေးချင်းချင်း နီခဲ့ရလေပြီ။

ထို့အတူ ဝေဠု မျက်နှာမှာလည်း အညိုအမည်းစွဲ၍ ဖူးဖူးရောင်ရောင်။

သည်ကြားထဲမှ သူတို့ကတော့ သေသေကြေကြေ။

ဝေဠု မောင်မောင့်ကို ခွစီးထားယင်း လက်ဝါးစောင်းတွေ လက်သီးတွေ အမျိုးစုံ ကျွေးနေသည်။

သည်ဒဏ်ကို မောင်မောင့်မှာ အလူးအလဲခံယင်း ရှန်းကော့လူးလိမ့်လျက် ရှိသည်။

မောင်မောင့် ခြေထောက် နှစ်ချောင်းက ရှေ့ကို မဲနေသော ဝေဠု၏ လည်တိုင်ကို ညှပ်ကြီးသဖွယ် ယှက်ချိတ်မိသွားသည်။

ဝေဠုလည်း ဒိုင်းကနဲ နောက်ပြန်ကျသွားသည်။

မောင်မောင်ကတလှည့် အပေါ်စီး ယူလိုက်ပြန်သည်။

ဝေဠုကို လည်ပင်းညှစ်သည်။ ဝေဠု မျက်ဖြူဆိုက်၍ လျှာထွက်မတတ် ခံခဲ့ရပြန်သည်။

သူ့လည်ပင်းကို စုံညှပ်ထားသော မောင်မောင့် လက်တွေကို ကုတ်ခြစ်ဖယ်ရှားဖို့ ကြိုးစားနေသည်။

သည့်နောက် မလှုပ်မယှက် ငြိမ်ကျသွားရတော့သည်။

ကျွန်တော်က ဝေဠု သွားပြီလို့ ထင်လိုက်သည်။

သို့သော်....

ကျွန်တော့် အထင်နှင့် အမြင်ကား ပါစင်အောင် လွဲခဲ့ရသည်။

မောင်မောင်သည် ဝေဠုကိုယ်ပေါ်မှ အားကနဲ တချက်အော်ပြီး လန်ကျသွားသည်ကို တွေ့ခဲ့ရသောကြောင့်။

ဝေဠုက အသာငြိမ်နေလိုက်ရာမှ လည်ပင်း အညှစ်လျော့သွားသော မောင်မောင့် မျက်လုံး အစုံကို လက်ခလယ် နှစ်ချောင်းနှင့် အလစ်ထိုးပစ်လိုက်သည်နှင့် တဆက်တည်း လက်ဖနောင့်နှင့် တွန်းရိုက်ပစ်လိုက်ခဲ့ပုံ ရပါသည်။

အားချင်းတူလျှင် ဥာဏ်သမားက သာမြဲ မဟုတ်ပါလား။

သည့်နောက်တော့ ဝေဠုက စုံ ခုန်ရပ်လိုက်ပြီး မောင်မောင့်အား ဘောလုံး တလုံးပမာ အားကုန် ပါးကုန်ကျုံးကန်ခဲ့ပါတော့သည်။

နှစ်ကြိမ်ထက် ပိုမကန်လိုက်ရ။

သူ့ဘောလုံးက ပေါက်သွားသည်။

ပြားပြားဝပ် မှောက်သွားသည့် မောင်မောင့်ကို အကောင်ပုပ်ကြီးလို ကုပ်မှကိုင်၍ ကျွန်တော်တို့ ရှေ့မှောက်သို့ ဝေဠုတရွတ်ဆိုက် ဆွဲလာသည်။





မိုက်ကယ်နှင့် အိုက်ထွန်းတို့ မျက်နှာတွေကား အသက်ငင်ဆဲ လူမမာတွေလို သွေးဆုတ် ဖြူရော်လျက်...

မျက်လုံးများမှာတော့ မကျေနပ်မှုကို မပိတပိ ဖုံးဖိထားကြသည်။

သူတို့မျက်နှာတွေကိုကြည့်၍ ကျွန်တော် ဒေါသ ဖြစ်လာရသည်။ အထူးသဖြင့် မောင်မောင့် မျက်နှာကို မြင်ရတော့ မသနားသည့်အပြင် အော့နှလုံးနာမိသည်။

ကြမ်းပြင်ပေါ်မှ သူ့ခေါင်းကို ကောက်ယူကြည့်လိုက်မိသောအခါ၌ကား၊ အဆိုးဆုံး ဖြစ်သွားသည်။

ခေါင်းက အီတလီလုပ်၊ ပေါက်ခေါင်းတချောင်း ဖြစ်နေကြောင်း သိလိုက်ရသည့် အတွက် ပါပေတည်း။

တမြန်နေ့က ကျောက်ခါးပတ် ဈေးဝ၊ လက်ဖက်ရည်ဆိုင်ထဲမှာ ကျွန်တော့်အသက်ကို အန္တရာယ်ပြုလာသည့် ခေါင်းမှာလည်း သည်လို ခေါင်းမျိုးပဲ မဟုတ်ပါလား။

## အခန်း (၁၀)

ဆူဆူညံညံ ဝုန်းဒိုင်းကြဲသံတွေ ကြားသွားသောကြောင့်ပဲ ထင်သည်။

တိုက်ကြီးပေါ်မှ ညအိပ်ဝတ်ရုံကြီး တဖားဖားနှင့် ဦးမျိုးခေါင် ဆင်းလာသည်။

သူ့လက်ထဲမှာလည်း ငွေရောင် ခြောက်လုံးပြူးလေးပါလာသည်။

ဦးမျိုးခေါင်က ကျွန်တော်တို့ ရှိရာ အိမ်တန်းလျားကြီးထဲသို့ ရောက်ခဲ့ချိန်တွင် မောင်မောင် တယောက်ကလည်း တရေးတမော အိပ်သွားရာမှ နိုးနေပြီ ဖြစ်သည်။

ကျွန်တော်က ဦးမျိုးခေါင်အား ယနေ့ည ဖြစ်ပျက်ပုံနှင့် တနေ့ကသေကြောင်း ကြံခဲ့ရပုံတွေ အကုန် စုံစုံစေ့စေ့လေး ရှင်းတမ်း ထုတ်ပြခဲ့မိသည်။

ပြီးတော့ ဦးမျိုးခေါင်ကို သက်သေတည်၍ မောင်မောင့်ကို စစ်ဆေး လိုက်ရသည်။

'ဒီမယ်ကိုယ့်လူ တနေ့က ဈေးထဲမှာ ငါ့နောက်က လိုက်ချောင်းပြီး ဓားနဲ့ ပေါက်သွားတာ မင်းမဟုတ်လား'

မောင်ငြိမောင်သည် သူ့ ခုတင်ပေါ်တွင် မျှော့မျှော့ကလေး ကျောခင်းနေလျက်က ကျွန်တော့်ကို မှုန်တေတေကြီးနှင့်ပဲ ပြန်ကြည့် နေပါသေးသည်။

မျက်နှာတွေလည်း ကွဲလို့ပြဲလို့....

ခေါင်နေသော သွားတွေထဲက သွားနှစ်ချောင်းလည်း ကျိုးခဲ့ရလေပြီ။

သွားခေါ မောင်မောင်လို့ ခေါ်မည့် အစား သွားကျိုး မောင်မောင်လို့ နာမည် ပြောင်းဖို့တောင် ကောင်းနေသည်။

'ငါမေးနေတယ်ကွ.... မင်းမြန်မာစကား နားလည်ရဲ့လား၊ ဟင်....မောင်မောင်.... မင်းငါ့ကို ဓားနဲ့ပေါက်သတ်ဖို့ ကြံခဲ့တယ် မဟုတ်လားလို့'

ကျွန်တော်က စိတ်တိုတိုနှင့် သူ့အင်္ကျီရင်ဘတ်စမှ ဆွဲမပြီး ထပ်ဆင့်မေးလိုက်မိပြန်သည်။

မောင်မောင်.... ကျွန်တော့်ကို မီးတဝင်းဝင်း တောက်နေသော မျက်လုံးများနှင့် တချက်လှန်ကြည့်၍ အံကြိတ် မျက်နှာလွှဲပစ်လိုက်၏။





'နေပါဦး မောင်ရဲမော်.... မင်းကို လိုက်ချောင်းခဲ့တဲ့ကောင်ဟာ မောင်မောင်မှန်း အစက မင်းမသိခဲ့ဘူးလားကွ'

ကျွန်တော်နှင့် ဘေးချင်းယှဉ်ရပ်နေသော ဦးမျိုးခေါင်က ဝင်ထောက် မေးလိုက်ခြင်းပဲ ဖြစ်ပါသည်။

တကယ်တော့လည်း ဦးမျိုးခေါင်အနေနှင့် မေးထိုက်ပါသည်။

ရဲမော်နှင့် မောင်မောင်ဆိုသည်မှာ လုပ်ဖော်ကိုင်ဘက် ဘဂိုဏ်းတည်းသားချင်းမို့ တယောက်ကို တယောက် မှတ်မိကြရပေလိမ့်မည်။

သို့စဉ်လျက် ကျွန်တော်က မသိဖူးသလို မေးနေသောအခါ အစဉ်းစားရကျပ်သွားဟန် တူပါသည်။

'ဒါက ဒီလိုပါ အန်ကယ်.... မနေ့တနေ့ကဆိုတော့ အန်ကယ်သိတဲ့အတိုင်း၊ ဈေးနေ့ပဲလေ.... လူတွေက အရမ်းရှုပ်နေတယ်၊ သူကလဲ ကျွန်တော့်နောက်ကို တော်တော် လှမ်းလှမ်းလေးက ပုန်းလျှိုးလိုက်လာတာကလား၊ ဒီကြားထဲမှာ ဦးထုပ်နူတ်ခမ်းနဲ့ မျက်နှာကို ကွယ်ဆောင်းထားလိုက်သေးတယ်၊ ကျွန်တော့်မှာကလည်း ကလေးက တဘက်၊ လူတိုးရတာက တမျိုးနဲ့ သူ့ကို ပုံဖမ်းမိအောင် ကြည့်ဖို့ မလွယ်ခဲ့ဘူး'

ဦးမျိုးခေါင်၏ မေးခွန်းကို ကျွန်တော် အလွယ်တကူ ချောချောမွေ့မွေ့ပင် ဖြေကြားနိုင်ခဲ့သလို လိုသည်ထက်ပင် ပိုပြည့်စုံသွားပါသေးသည်။

ဦးမျိုးခေါင် ကိုယ်နှိုက်ကလည်း အလေးအနက်ထား၍ မေးခဲ့ခြင်း မဟုတ်သဖြင့် ကျွန်တော်႔ အဖြေအတွက် ကျေနပ်သွားခဲ့သည်။

သို့ဖြင့်ခါးထောက်လျက် ဆေးပြင်းလိပ်ကြီးကို ကိုက်ယင်းမှ မောင်မောင့်ကို မကျေမချမ်းနှင့်သာ....

ဟေ့ကောင်.... သူမေးတာ ဖြေလိုက်လေ၊ ပုံကိုက ဂျစ်ကန်ကန် ထောင့်မကျိုးနဲ့၊ မျက်ခွက်စုတ်တာတောင် နည်းသေးတယ်'

ဦးမျိုးခေါင်က ဟောက်တော့လည်း သူ့ခမျာ အကြောက်သား။

သူ့ခါးစပ်တွင် ဝင်ထိုင်ပြုစုပေးနေသော အိုက်ထွန်းနှင့် ခုတင်ထိပ်မှ ကုလားလေး မိုက်ကယ်တို့ မျက်နှာတွေကို မလုံမလဲ တချက်စီကြည့်လိုက်ပြီးနောက်....

'ဟုတ်.... ဟုတ်ပါတယ် ဘော့(စ်)၊ ဆရာရဲမေ်ာကို သတ်ဖို့ကြိုးစားခဲ့တဲ့ လူက ကျွန်တော်ပါ၊ ကျွန်— ကျွန်.... ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ၊ ကျွန်တော် သတ်ချင်လို့ သတ်ရတာ မဟုတ်ပါဘူး၊ အစ်ကို သက်ခိုင် ခိုင်းလို့ သူ့ကို ကြောက်တာနဲ့ လုပ်ခဲ့ရတာပါ၊ ဆရာရဲမော်ကို စတွေ့လိုက်ခါစက သူတို့လဲ ပါပါတယ်'

မပြော မပြောနဲ့ ပြောမယ့် ပြောတော့လည်း တရဟော ပါပဲလား။





ကျွန်တော်က ဦးမျိုးခေါင် မျက်နှာကို အဓိပ္ပာယ်ရှိရှိ လှမ်းကြည့်လိုက်ပြီး မောင်မောင့်ကို ရင်ဘတ်က ဆုပ်ကိုင်လိုက်ရာမှ လွှတ်ချလိုက်ယင်း အားတက်သရောပင်....။

'ဈေးထဲကို သက်ခိုင် ပါလာတယ်မဟုတ်လား၊ ဒါနဲ့ ငါ ပြန်သွားတော့ သက်ခိုင်တို့ ငါ့အိမ်ကို ရောက်နှင့် နေပါ ကွ၊ မင်းတို့ဟာက မရှင်းမရှင်းနဲ့၊ ဆိုပါဦး.... ရေရေ ည်လည် အစအဆုံး'

'အဲဒီနေ့က ကျွန်တော်ရယ်၊ ကိုသက်ခိုင်ရယ်၊ မိုက်ကယ်နဲ့ က်ထွန်းရယ်.... လေးယောက်သား ဈေးလည်သွားကြပါတယ် ... အဲဒါ ဘော့(စ်)လည်း သိပြီးသားပါ... ဘော့စ်ကို ပေးပြီး ကားလီသွားကြတာကို'

'ခွေးမသား.... တယ်.... ငါနားရင်း ပစ်တီးလိုက်ရ၊ ထပ် သွားတော့မယ်၊ မဆိုင်တာတွေ လျှောက်မပြောနဲ့ လိုရင်း ောက်ပဲပြော....'

'ပြော.... ပြောပါ့မယ် ဘော့စ်၊ ဆရာက အစအဆုံးပြောဆို ပါ.... အဲဈေးထဲကျတော့ ဆရာရဲမော်ကို ဖြုန်းကနဲ တွေ့ က်ပါတယ်၊ မျက်နှာချင်းဆိုင် ဖြတ်ခဲ့ကြပေမယ့် ဆရာက တော်တို့ကို သတိမထားမိလိုက်ဘူး၊ ဒါနဲ့ ကျွန်တော်တို့လဲ ခဲ့ပြီး နောက်ယောင်ခံ လိုက်ခဲ့မိကြတယ်၊ အစ်ကိုသက်ခိုင်နဲ့ တော်ကဘာတဲ့၊ မိုက်ကယ်တို့က တတွဲပါ၊ အဲဒီလိုလိုက် င်းနဲ့ ကျွန်တော့်ကို ကိုသက်ခိုင်က ခိုင်းတာပါပဲ၊ ပိုင်လောက် င် ဆရာ့ကို သတ်ပစ်လိုက်တဲ့၊ မင်းက ဓားဝိဇ္ဇာဆိုတော့ နေရာမှာ အသုံးအဝင်ဆုံးပဲတဲ့၊ လူကြားထဲ ဓားနဲ့ ထိုးသွား

ယင် ဘယ်သူမှာ သိမှာမဟုတ်ဘူးတဲ့၊ နောက်ပိုင်းသူတာဝန်မ
တယ်တဲ့၊ သူတို့ ဈေးနောက်ပေါက်မှာ စောင့်နေမယ်တဲ့'

မောင်မောင်က စကားများများ ပြောလိုက်ရ၍ မောသွ
သလို နားနေလိုက်ပါသည်။

မောင်မောင့်ကို စစ်မေးနေချိန်၌ အိမ်ထောင့် တနေရာ
ခုဇင်ပေါ်တွင် ဝေဠု .. သူ့ဒဏ်ရာတွေ သူဆေးထည့်နေတ
လှမ်းတွေ့ရသည်။

မောင်မောင် အမောဖြေနေစဉ်မှာပင်သက်ခိုင်ကျွန်တော့်
သတ်ဖို့ ကြံရခြင်းအကြောင်းများကို ဆက်စပ်တွေးနိုင်ခဲ့မိသည်

သက်ခိုင်နှင့် ရဲမော်သည် ဗိုလ်လုဘက် ဖြစ်ခဲ့ကြသည်။

ဦးမျိုးခေါင်၏ မွေးစားသားမှန်ပါလျက်နှင့် လက်အော
ငယ်သား လုပ်နေရသော သူ့အဖို့ ဗိုလ်တင်ထားခံရသူ ရဲမေ
ကို မျက်မုန်းကြိုးနေမှာ သေချာသည်။

ထို့အတွက် ရဲမော်ကို အချိန်ရှိတိုင်း ရန်စောင်နေခဲ့ပေလိ
မည်။

ရဲမော်ကလည်း ဦးမျိုးခေါင် မျက်နှာကိုထောက်၍ သူ့
အပြတ် မနှိမ်နင်းခဲ့ခြင်း ဖြစ်ပုံရသည်။

သက်ခိုင် စိတ်ထဲကတော့ အခွင့်သာသည့်တနေ့ ရဲမော်
အပြတ်တိုက်မည်ဟု အတွင်းကြိတ် ကြံရွယ်ထားမှာမလွဲ။

ထို့ကြောင့်ပင် ရှုခင်းလှမှ ဒမြတိုက်ပြန်ခဲ့ပြီးနောက် အ
အစဉ်အရ၊ အချိန်တန်၍ ရဲမော်ရောက်မလာဘူး ဆိုသောအ
ဉာဏ်ဆင် ချောက်တွန်းခဲ့တော့သည်။





ကျွန်တော့်ကို ဈေးထဲတွင် မမျှော်လင့်ပဲတွေ့လိုက်ရခြင်းက
သူ့အတွက် အကွက်ပိုလည်စရာ ဖြစ်သွားသည်။

ဦးမျိုးခေါင်ဆီသို့ ရဲမော် လုံးဝ ပြန်မလာတော့ဘူး ဆိုပါ
က ရဲမော် ရတနာထုပ် အပျောက်ရိုက်သွားသည်ဟူသော ကုန်း
ချောစကားနှင့် အံကိုက် ဖြစ်သွားသည် မဟုတ်ပါလား။

ရဲမော်ကို သတ်လိုက်ကြောင်း ဦးမျိုးခေါင် သိသွားသည့်
တိုင်အောင် သူ့အနေနှင့် သစ္စာဖောက်မို့ အပြစ်ပေးခဲ့သည်ဟု
ဆင်ခြေကန်ပေဦးမည်။

ဒါကြောင့်လည်း ကျွန်တော့်ကို ရဲမော်အထင်ဖြင့် အသေ
သတ်ခဲ့ခြင်း ဖြစ်ပေမည်။

ထို့နောက်တော့ မောင်မောင်က သူ့စကားသူ ပြန်ဆက်
သဖြင့် ကျွန်တော် အတွေးတွေ ပြတ်ခဲ့ရပါလေသည်။

'ဒါနဲ့ အစ်ကိုသက်ခိုင်က ဆရာ့နောက် ကျွန်တော့်ကို ဆက်
လိုက်ခိုင်းပြီး မိုက်ကယ်တို့နဲ့ ထွက်သွားတယ်၊ ကျွန်တော်လဲ
ဆက်လိုက်ယင်းနဲ့ ကျွန်တော် လိုက်နေမှန်း ဆရာ ရိပ်မိသွား
တယ်၊ ဒါပေမယ့် ကျွန်တော် ဘယ်သူမှန်း သိခဲ့ပုံ မရဘူးဆို
တာ ကျွန်တော် နားလည်လိုက်တယ်၊ ဈေးဝကို ရောက်ပြီးတဲ့
နောက် ကျွန်တော်လဲ ဆက်မလိုက်ပဲ ခြေရာဖျောက် နေရစ်ခဲ့
တယ်၊ ဆရာ လက်ဖက်ရည်ဆိုင်ထဲဝင်သွားပြီဆိုတော့မှ ကား
လမ်းကူးပြီး ဟိုဘက် ပလက်ဖောင်းက လျှောက်လာတယ်၊ လူ
တွေကများ၊ ကားတွေက ရှုပ်၊ ကျွန်တော်ကလဲ ဦးထုပ်ချွတ်
ထားလိုက်တာဆိုတော့ ဆရာကျွန်တော့်ကို တမျှော်မျှော်လုပ်
နေတဲ့ ကြားကပဲ လက်ဖက်ရည်ဆိုင် နောက်ဘက်ကို အရောက်

လာနိုင်ခဲ့တာပေါ့၊ အဲ....ဆရာ့သားလေးကို လယ်ဖက်ရည်တိုက်
ယင်း အာရုံစိုက်နေတုန်းမှာပဲ ကျွန်တော်က ခဲ့ားနဲ့ပေါက်မြေ
ခဲ့တာပဲ၊ ပေါက်ပြီးပြီးချင်းမှာပဲ ဆရာငုံ့လိုက်လို့ လွဲသွားတာ
သိခဲ့ရပါတယ်၊ နောက်ဆုံး ချိန်းထားတဲ့ ဈေးနောက်ပေါက်
ကို ပြန်ရောက်ပြီး အစ်ကိုသက်ခိုင်ကို အကြံ မအောင်မြင်ခဲ့တဲ့
အကြောင်း ပြောပြခဲ့တယ်၊ ကိုဘက်ခိုင်က ကျွန်တော့်ကို
သောက်သုံးမကျဘူး၊ ဘာညာနဲ့ ဆူပြီး အိမ်ပြန်တော့လို့ နှင်
လွှတ်ခဲ့တယ်၊ အဲ....ကျွန်တော့် မပြန်ခင်လေးတင် ကားရပ်
ထားတဲ့နားက ဆိုင့်တဆိုင်မှာ သူဖုန်းဆက်တာတော့ တွေ့လိုက်
ရသေးတယ်၊ အဲဒီနောက်တော့ ကျွန်တော်မသိတော့ဘူးဆရာ'

'လက်စသတ်တော့ ရဲမော်ကို သတ်လို့ အကြံမအောင်တော့
မှ သက်ခိုင် ငါ့ဆီကို ဖုန်းဆက်တာကိုး၊ ဒါတောင် ဒီကောင်က
ပြောသေးတယ်ကွ ရဲမော်ရ....မင်းကို သူတို့တွေ့ပြီတဲ့၊သွားခေါ်
ပြီး လမ်းမှာ ဖြောင်ပစ် လိုက်ရမလားတဲ့၊ ဒီတော့ ငါကလဲ
အရှင်သာ ဖမ်းခဲ့လို့ မှာလိုက်မိတယ်၊ ဟုတ်တယ်....လူတယောက်
ကို အကျိုးအကြောင်း မရေမရာနဲ့ မခိုင်မလုံ အပြစ်မရှိပဲနဲ့ ငါ
မသတ်ချင်ဘူး၊ အထူးသဖြင့် မင်းက ငါ့အပေါ် သစ္စာဖောက်
လိမ့်မယ်ဆိုတာလဲ ယုံရခက်ခက်ပဲ၊ အင်း.... ငါဆင်ဆင်ခြင်ခြင်
လုပ်မိလို့ မှားမကုန် တာပဲဟေ့'

သို့ဆိုလျှင် သက်ခိုင်တို့ ဦးမျိုးခေါင်အမိန့်ဖြင့် ကျွန်တော့်ကို
ဖမ်းရန် အိမ်သို့ သွားနေချိန်၌ ကျွန်တော့်မှာ လက်ဖက်ရည်
ဆိုင်ထဲတွင် ပြဿနာ ရှင်းလို့ကောင်းတုန်းပဲ ဖြစ်ပါလိမ့်မည်။





ပြီးတော့ သူတို့က ကားနှင့်ဖြစ်၍ မြင်းလှည်း စီးလာရသူ
ကျွန်တော့်ထက် ဦးအောင် အိမ်သို့ ရောက်နှင့်ဟန် တူသည်။
ဒါကြောင့်လည်း ခေါ်သမားနှင့် ပတ်သက်၍ သူတို့အပေါ်တွင်
ကျွန်တော် သံသယ မဝင်ခဲ့မိခြင်းပင် ဖြစ်ပါသည်။

ဦးမျိုးခေါင်ကို ဖုန်းဆက်သည်ကတော့ သက်ခိုင် တကွက်
လွတ်သွားသည် ဆိုနိုင်သည်။

ကျွန်တော့်ကို မသေသေအောင် သတ်ချင်ပါက ကျွန်တော်
နှင့် တွေ့သည့်အကြောင်းကို ဦးမျိုးခေါင်အား အသိမပေးပဲ
တရက်တန်သည်၊ နှစ်ရက်တန်သည် စောင့်ဆိုင်းကာ နောက်
တကြိမ် ချောင်းသတ်ဖို့ ကြံရမည်သာ မဟုတ်ပါလား။

သူ့ဘက်က ဘာစိတ်ကူးပေါက်ပြီး ဖုန်းဆက်ခဲ့မှန်းတော့
ကျွန်တော် မသိ နားမလည်တော့။

ကျွန်တော့်ကို လက်လွှတ်သွားမှာစိုးလို့များလားတော့မသိ။

ထို့ထက် အရေးကြီးသော အချက်တခုကို ကျွန်တော်က
မိုက်ကယ်အား မေးခဲ့မိပါသည်။

'ဒါနဲ့ ရတနာထုပ် ငါဖြောင်တယ် ဆိုတာကော ဘယ်သူ
တွေ့လိုလဲကွ၊ သက်ခိုင်ခင်းတဲ့ လန်ကြုတ်ဇာတ်ပဲ မဟုတ်လား၊
သူခိုင်းသလို မင်းတို့ ပြောခဲ့ရတာ မဟုတ်လား'

'အမှန်ပါပဲ ဆရာ.... ဦးဘတူအိမ်မှာကတည်းက ဒမြတိုက်
လို့ရသမျှ ရွှေနဲ့ငွေ လက်ဝတ်လက်စားတွေ ပါတဲ့အိတ်ကို
အစ်ကိုသက်ခိုင် လက်ထဲ ဆရာ အပ်ထားလိုက်တာပဲ၊ ဆရာ
ဘာမှ ယူဘာ မတွေ့ရပါဘူး၊ ဆရာရဲမော်နဲ့ အစ်ကိုသက်ခိုင်တို့
ရဲတွေကို ဆင်းခုံခံ ကျုန်ရစ်ခဲ့တုန်းကလဲ ဒီအိတ်ကို ကျွန်တော်နဲ့

ဝေဠု တယောက်တလဲ ဆွဲပြေးခဲ့ရပါတယ်၊ ကားပေါ်ရောက် လို့ သူမေးတာကိုလဲ ဘုပြန်မှုတ်တယ် ပြောရမယ်ဆိုပြီး ကျွန် တော်တို့ကို သင်ဉာဏ်ပေးခဲ့တာ အစ်ကိုသက်ခိုင်ပဲ....ဝေဠုကို တောင် သူခိုင်းသလို မပြောယင် သတ်ပစ်မယ်လို့ ခြိမ်းခြောက် ထားခဲ့သေးတာပဲ'

တိုးတက်မှု ရှိလာသော အခြေအနေ အရပ်ရပ်ကို သုံးသပ် ကောက်ချက်ချ၍ ကျွန်တော်တွေးထင်ခဲ့သည်နှင့် တထပ်တည်း အံကိုက်ကလေး မိုက်ကယ်က ဖြေကြားခဲ့ပါလေသည်။

ရတနာကိစ္စလက်သည် အဖြေမှန်ပေါ်ပြီ ဆိုသည့်နောက် ဦးမျိုးခေါင်မှာ ဖားပြုပ်မျက်နှာကြီး ညိုမောင်းလျက် တက် တခေါက်ခေါက်နှင့် ညည်းတွားကြိမ်းဝါးခဲ့ပါသည်။

'သက်ခိုင်....သက်ခိုင်.... လူတဘက်သားအပေါ်မှာ မစ္ဆံ့ရိယ စိတ်တော်တော်ထားတဲ့ ကောင်ပါလား၊ ဒီကောင် ဒီလောက် ဗိုလ်ရှူး ရှူးလိမ့်မယ်လို့ ငါ အစက မထင်ခဲ့ဘူး၊ ငါကတော့ ဆွေမျိုးရင်းခြာဆိုလို့ ဒီတူလေးတယောက်ရှိတာ သားအမှတ်နဲ့ မိန်းမတွေ ဘာတွေတောင် ပေးစားတော့မလို့၊ မိန်းမရယင် အေးအေးဆေးဆေး ကောင်းရောင်း ကောင်းဝယ် လုပ်ဖို့လဲ မှာထားလျက်သားနဲ့၊ ခုတော့ သူသက်သက် မိုက်လုံးကြီးပြီး ရဲမောင်ကို မကောင်းကြံတာ၊ ငါ့စကားကို တော်လှန်စော်ကား တာနဲ့ ဘာထူးဦးမလဲ၊ ဒီကောင် ကျောက်ခါးပတ်က ပြန် လာပါစေဦး... ငါ့အကြောင်းသိစေ့မယ်....'





ပြီးတော့လည်း ဦးမျိုးခေါင်က အိုက်ထွန်းတို့ မိုက်ကယ်တို့ ဘက် မြားဦးလှည့်၍ ဩဝါဒပေးသည်။ တချက်လွှတ် အမိန့် ဘွထုတ်သည်။

'မင်းတို့လဲ နောက်ကို သက်ခိုင် ခိုင်းတိုင်း မလုပ်ကြနဲ့၊ ငါကလွဲယင် ရဲမောင့် စကားကိုပဲ နားထောင်၊ ရဲမောင်ကို ကြည်စိတ်ချလို့ အာဏာကုန် လွှဲထားတာပဲကွာ၊ ငါ အတန် န်မှာထားတယ် မဟုတ်လားကွ၊ ဇာတ်တူသားစားဖို့ မကြိုး ားကြနဲ့လို့၊ မင်းတို့ ရှေ့လျှောက် ခုလို မညီမညွတ် မသင့် မြတ် ဖြစ်ကြတာ တွေ့ယင်တော့ မလွယ်ဘူးနော်... ဒါ.... နောက်ဆုံး သတိပေးခြင်းပဲ ဘာပဲလုပ်လုပ် ငါ့ကို အသိပေး မယ်၊ အကြောင်းထူးယင် လာတိုင်ရမယ်၊ ကြားလား'

ထို့နောက် ကျွန်တော့်ကို ဦးမျိုးခေါင် တလှိုက်တလှဲပြော ပြန်၏။

'ဆောရီးပဲ မောင်ရဲမောင်.... ဖြစ်ခဲ့သမျှ အားလုံးအတွက် အန်ကယ်ကပဲ တောင်းပန်ပါတယ်၊ သက်ခိုင်ကိုလဲ အန်ကယ် ဆုံးမပါ့မယ်၊ ဒါမှမကျေနပ်ဘူးဆိုလဲ မင်းလက်ထဲ အပ်မယ်၊ င်းစိတ်တိုင်းကျ စီရင်.... ကျိုးကျိုးကန်းကန်း၊ အသက်ပဲ သေသေ ဒင်းသေလို့ မင်္ဂလာပွဲပွဲပျက်ပျက်၊ ဒင်းအပြစ်နဲ့ ဒင်း ပစေ၊ အန်ကယ် ကျေနပ်ပြီးသားပဲ၊ ဟင့်.... အချင်းချင်း ချောက်ချရုံ မို့သာပေါ့ကွာ၊ သစ္စာဖောက်တယ်များ ဆိုယင် ဘော့ အန်ကယ်ကိုယ်တိုင် သတ်မယ်၊ ကဲ.... ဘယ်လိုလုပ်ချင် သလဲ မောင်ရဲမောင်'

တကယ်တော့ ဦးမျိုးခေါင်သည့် စကားအရာ၌ ကျွမ်းက
လိမ္မာလှသူ ဖြစ်ပါ၏။

သက်ခိုင်ကို ကျွန်တော်ကြိုက်သလိုလုပ်လို့ သူ့နှုတ်က
သော်လည်း သက်ခိုင်အပေါ် နစ်နစ်နာနာ မဖြစ်စေလိုသေ
သူ့ဆန္ဒ အစစ်အမှန်ကို အရိပ်အမြွက်မျှ ထည့်ပြောခဲ့သည

သက်ခိုင် ပျက်စီးကိန်းဆိုက်၊ ဦးမျိုးခေါင် ထိခိုက
လောက်အောင် ရဲမော်နေရာမှ ကျွန်တော်လုပ်မည်တဲ့လာ

သက်ခိုင် မည်မျှပင် မတရားမတရား ဦးမျိုးခေါင်ကိုထေ
ထောက်ဖို့ ငွဲ့ဖို့ရှိနေသည်။

ထို့ကြောင့်လည်း ကျွန်တော်က တကယ့်ဆန္ဒနှင့်ဆန့်ကျင
ကြေအေးကြောင်း ပြောခဲ့ရပါလေသည်။

တဘက်က လှည့်တွေးမိရာတွင်လည်း ခုလို မတရားအကြ
ရသည့် အဖြစ်မျိုးကို ရဲမော်ကိုယ်တိုင်သာဆို ခံပြင်း ဒေါ
ထန်မိမည်မှာ မလွဲပါ။ ကျွန်တော့်လို ခွင့်လွှတ်ပါ့မလားတော
မသိ။

ရဲမော်ဆိုလျှင် ကျွန်တော့်ထက်ပင် ပိုဆိုးပေဦးမည်။

သို့သော် ရဲမော် အယောင်ဆောင် ကျွန်တော့်အဖို့ထေ
သူတို့နှင့် စစ်ပြေငြိမ်းလိုက်ခြင်းဖြင့် တနေ့နေ့တချိန်ချိန် သူ
ပတ်ဝန်းကျင်နှင့် အဆက်ဖြတ် ရှောင်ကွင်းနိုင်ခွင့် ရလာမည

သို့တည်းမဟုတ်။ အနီးကပ် ထောက်လှမ်းနေခွင့်ရနေမည
ကြိုက်သလို လုပ်လို့ရသည်။ အရှုံးတော့မရှိ....တွက်၍....

'ပြီးတာတွေလဲ ပြီးပါပြီ အန်ကယ်ရယ် သက်ခိုင
ဆုံးမမယ်ဆိုယင်ပဲ လုံလောက်ပြီ ထင်ပါတယ်၊ သက်ခိုင်အပေ





မှာလဲ ကျွန်တော် အာဃာတထားပြီး ဗွေမယူပါဘူး၊ နောက်ကို ဒီလို ပြဿနာမဖြစ်ရယင် တော်ပါပြီ၊ သူ့အနေနဲ့လဲ ကျွန်တော့်ကို ရန်မရှာတော့ပဲ ခင်ခင်မင်မင် ဆက်ဆံသွားစေချင်ပါတယ်၊ ခုန အန်ကယ်ပြောသလို ကျွန်တော်တို့ တဖွဲ့လုံး စည်းစည်းလုံးလုံး ပြေပြေလည်လည် ညီညီညွတ်ညွတ် ရှိနေဖို့သာ အရေးကြီးပါတယ်လေ၊ ဒီတော့ သက်ခိုင်ကို အန်ကယ့်သက်ပဲ ကျွန်တော် ပြန်အပ်ပါတယ် အန်ကယ်....'

သည်နောက်တော့ ကျွန်တော်တို့ လူစုခွဲ၍ အိပ်ရာဝင်ခဲ့ကြပါတော့သည်။

# အခန်း( ၁၁ )

နောက်တနေ့ မနက်ခင်းကျကာမှ ညက မောင်မောင်၏ ခေါးချက်မှု ကယ်ဆယ်ခဲ့သော ဝေဋ္ဌုအား ကျေးဇူးတင် စကား ပြောခဲ့ရပါသည်။

ထို့နောက် ဦးမျိုးခေါင်က ခေါ်သဖြင့် ဘိုက်ပေါ်သို့ တက်ခဲ့ရပြန်သည်။

ဦးမျိုးခေါင်သည် ရဲမေ၁်၏ ဝေစု ငွေဒေါ်ထောင်ကို ခေါ် ပေး၍ အိမ်ပြန်ခွင့်ပြုလိုက်ခြင်း ဖြစ်ပါသည်။

တိုက်အပေါ်ထပ်မှ ပြန်ဆင်း၍ လှေကားရင်းအရောက်တွင် ကား၊ သက်ခိုင် ကျောက်ခါးပတ်မှ ပြန်လာသည်နှင့် ပက်ပင်း တိုးရပါလေတော့၏။

သက်ခိုင်သည် အပေါ်ထပ်မှ ကျွန်တော်ဆင်းလာတာ တွေ့လိုက်သည်ဆိုလျှင်ပင် မအောင့်နိုင် မအီးနိုင် ဆီးမေးလိုက်ပုံက....

'ရဲမော်....မင်း အပေါ်ကိုဘယ်သူခေါ်လို့ ဘာတက်လုပ်တာလဲ'

'သိချင်ယင်တော့ မင်းအဘိုးကြီး သွားမေးကြည့်ပေါ့ကွာ'

ကျွန်တော်က အပြုံးစွက်သော အဖြေကို ပေးပြီး လှေကားထစ်ပေါ်မှ အပြီးဆင်းလိုက်ကာ ကျွန်တော့်အခန်းရှိရာ အိမ်ထဲသို့ လှည့်ဝင်လိုက်သည်။

သည်မှာပင် ဖောင်းကားနေသည့် ကျွန်တော့် လယ်သာဂျာကင်ဘေးအိတ်မှ အစိပ်တန် အထပ်လိုက် စွန်းထွက်နေသည်ကို သက်ခိုင် မြင်သွားသည်။ မျက်နှာပျက်သွားသည်။

သူ့မျက်လုံးများလည်း ထူးခြားမှုတရပ်ကိုတွေးသိလိုက်ဟန်ဖြင့် လက်ကနဲ တောက်သွားသည်။

တိုက်ပေါ်တက်မည့် ဆဲဆဲ လှေကားထစ်ပေါ်မှ ခြေလှမ်းတဘက်ကို ရုပ်လိုက်သည်။

သူ့ကို' ပြန်ကြည့်နေသော ကျွန်တော့်အား ဘာတခွန်းမှ ဆက်မပြောတော့ပဲ၊ နောက်သို့ ချာကနဲ လှည့်၍ တိုက်ပြင်သို့ နောက်ဖေးပေါက်မှ ထွက်သွားသည်။

ကျွန်တော်လည်း သူ့ကို မေ့ပစ်လိုက်ပြီး ကျွန်တော့်အခန်းရှိရာသို့သာ အိမ်ရှေ့ခန်းမကြီးကို ဖြတ်လျှောက်လာခဲ့မိသည်။





ကျွန်တော့်အခန်းထဲ ရောက်ပြီးနောက် အဝတ်အစားများကို သိမ်းဆည်းကာ ရဲမော်၏ ခရီးဆောင် သေတ္တာလေးထဲ ထည့်နေလိုက်သည်။

ဦးမျိုးခေါင်အား ခုချက်ချင်းပင် အိမ်ပြန်တော့မည်လို့ ပြောခဲ့သည် မဟုတ်ပါလား....။

ကျွန်တော့် စိတ်ကူးကတော့ အိမ်ပြန်မယ်ဆိုပြီး မြို့လယ်တည်းခိုရိပ်သာတခုမှာ သွားနေလိုက်မည်။

ရဲမော်၏ ခရီးဆောင် သေတ္တာကို ရှာဖွေရေးသိမ်းလိုက်ပြီလို့ မနန်းကြူကို ပြောခဲ့လေတော့ သည် သေတ္တာကို ဆွဲ၍ အိမ်ပြန်လို့ ဖြစ်မည်မဟုတ်။

သည်တော့ လူလွတ်ကြီး ပြန်သွားမည်။ ငွေတွေကို ပေးလိုက်မည်။ ကျွန်တော် ရန်ကုန်သွား၍ ကျောက်အရောင်းအဝယ် ကိစ္စတခု ဆောင်ရွက်ရန် ကြိုတင်ရသော ငွေတွေလို့ အကြောင်းပြမည်။

အကယ်၍ သက်ခိုင်တို့ လာမေးလျှင်လည်း ရန်ကုန်သွားကြောင်း ပြောလိုက်ဖို့ မှာခဲ့မည်။

သည့်နောက် တည်းခိုရိပ်သာတွင် တပတ်လောက် ဂူအောင်းလိုက်မည်။

သို့ဆိုလျှင် ဦးမျိုးခေါင်တို့ အလုပ်ပြန်စမည့် အချိန်နှင့် အလောတော်ပဲ ဖြစ်သွားမည်။ သည်တော့မှ ဦးမျိုးခေါင်တို့ဆီ ပြန်ဝင်ပြီး သူတို့ဂိုဏ်းကို ဖြိုခွင်းရမည်။

ဒမြဂိုဏ်းကို လက်ပူးလက်ကြပ်မိဖို့ ကြိုးစားရမည်။ သူတို့ဂိုဏ်းပြိုသွားပြီ ဆိုလျှင် မနန်းကြူတို့ မိသားစု ပြဿနာကို

ပြေလည်အောင် ဖြေရှင်းဖို့ တခုပဲ ကျန်တော့သည်။ ဩော်... ဘက်ပေါင်းစုံအရေး တွေ့ရကြုံရသည်မှာ မလွယ်ပါလား။

သို့ပေမယ့်....

ကျွန်တော့် အကြံအတိုင်း မဖြစ်ရအောင်(ဝါ)ကျွန်တော့် အကြံကို တမျိုးတဖုံ ပြောင်းလဲပစ်လိုက်သည်မှာ ..

သားရေသေတ္တာဆွဲထားသော ဝေဠုနှင့် အတူ အခန်းထဲမှ ထွက်တော့မည့် ဆဲဆဲ ကျွန်တော့် ဆီသို့ သက်ခိုင် ကမူးရှူးထိုး ဝင်လာခြင်းက အစ ဖြစ်ပါသည်။

သူကလည်း တိုက်နောက်ပေါက်သို့ အိမ်တန်းလျားဘက်က ကူးဝင်အလာ၊ ကျွန်တော်နှင့် ဝေဠုတို့ကလည်း အခန်းထဲမှ အထွက်၊ ဗြုန်းကနဲ မျက်နှာချင်းဆိုင် တွေ့လိုက်ရာမှ....

သူ့လက်တဘက် ဘောင်းဘီအိတ်ဆီသို့ လှုပ်ကနဲ ရောက် သွားသည်ကို မြင်လိုက်သည်နှင့် ကျွန်တော်ကလည်း ဂျာကင် အိတ်ထဲမှ ပစ္စတိုကို နှိုက်ခဲ့ပြီး ဖြစ်ပါသည်။

လှုပ်ရှားမှုတွေက မြန်သလို သေနတ်တွေမှာလည်း တပြိုင် တည်း ထုတ်ချိန်မိလျက်သား....။

'ဘယ်ရမလဲ သူငယ်ချင်းရာ ... သူပစ် ကိုယ်ပစ် ကျသွားမှာ ပေါ့၊ တကယ်ဆို အစောကြီးတည်းက မင်းသေနတ်ကို ထုတ် ချိန်လာဖို့' ကောင်းတာကွ၊ လူတဘက်သားကို တယ်အထင် သေးတာကိုး'

'အေး၊ ငါကလဲ မင်းကို ဘာလုပ်ရ ကောင်းမလဲစဉ်းစား လာတာနဲ့ အမီလိုက်ဖို့ လောကြီးပြီး ပြေးလာရတာနဲ့ အဲဒါကို သတိလစ်သွားတယ် ရဲမော်'





'ဒါဖြင့် အခုကော မင်း ဘာလုပ်ချင်သေးလဲ သက်ခိုင်၊ ငါ့အနေနဲ့ကတော့ တို့လက်ထဲက သေနတ်ပြောင်းတွေကို ရိုက် ချိုးပစ်လိုက်ပြီး မင်းနဲ့ငါ လက်ဆွဲနှုတ်ဆက်ချင်တယ် သက်ခိုင်၊ ဖြစ်ခဲ့ပြီးသမျှ အားလုံးအတွက် တို့တတွေ သင်ပုန်းချေလိုက်ကြ ရအောင်လား သူငယ်ချင်း....ဒါကို ညကလဲ အန်ကယ်နဲ့ မင်းလူ တွေရှေ့မှာ ငါ ပြောခဲ့ပြီးသားပါ'

'ဘာပဲ ပြောပြော မောင်မောင် အလူးအလဲ ခံရတဲ့ကိစ္စ အတွယ် ငါ မကျေနပ်နိုင်ဘူး ရဲမော်....ငါမရှိတုန်း ငါ့တပည့်ကို အနိုင်ကျင့်တာ ငါ့စော်ကားတာနဲ့ ဘာထူးသေးလဲ၊ မင်းနဲ့ ဝေဠုကို ကလဲ့စားချေရမှ ငါကျေနပ်မယ်ကွ'

သက်ခိုင်က သေနတ်ကြီး တယမ်းယမ်းဖြင့် ရှေ့တိုးကပ် လာသည်။

ကျွန်တော်ကလည်း သေနတ်ကို မချတမ်း အသင့် ချိန်ကိုင် ထားလျက်။ သူ့ကို ရပ်စောင့် နေခဲ့သည်။

ကျွန်တော့်နောက်ကွယ်မှ ဝေဠုကတော့ အခြေအနေကို စောင့်ကြည့်နေပါသည်။

'ငါ့အပေါ် မင်း ဒီလောက် ရန်ငြိုးထားဖို့ မကောင်းဘူး ထင်တယ် သက်ခိုင်၊ ငါဆိုယင် မင်းကလိန်ကျပြီး ညှဉ်းဆဲခဲ့တာ တောင် ခွင့်လွှတ်ခဲ့သေးတာပဲ၊ ကဲ....မင်းနဲ့ငါ သေကုန်ကြလို့ ကော ဘာအကျိုးရှိမှာမို့လဲ သက်ခိုင်ရာ.... ငါ့မှာလဲ မယားနဲ့ သားနဲ့၊ မင်းဆိုယင်လဲ ရက်ပိုင်းအတွင်း လက်ထပ်တော့မယ် မဟုတ်လား'

‘အေး၊ လက်ထပ်ဖို့ ခန်းဝင်ပစ္စည်းတွေ ဝယ်ပြီးပြီ၊ဖိတ်စာတောင် ရိုက်လာခဲ့လို့ သတို့သမီးနဲ့ မိဘတွေတောင် နေ့လယ်ကျယင် လာကြတော့မယ်၊ဒါပေမယ့် ငါ သိပ်ဒေါသ ဖြစ်နေတယ် ရဲမော်....တယောက်ယောက် သွေးမြေမကျမချင်း ငါ့ဒေါသက ပြေမှာ မဟုတ်ဘူး’

‘သတိထားပါဦး သက်ခိုင်.... မင်းဟာ ခေတ်ပညာတတ်တယောက်ဆို၊ ဆင်ကန်းတောတိုး မှားလိမ့်မပေါ့ကွ၊ ကဲ.... အေးအေးဆေးဆေး ငါ့အိမ်ငါပြန်ပါရစေတော့ သက်ခိုင်ရာ’

‘မပြန်ရဘူး သူငယ်ချင်း.... မင်းနဲ့ငါ စာရင်းရှင်းစရာတွေ အများကြီး ကျန်သေးတယ်၊ ငါ့လို လူတယောက်အပေါ်မှာ မင်းလို ဖဲသမား၊ အရက်သမား၊ ကလေကချေ တကောင်က အနိုင်ယူ ပြောသွားတာကို ခံနေခဲ့ရတော့မလား.... မင်း လက်အောက်ခံ ငယ်သားအဖြစ်နဲ့လဲ ရှေ့ဆက်မနေနိုင်ဘူး၊ ဒီအဖွဲ့မှာ ငါ ဗိုလ်လုပ်ရမှ ပြဿနာ အေးမယ်’

သက်ခိုင်မျက်နှာမှာ သွေးတွေနှင့် အပက်ခံထားရသကဲ့သို့ နီမြန်းနေပါသည်။

မျက်လုံးတွေထဲမှာလည်း ရန်လိုခြင်း၊ မုန်းတီးခြင်း၊စက်ဆုပ်ခြင်းများကူ အခိုးအငွေ့ တလူလူထွက်နေသည်။

သက်ခိုင် ရူးများ ရူးသွားလေပြီလားဟု ကျွန်တော်ထင်မိပါသည်။

‘ဒါကတော့ မင်းအဘိုးကြီးရဲ့ အဆုံးအဖြတ်ပဲ သူငယ်ချင်း၊ မင်းသာ ငါ့ထက် အရည်အချင်းသာယင် မင်းကို ဗိုလ်ခန့်မှာပေါ့၊ ကလေးကလား စကားတွေ ပြောမနေစမ်းပါနဲ့ကွာ’





‘ဒီလိုဆို မင်းနဲ့ငါ တကယ်တမ်း ဘယ်သူ သာတယ်ဆိုတာ စမ်းကြည့်ရအောင်လေ၊ ကြိုက်တဲ့နည်းနဲ့စမ်း၊ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် သေဖို့ အရေးကြီးတယ်.... ဒါမှလဲ အဖြေ အတိအကျထွက်မယ်၊ မင်းယောကျ်ားပဲ၊ သတ္တိမရှိဘူးလား’

ယောကျ်ားတယောက်ကို မင်း သတ္တိမရှိဘူးလား မေးလိုက်ခြင်းထက် ခံပြင်းစရာကောင်းသောစကား လောကတွင် မရှိတော့ပါ။

ကျွန်တော်လည်း ဒေါသ ထောင်းကနဲထွက်သွားရသည်နှင့် အမျှ သက်ခိုင်၏ စိန်ခေါ်ချက်ကို သဘောတူ လက်ခံလိုက်ပါတော့သည်။

ရှေ့ဆက် ငြင်းဆန်လို့ကလည်း အကြောင်း ထူးတော့မည် မဟုတ်ဟု နားလည်သောကြောင့်လည်း ဖြစ်ပါသည်။

သက်ခိုင်အဖို့ ကျွန်တော့်ကို ဘယ်နည်းနဲ့မဆို ရန်ရှာရန် အကြောင်းတွေအလုံအလောက် ရှိနေသည် မဟုတ်ပါလား။

သို့နှင့်ပင် ဦးမျိုးခေါင် မသိအောင် အိမ်တန်းလျားအောက် မြေတိုက်ထဲဆင်း၍ သတ္တိချင်းပြိုင်ရန် စီစဉ်ခဲ့ကြရပါပြီ။

အစီအစဉ်အရ ကျည်ဆန် တတောင့်တည်း သုံးသော သေနတ်ပွဲလေးဖြစ်ရပါတော့မည်။

ဒိုင်အဖြစ် သူတပည့် အိုက်ထွန်းနှင့် ကျွန်တော့ဘက်မှ ဝေဠုတို့ လိုက်ပါ ဆောင်ရွက်ကြပါမည်။

သူတို့လက်ထဲတွင် လက်နက်ဆို၍ အပ်တချောင်းမျှ ယူမလာရသလို ကျန်လူတွေကလည်း အပေါ်ထပ် အိမ်တန်းလျားအတွင်းမှာပင် အစောင့်ကျန်နေရစ်ခဲ့ရပါလိမ့်မည်။

ပြီးတော့ လျှင်မြန်ဖျတ်လတ်မှုနှင့် သေနတ်ပစ်လက်တည့်ပြီး ရဲစွမ်းသတ္တိရှိကြောင်း ပြနိုင်ရန် မှောင်ထဲတွင် ဖယောင်းတိုင် ကိုယ်စီ (သို့မဟုတ်) ဆေးလိပ်မီးကိုယ်စီ လက်တဘက်ကကိုင်ပြီး လျက် ပစ်ခတ်ကြရပါလိမ့်မည်။

အစစ အရာရာ စီစဉ်ပြီးသည့်နောက်တော့ ကျွန်တော်တို့ လေးယောက် မြေအောက်တိုက်ထဲသို့ ရောက်ခဲ့ကြရပါတော့ သည်။

ပထမတော့ ခန်းလယ် မျက်နှာကျက်ရှိ လေးဆယ်အား မီးလုံးကို ဖွင့်ထားပါသေးသည်။

ထို့ကြောင့်လည်း မြေတိုက်ခန်း၏ အနေအထားကို မြင် နိုင်ခွင့် ရရှိပါသည်။

အကျယ်အလျားမှာ အပေါ်ထပ် အိမ်တန်းလျားကြီးထက် အနည်းငယ်ကျဉ်းပြီး အုတ်နံရံများနှင့် လှောင်ပိတ်လျက်။

ဘေးတလျှောက်တွင် ထင်းရှူးသေတ္တာကြီးများ တိုင်ကီနှင့် အခြား တိုလီမိုလီပစ္စည်းများဖြင့် ရှုပ်ပွနေပါသည်။

ထောင့်တနေရာ၌ ခုတင်တလုံးနှင့် စားပွဲ ကုလားထိုင်တွေ ချထားသည်။

အခန်းလည်တဝိုက်ကို ပစ်ကွင်းနေရာ သတ်မှတ်၍ ရှင်းလင်း ကြရပါသေးသည်။

ပြီးတော့ သေနတ်တွေကို အပြန်အလှန် စစ်ဆေးကြပြန် သည်။

ကျွန်တော်က ဝေဠု၏ ခြောက်လုံးပြူး ပွိုင့်သာတီးဖိုးကို ကိုင်ခဲ့ပါသည်။





ကျွန်တော့်ပစ္စတိုကို အိမ်ပေါ်ထပ်မှ မိုက်ကယ့်လက်ထဲ အပ် ထားခဲ့ပြီး ဖြစ်ပါသည်။

သက်ခိုင်ကတော့ ပွိုင့်သာတီအိတ် သူ့သေနတ် ဆင်စွယ် ရိုးတတ်ကြီးကို သုံးမည်ဆိုပါသည်။

ထို့နောက်မူ ကျွန်တော်နှင့်သက်ခိုင် ဆယ်ကိုက်အကွာတွင် မျက်နှာချင်းဆိုင် ရပ်လျက် နေရာယူမိကြပါသည်။

အိုက်ထွန်းနှင့် ဝေဠုက မီးခလုပ်နားတွင် အသင့် ရပ် စောင့်နေကြပါသည်။

သူတို့မျက်နှာထားတွေမှာ နတ်ကရာ ကြည့်မောဆိုသလို စိုးရိမ်စိတ် လှုပ်ရှားမှုများဖြင့် ဂနာမငြိမ်နိုင်အောင် ဖြစ်နေ သည်။

သက်ခိုင်ကမူ မေးကြောကြီးများ ထောင်နေအောင် အံကြိတ်ထားပြီး ကျွန်တော့်ကို မျက်တောင်မခတ်တမ်း ကြည့် နေခဲ့သည်။ ဒေါသကြောင့် သူ့တကိုယ်လုံး သိမ့်သိမ့်တုန်နေ သည်ကို ကျွန်တော်အတိုင်းသား မြင်နေရပါသည်။

ကျွန်တော့် စိတ်ထဲမှာတော့ ဘာကြောင့်မှန်းမသိ။ သိသိ သာသာရယ်လို့ ဘယ်လိုမှ မခံစားရပါ။ သို့သော် မသိမသာ လေးတော့ ရင်ခုန်နေသည်ထင်၏။

ကျွန်တော် ဘယ်သို ရင်ဆိုင်ရပါ့မလဲ။ အကြံထုတ်နေမိ၏။ ကျွန်တော်ကလည်း သက်ခိုင်ကို မလစ်တမ်းကြည့်ထားမိခဲ့ပါ သည်။

သည့်နောက်တော့ သူရော ကျွန်တော်ပါ စီးကရက်ကိုယ်စီ မီးညှိလိုက်ကြပါတော့သည်။

စီးကရက် မီးညှိပြီးသွားပြီဆိုသည်နှင့် အိုက်ထွန်းတို့ဆီ
ရှေ့ဆင့် နောက်ဆင့်ပင် ခေါင်းညိတ်ပြလိုက်မိသည်။

သို့နှင့် တပြိုင်နက် မီးခလုပ် ဖျောက်နဲ ပိတ်သွားသည်
အခန်းတခန်းလုံး မှောင်ကျသွားသည်။

တချိန်တည်း၌...

သက်ခိုင်ဘက်ဆီမှ စီးကရက်မီးရောင်ကလေး ရဲကနဲနီသွ
သည်ကို တွေ့လိုက်ရပါ၏။

ထိုအတူပင် သူ့ဘက်ကလည်း ကျွန်တော့်စီးကရက်မီး
လှမ်းမြင်ရမည်သာ ဖြစ်ပါသည်။

စက္ကန့်တော်တော်ကြာသည်အထိ သေနတ်သံတွေ ထွက်မလ
ပါ။

ဟုတ်ပါသည်။

မြေတိုက်ခန်းကြီး တခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေဆဲ

သို့သော် ပိန်းပိတ်နေသော အမှောင်ထုအောက်တွင် ဆေး
လိပ်မီး နီနီလေးတွေသာ ရွေ့လျားနေကြရသည်။

တကယ်တော့လည်း တချက်တည်းနှင့် အပိုင်ပစ်ချနိုင်ရ
အခွင့်ရကောင်းကို ချောင်းယင်း ခြေသံမကြားအောင် လှုပ်ရှ
နေခဲ့ကြရခြင်းသာ ဖြစ်ပါ၏။

သက်ခိုင်၏ မီးရောင်သည် ဘေးတိုက်ကလေး မလှုပ်မယှ
ရွေ့သွားနေရာမှ ရပ်လိုက်ပြီ ဆိုသည်နှင့် ကျွန်တော်ကလည်
ရပ်လိုက်မိသည်။

သည့်နောက်တော့

'ဒိုင်း...'





'ဒိုင်း....'

သေနတ်သံ နှစ်ချက်ဆက်တိုက် ဆင့်ထွက်ခဲ့ရပါတော့သည်။

နှစ်သံ တစ်သံပေါင်း၍ မြေတိုက်ကြီး တခုလုံး ဟိန်းဟိန်း
မြည်သွားသည်နှင့် ခဏချင်းမှာပင် ကျွန်တော့ မျက်စိထဲတွင်
ပြာကနဲ ဖြစ်သွားပါသည်။

ညှော်ခန်း တခုလုံး လင်းထိန်သွားပါသည်။

ကျွန်တော်က စီးကရက်လေးကို လက်ဆန့် မြောက်ကိုင်
ထားလျက် ဒူးထောက်ထားရာမှ ထလိုက်သည်။

တဖြည်းဖြည်းနှင့် ပူလောင်စပ်ဖျင်း နာကျင်ကိုက်ခဲခြင်း
ဝေဒနာတရပ်ကို ခံစားရပါတော့သည်။ စီးကရက်ကိုင် လက်
ဝါးစပ်မှ ဖြစ်ပါသည်။

ထိလိုက်မှန်း မသိအောင် မြန်ဆန်လှသော အဟုန်ဖြင့်
ကျည်ဆန်သည် ကျွန်တော့်လက်ဝါးပြင်စပ်ကို ထုတ်ခြင်းခတ်
ထွက်သွားပါလေပြီ။ ဒဏ်ရာမှသွေးတွေကလည်း လက်ချောင်း
တလျှောက် တစိမ့်စိမ့် စီးကျလာသည်။

သက်ခိုင်ဆီ လှမ်းကြည့်လိုက်တော့....

သက်ခိုင်.... ရပ်လျက်တန်းလန်းမှ ကျွန်တော့်ကို အံ့ဩ
တကြီး မျက်လုံးကြောင်တောင်ပြူးလျက် ကြည့်နေသည်ကို
တွေ့ရသည်။

သူ့လက်နှစ်ဘက်ကတော့ ပေါင်ရင်းတနေရာကို စုံဖိထား
သည်။

တဒင်္ဂအတွင်း သူ့လက်တွေမှာလည်း သွေးနီနီတွေ ရွှဲ
နေရလေပြီ။

ကျွန်တော်လည်း သေနတ်ဒဏ်ရာကို ပိတ်လျက် အိုက်ထွန်းတို့နှင့် အတူ သက်ခိုင်ဆီသို့ လျှောက်လာခဲ့မိသည်။

ဝေဠုက သူ့ အပေါ်အင်္ကျီကိုချွတ်၍ အတွင်းခံ စွပ်ကျယ်ကို ဖြဲကာ ကျွန်တော့် ဒဏ်ရာကို ကျပ်စည်းပေးသည်။

သည်ကြားထဲမှာပင် ကျွန်တော်က....

'ဘယ့်နှယ့်လဲ သက်ခိုင် ... အရသာ တော်တော်တွေ့ပြီး နေသားထိုင်သာရှိသွားပြီးလားကွ— ဟင်'

'အေးပေါ့ကွာ.... မင်းက အကြံပိုင်သွားတော့ ပြောနိုင်မှာ ပေါ့'

သက်ခိုင်က ရှုံ့မဲ့ယင်းကြားမှ ကလေးဆိုးကြီးတယောက်လို စကားနာ ထိုးလိုက်ပါသည်။

ကျွန်တော်ကလည်း ပြုံးပြုံးလေး ထေ့လိုက်မိပါ၏။

'ဒါကြောင့် ငါအစက ပြောတယ်၊ ဖားမတုပါနဲ့ အိုင်ပျက်ရုံရှိပါ့မယ် ကိုခရုရယ်လို့၊ ဒီမယ် သက်ခိုင်.... မင်းဘေးချ ကိုင်ထားတဲ့ ဆေးလိပ်မီးအနေအထားကို မှန်းပြီး မင်းအသည်း နှလုံးနဲ့ ငါးခူ မျက်နှာကို ပစ်လို့တောင်ရတယ်ကွ၊ ဒါပေမယ့် ငါမင်းကို အသေမသတ်ချင်လို့ သိလား....'

ဟုတ်ပါသည်။

ကျွန်တော်သည် သက်ခိုင်ကို အသေသတ်နိုင်ပါလျက်နှင့် လူချင်းစာ စိတ်ဖြင့် ပေါင်လယ်လောက်ကိုသာ မှန်းရွယ်မောင်း ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။

အကယ်၍သာ....

တကယ်လို့သာ....





လူကြီးမိဘချင်း သဘောတူ စေ့စပ်ထား၍ သက်ခိုင်ယူတော့မည့် ရှုခင်းလှမြို့သူလေးမှာ ကျွန်တော် အသက်မက မြတ်နိုးခဲ့ရပါလေသော ချစ်သည်း ကေရီ မီမီလတ်ဖြစ်ကြောင်းသာ သိခဲ့ပါလျှင်....

သူ့ကို ခုလို အသက်ချမ်းသာခွင့် ပေးခဲ့ပါတော့မည်လား။

## အခန်း ( ၁၂ )

လှောင်ရက်လိုက်ပါပေရဲ့ ကံကြမ္မာရယ်။

မြန်မာပီပီ ကံကိုပဲ ယိုးမယ်ဖွဲ့ရတော့မယ် ထင်ပါသည်။

ကျွန်တော့်ဘဝ ကံကြမ္မာ၏ ဖန်တီးချက်မှာ ဆန်းကြယ်သည့် အရာ၌ အံ့သြလောက်အောင် ဖြစ်ခဲ့သလို ကိုက်ဆိုင်လိုက်ပုံကလည်း မယုံနိုင်စရာ။

ကျွန်တော့်အဖြစ်အပျက်တွေကို တကယ်မဖြစ်နိုင်ပါဘူးလို့ ပြောလိုက ပြောကြပါစေ....။

ကျွန်တော့်အဖို့တော့ ကိုယ်တွေ့ကြုံမှ ယုံစတမ်းဆိုသလိုသာ လက်တွေ့ခံစားနေရပါလေပြီ။

မပြေးသော် ကန့်ရာရှိ ပြောမယုံ ကြုံဖူးမှသိ မှဟုတ်လား။

ကျွန်တော်နှင့် ရဲမော်.... အမြဲ ညီနောင် ...။

မွေးကတည်းက ခွဲမရအောင် ရုပ်ချင်းတူခဲ့တာပါကြည့်....။

ဒါနှင့်မှ မကျေနပ်လျှင် ညီလေးရဲမော်ကိုမှ ကျွန်တော် ကိုယ်တိုင် သတ်မိမှားခဲ့ရသောအဖြစ်က သက်သေရှိသေးသည်။

သည်လိုအဆန်းတကြယ် တိုက်ဆိုင်မှုမျိုးဖြင့်ပင် ယခုတကြိမ်၌လည်းသက်ခိုင်နှင့် စေ့စပ်ကြောင်းလမ်းထားသူမှာကျွန်တော့် ချစ်သူ မိမိလတ် လာဖြစ်နေပြီး ကျွန်တော်ရှိရာ ကျောက်ခါးပတ်မြို့သို့ ရောက်ခဲ့ရပါလေပြီ။

ဦးမျိုးခေါင်၏ မွေးစားသား သက်ခိုင်နှင့် လက်ထပ်ရန် ဦးမျိုးခေါင်တိုက်သို့ ရောက်ခဲ့ရပါလေပြီ။

ကြီးကြီးကျယ်ကျယ် ပုံခိုင်းနှိုင်းလိုက်တာဟု မပြောဘူးဆိုလျှင် ဘုရားဟောနိပါတ်တော်ထဲမှ ပုံပြင်တပုဒ်ကို ကိုးကားပြလိုပါသေးသည်။

ဝဋ်....။

ဝဋ်ဆိုက်တာလို့ပဲ ပြောပါရစေတော့။

ကျီးလေးတကောင်....။

သူ့ဘာသာသူ မိုးပေါ်မှာ ပျံနေသည်။

အောက်က မြေကြီးထက်က အိမ်တအိမ်မီးလောင်သည်။

မိုးနှင့် မြေကြီး.... ဘာမှ မဆိုင်။

ဒါပေမယ့် ဝဋ်ငြိချင်လေတော့ အိမ်မီးလောင်ရာမှာ လေပင့်ရာ ပါသွားသည့် မီးကျွင်းတခုရယ်က မိုးပေါ်မှာ ပျံလာသော ကျီး၏ လည်ပင်းမှာ သွားစွပ်သည်။





ကျီးခမျာ မီးကျွင်းက မီးလောင်ပြီး မြေကြီးပေါ် ဖုတ်ကနဲ ကျခဲ့ရှာသည်။

ခုလည်း သည်လိုပါပဲ။

ကျွန်တော် ချစ်သူ မိမိလတ်ရယ်က ကျွန်တော့် ရန်သူ သက်ခိုင်၏ သတို့သမီးလောင်း အဖြစ်နှင့် ကျွန်တော်ရှိရာ ကျောက်ခါးပတ်မြို့ သင်္ဘေး ဦးမျိုးခေါင်အိမ်သို့ ရောက်လာခဲ့ပါပြီတဲ့။

မိမိတို့ ရောက်လာချိန်၌ ကျွန်တော်သည် တိုက်အပေါ်ထပ် သက်ခိုင်၏ အခန်းထဲ ရောက်နေပြီး သက်ခိုင် စိန်ခေါ်သည်ကို စောစောစီးစီး အသိမပေးရကောင်းလား ဆိုတာ ဦးမျိုးခေါင်၏ ဒေါသတကြီး အပြစ်တင် ကြိမ်းမောင်းမှုကို ခံနေရဆဲ။

ဦးမျိုးခေါင်သည် သေနတ်ပွဲ ပြီးသည့်နောက်မှ ကျွန်တော်နှင့် သက်ခိုင်၏ အဖြစ်ကို သိသွားခဲ့ပါ၏။

သိသွားပုံကလည်း ကျွန်တော်နှင့် သက်ခိုင်၏ ဒဏ်ရာကို ကုသဖို့ သူတို့ မိသားစု လက်စွဲ ဆရာဝန်ကို ခေါ်ရန် တိုက်ပေါ် ခိုးတက်ပြီး ဖုန်းဆက်ဖို့ လွှတ်လိုက်သည့် အိုက်ထွန်းနှင့် ပက်ပင်းဆုံသွားပြီး အကျိုးအကြောင်းတွေ ပေါ်သွားခြင်းကြောင့် ဖြစ်ပါ၏။

သည်လိုနှင့် ဦးမျိုးခေါင် အိမ်တန်းလျားဆီသို့ ရောက်လာပြီး သက်ခိုင်ကို ပါးနားရိုက်ကာ တိုက်ပေါ်သို့ ခေါ်သွားသည်။

ကျွန်တော်လည်း မေတ္တာတုံးကို ကူပွေ့ယင်းနှင့် တိုက်ပေါ်သို့ တက်ခဲ့ရပြန်သည်။

မကြာမီ ဆရာဝန် ရောက်လာပြီး သက်ခိုင် ပေါင်ထဲမှ ကျည်ဆန်ကို ခွဲထုတ်ပေးခဲ့ရသည်။

ကျည်ဆန်က အရိုးမထိတာပဲ သက်ခိုင် ကံကောင်းသည်ဟု ဆိုသည်။

မည်သို့ပင် ဖြစ်စေ သုံးလေးရက် အနည်းဆုံးတော့ အိပ်ရာထဲ နားနေရမည်ဟု ညွှန်ကြားသွားသည်။

ကျွန်တော့်လက်မှ ဒဏ်ရာကိုလည်း ဆေးထည့်ပေးခဲ့သည်။

လက်တွင် ဒဏ်ရာကြီး အတိုင်းသား ရခဲ့သော ကျွန်တော့်အဖို့လည်း မနန်းကြူတို့အိမ်သို့ ပြန်ရန်မဖြစ်တော့သည်နှင့်အညီ နှစ်ရက်သုံးရက် ဆက်နေခွင့် ပြုပါလို့ ဦးမျိုးခေါင်ထံ ခွင့်ပန်ထားလိုက်ရပါ၏။

ဦးမျိုးခေါင်ကား မွေ့ရာပေါ်တွင် မှိန်းမောနေသော သက်ခိုင်ကို မျက်နှာမြင်လေ ဒေါသထွက်လေနှင့် ဆွေ့ဆွေ့ခုန်နေပါတော့သည်။

'တောက်... မိုက်လိုက်တဲ့ကောင်၊ ခွေးဆက် မိုက်တဲ့ခွေးကောင်၊ ဒီလောက် မိုက်တဲ့ကောင်မျိုး မတွေ့ဖူးပါဘူးကွာ၊ ကိုယ့်မှာလဲ လက်ဆပ်တော့မယ့်ဆဲဆဲ ... သေနတ်ချင်း ယှဉ်ပစ်ဖို့ ချိန်းလို့ ...(ချိ) ဓန္ဒါ သေးတယ်တဲ့ ... တချက်ဘည်းပွဲချင်းများပြီးသွားယင် မခက်ပါလားလို့၊ ဟော...ဒီနေ့ဆိုပဲ မိန်းကလေးရှင်မိဘတွေရောက်လာတော့မယ်၊ မင်းမှာကသေကောင်းပေါင်းလဲနဲ့ ငါဘာသွားပြောရမလဲကွ ...ဟင်အေး ...ခုနဆရာဝန်ကို ပြောလိုက်သလို သေနတ်ပြင်ယင်းနဲ့ ကျည်ဆန် မတော်တဆထွက်ပြီး ထိသွားတာပဲလို့ ညာရတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် သတ်မှတ်ထား





တဲ့ ရက်ချိန်းအတိုင်း မင်္ဂလာဆောင် ဖြစ်မြောက်ဖို့က အရေးကြီးတယ်၊ အဲဒီတော့ မင်းကိုမင်းသာ ကျန်းမာအောင် ဂရုစိုက်ကြိုးစားပေတော့၊ ဒီကပြီးယင် သူတို့ မြို့မှာ လိုက်ဆောင်ပေးရမယ့် တာဝန်ကရှိသေးတယ်၊ ခက်တယ်ကွာ.... ငါအတန်တန် မှာထားတဲ့ကြားက မင်းကလဲ ငါ့စကား နားမထောင်ဘူး ရဲမော်၊ တကယ်ဆို သူပြန်လာပြီး စိန်ခေါ်တယ်ဆိုကတည်းက ငါ့ကို တက်တိုင်ပါတော့လားကွ၊ မင်းကလဲ အလကားကောင်ပဲ'

ဦးမျိုးခေါင်ကယောက် ဗိုက်ရွှဲကြီး တကားကားနှင့် လက်နောက်ပစ်ယင်း အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန်လျှောက်၍ တပူပူတဆူဆူ လုပ်နေဆဲကာလမှာပင် တိုက်အောက်ဘက်ဆီမှ တပေါ်ပေါ်တဂွိဂွိနှင့် ကားသံတွေ ကြားလာရသည်။

'ဟော ဘယ်သူတွေများ လာနေကြပါလိမ့်၊ သွားဆင်းကြည့်လိုက်စမ်း ရဲမော်'

ဦးမျိုးခေါင်၏ အမိန့်နှင့်အတူ ကျွန်တော်လည်း တိုက်အောက်သို့ ပြေးဆင်းခဲ့မိပါသည်။

တိုက်ရှေ့တွင် ပစ္စည်းပစ္စယတွေ အပြည့် တင်လာသော လင့်ရှိဗာကား တစင်းနှင့် ယင်းနောက်မှ ဖောက်စ်ဝွန်း ကားနီလေး ဆိုက်နေသည်ကို တွေ့လိုက်ရပါတော့သည်။

ကျွန်တော့် တိုက်ထဲမှ ထွက်လာသည်ကိုလည်း ဖောက်စ်ဝက်ဂွန်းကားနီလေးထဲက ဆင်းလာသော ဘာရိကိတ်ထဘီဝတ် ရွှေကိုင်းမျက်မှန်တပ် စိန်နားကပ်ကြီး တဝင်းဝင်းနှင့် ဝဝဖိုင့်ဖိုင့် အန်တီကြီးက လှမ်းမြင်သွားပြီး။

'ဩော်....ဟော့ သူငယ် ဒီလာစမ်းကွယ့်၊ကားထဲက အန်တီတို့ ပစ္စည်းတွေ ဝိုင်းကူ ချပေးပါဦး'

အန်တီကြီး အနေနှင့် ကျွန်တော့်ကို ဦးမျိုးခေါင်၏ အိမ်တော်သုံး အစေအပါးတယောက်မှတ်ပြီး ကူလီတာဝန်လှမ်းခန့်လိုက်ပါသည်။

ပထမတော့ ဦးမျိုးခေါင်၏ အဆူအကြိမ်းခံခဲ့ရာမှ စိတ်တိုလာသော ကျွန်တော်က ပက်ကနဲ ပြန်ပြောလိုက်ရမလားလို့ ကြံလိုက်မိသေးသည်။

လူကို အစေအပါး ထင်သည်ကထား။ လက်တဘက်တွင် ပတ်တီး စည်းထားရသည်ကိုတော့ မြင်ဖို့ ကောင်းပါသည်။ မြင်ပြီး အားနာဖို့ သင့်ပါသည်။

ခုတော့ မသိမသာ ဆိုးရွားစွာ ခိုင်းရက်ခဲ့သည်ပဲ မဟုတ်ပါလား။

သို့သော် ...

ညှော်သည့်တွေပဲ မသိလို့ ခိုင်းတာလုပ်ပေးလိုက်ရသေးတာပေါ့ ဟူသော ဖြေသိမ့်ချက်ဖြင့် ဒရိုင်ဘာများနှင့်အတူ အိပ်ယာလိပ်ကြီးတွေ၊ သားရေသေတ္တာကြီးတွေ၊ ဗူးတောင်းခွက်ပလုံးတွေကို လက်အကောင်း တဘက်နှင့် ဝိုင်းသယ်ပေးခဲ့မိတော့သည်။'

ကားတစီးတိုက် ပစ္စည်းများကို တိုက်ထဲသွင်းလိုက်၊ ပြန်သယ်လိုက်နှင့် သုံးခေါက်လောက်အရောက်တွင် အန်တီကြီးက ကျွန်တော့်ကို စေ့စေ့စပ်စပ် အကဲခတ်ကြည့် နေကြောင်း သတိထားမိသည်။





သို့ဖြင့် ကျွန်တော်ကလည်း အန်တီကြီးကို သေသေချာချာ မျက်လုံးဖြုံကြည့်မိတော့သည်။

သည်တော့မှ အန်တီကြီးသည် မတော်ခဲ့ရသော ကျွန်တော့်ယောက္ခမလောင်း။ အတိအကျအားဖြင့် ကျွန်တော့် ချစ်သူ မိမိလတ်၏ မိခင် ဒေါ်မြစိန် ဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

ဒေါ်မြစိန်သည် သမီးချော မိမိလတ်၏ အရေးနှင့် ပတ်သက်၍ အညတရ ရဲအရာရှိလေး ရဲဇော်ဆိုသူ ကျွန်တော့်အား တကြိမ်သာ တွေ့ဖူးခဲ့ချေသည်။

ထို့ကြောင့်လည်း ကျွန်တော့်ကို အသေအချာ မှတ်မိဟန်မတူ။ စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေပုံရပါသည်။

'ဒီမယ်ဒီမယ်... မင်းကို အန်တီမြင်ဖူးသလိုလိုပဲ၊ ဒါနဲ့ သူငယ့်နာမည်က ဘယ်သူတဲ့ကွယ့်....'

'ခင်ဗျာ....'

'သူငယ့်နာမည်ကို မေးနေတာလေ.... အန်တီ မင်းကို မှတ်မှတ်ရရ မြင်ဖူးတယ် ထင်လို့ပါ'

'ကျွန်တော့်နာမည်လား... တုတ်ပေါတဲ့ခင်ဗျ....တုတ်ပေါ'

ဒေါ်မြစိန်ကား စပ်စပ်စုစု နိုင်လှသောမိန်းမကြီးတယောက်ဖြစ်သည်နှင့်အညီ အိပ်ရာလိပ်ကြီးကို လက်ဝါးဒဏ်ရာတဘက်နှင့် မနည်းထမ်းချလာရသော ကျွန်တော့်ပခုံးကို ဆွဲလျက် အလိုက်ကန်းဆိုးမသိစွာ မေးလိုက်ခြင်း ဖြစ်ပါ၏။

ကျွန်တော်ကလည်း စိတ်ချဉ်ပေါက်ပေါက်နှင့် ပါးစပ်ထဲ တွေ့ရာနာမည်တခုကို ပြောပြီး သုတ်ခြေတင် လှည့်ထွက်ခဲ့မိပါသည်။

နောက်တခေါက် ပြန်သယ်မည် အပြုတွင်တော့ ဒေါ်မြစိန်အေးတွင် မိမိလတ်၏ ဖခင် ဦးတင်လတ် ရောက်နေပါလေပြီ။

ဦးတင်လတ်ကတော့ ကျွန်တော့်ကို စိုးစဉ်းမျှ တွေ့ဖူးဆုံဖူးခြင်းမရှိ။

ကျွန်တော်ကသာ မကြာမကြာ မြင်ဖူးခဲ့ရသူ ဖြစ်ပါသည်။

ဦးတင်လတ်သည် အရပ်ရှည်၍ အသားဖြူပြီး ရွှေသွားစိုက်ထားသည်။

တိုက်ပုံအနက် ကော်လာတုံး ရှပ်အင်္ကျီနှင့်။ အင်းလေးလုံချည်ကြည်ပြာရောင် ဝတ်လာသည်။

ကျွန်တော်လည်း ပစ္စည်းတွေကို သယ်ချယင်းမှ တဖြည်းဖြည်း အသိတရားဝင်လာမိသည်။

မိမိလတ်၏ မိဘနှစ်ပါးဖြစ်သော ဒေါ်မြစိန်၊ ဦးတင်လတ်။

ဗောက်(စ်)ဝက်ဂွန်း ကားနီလေး... ။

ပြီးတော့ မိန်းကလေးရှင်ဘက်က ရောက်လာတော့မယ် ဟူသော သတင်းစကား။

တခုချင်းကို တပေါင်းတည်းတွေး ဆက်စပ်ဖော်ယူလိုက်မိသည်။

ထိုအခါ....





သက်ခိုင်နှင့် စေ့စပ်လက်ထပ်တော့မည့်သူမှာ မိမိလတ်ပါကလား ဟူသောအဖြေ.... ဒက်ကနဲ ထွက်ပေါ်လာရတော့သည်။

သို့နှင့် တပြိုင်နက်....

ကျွန်တော့်ရင်ဝသို့ အပုလုံးကြီးတလုံး ဆို့တက်ဝင်ဆောက်လိုက်ရသလို သိမ့်သိမ့် တုန်လှုပ်သွားရပါတော့သည်။

ကျွန်တော့်နားတွေ အူ၍ မျက်လုံးတွေ ပြာသွားပြီ။

ကမ္ဘာကြီး တခုလုံး အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားပြီ ထင်လိုက်ရပါ၏။

ထိုအပြင်....

ဝမ်းနည်းခြင်းနှင့် နာကျည်း ဒေါသသည် ကျွန်တော့်ရင်ပြင်တွင် ထပ်ဆင့်ဝေဒနာ တရပ်အနေဖြင့် ဆူပွက်နှိပ်စက်ခဲ့ပြန်ပါလေပြီ။

အို ...ကျွန်တော်က တဒင်္ဂခံစားမှုဟူသမျှကို ပြည့်စုံပေါ်လွင်အောင် ပုံနှိုင်းတင်စားပြောစရာ စကားရှာမတွေ့တော့ပါ။

ဘယ်လောက်ပဲပြောပြော ပကတိ ခံစားရချက်ထက်တော့ လျော့နည်းနေမည်သာဖြစ်ပါ၏။

သို့ပေမယ့်လည်း သည်ခံစားမှု ဝေနာတွေကို ရင်ထဲမှာ အကျပ်အသိပ် ဖိနှိပ်မျိုသိပ်ထားရပါသည်။

သူတို့ မရိပ်မိအောင် မနည်း ဣန္ဒြေဆည်ထားရပါသည်။

မျက်နှာမပျက်ဖို့ ထိန်းသိမ်းကြိုးစားနေရပါသည်။

သူတို့ရှေ့မှ အမြန်ဆုံး ထွက်ပြေးချင်သည့်ကြားမှ မိမိသည်း ပါလာမယ် ထင်ပါရဲ့.... အတွေးပူလာမိသည်။

ဒါဖြင့် မီမီ ဘယ်မှာလဲ။ မသိစိတ်နှင့် တိတ်တခိုး ရှာ
ကြည့်မိ ပါတော့သည်။

ဩော် ဖြစ်မှ ဖြစ်ရလေ။

မီမီ့ကို မိန်းမဖော်လေး တယောက်နှင့်အတူ ကားထဲမှာ
ထိုင်နေဆဲ တွေ့လိုက်ရပါပြီ။

ပြီးတော့ မီမီကလည်း ကျွန်တော့် လှုပ်ရှားမှုတွေနှင့်
ကျွန်တော့်နောက်ကို မျက်စိတဆုံး လိုက်ကြည့် နေသည်ကို
လည်း အကဲခတ်မိ လိုက်ရပါသည်။

မီမီ့ မျက်လုံးတွေထဲတွင် စိတ်ဝင်စား အံ့ဩမှု၊ အရိပ်
အရောင်တွေ ယှက်ဝေ နေလျက် ပါကလား။

ကျွန်တော်ကတော့ မီမီကို တွေ့တွေ့ချင်း အဆိပ်တက်နေ
သော အချစ်စိတ်များကြောင့် ဒေါ်မနသာတွေ ပွားသွားရပါ
သည်။

ဟုတ်တယ်လေ။

ကျွန်တော့် အသုဘမှာ တုန်းကဘော့ တကယ်ပဲ မမေ့နိုင်
မခွဲနိုင်ပုံမျိုးနဲ့ အလွမ်းတွေ သယ်လို့။

ခုတော့....။

ကျွန်တော်သေလို့ ရက်လည်ကျော်ရုံ ရှိသေး။

လက်ထပ်တော့မယ်တဲ့။

လင်ယူတော့ မယ်တဲ့။

ဇာဩော် သူတို့အထက်လွှာ မိန်းကလေးတွေရဲ့ အလွမ်းက
ခုနစ်ရက်ထက် ပိုမခံတဲ့ ခုနစ်ရက် အလွမ်းပဲလား။





သူတို့ အချစ်ကကော မာယာခုနစ်ထွေနဲ့ လှည့်စားတတ်တဲ့
ခုနစ်ထွေ အချစ်ပဲ ထင်ပါရဲ့။

သူတို့ အသည်းကလည်း ယောကျ်ားတယောက် အသည်း
တလွှာတန္နန်းနဲ့ ခုနစ်လွှာရှိတဲ့ အသည်းပေလား။

အသည်းခုနစ်လွှာ၊ မာယာခုနစ်ထွေ၊ မျက်နှာခုနစ်မျိုးနဲ့
ခုနစ်ရက် သစ္စာရှင်ကြီး မီမီရယ်။

မီမီ့ကို အသည်းကွဲအောင် ချစ်ခဲ့ရသမျှ ရင်နာအောင် မုန်း
ရတော့မယ်။

မချစ်ရတော့ ပေမယ့် မမုန်းပါရစေနဲ့ မီမီရယ်။

မောင် မီမီ့ကို မမုန်းချင်ပါဘူး။

ကံကောင်း ထောက်မစွာပင် သယ်စရာ ပစ္စည်းတွေကုန်
သွားသည်။

ကျွန်တော်လည်း မီမီတို့ကားဘေးမှ ဖြတ်၍ တိုက်နောက်
ဘက်သို့ ပတ်ထွက်ခဲ့မိသည်။

ကျွန်တော် ကျောခိုင်းခဲ့ရာ တိုက်ထဲမှာတော့ ဆူညံနှုတ်ဆက်
သံများဖြင့် ပွက်လောရိုက်ကျန်ရစ်ခဲ့ပါသည်။

ကေန္တတော့ ဦးမျိုးခေါင် အပေါ်ထပ်မှ ဆင်းလာပြီး
ဒေါ်မြစိန်တို့နှင့် တွေ့လိုက်ပြီ ထင်သည်။

ကားဘေးမှ အဖြတ်တွင် မီမီနှင့်ကျွန်တော် အကြည့်ချင်း
တချက် ဆုံသွားရပြန်သည်။

မီမီ ယုန်မျက်လုံးအကြောင်သားဖြင့် ကျွန်တော့ကို တချက်
မော့ကြည့်လိုက်ရာက ခေါင်းငုံ့သွားသည်ကို ကျွန်တော်တွေ့ခဲ့ရ
သည်။

ကျွန်တော်လည်း အိမ်တန်းလျားကြီးဘက် သွားမယ် ပြ
ပြီးမှ ဘာစိတ်ကူးပေါက်သည်မသိ။ တိုက်နောက်ဖေးပေါက်
တိုက်ထဲ ပြန်ဝင်မိခဲ့ပါသည်။

ဤတွင်။

ဒရိုင်ဘာနှစ်ယောက်နှင့် ဦးမျိုးခေါင်၏ ထမင်းချက် အဘို
ကြီး သုံးယောက်ပေါင်း၍ မိမိလတ်တို့ပစ္စည်းများအား ကျွ
တော့်အခန်းခြေရင်းခန်းကြီးထဲသို့ သွင်းလား ပိုးလား လု
နေတာ တွေ့လိုက်ရသည်။

ဦးမျိုးခေါင်တို့ ခမည်းခမက်တစုကတော့ ဧည့်ခန်း ဆိုဖ
စုကြီးတွင် စကားလက်ဆုံကျနေကြသည်။

ကျွန်တော်လည်း ကျွန်တော့်အခန်းကို ဖွင့်ဝင်ခဲ့ပြီး တံခါး
ချက်ပိတ်၍ ခုတင်ပေါ် တက်လှဲနေလိုက်မိသည်။

ကျွန်တော့်တကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်လျက်
ရှိသည်။

အသံထွက်မတတ် မောပမ်းနွမ်းလျနေရသည်။

လက်ဒဏ်ရာမှ တဆစ်ဆစ် ကိုက်ခဲမှုကို အသည်းအသန်
ခံစားခဲ့ရသည်။

ထို့ထက်ထို့ထက် အဆပေါင်းများစွာ ဆိုးသည်က မိမိတို့
ရောက်လာရသည့်အဖြစ်နှင့် မိမိ့မျက်နှာတော် ရွှေစဉ်အိုကို
တွေးမျှော်မြင်ယောင်မိလေတိုင်း....

မိမိ.... သက်ခိုင်နှင့် လက်ဆက်ရန် ရောက်လာရသည်မှာ
သေချာနေပါလေပြီ။





သက်ခိုင်ဆိုသည်က ကျွန်တော့်ညီလေး ရဲမော်နှင့် ကမ္ဘာ့ရန်သူ။

ရဲမော်၏ ကမ္ဘာရန်ဘဝနှင့် မဆုံဆည်းရခင်ပင် ကျွန်တော်၏ မမြင်ရသော မဟာရန်သူဖြစ်ပြီးသား ဒုစရိုက်သမားတယောက် မဟုတ်ပါလား။

ညီလေး ရဲမော်ကို မတော်တဆ သတ်မိ၍ လူချင်းလဲသေပေးခဲ့မိခြင်းမှာ ခုတော့ ကျွန်တော်ချစ်သည်းမလေး မိမိ့ကို ရန်သူ့လက် ဝကွက်အပ်ခဲ့သလို ဖြစ်ခဲ့ရပါပြီကော။

သို့သော် ဒုစရိုက်ဂိုဏ်းကို ခြေရာခံလိုက်ဖို့ ကြံယင်း သက်ခိုင်တို့နှင့် အဆက်အသွယ်ရ၍ သည်တိုက်ကြီးထဲရောက်နေရခဲ့ခြင်းဖြင့် မိမိ့ကို ပြန်တွေ့ဖို့အကြောင်း ဖန်လာရပြန်သည်။

သည်မှာပင် တမျိုးခက်သွားရသည်က ကျွန်တော် ရဲဇော်သေပြီလို့ မိမိနားလည်ထားခဲ့ခြင်း။

လောလောလတ်လတ်အားဖြင့် ကျွန်တော်နှင့် ပက်ပင်းတွေ့ခဲ့ရသည့်တိုင်အောင် သူ့ချစ်သူ ရဲဇော်လို့ ထင်တော့မည်မဟုတ်။

ရဲဇော်နှင့် တဖုံတသွင်တည်း တူလှသော လူတယောက်လို့သာ သတ်မှတ်ထားလိုက်မှာ ကျိန်းသေပေါက်။

အလွန်ဆုံးအနေဖြင့် သူနှင့်ကျွန်တော် တွဲသွားတွဲလာစဉ်က ကျောက်ခါးပတ်တွင် ကျွန်တော်နှင့် အမြွာညီငယ် ရှိကြောင်း မကြာခဏ ပြောမိသည်ကို သတိရချင်ရဖို့သာ ရှိပါလိမ့်မည်....။

ခုတိုင်းဆိုလျှင် ကျွန်တော်ကတော့ သူထင်သလို သူစိမ်းပြင်ပြင်ပဲ နေရဦးမည်။

မနန်းကြူ မိသားစုနှင့် သတ်ခိုင်တို့အဖွဲ့ကို စတွေ့တုန်းက မသိပါလျက်နှင့် သိချင်ယောင်ဆောင်ခဲ့ရသည်။

ခုတော့ ကျွန်တော်က မိမိ့ကို သိပါလျက်နှင့် မသိချင်ယောင်ဆောင်ရပေဦးတော့မည်။

ဩော်.... ကိုယ့်ရည်းစား အရင်းခေါက်ခေါက်ကလေးကိုမှ မသိချင်ယောင်ဆောင်ရဦးမည်....တဲ့။

ကျွန်တော့်အပေါ်ကိုမှ နှိုပ်နယ်ကလူ ရမ်းကားရက်စက်ခဲ့လေသော ကံကြမ္မာဆိုသည်မှာ အကောင်အထည်ကြီးနှင့်သာ ရှိခဲ့ပါက စိတ်ရှိလက်ရှိ ပြေးသတ်လိုက်ချင်ပါတော့သည်။

ကံကြမ္မာ၏ အလှည့်အပြောင်းအလိုက် ကျွန်တော် ကပြနေရသည်။ အနေအထားကတော့ 'ပန်းတလိန် နန်းတလိန်'။

အဆင်မရိုးအောင် တမျိုးပြီးတမျိုး....။

တွန့်လိန် ကွေ့ကောက် ယက်ဖောက်သွားလေး ပြေးလိုက်ပေဦးတော့ပေါ့လေ....။

ဘာပဲဖြစ်ဖြစ် သည်တချီတော့ သည်ဇာတ်ကို ရှေ့ဆက် က နိုင်ပါတော့မတဲ့လား....

ကျွန်တော့် ဦးနှောက်ထဲမှာ ယိုယွင်းဖောက်ပြန်စ ပြုရှိ အတွေးအခေါ်တွေ ဇောက်တိဇောက်ကန်း ဝင်သရမ်းနေပြီလား မပြောတတ်ပါချေပြီ။

ခေါင်းတခေါင်းလုံး ရှုပ်ထွေးနောက်ကျိ ယစ်မူးနေရသည်ကတော့ အမှန်....။





ပြဿနာမျိုးစုံ အတုံးလိုက် အတစ်လိုက် တခုပြီးတခု ဆပ်ကာဆင့်ကာ ဖိဝင်လာနေတော့လည်း ဘယ်သူခံနိုင်ပါဦးတော့မလဲ။

ရင်ပူနေသည်။

ဗယ်ညာပြောင်း၍ စောင်းလှိမ့်နေမိသည်။

ထိုင်တော့လည်း အခက်....။

ထပြန်လည်း မသက်သာ....။

မိမိရယ်.... ကိုဇော်တော့ အချစ်နတ်ဆိုး ဖမ်းစားခံနေရပြီ ကောက္ကယ်...။

ဘယ်လိုမှ မနေသာလေတော့ သည်၏အဆုံး ခုတင်ပေါ်မှ ဆင်း၍ အခန်းထဲမှ ထွက်လိုက်မိပြန်သည်။

စိတ်ထဲက နှောက်ဖေးပေါက်ရယ်လို့ ထွက်လိုက်ပေမယ့် ခြေလှမ်းတွေက သူ့အလိုလို အိမ်ရှေ့ဘက် ရောက်သွားသည်။

ဧည့်ခန်းထဲတွင် မိမိနှင့် ကျောက်ပေါက်မာ သဲ့သဲ့ပိုင်ရှင် အိမ်ဖော်မလေး နှစ်ယောက်တည်း ထိုင်နေကြသည်ကို တွေ့လိုက်ရသည်။

လူကြီးတွေ အပေါ်ထပ် တက်သွားကြဟန်တူသည်။

သက်ခိုင်ဆီကို လူမမာမေး ရောက်နေကြပြီ ထင်သည်။

မိမိက ပေကပ်၍ ကျန်ရစ်ခဲ့တာပဲ ဖြစ်ရမည်။

တိုက်ခန်းဘေးမှ ထွက်လာသော ကျွန်တော့်ကို အမှတ်မထင် ကြည့်မြင်လိုက်သည်ဆိုလျှင်ပင် မိမိ၏ ကျောက်ဆစ်ရုပ် မျက်နှာလေးမှာ အသက်ဝင်လာသလိုလို....။

ညိုးရော်ရော် မျက်လုံးလေးတွေက အရောင်တလက်လက်
တောက်ပလာပြီး မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်ထ
သည်။

ကျွန်တော်ကမသိကျိုးကျွံပြုကာ သူတို့ရှေ့မှာ ဖြတ်ခဲ့သည်
သံဘာဂျာ တံခါးဆီသို့ အရှိန်မပျက် ဦးတည်လျှော
လာသည်။

စေ့ထားသော တံခါးကို ဆွဲဖွင့်မည်အပြုမှာပင် နော
ကျောဘက်မှ ခေါ်သံသြားလိုက်ရသည်။

'ဩော် ... ရှင့် ... ဒီမယ်'

ပထမတော့ မကြားချင်ယောင်ဆောင်၍ ဇွတ်ထွက်သွ
မလားလို့ ကြံမိသေးသည်။

ဘာများ ခေါ်ပြောမလို့ပါလိမ့် ဟူသော သိချင်စိတ်
သွားကြည့်လေ.... ဟု တွန်းပို့ခဲ့ရာမှ နောက်လှည့်လိုက်မိ
ကိုယ့်ကိုယ်ကို လက်ညှိုးပြန်ထိုးလျက်....

'ကျုပ်ကိုလား'

မေးမေးသွားသွားနှင့်ပင် ဆိုဖာကြီးပေါ်တွင် မထိုင်မ
ကြွတတရှေးဖြစ်နေသော မီမီလတ်ရှေ့တော်မှောက်ကို တလှ
ချင်းရောက်ခဲ့ရပါလေတော့သည်။

သည်တော့ မီမီ ဆိုဖာပေါ်သို့ ပြန်ထိုင်ချလိုက်ပါသည
ပြီးမှတော့—

• အပြုံးနွမ်းလေးတွေ ကြိုးကြာသံစွက်၍....

'ဟုတ်ပါတယ် ရှင့်ကို ခေါ်နေတာ'





'ဘာကိစ္စရှိလို့လဲ အမိ.... ကျုပ်မှာသွားစရာ အရေးကြီးတယ်
အမိရဲ့'

'မေးစရာလေး နည်းနည်းရှိလို့ပါရှင်.... ခဏလောက် ထိုင်
ပါဦး'

'ဒုက္ခရေ.... သွားစရာရှိပါတယ်ဆိုမှ ထိုင်စမ်းပါဦးတဲ့၊ ကဲ
ထိုင်ပါပြီတဲ့ဗျာ.... မေးစရာဆိုတာသာ မြန်မြန်မေး'

မီမီလတ်က အေးအေးသာသာလေး ပြောခဲ့သလောက်
ကျွန်တော်ကတော့ လေသံပြတ်နဲ့ချည်း ပြန်တွယ်နေမိသည်။

သည်ကြားထဲက မီမီလတ်နှင့် မျက်စောင်းထိုး ဆိုဖာကြီး
ဘွင် ဝင်ထိုင်လိုက်မိသည်။

ထိုင်လိုက်ပြန်တော့လည်း မီမီလတ်က စကားမစသေးပဲ
ကျွန်တော့်ကိုသာ ခြေဆုံးခေါင်းဆုံးလျှောက်ကြည့်နေခဲ့သည်။

နောက်ဆုံးမှ ရုတ်တရက်....

'ရှင်.... ဘယ်သူလဲဟင်...'

'ဘယ်လို.... ဘယ်လို၊ ဘာမေးလိုက်တယ်ဗျ'

'ဩော်.... ရှင့်နာမည် ဘယ်သူလဲလို့ပါ'

'တုတ်ပေါတဲ့'

'ရှင်.... တုတ်ပေါတဲ့'

'တုတ်ပေါတဲ့ မဟုတ်ဘူး.... တုတ်ပေါ .. တုတ်ပေါ'

'တုတ်ပေါ တုတ်ပေါ ဆိုတော့ နာမည်က အရှည်ကြီး....'

'ဟာ....သေတော့မှာပဲ၊ အမိနဲ့ ကျုပ်နဲ့ နှစ်လုံးတည် နဲ့ရှုပ်
နေပြီ၊ ဘာလဲ အမိက ကျုပ်ကို စစချင်း ဘု မှတ်ရကောင်း
လားဆိုပြီး ကလဲ့စားချေ အရှုပ်လုပ်ဘာလားဟင်'

ကျွန်တော် စိတ်တိုလာပြီဆိုတော့လည်း မိမိ့ မျက်နှာလေးမှာ ပြုံးစစကလေး ဖြစ်နေရာမှ ပြန်တည်သွားပါသည်။

မိမိ့ဘေးမှ အိမ်ဖော်မလေးကတော့ ကျွန်တော်တို့အဖြစ်ကို ကြည့်ပြီး ပါးစပ်ကို လက်ဝါးကာ၍ ရယ်နေရဆဲ။

မိမိ့ဆီက ရေရွတ်သံလေး ပေါ်လာသည်။

'ဒါဖြင့် ရှင်.... ကိုရဲမော် ဆိုတာကော မဟုတ်ဘူးပေါ့နော်'

'ခက်ရပါလားကွာ၊ တုတ်ပေါပါ ဆိုနေမှ၊ကိုရဲမော် မဟုတ်ဘူးပေါ့နော်ဆိုတော့ ဒီကကောင် ဘာ ပြန်ပြောရပါ့မလဲ၊ ဒီမယ်အမိ.... ဆေးလေးဘာလေး စားစမ်းပါဦး၊ အယင်ဆေးကော ကုန်သွားပြီလား၊ နို့မဟုတ်ယင်တော့ ရန်ကုန်သွားနေရလိမ့်မယ်နော်'

'ကျွန်မက ဘာဖြစ်လို့ ရန်ကုန်သွားရမှာလဲရှင့်'

'ဩော် ကျုပ်တို့ ကျောက်ခါးပတ်မှာ စိတ္တဇ ဆေးရုံမရှိလို့ပေါ့ အမိရဲ့'

'ဟင်.... ဒါ ဒါ ရှင် ကျွန်မကို ရူးနေပြီလို့ ပြောတာပေါ့လေ၊ရှင် တော်တော် စော်ကားလိုက်ပါလားဟင်....ရှင်တို့မြို့မှာ ဘုန်းကြီးကျောင်း မရှိဘူးလား'

'ဘုန်းကြီးကျောင်းရှိတော့ အမိက သီလရှင် ဝတ်ချင်လို့လား'

ကျွန်တော်က ဘုနှင့်ဘောက် မှတ်နေသမျှ မိမိတယောက် အံလေး တကြိတ်ကြိတ်နှင့် ဒေါသ လှုလှုလေး ဖြစ်လာရပါချေပြီ။





'ဘုန်းကြီးကျောင်း မေးတာ သီလရှင်ဝတ်ဖို့ မဟုတ်ဘူးရှင့်၊ ဘုရားသံ တရားသံ မကြားဖူးဘူးထင်ရအောင် ရှင်ရိုင်းလှချည်လားလို့ပြောတာ'

'ကျုပ်ကလဲ ဒီလိုပဲပေါ့ဗျ၊ ရန်ကုန်သွား ဆေးကုလို့ဆိုတာ ခင်ဗျာ့း စိတ်သိပ်မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောတာ၊ ရူးနေပါပြီလို့ မဆိုလို သေးဘူး'

'ကြည့်လေ၊ ပြောလေ ကဲလေပဲ၊ ဘုတုတုနဲ့၊ ဘယ်လို လူမျိုးမှန်း မသိဘူး'

'ကျွန်တော် မြန်မာလူမျိုးပါ'

'အို.... သူများတကာ စိတ်ညစ်ရတဲ့အထဲ သူက တမျိုးသူနဲ့ မိမိသိတဲ့ လူတယောက်နဲ့ သိပ်တူနေလို့ ခေါ်မေးကြည့်တာ၊အားနွဲ့တဲ့ မိန်းကလေးတယောက်ကို ကူညီမယ်လို့ မရှိဘူး၊ ကဲ.... သွားပါတော့ရှင်၊ ရှင့်ကို ကျေးဇူးတင်ပါတယ်၊အနှောင့်အယှက် ပေးမိတဲ့ အတွက်လဲ ခွင့်လွှတ်ပါ'

မိမိ့ခမျာ ကျွန်တော့်ကို လက်လျှော့ အရှုံးပေးလိုက်ဟန်ဖြင့် မျက်ရည်လေး တစမ်းစမ်းနှင့် ငိုသံလေးတောင်ပါလို့။

သည်တော့လည်း ကျွန်တော် စိတ်မချမ်းသာနိုင်အောင် ဖြစ်သွားရပြန်သည်။

ကိုယ့်ချစ်သူ ငိုတာကို ဘယ်လိုလူ ကြည့်နိုင်ရက်ပါ့မလဲလို့။

'ငိုတော့ မငိုလိုက်ပါနဲ့ဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ ခင်ဗျားက အစကတည်းက ရေရေလည်လည် မေးတာမှမဟုတ်ပဲ၊ ရှေ့လောကြီးပြီး သိချင်တာသာ စွပ်မေးနေတော့ ကျုပ်

ကို တမင်ခေါ် ကြောင်တယ်ထင်ပြီး ဘုလျှောက်တော နေ
တာပေါ့၊ ကဲ ကျုပ်နဲ့ တူတယ်ဆိုတဲ့လူက ဘယ်သူတဲ့လဲ’

‘မိမိတို့ ကျောက်ခါးပတ်က လူတယောက်ပါ၊ ဒီမှာလဲသူ
အမြွာပူး ညီတယောက်ရှိတယ်ဆိုလို့ ရှင်များ ဖြစ်နေမလားလို့
ပါ၊ ရဲမော် ဆိုတာက ညီလေ’

‘အစ်ကို နာမည်ကကော’

‘ရဲဇော်တဲ့’

‘ဟာ....ဒီလိုဆို အဲဒီညီအစ်ကိုနဲ့ ကျုပ်နဲ့ ပါဆိုယင် လူသုံး
ယောက်တောင် ဖြစ်နေတာပေါ့၊ အမိ ပြောတဲ့လူနဲ့ ကျုပ်
တော်တော့်ကို တူနေလို့လား၊ သေသေချာချာ ကြည့်စမ်းပါဦး၊
နည်းနည်းလေးမှ မကွဲဘူးလား’

တမင်မေးလိုက်ယင်း ကျွန်တော်က မိမိ့ကို အကဲခတ်
ကြည့် နေလိုက်မိသည်။

မိမိသည် ကျွန်တော့်ကို မျက်လုံးကလေး ကွတ်ထွက်
မတတ် ဘေးတိုက် တမျိုး၊ ငုံ့၍ တမျိုး၊ တည့်တည့် တမျိုး၊
ရှုထောင့်အမျိုးမျိုးမှ လေ့လာ သုံးသပ်ခဲ့ပြီး ဆိုဖာပေါ်တွင်
နေသားတကျလေး ပြန်ထိုင်လိုက်သည်။

နောက်မှ....

သက်ပြင်းလေးတချက် ညင်ညင်သာသာ ချလိုက်ယင်း....

‘တူတယ်ရှင့်....တူသမှ ချွတ်စွပ်ပါပဲ’

တူမှာပေါ့။ သူ့ရည်းစား အစစ်ကြီးပဲဥစ္စာ။ ကျွန်တော့်
စိတ်ထဲမှ အသိပေးစကားပြောလိုက်မိယင်း နှုတ်ကတော့....





‘အား ကျုပ်နဲ့ တူတယ်ဆိုယင်တော့ ဒီလူ ကြီးပွားဦးမှာ
ပဲ၊ ဒါနဲ့ သူ့အလုပ်အကိုင်က ဘာတဲ့လဲ’

‘ရဲအရာရှိလေး တယောက်ပါ၊ ဒု-ရဲအုပ် ဆိုပါတော့’

ကျွန်တော် စဉ်းစားဟန် လုပ်လိုက်သည်။

အင်း... မိမိ ငါ့ကို မမေ့သေးဘူးပဲ။

ရှိပါစေတော့....။ ဟန်ကိုယ့်ဖို့....မာန်သူ့ဖို့....တဲ့။

‘ကျုပ်....အမိပြောတဲ့လူနဲ့ တွေ့ချင်လိုက်တာဗျာ၊ ကျုပ်နဲ့
ဘယ်အထိတူတယ်ဆိုတာ သွားယှဉ်ကြည့်ချင်လို့ပါ....’

‘ဒါပေမယ့် အဲဒီလူက မရှိတော့ဘူး ရှင့်’

‘မရှိတော့ဘူးဆိုတော့ နိုင်ငံခြားများ သွားနေလို့လား
ဗျ....ဟင်—’

‘ရှင့်ရောဂါ ဖောက်လာပြန်ပြီ.... မရှိတော့ဘူးဆိုတာက
ဆုံးသွားလို့ရှင့်....သေသွားလို့ သူသေလို့ ရက်လည်ဆွမ်းတောင်
သွပ်ပြီးပြီ’

‘ကျွတ်ကျွတ်....ကျွတ်ကျွတ် နှမြောစရာကောင်းလိုက်တာဗျာ
တုတ်ပေါလို ရုပ်ချောတဲ့ လူမျိုးက အရှားသားပဲနော်၊ စကား
မစပ် မေးရဦးမယ်.... အဲဒီလူမှာ ကျန်ရစ်သူ ဆွေမျိုးသားချင်း
ဘာညာ မရှိတော့ဘူးလားဟင်’

‘ရှင်က ဘာလုပ်မလို့ မေးရတာလဲ’

‘ဩော်....သူ့အကြောင်း စိတ်ဝင်စားသလို ဖြစ်လာလို့ပါ၊
သူနဲ့ ကျုပ်က ရုပ်ချင်းတူတယ် မဟုတ်လား’

‘သူ့မှာ မအေအိုကြီး တယောက်တော့ ကျန်ရစ်ခဲ့တယ်
ဆိုလားပဲ၊ ဒါပေမယ့် ဘဝတူ ပတ်ဝန်းကျင်က စောင့်ရှောက်

ထားတော့ ကောင်းကောင်းမွန်မွန်ပဲ နေရတာပါပဲလေ....သူ
သားကိုတော့ သူလွမ်းတာပေါ့ရှင်.... သူ့သားကပဲ သူ့
လုပ်ကိုင် ကျွေးနေတာကိုး၊ ဒီလိုလိမ္မာတော့လဲ အဘွားကြီ
အနေနဲ့ တသသဖြစ်နေရတာပေါ့..'

'ဟို.... ပြီးတော့ အဲဒီလူမှာ ဟိုဒင်းတွေ ဘာတွေ မရှိဘူ
လားဟင်....'

ကျွန်တော့်အပြောကြောင့် မိမိ့ခမျာ မအူမလည်လေးဖြ
သွားရရှာပြန်သည်။

သည်တော့ ကျွန်တော်ကပင် တဆက်တည်း ရှင်းပြလိုက်
ပါသည်။

'ဒီလိုအမိရဲ့.... ကျုပ်ဆိုလိုတာက သူ့အမေကြီးအပြင် လွမ်
ဆွတ်ကျန်ရစ်ခဲ့တဲ့ ဘာခေါ်ရမလဲ ရည်းစားလေး သနာလေ
ပေါ့ဗျာ....'

'ဒါ... ဒါတော့ ကျွန်မ ဘယ်သိပါ့မလဲရှင်၊ ရှင်မေးတာတွေ
က ကပ်သီးကပ်သတ်နဲ့ ဘာအဓိပ္ပာယ်မှန်းလဲမသိဘူး'

'ဩော်.... အမိဖဲ ပြောခဲ့တယ် မဟုတ်လား၊ ဟိုလူနဲ့ကျုပ်
သိပ်တူတယ်လို့၊ အဲဒီတော့ သူ့ရည်းစားကို ပုံမှားရိုက်ပြီ
သွားဆွဲရ ကောင်းမလားလို့၊ ဘယ့်နှယ့်လဲ.... မဖြစ်နိုင်ဘူးလာ
အမိ၊ ကျုပ်အကြံမပိုင်ဘူးလား'

'ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲရှင်၊ သေတဲ့လူ ပြန်လာတယ်
ဆိုတာ ဘယ်သူကရော ယုံမှာမို့လဲ'

'ဒါပေမယ့် တချို့လူတွေပြောတာ ကြားဖူးတယ် အမိရဲ့
လူသေက စကားပြောတတ်တယ်တဲ့'





မိမိလတ်သည် ဆတ်ကနဲ ကျွန်တော့်ကို မော့ကြည့်လိုက်ပါသည်။

ပြီးတော့ တစုံတခုကို အလေးအနက် တွေးလိုက်ဟန်ဖြင့် မျက်လုံးလေး ဝေရီသွားသည်။

နောက် မျက်နှာလေး ညှိုးကျသွားသည်။

ထိုအခိုက်မှာပင်။

ကျွန်တော်တို့နောက်ဘက် တိုက်ပေါ်လှေကားဆီမှ ဆင်းလာကြသော ခြေသံများကို ကြားလိုက်ရသည်။

စကားပြောသံတွေသည်း တဝေါဝေါထွက်ပေါ်လာသည်။

ကျွန်တော့်အဖို့ လစ်ချိန်တန်ပြီလို့ နားလည်လိုက်ပြီး ထိုင်ရာမှ ထမိသည်။

'သွားတော့မလား ကိုတုတ်ပေါ်'

'နောက်များမှ အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့.... မ ...'

'မိမိလတ်ပါ'

'နော်.... မမိမိလတ်၊ ကျွန်တော့်မှာ သွားစရာလေး ရှိနေသေးလို့ပါ၊ ဩော်... မမိမိအနေနဲ့ လိုတဲ့အကူအညီရှိလဲ ပြောပေါ့၊ အတတ်နိုင်ဆုံး ကျွန်တော် ကူညီပေးပါ့မယ်၊ ကျွန်တော်က အန်ကယ်ဦးမျိုးခေါင်ရဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေး တာဝန်ခံဆိုပါတော့လေ'

'အလို.... ခုမှပဲ မြင်မိတော့တယ်၊ ရှင့်လက်က ပတ်တီးစည်းလို့ပါလား၊ ဘာဖြစ်တာတုံးဟင်'

အရေးထဲ မိမိလတ်က စကားအမျှင်မပြတ်။

ဦးမျိုးခေါင်တို့ ခမည်းခမက် အုပ်စုကတော့ တဆစ်ချိုး လှေကားလယ်သို့ ဆင်းမိကြလေပြီ။

ကျွန်တော်လည်း မီမီ့ကို ကမန်းကတန်းပင် ဖြေချလိုက်မိ၏။

'မတော်တဆ သေနတ်ထိတာပါ မီမီ'

'ရှင်.... ဟိုတယောက်လဲ သေနတ်မှန်လို့ပဲ ဆိုပါလား'

'ဟုတ်တယ်၊ ကျွန်တော့်သေနတ်ပြောင်ယင်းနဲ့ ကျည်ဆန်ထွက်သွားတာ မမီမီ'

'နေပါဦး၊ ရှင်တို့အလုပ်က ကုန်ကူးတာဆိုပြီး သေနတ်ကိုင်ရသလားလို့'

'ဟာ....မကိုင်လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူပုန်ဒမြရန်တွေ ရှိနေတာကိုး'

'အို....ဖေဖေတို့ ကုန်ကူးခဲ့တဲ့ အချိန်တုန်းကတော့ သေနတ်ဆောင်ရတယ်လို့ မကြားဖူးပါဘူး'

ကျွန်တော် ဘာမှပြန်မပြောလိုက်နိုင်ခင်မှာပင် ဦးမျိုးခေါင်တို့ ကျွန်တော်တို့အနားသို့ ရောက်လာကြပါတော့သည်။

ရှောင်ဖေသော်လည်း မလွတ်သာ ဆိုသလို ပက်ပင်းမိခဲ့ရပါလေပြီ။

မီမီနှင့်စကားပြောနေခဲ့သည့် အဖြစ်ကို ဦးမျိုးခေါင်စိတ်ထဲ ဘယ်သို့ ထင်သွားပေမည်နည်း။

တော်ပါသေးသည်။





ဒေါ်မြစိန် လှမ်းပြော လိုက်သော စကားတခွန်းက ကျွန်တော့်ဘက်မှ ဖေးဖေးမမအကာအကွယ်ပြုလိုက်သလို ဖြစ်သွားသည်။

'သမီးက မောင်တုတ်ပေါ်ကို ဘာများခိုင်းနေပါလိမ့်ကွယ်၊ မောင်တုတ်ပေါ်ရယ်.. အန်တီ့သမီးလေးက နွဲ့ဆိုးဆိုးတတ်တာမို့ တော်ရုံတန်ရုံ ဟာတော့ သည်းခံပြီး လုပ်ပေးလိုက်ပါကွာနော်'

သို့ပေမယ့် ကျွန်တော့်ကို မောင်တုတ်ပေါ် ခေါ်လိုက်သည့် အတွက် တမျိုးဆိုးသွားပြန်သည်။ ပေါ့စေချင်လို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေးဆိုတာ 'ခုမှ အစစ်။

ကြည့်လေ....၊ ဦးမျိုးခေါင်က

'ခုန ဘယ်လိုခေါ်လိုက်တယ်ဒေါ်မြစိန်၊ မောင်တုတ်ပေါ်တဲ့ ဟုတ်လား၊ ခင်ဗျားကို ဘယ်သူကများ နောက်ထား လိုက်ပါလိမ့်ဗျာ၊ သူ့နာမည်က တုတ်ပေါ်မဟုတ်ဘူး၊ ရဲမော်တဲ့ဗျ... ရဲမော် ဟား ဟား ဟား ဟား'

'သိပါဘူးရှင်၊ သူကိုယ်တိုင် ပါးစပ်ဖျားက ပြောခဲ့တာပဲဥစ္စာ၊ ကဲ....ဘယ့်နှယ်သူငယ်၊ စောစောကပြောတော့ သူငယ့်နာမည် တုတ်ပေါ်ဆို'

ဒေါ်မြစိန်လည်း ရှက်တက်တက် ဖြစ်သွားရာမှ ကျွန်တော့်ဘက် လှည့်မဲပါတော့သည်။

သူ့မေးသံမှာ ငေါက်ငေါက် ငမ်းငမ်း နိုင်လှသည်။

ရွှေကိုင်းမျက်မှန်ကြီးထဲမှ မျက်လုံးတွေကလည်း မယ်ကုဝဏ်နှင့် နင်လား ငါလား ဖြစ်လာသည်။

ထို့အတူ ဦးမျိုးခေါင်မှာလည်း နားမလည် အံ့ဩမှုတွေ ဝေ
ဆာ၍ ပါးစပ် အဟောင်းသားကြီး ဖြစ်သွားရာက—

'ကဲ ရှင်းစမ်းပါဦး မောင်ရဲမော်၊ မင်းပြဿနာမင်း၊ လူကြီး
တွေကို တခါမှ မင်းဒီလို မနှောက်ဘူးမပြောင်ဘူးပါလားကွာ'

အသေးအဖွဲမှ စခဲ့သော ပြဿနာ ကတော့ ခေါင်ခိုက်နေ
လေပြီ။

ဦးမျိုးခေါင်၊ ဒေါ်မြစိန်နှင့်အတူ မီမီလတ်ခမျာ ကလည်း
ကျွန်တော့်ကို အကြောင်သားလေး ငေးနေခဲ့ပါသည်။

ကျွန်တော်မှ ချောချောပြေပြေမဖြေနိုင်လျှင် မတော်ရသော
ယောက္ခမတဝမ်းကွဲကြီးက သူ့ကို မရှိမသေ မလေးမခန့် လုပ်
သည်ဟု စွပ်စွဲပေတော့မည်။

ကျွန်တော် ဇောချွေးများပင် ပြန်လာရတော့သည်။

ဦးနှောက်ကို စက်ကုန်ဖွင့်၍ မောင်းလိုက်ရသည်။

ကံအားလျော်စွာပင် တခ်နူပ္ပတ္တိဉာဏ် (ခေါ်) အရေးပေါ်
တံခါးပွင့်လာတော့မှ—

'အ္ဟ-အဲ....ဒီလိုပါခင်ဗျ၊ အန်တီ အမှန်တော့ ကျွန်တော်
သက်သက်နှောက်တာ မဟုတ်ပါဘူး အန်ကယ်၊ ဒီ အန်တီက
ကျွန်တော့်ငယ်နာမည်ကို မေးတယ်အောက်မေ့လို့ ငယ်နာမည်
တုတ်ပေါ်ဆိုတာပြောခဲ့မိတာပါ၊ ဒီတော့ငယ်နာမည်တုတ်ပေါ်၊
တုတ်ပေါ်ဆိုတာက ငယ်နာမည်၊ ရဲမော်ဆိုတာက ကြီးနာမည်
နှစ်ခုလုံး မှန်ပါတယ်'





'သူငယ်ပြောတာ ဖြစ်နိုင်တယ် မစိန်ရဲ့၊ မင်းကလဲ သူငယ်
သူငယ်နဲ့ ခေါ်နေတာ မဟုတ်လား၊ သူငယ်နာမည်ဆိုတာ ငယ်
နာမည်လို့ ကြားပြီး သူဖြေခဲ့တာ နေမှာပါ'

'အဲဒီ အတိုင်းပါပဲ ခင်ဗျာ၊ ဟောဒီက အန်ကယ်ပြောတာ
အမှန်ပါပဲ'

ဒေါ်မြစိန်၏ ခင်ပွန်း ဦးတင်လတ်သာ တရားခံ အကျိုး
ဆောင် ဝင်မလုပ်လိုက်ပါက ကျွန်တော့်ခမျာ နာမည်လိမ်မှု၊
အသရေ ကျဆင်းမှုတို့ဖြင့် အရေးယူခံရတော့မည်လား မပြော
တတ်ပါ။

သည်လိုနှင့် ကျွန်တော် သူတို့ရှေ့မှောက်မှ အလွတ် ရုန်း
ထွက် နိုင်ခဲ့ပြီးနောက် ခြံပြင်သို့ ရောက်ခဲ့ရာမှ ခြေဦးတည့်ရာ
လျှောက်သွားမိပါတော့သည်။

စောစောပိုင်းက မီမီ့ကို အကြောင်ရိုက်၍ မထိတထိကလိ
နေမိစဉ်က မြူးရွှင်အားရခဲ့သလောက် ခုတော့လည်း ကျွန်တော့်
မှာ အသည်းဆွေး ရင်လေးနေခဲ့ရပါချေပြီ။

အသည်းဆွေးရခြင်း အကြောင်းရင်းက-

မီမီသည် ယခုအချိန်တိုင်အောင် ကျွန်တော့်အပေါ်တွင်
သံယောဇဉ် ငြိတွယ် ချစ်ရနံ့မပြယ်သေးကြောင်း သိလိုက်ရ
သည်နှင့် အမျှ။

ကျွန်တော့်အတွက် သူ့အသည်း ကိုသက်ခိုင် လက်ထဲသို့
လိုလိုချင်ချင် အပ်နှင်းခဲ့ရသည် မဟုတ်ပဲ ငြိုငြိုငြင်ငြင် ဆက်သ
ခဲ့ရခြင်းသာဖြစ်ကြောင်း နားလည်လိုက်ရသောကြောင့် ဖြစ်
ပါသည်။

ဤသည်ကို....

မီမီ နှုတ်ထွက်စကားများနှင့် ဆွေးရိပ်ခြယ်သော မျက်နှာငယ်လေးအပေါ်အဝင်ပူပုံပန်းအသွင်အပြင်တွေက အရင်းအတိုင်းပြခဲ့သည်မဟုတ်ပါလား....။

သည်တော့ မီမီ့ကို ငယ်စာရင်းဖျက်သူအဖြစ် ကျွန်တော့်နှလုံးသား တရားခွင်တွင် ကျွန်တော်ပင်စွဲချက်တင် ကျွန်တော်ပင် စီရင်ချက် ချခဲ့မိသည့်အတွက် ကျွန်တော် တဘက်သတ်ဆန်လှကြောင်းဖြင့် ကျွန်တော့်ကိုယ် ကျွန်တော်မုန်း ယူကျုံးမရ နောင်တတွေ ရခဲ့တော့သည်။

သခင်ရယ်.... တောင်းပန်ပါရစေနော်ကွယ်....။

မှားမိသည့်ဝန်.... မေ့ာင့်အလွန်ပါမီမီရယ်....။

ပြီးတော့....

မီမီက မမုန်းဘူးဆိုခြင်းက ကျွန်တော့် ချစ်စိတ်ကို မီးထိုးပေးခဲ့သလို ရန်သူတော် သက်ခိုင်၏လက်ထဲပါသွားမည်ကိုစိုးရိမ်မှုသည် ဒီရေအလား ကျွန်တော့်ရင်ထဲမှာ တလိပ်လိပ်တက်ခဲ့ရပြန်ပါဘည်။

ဒါကြောင့်လည်း ကျွန်တော် ရဲဇော်ရဲ့ အသည်းလေး....ကြေလုလုဇဆွးခဲ့ရခြင်း ဖြစ်ပါတော့၏။

ရင်လေးရသည့် အကြောင်းမူကား....

ကျွန်တော့်ကို ရဲမော်လို့ သိသွားသည့်နောက် သူ့ကိုအရှုးလုပ်တမ်း ကစားခဲ့ရမလားဆိုတာ စိတ်ဆိုးလိုက်မှာ စိုးသော‌ကြောင့်....။





ကျွန်တော် ရဲဇော့်ညီ ရဲမော်ဖြစ်ကြောင်း နားလည်သွားသော ဒေါ်မြစိန်တို့ကလည်း ဘယ်ကဲ့ကို မှတ်ချက်ချမည်နည်းဆိုသည်ကို ပူပင်မိသည့် အတွက်ကြောင့်....။

ဒေါ်မြစိန်နှင့် ဦးမျိုးခေါင်တို့ ကျွန်တော်နှင့် ပတ်သက်၍ဘာတွေများ အတင်းဘရင်းပစ်၍ မသင်္ကာဖြစ်ကျန်ခဲ့မလဲဟူလည်း အတွေးတွေ ထွေပြားခဲ့ရလေ့သောကြောင့်....။

## အခန်း (၁၃)

ကျွန်တော်ရင်လေးခဲ့သည့်အတိုင်း ကျောက်ခါးပတ်မြို့ထဲမှ ပြန်လာသည့်နောက် ညပိုင်းတွင် ကျွန်တော့်အခန်းထဲသို့ ဦးမျိုး ခေါင်ရောက်လာသည်။

ပြီးတော့ မေးခွန်းကြီး သုံးခု မေးသည်။

ထွေရာလေးပါးတွေ လျှောက်ပြောယင်း မေးခဲ့သည့် မေးခွန်းများ၏ လိုရင်းအချုပ်မှာ....

'မင်းနာမည် တုတ်ပေါလို့ ဒေါ်မြစိန်ကို ပြောခဲ့တာ ငယ်နာမည် မေးတယ်ထင်လို့ ပြောခဲ့တာတော့ မဟုတ်ဘူးထင်တယ် မောင်ရဲမော်.... ရှင်းရှင်းဆိုရလျှင် ဗိုလ်ထက် ခိုင်လုံတဲ့ အကြောင်းတခုခုရှိလို့ပဲ မဟုတ်လား'

ပထမမေးခွန်းကို ကျွန်တော် အမှန်အတိုင်းပဲ ဖြေမိသည်။

ဦးမျိုးခေါင် ခိုင်းလိုက်၍ အောက်ဆင်း အကြည့်တွင် ကျွန်တော့် လက် ဒဏ်ရာကိုမှ မကြည့်မည့်သာ အိမ်ကျွန်အထင်ဖြင့် ကူလီထမ်းခိုင်းသောကြောင့် စိတ်တို သွားရသည့်အထဲ စပ်စု လေရှည်သောကြောင့် ခပ်ချဉ်ချဉ်နှင့် တွေ့ကရာ ကောက်ပြော လိုက်ပါသည်.... ဟု။

ဦးမျိုးခေါင်၏ ဒုတိယ မေးခွန်းမှာ....

ဒါနဲ့ မိမိလတ်က မင်းအစ်ကို ရဲဇော်ရဲ့ ရည်စားဆိုတာ မင်းသိသလား.... အစက မိမိလတ်ကို မင်းတွေ့ဖူးသလား....'

သည်မေးခွန်းကတော့ အရေးကြီးသည်။

တွေ့ဖူးသည်ဟု ဖြေလိုက်လျှင် သူတို့ သက်ခိုင်နှင့် အတင်း အဓမ္မ ပေးစားဖို့ ကြံနေကြကြောင်း ကျွန်တော်နားလည်ခဲ့ပြီဟု သူတွက်မည်။

ကျွန်တော်က အနှောင့်အယှက်များ ပေးလေမလားလို့ ချင့် ချိန်မည်။

တနည်းနည်းဖြင့် ကျွန်တော့်ကို ပထုတ်ဖို့ ကြိုးစားလိမ့် မည်။

သို့ဆိုလျှင်....

ကျွန်တော်နှင့် မိမိတို့ ဝေးသထက် ဝေးရကိန်းမြင်သည်။

ဒါကြောင့်လည်း ကျွန်တော်က သူ့မေးခွန်းကို အထူး သတိထား၍ အမှားမပါအောင် ဖြေခဲ့သည်။

အမှားမပါအောင် ဆိုတာကတော့ ဘူးလုံလုံခါခဲ့ရသည် ပဲပေါ့။







ဘာတလုံးမှ မဖြေပဲ ဘယ်မှာ သွားမှားပါတော့မလဲလို့....။

နောက်ဆုံးအနေနှင့်....

မေးလာသည့် တတိယမေးခွန်းကတော့....။

'အေးကွာ၊ လူတယောက်ရဲ့ လွတ်လပ်ခွင့်ကို စွက်ဖက်တယ် လို့တော့ မယူဆပါနဲ့ မောင်ရဲမော်.... နေ့ခင်းက ကလေးမနဲ့ မင်း ဘာတွေများ စကားလက်ဆုံကျလို့ သူက ဘာပြောခဲ့သလဲ လို့.... ခုလို မေးရတာ တခြား မဟုတ်ဘူးကွ၊ ကိုယ့်ချွေးမ လောင်းလေးအကြောင်း အကဲခတ် သိချင်လို့ပါ'

သူ့ မေးခွန်းက မပိုင်လိုက်သလို ကျွန်တော်ကလည်း တလွဲ ဖြေနိုင်သည်။

မိမိလတ်က သက်ခိုင် ဒဏ်ရာရပုံနှင့် ပတ်သက်၍ ကျွန်တော့် ကို ခေါ်မေးခြင်း ဖြစ်ကြောင်း ခပ်တည်တည်ပဲ လိမ့်ပစ်လိုက် သည့် ဆိုပါတော့။

သို့ဖြင့်....

မိမိလတ် အနေဖြင့် သက်ခိုင်အပေါ် အရေးတယူဂရုတစိုက် ရှိ၍ လက်ထပ်ရေးကို စိတ်ဝင်စားပြီး ရှက်ရွံ့ သိက္ခာဆည်နေ ရ၍သာ သက်ခိုင်နှင့် ထပ်မတွေ့သေးသည့် သဘောကို ရောက် သွားသည်။

တကယ်မူ မိမိလတ် ကျွန်တော့်ကို ဘာတွေမေးခဲ့ကြောင်း သူတို့ အသိပေးမည် မဟုတ်သလို ကျွန်တော့် စကားတွေ အတိုင်း ပြောခဲ့သလားလို့ သူတို့ သွားစစ်လျှင်လည်း ခေါင်း ညိတ် ပြလိုက်မည်လို့သာ ထင်ရသည်။

ထိုမျှမက တကယ့်အချက်ကို ထိန်ချန် လှီးလွှဲ ပြောခဲ့သည့်အတွက် မီမီလတ်ကပင် ကျွန်တော့်အပေါ် ယုံကြည် အားကိုးစိတ် ပေါ်လာနိုင်သေးသည်။

သူတို့သာ သွားစစ်ခဲ့ပါက မီမီလတ်ကို ကျွန်တော် သိမ်းသွင်းပြီးသား ဖြစ်သွားမည်ဆိုလည်း မမှား။

ဒါတွေကြောင့်လဲ ကျွန်တော်က အထက်ကအတိုင်း ဖြေခဲ့ခြင်းဖြစ်သည်။

အမှန်တော့ မေးခွန်းကြီး သုံးခု ဦးမျိုးခေါင် လာမေးသည့် အခိုပ္ပာယ်မှာ ဆိုခဲ့သလို ရဲဇော်ညီ အနေနှင့်ရဲဇော်ချစ်သူ မင်္ဂလာပွဲကို နှောင့်ယှက် ဖျက်ဆီးမှာ စိုး သော ကြောင့် တကြောင်း။

မီမီလတ်၏ မိခင် ဒေါ်မြစိန်က ကျွန်တော့်တို့ ညီအစ်ကို ရုပ်ချင်းတူ အမြွှာပူး ဖြစ်မည်ဟု ထင်မြင်ချက် ပေးခဲ့ရာက ရှိုးရှိုးတန်းတန်း လာရောက် လေ့လာ အကဲစမ်းခြင်းက တကြောင်း ဖြစ်စရာရှိသည်။

ကျွန်တော် ရဲမော်နှင့် လူချင်းလဲထားကြောင်းတော့ သူတို့ ရိပ်မိ တွက်သိ ဦးမည်တော့ မထင်။

ကျွန်တော့် ရဲအရာရှိ ရဲဇော် ဖြစ်ကြောင်း သူတို့ တိတိကျကျ ဂဃနဏ မသိသေးသရွေ့ ကျွန်တော် ဘာကိုမှ မကြောက်။

နောက်ဆုံးတော့ ကျွန်တော့် ဆီက သတင်းနှိုက်အမြတ်ထုတ်ဖို့ လာခဲ့သော ဦးမျိုးခေါင် တယောက် ကျွန်တော့်ကို သတင်းပေးခဲ့ရပြီး အရင်းပြုတ်၍ ပြန်သွားရတော့သည်။ သို့သော် ကျေကျေနပ်နပ်ကြီး ပြန်သွားရခြင်း ဖြစ်ပါသည်။





ဦးမျိုးခေါင် ပြန်သွားပြီး မကြာမီ ထုံးစံအတိုင်း အလည်လာနေကျဖြစ်သော ရဲမော့် တပည့်ကျော် ဝေဠုရောက်လာသည်။

ဝေဠုနှင့်အတူ ရုပ်ရှင်အကြောင်း၊ သေနတ်အကြောင်း၊ မှောင်ခိုလုပ်ငန်းအကြောင်း စပ်မိစပ်ရာ ထွေလာ ကောလာတွေ ပြောယင်းမှ ညှော်သည်တွေအကြောင်း ရောက်သွားသည်။

'သက်ခိုင် ကောင်မလေးက အတော့် ကို မှည့်တယ်ကွနော်...., သက်ခိုင်နဲ့တော့ ရွှေ့သွားနောက်လိုက် ညီပါတယ်ကွာ၊ ဒါပေမယ့် ဒီငနဲ အကျင့်ယုတ်ပုံမျိုးနဲ့ တသက်လုံး စိတ်ဆင်းရဲမှာ မြင်ယောင်သေးတယ်.... သနားစရာပါကွာ'

ကျွန်တော်က အီတ်စပို့ဒူးယားကို ဇိမ်ခံသောက်လျက်ခုတင်ခေါင်းယင်းကိုမှီယင်း ခပ်ကြိတ်ကြိတ်ကလေးကိုယ်လိုရာဆွဲပြောခဲ့မိသည်။

'ဟုတ်တယ် ဆရာရဲ့.... ကောင်မလေး ကြည့်ရတာ လူကြီးတွေ စီမံရာ လိုက်နာခဲ့ရပုံပဲ... မိဘ ပေးစားလို့သာ ယူရတယ်၊ သိပ်တော့ စိတ်ပါပုံမရဘူး၊ ငုမှိုင်မှိုင် တတွေတွေဖြစ်နေတာပဲကြည့်.... လှချင်လျက်သားနဲ့ မျက်နှာလေးကို ညှိုးလို့၊ ကေန္တတော့ အယင်လူ ရှိခဲ့ပြီနဲ့ တူတယ်'

ဝေဠုကလည်း သူ့ စိတ်ထဲရှိသလို ဖွင့်အန်ခဲ့ပါလေသည်။

မွေ့ယာပေါ်တွင် ပက်လက်အိပ်ချလျက် ဒူလေးတနန့်နန့်လှုပ်ယင်း ဖြစ်ပါသည်။

ဝေဠု သဘောထားကို သိလိုက်ရှေ့လျှင်ပဲ ကျွန်တော်က စကားတောက်လိုက် မိပြန်သည်။

'အေးကွာ ငါသာ မြေလျှိုးမိုးပျံနိုင်တဲ့ ဆူပါမင်းဖြစ်ယင် ကောင်မလေးကို ကယ်ပြေးသွားမှာပဲ'

'ဒါလေးမျိုးတော့ ကယ်ထိုက်ပါတယ်၊ အဲ.... ကယ်ပြီးယင်တော့ ဘာလုပ်ဦးမလဲ ဆရာ'

'ဟ....ကယ်ပြီးတော့ မင်းပြောတဲ့လူကို သွားအပ်မှာပေါ့ကွာ'

'ဒါဖြင့် ဆရာ့ဟာက စေတနာ့ဝန်ထမ်း ဖူးစာရေးနတ်ကြီးဖြစ်သွားမှာပေါ့'

'သူများအကျိုးဆောင်မှ ကိုယ့်အကျိုးအောင်ဆိုတဲ့ စကားအရှိသားပဲ၊ ဒီလို စေတနာ ထားမှလဲ တနေ့ ကိုယ့်အလှည့်ကြုံယင် သူများက လာအကူအညီ ပေးတော့မပေါ့၊ တခုတော့ရှိတယ် ဝေဠုရ၊ သူ့မှာ Reserve မရှိတဲ့ Vacancy ဆိုယင် ကိုယ့်ဖို့ပဲပေါ့'

'မလုပ်ပါနဲ့ ဆရာရာ၊ နဂိုကမှ သက်ခိုင်က ရန်လိုချင်ချင်ရယ်၊ သူ့အစာဝင်ခုတ်ခုကောင်းလားဆိုပြီး စစ်ခင်းနေဦးမယ်၊ ဒီတခါဆိုယင်တော့ သူမသာ ကိုယ်အသုဘပဲ၊ ပြီးတော့ ကိုယ့်ဘက်က လွန်ရတာ မကောင်းဘူးပေါ့'

'ကဲကွာ၊ ဥပမာ တကယ်လို့ မင်းကောင်မလေးရဲ့ အဆက်ဟောင်းဟာ ငါဖြစ်နေတယ်ဆိုယင်ကောကွာ'

'ဟော ...ဒါဆိုယင်တော့ ကြိတ်လိုက်ပေါ့၊ မင်္ဂလာဆောင်နေတုန်းပဲ တက်ဆွဲရဆွဲရ၊ ကောင်မလေးက ကိုယ့်ဘက်လိုက်ယင်ပြီးတာပဲ၊ ဘာတဲ့ ကျွန်တော်ကြားဖူးတာ အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူးဆိုလား'





'ဒီလိုဆို မင်းရော ငါ့ဘက်က ပါမလား'

'တကယ်ဖြစ်လာယင်တော့ မပါလို့ ဘယ်ဖြစ်မလဲ ဆရာရဲ့၊ ကျွန်တော်နဲ့ဆရာ နှစ်ယောက်တည်းပဲရှိတာ၊ နေစမ်းပါဦး.... ဆရာ့ပုံက အတည်ပြောနေသလိုလိုပဲ....'

'အလကားပါကွာ.... ကောင်မလေးနဲ့ ရည်စားဖြစ်ဖို့နေနေ သာသာ ခုမှ စတွေ့ဖူးတာ မဟုတ်လား၊ အေး....ဘာပဲဖြစ်ဖြစ် သူတို့ဇာတ်ထုပ်က ခပ်ရှုပ်ရှုပ်နဲ့ စိတ်ဝင်စားစရာတော့ အကောင်းသားကွ'

'ဒါတော့ ဟုတ်တယ်ဆရာ'

'ဒီတော့ ဘာတွေ ဘယ်လိုရှုပ်တယ်ဆိုတာ အကျိုးအကြောင်း သိရအောင် တို့စုံစမ်းကြည့်ရယင် မကောင်းဘူးလား၊ ဟိုသူတို့ကားဒရိုင်ဘာအဘိုးကြီး မင်းတို့ တန်းလျားမှာ လာအိပ်တယ် မဟုတ်လား၊ သူ့ကို နည်းနည်းပါးပါး အစ်မေးကြည့်ပေါ့၊ ဒါပေမယ့် အိုက်ထွန်းတို့ မရိပ်မိစေနဲ့၊ ပြီးတော့ သူတို့ဘက်ကလဲ အပေါ်ထပ်ကကိစ္စနဲ့ ပတ်သက်လို့ အသံကြားသမျှ ဖမ်းယူ၊ ငါကလဲ ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းမယ်၊ ဒါဆို တို့အပြည့်အစုံ ရေရေလည်လည်သိမှာဖဲ၊ အပျင်းပြေပေါ့ကွာ၊အလကားနေ အလကားပဲ မဟုတ်လား'

သည်လိုနှင့် နောက်တနေ့ကူးသည်တွင် ဝေဠုထံမှ အဖိုးတန်စကားလေးတွေ ကြားလာရသည်။ ကျွန်တော်တို့ ထင်သည့်အတိုင်းပါပဲ။

မိမိလတ်သည် ကျွန်တော့်စိတ်ဖြင့်သာ ပူဆွေးနေခဲ့ကြောင်း။

နောက်ဆုံးချစ်သူ သွေးမြေကျရာ ရှုခင်းလှမှ စွန့်ခွာ၍ ရန်ကုန်သွားပြီး ကျောင်းဆရာမလုပ်ရန် ကြံခဲ့ကြောင်း။

သည်မှာပင် သက်ခိုင်နှင့် သူ့မိဘများက အားချင်း လက်ထပ်ပေးရန် စီစဉ်ရက်သတ်မှတ်၍ ခုလို အတင်းခေါ်လာခဲ့ခြင်း ဖြစ်ကြောင်း စုံစုံလင်လင်လေး သိခဲ့ရသည်။

ဒါကတော့ ဒရိုင်ဘာ အဘိုးကြီးက အားပါးတရ ပြောလိုက်သော သတင်းတွေပဲဖြစ်သည်။

နောက်ဆက်တွဲ သတင်းတရပ်ကလည်း မင်္ဂလာဆောင်ကို နှစ်ရက် နောက်ရွှေ့လိုက်ကြောင်း၊ သက်ခိုင် အခြေအနေက မှန်းသလောက် မဆိုးခဲ့ကြောင်း၊ နောက် နှစ်ရက်ခန့်ဆိုလျှင် လမ်းထလျှောက်နိုင်မည်ဖြစ်ကြောင်း။

သည်သတင်းတွေကိုတော့ အပေါ်ထပ်တွင် သွားရောက်ပြုစုနေရသော မိုက်ကယ်ထံမှ ရခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်ကတော့ သက်ခိုင်အိပ်ယာက မထနိုင်သေးလေကြိုက်လေ။

အကယ်၍သာ သူ့ကြမ္မာသူငင်၍ သေနတ်ချင်းယှဉ်မပစ်ခဲ့ဘူးသာဆိုပါက သန်ဘက်ခါဆိုလျှင် မိမိလတ်နှင့် သူ လက်ထပ်ရပေတော့မည်။

ခုတော့၊ လက်မထပ်နိုင်ရုံမက ဖိတ်စာထဲ ရက်ပြင်လိုက်ရသည်။ မိမိလတ်အနားပင် မသီနိုင်အောင် ချောင်ကုပ်နေရသည်။

မိမိလတ်အဖို့ သက်သာရာရခဲ့သလို ကျွန်တော့်အတွက်လည်း အခွင့်ကောင်း ကြုံခဲ့သည်ပဲဆိုရမည်။





မိမိလတ်နှင့် ကျွန်တော် မနက်က ထမင်းဝိုင်းတွင် တခါဆုံသည်။ ထိုစဉ်က လူကြီးတွေလည်း ရှိနေ၍ စကားမပြောဖြစ်။ သို့သော် လူအလစ်၌ တချက်တချက်တော့ ခိုးကြည့်သည်။

တခါ ကိုယ့်အခန်းတံခါး အသီးသီးတွင် ဆုံမိကြသည်။

ကျွန်တော် လှမ်းပြုံးပြသည်။

သူကတော့ ခေါင်းငိုက်စိုက်ချ ဝင်သွားသည်။

ညနေဘက် ဧည့်ခန်းထဲ၌ ဆုံကြသေးသည်။ ထမင်းစားပြီးပြီလား၊ အင်း....နှင့်ပြီးသွားသည်။

ညထမင်းဝိုင်းတွင် ဆုံပြန်သည်။ မနက်ကနှင့် မထူးခြားနား။

ကျွန်တော်နှင့် တွေ့လေတိုင်း မိမိ့အကြည့်မှာ နဂိုရှိနေကျထက်တမျိုးမျိုးတော့ ထူးသွားပုံရသည်။

အားတက်သွားသည့် သဘောလား။ အကူအညီတောင်းခံလိုသည့် သဘောလား။ အတိအကျတော့ ကျွန်တော်မဝေခွဲတတ်။

သို့ပေမယ့် ကျွန်တော့်ရင်ထဲ နင့်နင့်သွားရသည်သာ။

သည်ကြားထဲမှ မနန်းကြူတို့ အတွက်ကလည်း မြေပုရွက်ကင်းမှောက် ဖြစ်ခဲ့ရသေးသည်။

ဒါကတော့ ကျောက်ခါးပတ်ရှိအမေ့ထံ သွားမည်ဟု ထွက်လာပြီးသည်နေ့အထိ ဘာမှ အဆက်အသွယ် အကျိုးအကြောင်း မပြန်ရသေးခြင်းကြောင့်ပင်။

ဘာလိုလိုနှင့် သူတို့အိမ်မှ ထွက်ခဲ့သည်မှာ သုံးလေးရက်ပင် ကြာသွားပေပြီ။

နှစ်ရက်လောက်နှင့် ပြန်လာမယ်ပြောခဲ့ပြီး ပေါ်မလာတော့ စိတ်ပူနေကြလေပြီလား။ မောင်နန်းမော်လေးမှ နေကောင်းရဲ့လား။

တွေးရသည်မှာ အမော။

သို့ဖြင့် နောက်တနေ့ မနက်တွင်တော့ ရဲမော်၏ ဝေစု ငွေငါးထောင်နှင့် စာတစောင်၊ ဝေဠုအား သွားပေးခိုင်းလိုက်ပါတော့သည်။

စာထဲတွင် မူလက ရေးမည် ကြံခဲ့သည့်အတိုင်း ကျွန်တော် ရန်ကုန်သို့ ကျောက် အရောင်းအဝယ် ကိစ္စနှင့် ပွဲစားအဖြစ် အရေးတကြီး ခရီးဆက်သွားကြောင်း။

ပူးတွဲပေးလိုက်သည့်ငွေမှာ ထိုကိစ္စအတွက် ကြိုတင်ရထားငွေဖြစ်ကြောင်း။

သက်ခိုင်တို့ နယ်စပ်မြို့ သွားဖို့လာခေါ်လျှင်လည်း အကျိုးအကြောင်း ရှင်းပြ၍ မကြာမီ ပြန်လာမည်ဟု ပြောစေလိုကြောင်း။

....ရေးသားပါရှိသည်။

စာကို အသေပိတ်၍ နေ့စွဲ တပ်ပေးလိုက်သည်။

ဝေဠုကိုလည်း မနန်းကြူ ကျွန်တော့်ကိုမေးလျှင် ရန်ကုန်သွားသည်ဟု ပြောရန် မှာခဲ့သည်။

ထို့ထက်ပို၍ မပြောရန်လည်း နှုတ်ပိတ်လိုက်ပါသည်။

ဝေဠုသည် ကျွန်တော်ခိုင်းသမျှကို တသဝေမတိမ်း လုပ်မည့်သူဖြစ်သလို ကျွန်တော့် အမှာစကားတွေနှင့် ပတ်သက်လို့လည်း စောဒကတက် မေးမြန်းခြင်း မပြုခဲ့။





သူပြန်လာပြီးနောက်–

မနန်းကြူ၊ ဦးကြာရုံ၊ မောင်နန်းမော်တို့ သုံးယောက်စလုံး နေ့ထိုင် ကောင်း၍ ရွှင်လန်း အေးဆေးစွာ တွေ့ခဲ့ရကြောင်း ပြန်ပြောခဲ့သည်။

သို့သော်မောင်နန်းမော်လေးက ကျွန်တော့်ကို တတွတ်တွတ်မေးယင်း ကျွန်တော့်နောက်လိုက်မည်လို့ ငိုနေ၍ မနည်းချော့သားခဲ့ရကြောင်းဖြင့် သိရသည်။

ဝေဠုကား ယုံကြည်အားကိုးလောက်သည့် တပည့်မိတ်ဆွေကောင်းတယောက် ပါပေတည်း။

ယနေ့(သို့မဟုတ်) မိမိတို့ ရောက်ပြီး ဒုတိယနေ့အဖို့ အခြားသော ထူးခြားချက်မှာ မင်္ဂလာဆောင်ဖိတ်စာများ လိုက်ကမ်းချခြင်းပင် ဖြစ်သည်။

ပြီးတော့ မင်္ဂလာဆောင်ရန် ကြား သုံးရက်သာ လိုတော့သဖြင့် တိုက်နှင့်ခြံဝင်းကြီးတခုလုံးကို သန့်ရှင်း မွမ်းမံ၊ ပြင်သ၊ အလှခြယ်ကြရပါသည်။

နဂိုကမှ လှပြီးဖြစ်သော ခြံနှင့်တိုက်ကြီးမှာ အထူးတလည် လုပ်ရခြင်းတော့ မရှိပါ။

ပြတင်းခန်းဆီး ဇာအသစ်တပ်၊ ရောင်စုံပန်းစက္ကူ သွယ်၊ ခန်းဝင်ပစ္စည်းဆင်၊ ပန်းခြံရှင်းလောက်သာ ရှိပါသည်။

တိုက်ကြီးက သစ်လွင် တောက်ပ သထက် တောက်ပလာသလောက် မိမိ့မျက်နှာလေးမှာတော့ တနေ့တခြား နွမ်းရော်လာသည်ကို တွေ့ရပါသည်။

အိပ်မရတဲ့ စိတ္တဇ ညကမ္ဘာသူလေးဘဝမှ တမ်းတ မအေး
သော အလွမ်းမလေး အချစ်ရယ်။

မီမီသည်ကျွန်တော်နှင့်တွေ့လေတိုင်း တစုံတခုကို ပြောတော့
မယ့်ဟန်၊ နှုတ်ခမ်းလေးတွေ လှုပ်လာတတ်သည်။

အ ကြောင်း ကြောင်း သော အကြောင်းကြောင်းကြောင့်
ပြောစကားရယ်လို့တော့ မထွက်ခဲ့ပါ။

ဒါပေမယ့် ငိုပြီးယင်း ငိုထားရသော သူ့ မျက်လုံးတွေမှ
'ကိုရဲမော်ရယ် မီမီ့ကို ဒီလိုပဲ ကြည့်နေတော့မလား၊ မီမီ့ကို
မကယ်နိုင်တော့ ဘူးလား'.... စသည်ဖြင့် လျှို့ဝှက် စကားတွေ
ပြောနေသည် ထင်ရသည်။

တကယ်တော့ မီမီ့ အနေနှင့် ကျွန်တော် ရဲဇော်သေပြီလို့
ထင်ထားရပြီး ကျွန်တော့်ကို ရဲမော် အဖြစ်သာ သိထားရ၍
ကျွန်တော့်ကို တွေ့လျှင် အားကိုးရာ သဘောသာ မြင်ရ၍ သူ့
အတွက် ခံသာပါလေဦးမည်။

ကျွန်တော့်အဖို့တော့ သူ့ကို တပါးသူ ခြွေခူးမည့် ကိုယ့်
ချစ်သူ စစ်စစ်မှန်း အသိသားမို့ ခံရချက် ဆိုးရွားလွန်းလှပါ
ချေ၏။

မီမီနှင့် နှစ်ယောက်ဆုံ၍ အနီးကပ် စကားပြောမည် ကြံ
လိုက်တိုင်း သူတို့လူ တယောက်မဟုတ်တယောက် တနေရာရာက
ပေါ်လာတတ်တော့ ခက်နေရပါသည်။

တမိနစ်ဆို ဆိုသလောက် ကွဲကွာရမည့်ဘက်သို့ နီးလာသည်
ကို ဆင်ခြင်မိလိုက်တိုင်း မရပ်မနား ရင်ခုန်လာရပါလေသည်။

အမှန်စင်စစ်တော့ စကား မစနိုင်နိုင်လို့သာ ဖြစ်ပါ၏။





တခွန်း နှစ်ခွန်းလောက် ပြောခွင့်လေးရပြီဆိုလျှင်ပင် လွယ်
လင့်တကူ လမ်းစ ပေါ်သွားဖို့ ရှိပါသည်။

အဓိပ္ပာယ်က 'ကျွန်တော် ကယ်မယ် မီမီ' ဆိုသည့်စကားစု
လေးကို ပြောလိုက်ရသည်နှင့် သူ့ဘက်ကလည်း အကြံဘက်
လိုက်လာနိုင်မည်သာ။

ခုတော့ ဒီစကာစုလေးလောက်ကိုမှ ပြောခွင့် မရလောက်
အောင် ကျပ်တည်းနေချေသည်။

ဦးမျိုးခေါင် ကျွန်တော့်ကို မသင်္ကာဘူးဆိုလည်း သူ့တိုက်
မှ လှည့်ပတ်နှင်ထုတ်ရပေမည်။

ခုတော့လည်း သည်လိုမဟုတ်။

ဘာအကွက်ပါလိမ့်။

ကြိုးရှည်ရှည်နဲ့ လှန်ပြီး အပိုင်ဖမ်းမလို့လား။

ဒေါ်မြစိန်မှအစ အိမ်စေမလေးအဆုံး ကျွန်ဘော့်ကိုအလစ်
မပေးပဲ စောင့်ကြည့်နေသလို ရှိ၏။

ကျွန်တော့် စိတ်ထင် သက်သက်လည်း ဖြစ်ချင် ဖြစ်မည်။
စိုးရိမ်စိတ် လွန်ကဲနေရလို့ မလုံမလဲ။

ကျွန်တော်သည် သည့်ထက်မကသော အခက်အအခဲ အကျပ်
အတည်းတွေထဲမှပင် ရုန်းထွက်နိုင်ခဲ့ပါသေးသည်။

ရဲမော်၏ အရှုပ်အထွေးကို နှုတ်နှင့်လည်းကောင်း၊ သေနတ်
ဖြင့် လည်းကောင်း ဖြေရှင်းပစ် နိုင်ခဲ့စွမ်းရှိသည်။

ဒါပေမယ့် ခုတော့ ထူထူထိုင်းထိုင်းကြီးနှင့် အကြံမပေါ်
သလို ဖြစ်နေရသည်။

ပမာဆိုပါစို့....အများတကာ ဝေဒနာ ပေါင်းစုံကို လိုက်လံကုသ ချမ်းသာရာ ရစေနိုင်ခဲ့ပေမယ့် ကိုယ့်ရောဂါကျတော့ ကိုယ် မကုတတ်တော့သည့် ဆေးဆရာ တယောက်လို။

သည်လိုနှင့်ပင် တနေဝင်တမိုးချုပ်ခဲ့ရပြန်ပါလေပြီ။

ကျွန်တော် အကြံတခု ရလာသည်။

နှုတ်ဖြင့် ပြောမည့်အစား စာနှင့် ရေးမည်ပေါ့။ မကောင်းဘူးလား။

အကြံအတိုင်းလည်း လိပ်စာကတ် အရွယ်အစားလေးပေါ်တွင် 'ကိုယ်ကယ်မယ်'လို့ ရေးလိုက်မိသည်။

ကျွန်တော့် ဘောင်းဘီအိတ်ထဲ အသင့်ထည့်ထားပြီး ထမင်းဝိုင်းမှာ ပေးဖို့ ကြိုးစားသည်။

သူနှင့်ကျွန်တော် မျက်နှာချင်းဆိုင် သွားကျနေလေတော့ ပေးဖို့ မလွယ်တော့။

စွန်များ သိမ်းငှက်များ၏ မျက်လုံးရှေ့တွင် သူ့လက်ထဲ အရောက် ပေးရန်ကလည်း လက်မရဲ။

နောက်ဆုံး ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်ခဲ့ရပြီး စာရွက်လေးကိုသာ မီးခြစ်စာ ကျွေးလိုက်ရသည်။

ကျွန်တော့်အဖြစ်ကို သူများမပြောနှင့်။ ကျွန်တော် ကိုယ်တိုင်တောင်မယုံနိုင်အောင် ဖြစ်နေရပါ၏။

ဘယ်နည်းနဲ့မဆို မီမီ့ကိုကယ်ဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့သည်။ သို့ပေမယ့် ပိပိရိရိ ကယ်နိုင်ဖို့ ကြိုတင်ဆက်သွယ် တိုင်ပင်မှုထားရှိထားမှ တော်ရုံ ကျလိမ့်မည်။





ခုတော့ အဲဒီလို ဆက်သွယ်မိဖို့ အရေးကပင် လွယ်မယောင်နှင့် ခက်နေရခြင်း ဖြစ်ပါတော့သည်။ ဂူမှာန် ယက္ခ တထောင်ဝန်းရံ စောင့်ကြပ်သည့် အာသာဝတီ နတ်ပန်းကို လှမ်းဆွတ်ရမည်ထက်ပင် ခက်နေသည်။

ကျွန်တော်သည် ခုတင်ပေါ်တွင် ထိုင်ငိုက်ယင်း အားအားရှိ ခေါင်းကုတ်လိုက်၊ သက်မချလိုက်နှင့် အလုပ်ရှုပ်နေပါသည်။

ကျွန်တော့် ရင်ထဲတွင် မီမီ.... မီမီ....လို့ပဲ မြည်နေသလို ကျွန်တော့်နားဝ၌လည်း အခွန်း ပါင်း ထောင်ပေါင်းများစွာသော မီမီ တွေသာ ကြားနေရ၏။

သို့တစေ....မီမီကို ကယ်ဖို့နည်းလမ်းဆိုတာ တရွေးသားလေးတောင် ခေါင်းထဲက ထွက်မလာ။

ကျွန်တော့် ခုတင်အောက် ကြမ်းပြင် ပေါ်တွင်လည်း စီးကရက် ဖင်စီခံ အတိုအစတွေနှင့် ပြန့်ကြဲလို့။

မီးခိုးတွေနှင့် တလုံးထွေးထွေး ညီမှောင် ပိတ်ဖုံးနေသည်။

သည်ကြားထဲက တလိပ်ပြီးတလိပ် မရပ်မနား ဖွာသောက်နေလိုက်သေးသည်။

ဆယ့် တစ်နာရီ သံချောင်း ခေါက်ခဲ့ပါလေပြီ။

ပြတင်းပေါက်မှ လရောင်လေး ဝင်လာသည်။

မြောက်ပြန်လေညင်းနှင့်အတူ နှင်းကလေးတွေ ကြွေသက်လာသည်။

အအေးဓာတ် ဖိစီးလာသည်။

ကျွန်တော် အေးရမှန်း မသိ၊ ချမ်းရမှန်း နားမလည်။

ဟုတ်တယ်....။

ကျွန်တော့်ရင်ထဲမှာ မီးတောက်နေတယ်။
သန်ခေါင် ကြက်တွန်ခဲ့ပြန်ပြီ။
မျက်လုံးတွေက ကြောင်နေသေး၏။
ကိစ္စမရှိပါဘူး။
ကျွန်တော့်မျက်လုံးတွေကို ဇွတ်မှိတ်ပစ်လိုက်သည်။
မျက်ခွံအောက်မှာတော့ မျက်လုံးတွေ ပွင့်၍ အလင်းရောင်လိုလို မြင်ရနေရဆဲ....
မီးမှ မမှိတ်မိပဲကိုး....
မျက်လုံးနှစ်လုံးပေါ် လက်ညိုးနှင့် လက်မညှပ်ထောက်၍ ဖိထားလိုက်သည်။
အိပ်စမ်း.... အိပ်ပစ်လိုက်စမ်း၊ ပျော်အောင်အိပ်....။
ကိုယ့်စိတ်ကိုယ် အမိန့်ပေး၍ အိပ်ရသည်။
မပျော်တပျော်နှင့်ပင် မေ့ကနဲ ပျော်သွားသည်။
တံခါးဝဆီမှ ရှုရှပ်ကနဲ အသံလိုလိုတော့ နော်ကဲဆုံးကြားလိုက်ရသည်။
လေတိုက်တာ ထင်ပါရဲ့။
မနက်မိုးလင်း အိပ်ရာထတော့ နေအတော်မြင့်နေပြီ။
မျက်နှာသစ်မယ်လို့ အသွား ခုတင်ခြေရင်း ကြမ်းပြင်ပေါ်တွင် စာရွက်ခေါက်လေးတခု တွေ့ရသည်။
ညက ရှုရှပ်ဆိုတာ ဒီကောင်ပဲ ဖြစ်မှာပေါ့။
ဖွင့်ဖတ်ကြည့်လိုက်.... ဟာ... ။
"မြို့ဦးလွမ်းစေတီ မနက် ၁၀ နာရီ"
မိမိ





ကျွန်တော့်ရင်ဝတည့်တည့်ကို အရှိန်ကုန်မောင်းလာသော ဒီဇယ်ရထားကြီး ဝင်တိုက်လိုက်သည် ထင်လိုက်ရပါသည်။
ခေါင်းအုံးအောက်မှ လက်ပတ်နာရီဆီသို့ အူလျားဖားလျားပြေးကြည့်လိုက်ရသည်။
ကျွန်တော့်နာရီက အက္ခရာဂဏန်းမပါပဲ သုံး၊ ခြောက်၊ ကိုး၊ ဆယ့်နှစ်တို့တွင်သာ မျဉ်းတိုးလေးတွေ ပြထားသောစီတစ်ဇင်နာရီ။
နာရီကို ကပျာကရာ ကောက်ကြည့်မိသည်။
(၁၁) နာရီ....
အာ.... မဟုတ်ပါသေးဘူး....
သေသေချာချာ ကြည့်မိတော့မှ (၈) နာရီထိုးဖို့ ၃၅ မိနစ်။
သည်တော့မှ ဟင်းချနိုင်သည်။
ဒါပေမယ့် တစိမ့်စိမ့် ပြန်တွေးမိတိုင်း ရင်ထိတ်၍ မောရ်မောရ် မောရ် မောလို့မဆုံး....။
ကဲ.... တွေးကြည့်စမ်း။
တကယ်လို့သာ စာရွက်ခေါက်ကလေးကို ခလုတ်တိုက်မိလို့ ချောင်ကပ်နေလျှင်....
သို့တည်းမဟုတ် အပြင်သို့ အမှတ်တမဲ့ လွင့်ထွက်သွားပြီး တယောက်ယောက်သာ ကောက်ရသွားလျှင်....
ကျွန်တော်ပဲ တွေ့ခဲ့လို့ ဖြေဖတ်ကြည့်မိပြီထား....
၁၀ နာရီကျော်သွားလျှင် ...

## အခန်း (၁၄)

မနက် ၁၀ နာရီ။

မြို့ဦးလွမ်းစေတီ....

မိမိ ချိန်းဆိုခဲ့သည့် နေရာသို့ ကျွန်တော် နာရီဝက်ခန့် ကြို၍ ရောက်နေခဲ့ပါသည်။

စေတီရင်ပြင်ပေါ်၌ နောက်တနာရီလောက် စောင့်နေလိုက်တော့မှ မိမိနှင့် အိမ်ဖော်မလေးတို့ ရောက်လာကြသည်။

'လာမှ လာပါတော့မလားလို့ မျှော်လိုက်ရတာ မိမိရယ်'

'ဪ.... ကိုယ်ကချိန်းပြီး မလာပဲနေပါ့မလား ကိုရဲမောင့်နောက်ပြီး ကိုရဲမောင် ကျိန်းသေလာမယ်ဆိုတာလဲ သိခဲ့တာကိုး'

ဟုတ်ပါသည်။

ကျွန်တော် အခန်းထဲမှ စာလေးရခဲ့ပြီး မျက်နှာသစ်ရန် တံခါးဖွင့်အထွက်တွင် မိမိနှင့် တန်းတိုးပြီး ကျွန်တော်က ခေါင်းညိတ်ပြခဲ့သည် မဟုတ်ပါလား....။

အိမ်ဖော်မလေးကို စေတီရင်ပြင်ပေါ် တနေရာတွင် ရုပ်ပြု ဇာတ်လမ်းတအုပ်နှင့် ထားခဲ့ပြီး ကျွန်တော်နှင့် မိမိစေတီနောက်ပါးရှိ စိန်ပန်းပြာပင်ရင်းသို့ ထိုင်မိကြသည်။

'ကျွန်တော်က မိမိတို့ မလာပုံထောက်တော့ အိမ်ထွက်ဖို့ မလွယ်လို့များလား၊ အဲ.... လမ်းမှာ ပြဿနာ တခုခုများ ပေါ်နေလို့လားလို့ စောင့်ရတဲ့ လူဆိုတာကတော့ ဟိုတွေး ဒီတွေး ပူနေရတာကိုး မိမိရယ်....'

'ကိုရဲမော်နဲ့ ရှေ့ဆင့်နောက်ဆင့် ကပ်ထွက်လိုက်ယင်သူတို့ မသင်္ကာ ဖြစ်သွားမှာပေါ့၊ ဒါကြောင့်လဲ နည်းနည်းကြာကြာလေး ခွာပြီးမှ ဈေးလည်သွားပါရစေဆိုပြီး ပြောထွက်ခဲ့ရတာ၊ ဒါတောင် ဖေဖေနဲ့မေမေက သူတို့ကိုယ်တိုင် လိုက်ပို့မယ် လုပ်နေသေးတယ်၊ ပြီးတော့ ဒရိုင်ဘာ ဘာဘကြီးကို ခေါ်သွားတဲ့၊ မိမိကလဲ လက်မထပ်ခင် ဒီတကြိမ်တော့ လွတ်လွတ်လပ်လပ် စိတ်အေးလက်အေး သွားပါရစေ၊ အုအုလဲ အဖော်ပါမှာပါ၊ ဘာညာနဲ့ ပူဆာတော့မှ လွှတ်လိုက်တာ'

ကျွန်တော်တို့ ထိုင်ရာဆီမှ ရွှေသင်္ကန်းတဝက်၊ ထုံးသင်္ကန်းတဝက် ကပ်ထားသော လှမ်းစေတီလေးကို ကြည်ညိုသပ္ပာယ်စွာမြော်ဖူးရပါသည်။





ပတ်ဝန်းကျင်တခိုမှာလည်း စိမ်းစိုအေးမြသော တောရိပ်လွှမ်းလျက် တောင်နံ့လေးသင်းနေပါသည်။

ဟိုးအဝေးအောက်ဆီတွင် ကျွန်တော်တို့ရှိရာ လှမ်းစေတီတောင်ကုန်းကို ဦးတိုက်ကွေ့ကောက် တက်လာသော မြို့ဘီလူးကားလမ်းမကြီးကို တွေ့ရသည်။

ထိုကားလမ်းမကြီးက ဗဟိုလမ်းမကြီးအဖြစ်နှင့် မြောက်တူရူသို့ ထောင်တက်ကာ ကျောက်ခါးပတ်မြို့ကို ထက်ခြမ်းခွဲ၍ ဖွေးဖွေးဖြောင့်ဖြောင့်ကြီး ဝန်းဝင်သွားသည်။

ကျောက်ခါးပတ်တမြို့လုံးမှာ ကျွန်တော်တို့ မျက်စိအောက်တွင်ပြားပြားဝပ်နေပါတော့၏။

'ဒါနဲ့ မမိမိနောက်က လိုက်ချောင်းတဲ့လူတွေ ဘာတွေတော့ မရှိပါဘူးနော်....'

'မိမိလဲ ဒါကို အလစ်မပေးပါဘူး ကိုရဲမော်၊ ဒါကြောင့်လဲ ဈေးအရောက် လမ်းလျှောက်လာပြီးမှ ဈေးထဲဝင် တပတ်ပတ်၊ နောက် တက္ကစီ ငှားလာတာ၊ လမ်းမ တလျှောက်လုံး စိတ်တထင့်ထင့်ဖြစ်ခဲ့ပေမယ့် ဘယ်သူမှ နောက်က လိုက်လာတာတော့ မတွေ့ရပါဘူးထင်တာပဲလေ....'

'ဒီအထဲက တောင်ပေါ်တက်ရတော့ သေလုအောင် မောသွားမှာပေါ့နော် ...'

'မမောပါဘူး၊ လူပြတ်တော့ နည်းနည်း ကြောက်သလိုလိုပဲ၊ တခါမှလဲ ရောက်ဖူးတဲ့ လမ်းမဟုတ်ဘူးပဲလို့'

'ကျွန်တော်က မမိမိ ဒီနေရာ ရောက်ဖူးလို့ ချိန်းတယ် အောက်မေ့နေတာ'

'ဒါပေမယ့် ကျောက်ခါးပတ်မြို့ကို ရောက်ပြီဆိုယင် မြို့အဝင်က လွမ်းစေတီကို မသိသူ ဘယ်ရှိပါ့မလဲဆိုပြီး ချိန်းခဲ့တာပဲ ကိုရဲမောင်....ကားပေါ်က လှမ်းမြင်တော့လဲ အနီးသားပဲ၊ ငါ သွားတတ်မှာပဲ တွက်ပြီး အရဲစွန့်လာရတာပေါ့၊ ဒီနေရာမှာမှ မစွန့်ယင် မဖြစ်တော့ဘူး မဟုတ်လား ကိုရဲမောင်'

လေပြေအဝေ့တွင် ရွက်ခြောက်တွေ ကြွေဝဲလာ၏။ စေတီထက်ဖျားဆီက ဆည်းလည်းသံလေးတွေ ကြားရ၏။

ဘယ်ဆီကမှန်း မသိသော ချိုးကူသံလေးကလည်း ချိုချိုသွဲ့သွဲ့လွမ်းသံနှော၍ လေနောက်သို့ လွင့်ပါလာသည်။

ကျွန်တော်ကတော့ မိမိ့အသံလေးသာ အသာယာဆုံးလို့ ဆိုချင်ပါသည်။

'ကဲ.... မမိမိ ချိန်းတဲ့ကိစ္စကို ပြောပါဦး၊ ကျွန်တော်ကတော့ ကိုကြီးရဲဇော်ရဲ့ မျက်နှာကိုထောက်ပြီး မမိမိကို အတတ်နိုင်ဆုံး ကူညီဖို့အသင့်ပါပဲ၊ ဒါကို ဟိုတနေ့ကလဲ ကျွန်တော်ပြောခဲ့ပါပြီလေ....'

'အဲဒီနေ့က ပြောခဲ့တာတွေကြောင့်ပဲ မိမိ ရှင့်ကို အားကိုးတကြီး ခေါ် တိုင်ပင်ရတာပေါ့ ကိုရဲမောင်....၊ ရှင်ပြောခဲ့တဲ့ စကားတွေက အဓိပ္ပာယ်အများကြီး သွားတာပဲလား၊တချို့ဆို မိမိတောင် အတွေးမပေါက်လိုက်ဘူး၊ ဒါပေမယ့် သိပ်တော့လဲ မိမိမညံ့ပါဘူးရှင်၊ ရှင့်ကို မြင်စကတည်းက ကိုရဲဇော်ပြောခဲ့တဲ့ သူ့ညီ ကိုရဲမောင်ပဲလို့ မိမိနားလည်လိုက်ပါတယ်၊ ဒီတော့ ရှင့်ကို ခေါ်မေးတဲ့အခါ ဘုမှုတ်ပြီး တုတ်ပေါ်လို့ ဆိုလိုက်ကတည်းက မိမိ့ကို ရှင်အရွဲ့တိုက်နေပြီလို့ တန်းသိလိုက်ပါတယ်၊ ရှင့်ရုပ်နဲ့





တုတ်ပေါ်ဆိုတဲ့ နာမည်ကလဲ တခြားစီပဲ၊ ဘာလို့ ရှင် ရွဲ့ခဲ့ရသလဲ စဉ်းစားလိုက်ပြန်တော့ ရှင် မိမိ့အကြောင်း သိထားလို့သာ ဖြစ်ရမယ်လို့ တွက်မိသွားတယ်၊ သိနိုင်စရာဆိုလို့လဲ ရှင်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ကိုရဲဇော်ပဲရှိတာ....၊ ကိုရဲဇော်ဆီကပဲ သိရမယ်ဆိုတာ အဖြေထွက်ခဲ့တယ်၊ ကိုရဲဇော်က မိမိ့အကြောင်း ဘာတွေ ဘယ်နှစ်ခါ ပြောခဲ့ဖူးသလဲ ကိုရဲမောင်'

'ကိုကြီးရဲဇော်နဲ့ ကျွန်တော်ဟာ တမြို့စီတမြေစီ ခြားနေတော့ ကြုံခဲ့ကြပါတယ်၊ ဒါပေမယ့် တခါနှစ်ခါ သူနဲ့တွေ့ရာက စကားစပ်မိပြီး သူ့မှာ မိမိဆိုတဲ့ ချစ်သူရှိတယ်တဲ့၊ ရှုခင်းလှရဲ့ ကွမ်းတောင်ကိုင်လို့ ဆိုရမလောက်အောင် လှတယ်ပေါ့ဗျာ၊ ပြီးတော့ မိမိမိဘတွေက သဘောမတူလို့ ဂုဏ်ရည်တူ တခြားလူတယောက်နဲ့ ကျိတ်စေ့စပ်ထားလိုက်တယ် ဆိုတဲ့ အကြောင်းလဲပါတယ်၊ ဒါကလွဲလို့ ကျွန်တော် သေသေချာချာ ဘာမှ မသိခဲ့ရပါဘူး'

'ဒါနဲ့ပဲ ကိုရဲဇော် သေပြီးပြီးချင်း ကိုသက်ခိုင်နဲ့ လက်ထပ်ရအောင် ရောက်လာရမလားဆိုပြီး မိမိ့ကိုရှင် အထင်လွဲ ဘုတောခဲ့တော့တာ မဟုတ်လား'

'တွေ့တွေ့ချင်း ဘာမှန်းညာမှန်းမသိ၊ တလွဲထင်မိတာပေါ့၊ ဒါပေမယ့် မိမိနဲ့ စကားပြောယင်း တဖြည်းဖြည်း အမှန်ကို ကျွန်တော် မြင်လာရပါတယ်မိမိ၊ ဒီတော့လဲ မိမိ့ကို အကူအညီပေးဖို့ စကားကမ်းလှမ်းထားခဲ့တာပဲ မဟုတ်လား၊ မိမိ့စကားတွေနဲ့ ရုပ်လက္ခဏာကို အကဲခတ်လိုက်မိတဲ့နောက် အခြေအနေ မဟန်ဘူးဆိုတာ ကျွန်တော် နားလည်ပြီ'

'ဟုတ်ပါတယ် ကိုရဲမော် ... ခုကိစ္စမှာ မီမီ့ဆန္ဒ ဘာတခုမှ မပါခဲ့ရပါဘူးရှင်.... သူတို့ဇာတ်အခမ့် အနိုင်ကျင့် စီစဉ်သမျှနဲ့ နေရတာပါ၊ အမှန်မှာ မီမီက ရှင့်အစ်ကိုလဲသေ၊ ဟိုလူ့လဲ မလိုချင်မို့ အဝေးတနေရာ သွားပါရစေဘော့လို့ ငြင်းဆန်တောင်းပန်ခဲ့တဲ့ကြားက သူ့ဘိုနောက် ပါခဲ့ရတာပါ၊ မေမေတို့ အခုနေကတော့ မိဘရင်း မဟုတ်သလို ရက်စက်လွန်းအားကြီးပါတယ် ကိုရဲမော်ရယ် ...ဟို အိမ်ကြီးက ဦးမျိုးခေါင်တို့ လူသိုက်ကလဲ ဘာတွေမှန်း မသိဘူး၊ မျက်နှာထားတွေက တမျိုးကြီးပဲ၊ သူတို့ပြုံးပုံတွေကလဲ ကြောက်စရာ ကောင်းနေတယ်၊ လက်ထပ်မယ့် လူဆိုတာလဲ နှုတ်ခမ်းမွေး သဲ့သဲ့နဲ့ ကြောင်သူတော်ရုပ်၊ အို....မီမီ သူတို့ လက်ထဲမှာ ကြာကြာနေယင် သေရလိမ့်မယ် ထင်ပါရဲ့ ကိုရဲမော်ရယ်'

မီမီ ပြောပြောဆိုဆို ငိုချလိုက်ပါသည်။

လေပြည်တသုတ်က မီမီ့ကို ပြေးချော့လာကြသည်။ မီမီ့ ကေသာဦးမှ ဆံယဉ် ဆံနွယ်စလေးများသည် လေနောက်တွင် တလွင့်လွင့် ပါနေကြသည်။

ထို့အတူ မီမီ့ အသည်းထဲမှာလည်း ဖျပ်ဖျပ်လူးနေပေရော့မည်။

မီမီသေး အရှူးတပိုင်းဘဝ ရောက်နေရရှာပြီထင့်။

မီမီသည် လည်ပေါ်ဝဲ ဆံပင်လေးကို ရင်ရှေ့နှစ်ဘက် နောက်ကျောတဘက် သုံးဘက် ခွဲချလာသည်။

ဒါပေမယ့် ဆီမလူးတာ ကြာခဲ့ပြီမို့ သွေ့ယောင်းနေလျက်။





တက်ထရက်ရှန် စိမ်းပြာရောင် ဖက်ရှင် အင်္ကျီ လုံချည် ဝမ်းဆက်လေးမှာလည်း အသစ်အလွင်ကြီး မဟုတ်။

မျက်နှာမှာတော့ ကြည့်ကောင်းရုံ မှုန်မှုန်ကလေး ခြယ်သထားရှာသည်။

စိန်ခြယ်နားကပ်ဝိုင်းလေးက တဖိတ်ဖိတ် တောက်နေသလောက် မီမီ့ မျက်လုံးအိမ်မှ မျက်ရည်စက်ကလေးတွေက တလက်လက် ကြွေသက်နေပါသည်။

သည်တော့လည်း သူ့ပေါင်ပေါ်ရှိ လက်ကိုင်အိတ်ကြီးတွင် ချည်ထားသော လက်ကိုင်ပဝါလေးယူ၍ မျက်ရည်စတွေကို သိမ်းဖို့ ကြိုးစားခဲ့ရှာပြန်သည်။

မီမီ့ကိုကြည့်၍ ကျွန်တော့်ရင်ထဲမှာ ဆို့တက်လာရသည်။

အေးမြသော လေပြေလေးအသွင် မီမီ့ကို ကျွန်တော် ယုယပိုက်ထွေး ချော့ပေးလိုက်ချင်ပါ၏။

သို့သော် ကျွန်တော့်မှာ ရဲမော်ဘဝဖြင့် သူနှင့်တတောင်ခန့် အကွာအဝေးမှာ ထိုင်နေရပါသည်။

သည်တော့လည်း....

'မီမီ ကိုရဲဇော်ကို သိပ်ချစ်တာပဲလားဟင်'

'ဘယ့်နှယ် မေးလိုက်တာလဲရှင်၊ အရက်သမား၊ ဖဲသမား၊ သိုက်သမား၊ လူဆိုးလူပွေ လူယုတ်မာတွေ ပေါနေတဲ့ ဒီကာလကြီးမှာ ကိုရဲဇော်လိုယောကျ်ားမျိုးက အရှားသားပဲ၊ တထောင်နဲ့ တယောက်တောင် မလဲနိုင်ဘူး'

'ခုနေများ ကိုကြီးရဲဇော် အသက် ပြန်ရှင်လာမယ်ဆိုယင် ဘယ်လောက်များကောင်းလိုက်မလဲနော်၊ အဲဒီလိုဆို မိမိလဲသိပ် ဝမ်းသာသွားမှာပဲထင်တယ်'

'ကိုရဲဇော် သွားတဲ့ခရီးက ပြန်စရာ မျှော်လင့်ချက်မရှိတဲ့ခရီး ပါ ကိုရဲမော်ရယ်'

'ကဲ... တကယ့်တကယ် ကိုရဲဇော် မသေဘူး ဆိုယင်ကော'

ကျွန်တော့်မေးခွန်းကြောင့် မိမိခမျာ ခပ်တွေတွေလေးငိုင် သွားရသည်။

ပြီးတော့မှ ယတိပြတ် ဖြေကြားခဲ့ပုံက။

'အို....သူမသေဘူးလို့ ဘယ်သူက ပြောနိုင်လို့လဲ၊ သူသေပြီ ဆိုတာ လူတိုင်း သိနေကြတာပဲ ကိုရဲမော်၊ မိမိကိုယ်တိုင်တောင် သူ့ အသုဘ လိုက်ပို့သေးခဲ့တာပဲ'

'ကျွန်တော်ကတော့ ကိုရဲဇော် မသေဘူးလို့ ပြောချင်ပါ တယ် မိမိ၊ စင်စစ်တော့ သူ့နာမည်နဲ့ တခြားလူ တယောက်က ဝင်သေနေတာပါ၊ ဒါကို ကျွန်တော်ကလွဲလို့ ဘယ်သူမှ မသိ ခဲ့ပါဘူးမိမိ'

'ရှင်....ရှင်.... တကယ်ပြောနေတာလားဟင်'

'ဘုရားစူးရပါစေရဲ့၊ မိမိချစ်တဲ့ ကိုရဲဇော် တကယ်မသေ ဘူးဆိုတာ၊ ကျွန်တော် အာမခံပါတယ်၊ ကျိန်းသေ ပြောပြနိုင် ပါတယ်'

'ဒါဖြင့် သူ အခု ဘယ်မှာလဲဟင်....မိမိ့ကို သူရှိတဲ့ နေရာ လိုက်ပြပါလားဟင်.... သူ့ကို မိမိ တွေ့ချင်လိုက်တာ ကိုရဲမော် ရယ်'





မိမိက အားတက်သရော ကပျာကရာလေး ပြောလိုက်ရှာ ပါသည်။

မိမိ ညှို့မျက်လုံးတွေမှာလည်း တဖျပ်ဖျပ် အရောင်လက် လာသလို မျက်နှာလေးမှာလည်း ဝမ်းသာအားရ လမင်းလို ဝင်းပ နေခဲ့ပါပြီ။

'မိမိ ရှည်ရှည်ဝေးဝေး လိုက်ရှာနေစရာ မလိုပါဘူး၊ ကိုရဲ ဇော်ဆိုတာ မိမိ့ရှေ့မှာ ရောက်နေပါတယ် မိမိရယ်'

'ဩော်....အဟုတ်များလားလို့၊ လူတဘက်သားကို ဒီလောက် တော့ မနောက်သင့်ပါဘူး ကိုရဲမော်'

မိမိ ချက်ချင်းအားလျော့သွားဟန်ဖြင့် ခေါင်းကုတ် ညည်း ညူ လိုက်ရှာပါသည်။ ကျွန်တော်လည်း သက်ပြင်းတချက် ချလိုက်ပြီး....

'ဟာ ..ခက်ရပြီလား မိမိရယ်၊ ကျွန်တော် အတည်ပြောနေ တာပါ၊ ကျွန်တော့်ကို ယုံပါ၊ ကဲ ...ကဲ လောလောဆယ် မယုံ ဘူး ဆိုတဲ့တိုင်အောင် ကျွန်တော်ရှင်းပြတာတွေကို နားထောင် ကြည့်ပါဦး မိမိရယ်'

သည်သို့ဖြင့် ကျွန်တော့်အတိတ်ဇာတ်ကြောင်းကို မိမိ့အား လှစ်ပြခဲ့ရပါတော့သည်။

ဦးဘတူအိမ် ဒမြ တိုက်ကြောင်း ကျွန်တော်တို့ ရဲစခန်းသို့ ဖုန်းဆက်လာ၍ လိုက်ဖမ်းခဲ့သည်မှအစ ညီလေးရဲမော်ကို ပစ် သတ်မိ၍ သက်ဆိုင်ရာနှင့် ညှိပြီး လူချင်းလဲခဲ့ရပုံ၊ ထို့နောက် ထွက်ပြေးရှောင်ပုန်းနေခဲ့ရာမှ အသုဘကိုလာကြည့်နှင့်အမေနှင့်

မီမီတို့ဖြစ်ထွေကို မြင်ခဲ့ရပုံ၊ ကျောက်ခါးပတ်နေ မနန်းကြူထို့ အိမ်သို့ ရောက်ခဲ့ပြီး သက်ခိုင်တို့နှင့် အဆက်ရခဲ့ပုံ။

ပြီးတော့ သက်ခိုင် ကလိန်ကျ၍ ပြဿနာမျိုးစုံ ပေါ်ပြီး နောက် သေနတ်ပွဲ နွှဲခဲ့ရပုံနှင့် မီမီတို့ ရောက်လာသည့် အဆုံး ရဲမော် အယောင်ဆောင်ဘဝသစ်မှ အဖြစ်အပျက် အသေးစိတ် အားလုံး ကျွန်တော်ပြောပြခဲ့ခြင်းပဲ ဖြစ်ပါ၏။

မီမီလည်း ကျွန်တော် ပြောသမျှကို စိတ်ဝင်တစား နား ထောင်နေခဲ့ရာမှ ကျွန်တော် အပြီးသတ်လိုက်ပြီ ဆိုလျှင် ခုလို မှတ်ချက်ချပါလေတော့သည်။

'အင်း.... ရှင်ပြောတာ တော်တော့်ကို နားထောင်လို့ ကောင်းတဲ့ ဇာတ်လမ်းတပုဒ်ပဲ ကိုရဲမော်၊ ရှင် ဘယ်ဝတ္ထုထဲ ကများ အလွတ်ကျက်ပြီး ပြောခဲ့တာလဲဟင်၊ တကယ်တော့ ဟိုနေ့က ရှင် အမှတ်တမဲ့ပြောခဲ့သလို မီမီ့ကို ပုံမှား ရိုက်တော့ မလို့ မဟုတ်လား ဟင်'

ဘုရား....ဘုရား။

ကျွန်တော်လည်း မြတ်စွာဘုရားတယင်း ကိုယ့်နဖူးကိုယ် ရိုက်၍ သေလိုက်ချင်စိတ် ပေါက်သွားရတော့သည်။

အတွေးခေါင်ရက်လိုက်လေခြင်း မီမီရယ်။

ကျွန်တော် စိတ်မော လူမော ဖြစ်သွားရချိန်၌ မီမီကတော့ စလင်းဘက်(ခ်) လေး ပြင်လွယ်လျက် ထိုင်ရာမှ ထရပ်ခဲ့ပါ ပေပြီ။

'ရှင့်ကို ရှင့်အစ်ကိုလို သူတော်ကောင်းထင်ခဲ့လို့ အကူအညီ တောင်းခဲ့မိတာ မီမီမှားတာပဲ၊ တကယ်ဆို ရှင့်အစ်ကိုမျက်နှာ





ရှင် ထောက်သင့်ပါတယ် ကိုရဲမော်..၊ ခွဲမရအောင် ရှုပ်ချင်း တူတာလေးကိုအခွင့်ကောင်းယူပြီး ခုလိုအချောင်ဝင်ကြံဖို့တော့ မသင့်ပါဘူး၊ အို.... မီမီ ပြန်ပါရစေတော့လေ၊ မီမီ့ကို လာ တွေ့တဲ့ အတွက်တော့ ကျေးဇူးတင်..'

'နေ....နေပါဦး မီမီ၊ ကျွန်တော်ပြောတဲ့အဖြစ်အပျက်တွေ ကို မယုံဘူးဆိုတဲ့ တိုင်အောင် မီမီ ယုံနိုင်စရာ သက်သေခံ အထောက်အထားတွေ ကျွန်တော် ပြနိုင်ပါသေးတယ်၊ မီမီ သက်သက် အတွေးခေါင် အထင်လွဲသွားတာ ကိုဇော် ရှင်းပြ မယ်၊ ဒီမယ် မီမီ....'

'တော်ပါတော့ ကိုရဲမော်၊ မီမီ့ကိုသနားပါ၊ မီမီ့ကို ရှေ့ ဆက် မညှဉ်းဆဲကြပါနဲ့တော့၊ ကဲ....ဖယ်ပါမီမီသွားတော့မယ်'

'အို....ကိုဇော် ထပ်ဖြေရှင်းခွင့် မရမချင်း မီမီ မပြန်ရသေး ဘူး'

'ရှင်.... လူလိမ် လူညာ လူယုတ်မာ၊ သွား မီမီ့အသားကို မထိနဲ့၊ ဟောဒီမှာ အုအုရေ....အုအု'

မီမီသွားမည့် လမ်းကို ကျွန်တော်က လက်နှစ်ဘက် ကာ၍ ပိတ်ထားမိလိုက်ရာမှ သူတိမ်းကိုယ်ယိမ်းနှင့် ထုတ်စည်းတိုးသလို ဖြစ်နေခဲ့သည်။

နောက်ဆုံး မီမီက အော်လိုက်မည်အပြင်မှာတော့ ကျွန် တော် သူ့ကို ဝင်ပွေ့၍ ပါးစပ်ကို အတင်းပိတ်ဖို့ ကြိုးစား မိသည်။

သူကလည်း ကျွန်တော့်လက်ထဲမှ လူးလွန့် ရုန်းကန်ယင်း နှင့် တချက်တွင် ဆောင့်တွန်းလိုက်နိုင်သည်။ ဒါပေမယ့် သူ့ လက်ကောက်ဝတ် တဘက်ကို ကျွန်တော်ဖမ်းဆွဲထားမိခဲ့သည်။

သည်တော့လည်း သူက နောက်လှဲ့ လှည့်ပြီး ကျွန်တော့် ကို ပါးရိုက်ချလိုက်ပါတော့သည်။

ပါးတပြင်လုံး ပူထူသွားသည်။

မျက်လုံးတွေ ပြာသွားသည်။

မိမိ အော်လိုက်မှာပဲ စိုးသည်။

အိမ်ဖော်မလေး ရောက်လာလျှင် လွယ်တော့မည် မဟုတ်။

သည်နေရာမှာမှမပြေလည်ခဲ့လျှင် မိမိရှေ့ဆက် ဒုက္ခရောက်ဖို့သာ ရှိတော့သည်။

တမုဟုတ်ချင်း အတွေး များကြောင့် ကျွန်တော်လည်း လုပ်မိလုပ်ရာ လုပ်လိုက်မိတော့သည်။

ဖြုန်းကနဲ ချက်ချင်း ကျွန်တော်ဆုပ်ကိုင်ထားသော မိမိ့ လက်ကို ပြန်ဆွဲလိုက်ပြီး ချာကနဲပါလာသော မိမိ့အား လက် ပြန် ရိုက်ချလိုက်ရခြင်းပဲ ဖြစ်ပါတော့သည်။

မိမိ့ခမျာ အသံလုံးဝ မထွက်နိုင်ပဲ ပုံလျက်သားလေး ခွေကျသွားရရှာပါပြီ။

သည်တော့မှ ကျွန်တော်က ကပျာကရာ ပြန်ပွေ့ပြီး သတိ ရလာအောင် ပြုစုမိသည်။

သူ့လက်ကိုင် အိတ်ကလေးနှင့် ယပ်ခတ်ပေးရသည်။

နှုတ်မှလည်း မိမိ့ကို တတွတ်တွတ် ခေါ်နေမိသည်။





ကျွန်တော့် မျက်လုံးအစုံမှ တားဆီးမရသော မျက်ရည် တွေ စီးကျလာရပါပြီ။

ကျွန်တော်တို့ ရှုန်းရင်းဆန်ခတ် ပဋိပက္ခဖြစ်နေသည့်တိုင် အိမ်ဖော်မလေးကတော့ ရောက်မလာ။ နောက်ပိုင်းကျမှ မချောက ကာတွန်းစာအုပ်ဖက်၍ အိပ်နေခဲ့ကြောင်း တွေ့ခဲ့ရ ပါသည်။

လောလောဆယ် မိမိကတော့ သတိပြန်လည် မလာသေး။

စလင်းဘက်(ခ်) ထဲတွင် ရှူဆေးလေး ဘာလေးများ ပါ လာမလားလို့ ရှာမိသည်။

သည်တွင်ပင်....

ကျွန်တော်နှင့် မိမိ အလွန်တရာ မြတ်နိုးရပါသော စံပယ် ပန်းလေး တကုံးကို တွေ့လိုက်ရပါသည်။ ကျွန်တော်လည်း ရုတ်တရက်အားဖြင့် ဝမ်းသာလို့ မဆုံးအောင် ဖြစ်သွားရပါ၏။

စံပယ်.... စံပယ်သည် မိမိနှင့် ကျွန်တော်တို့ နှစ်ဦးကြားတွင် ထူးခြားသော သင်္ကေတလေးပဲ မဟုတ်ပါလား။ စံပယ်နှင့် ပတ်သက်၍ မိမိနှင့် ကျွန်တော် နားလည်ထားကြသော မေတ္တာ စကားထာလေးတွေ ရှိခဲ့သည် မဟုတ်ပါလား။

ကျွန်တော်သည် မိမိ့ဘေးတွင် ဒူးထောက်လျှက် စံပယ် ပန်းကုံးလေးကို မိမိ့ နှာခေါင်းဝသို့ တေ့၍ အနံ့ပေးခဲ့ ပါသည်။

စံပယ်သည် အစွမ်းထက်လှသော ဩသဓဆေးကောင်း ပါပေတည်း။

စံပယ်နံ့လေးရသည်နှင့် မိမိသတိရ လူးလွန့်စပြုလာသည်။ နောက်.... တဖြည်းဖြည်း မျက်လုံးဖွင့်ကြည့်လာသည်။

ကျွန်တော့်ကို မြင်လိုက်သည်တွင် လူးလဲရုန်းကန်ထဖို့ ကြံလိုက်သေးသည်။

'မိမိ.... ကိုဇော်လေ.... မိမိ ချစ်တဲ့ ကိုဇော်ရယ်ပါကွယ်.... ဟော ဒီမှာကြည့်စမ်းပါဦး၊ စံပယ်ပန်းလေးလေ.... မိမိပြောခဲ့တာတွေကို ကိုဇော်မှတ်မိပါသေးတယ်၊ ဖြူစင်တဲ့ မေတ္တာတရားနဲ့ ထာဝရ ခိုင်မြဲတဲ့ သစ္စာတရားရဲ့ မှတ်ကျောက်ဖြစ်တဲ့ ကိုယ်တို့အချစ်မှာ အေးချမ်းနိမိတ်ကို ဆောင်မယ့် စံပယ်ပန်းလေးဆိုတာလေ.... စံပယ်ဟာ ကိုယ်တို့နှစ်ယောက်အတွက် သင်္ကေတဆိုတာလေ... ကိုဇော် မမေ့ပါဘူး မိမိ.... ဒီစကားတွေကို ကိုဇော်နဲ့ မိမိက လွဲလို့ ဘယ်သူသိဦးမှာလဲ မိမိရယ်....'

မိမိက လှိုက်လှဲစွာ ဆို့နင့်စွာ တတွတ်တွတ် ပြောနေသော ကျွန်တော့် မျက်နှာကိုသာ အံ့သြတကြီး ငေးကြည့်နေပါလေတော့သည်။ သည်မှတဆင့် ကျွန်တော့် ပါးပြင်ပေါ်မှ မျက်ရည်စတွေကိုလည်း တွေ့သွားလေပြီလား။

နောက်ဆုံး မိမိ့နှုတ်ဖျားလေးမှာ ပြုံးရောင်သန်းလာပါတော့သည်။

'ကိုဇော်... ကိုဇော်.... တကယ်မသေဘူးနော်'

'မိမိ့အတွက် အသင်ရှင်နေရတဲ့ ကိုဇော်ပါ မိမိရယ်... ကိုဇော်.... ကိုဇော်ပြောတာတွေ မိမိယုံပြီလားဟင်'

'စံပယ်သက်သေတင်နိုင်ခဲ့တဲ့ ကိုဇော့်အပေါ် မိမိမယုံလို့ ဖြစ်ပါ့မလား ကိုဇော့်ရယ်၊ တကယ်တော့ မိမိနဲ့ ကိုဇော်တို့ရဲ့





အသက်ကို စံပယ်လေးက ပြန်ဆက်ပေးခဲ့တာလို့ပဲ ကျေးဇူးတင်ရတော့မှာပေါ့၊ အို....မိမိတို့အဖြစ်က စိတ်ကူးယဉ်ဆန်လွန်းသလို ထူးဆန်းလိုက်တာ ကိုဇော်ရယ်နော်'

သည်နောက်တော့....

မိမိ့ကို ကျွန်တော်ပွေ့ယူလိုက်သည်။ မိမိက ရင်ခွင်ထဲသို့ အလိုက်သင့် ပါလာတော့သည်။

မိမိနှင့် ကျွန်တော်တို့ ရင်ချင်းအပ်ပါးချင်းကပ်ထားမိလိုက်ကြပါသည်။ ပြီး.... ကျွန်တော်တို့ အချစ်ဘဝ၏ ပထမအနမ်းကလေးတွေ ပွင့်ဖူးခဲ့ကြရလေတော့၏။

'ကဲ.... မိမိတို့၊ ဒီလိုချည်းနေသွားကြလို့ မဖြစ်သေးဘူး ကိုဇော်၊ ဦးမျိုးခေါင်တို့ ရန်ကလဲ ရှိသေးတယ်၊ မိမိ့သဘောကတော့ ခုတခါတည်းတောင် ထွက်ပြေးလိုက်ချင်ပြီ၊ နောက်ဆို ဒီလိုအခွင့်အရေးမျိုးရဖို့ မလွယ်တော့ဘူး မဟုတ်လား'

မိမိက ကျွန်တော့် ရင်ခွင်ကြားမှ ညင်ညင်သာသာလေး ရုန်းထပြီး ပြောခဲ့ခြင်း ဖြစ်ပါ၏။

သို့နှင့် ကျွန်တော်တို့နှစ်ဦးမှာ နဂိုကလို ဘေးချင်းယှဉ်ထိုင်ယင်း တိုင်ပင်ခဲ့ရပြန်တော့သည်။

'လောလောဆယ် မြန်းစားကြီး ထွက်ပြေးလို့ မဖြစ်သေးဘူး ထင်တယ် မိမိ.... ကိုဇော်တို့မှာ ကြိုတင်ပြင်ဆင်မှု ဘာတခုမှ မရှိသေးဘူး၊ အခုက အနေနဲ့ ဦးမျိုးခေါင်တို့နဲ့ စာရင်းရှင်းစရာ ကျန်သေးတယ်၊ ညီလေး ရဲမော်ကိုယ်စား အယောင်ဆောင်ခဲ့ရတဲ့အကြောင်းထဲမှာ ကိုယ်က ဒမြင့်ဂိုဏ်းကို ခြေရာခံဖို့ကြံခဲ့တာ

အခိကပဲ မဟုတ်လား၊ ခု ဒီနယ်တဝိုက်က ဒမြမှုတွေဟာ သူတို့ လက်ချက်မှန်း သိလိုလျက်နဲ့ သူတို့ကို လက်လွှတ်ချမ်းသာပေး ရမယ်ဆိုယင် အသည်းနာစရာကြီးကွာ.... ကိုဇော့်မှာ ပြည်သူ တယောက်ရဲ့ တာဝန်နဲ့ ရဲတပ်ဖွဲ့ဝင် တယောက်ရဲ့ ဝတ္တရားက ဒီနေရာမှာ စကားပြောနေတယ်'

'ဒါပေမယ့် သူတို့ လက်ပူးလက်ကြပ်မှ မမိတာပဲကိုဇော်ရဲ့၊ ဦးမျိုးခေါင်ရဲ့ အရှိန်အဝါကလဲ ကြီးပါဘိသနဲ့'

'ကိုယ်ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားပါရစေဦး မိမိရယ်၊ ခေါင်းအေးအေးနဲ့ ဆိုယင် သူတို့ကို အပိုင်တွယ်ဖို့ အကြံကောင်း တခုခုတော့ ရလာမှာပေါ့၊ လူတယောက်ဟာ ဘယ်လောက်ပဲ အရှိန်အဝါကြီးကြီး အမှန်တရားနဲ့ဥပဒေဘောင်ကိုတော့ကျော် နိုင်မှာ မဟုတ်ပါဘူးကွာ'

သို့ဖြင့်–

ကျွန်တော်လည်း လက်ရှိအခြေအနေ အရပ်ရပ်နှင့် ပြီးခဲ့ သမျှ အဖြစ်အပျက်တွေကို ဆက်စပ်သုံးသပ်လျက် ဆင်ခြင် တွေးဆခဲ့မိပြန်သည်။ အတန်ကြာအောင် စဉ်းစားမိသည့် အဆုံး၌ အကြံတခုရလာပါသည်။ မိုက်မိုက်ကန်းကန်းနိုင်လှ သော အကြံပဲ့ ဖြစ်ပါသည်။

ထိုအကြံအရ မိမိ့ကို တည်ကြက်လုပ်ရပေလိမ့်မည်။ ဝေဠု ၏ အကူအညီကိုလည်း ယူရပေလိမ့်မည်။ ကျွန်တော်တို့ ဦးမျိုး ခေါင် လက်ထဲသို့ ပြန်ဝင်ရပေလိမ့်မည်။

ပထမတော့ ကျွန်တော့်အကြံကို မိမိက သဘောမတူခဲ့၊ မှုဖြစ်နိုင်ဟု ဆိုပါသည်။ သို့ပေမယ့် သည်နည်းကလွဲ၍ တခြား





နည်း မမြင်ဟု ကျွန်တော်က ဆိုပြီး အတန်တန် တောင်းပန်ခဲ့ သည့်အဆုံးမှ အင်တင်တင်နှင့် ခေါင်းညိတ်ခဲ့ရှာပါတော့၏။

မိမိ့အတွက် အသေးစိတ် ညွှန်ကြားသင့်သည်များကို ထပ် တလဲလဲ ညွှန်ကြားခဲ့ပြီးနောက် ကျွန်တော်တို့လည်း လွမ်း စေတီတောင်ပေါ်မှ နေမွန်းတည့်ချိန်လောက်တွင် ပြန်ဆင်း ခဲ့ကြတော့သည်။

တောင်ခြေရင်းတွင် လမ်းခွဲလိုက်ကြသည်။ မိမိတို့ကို အယင့် ပြန်နှင့် ခိုင်းသည်။ ကျွန်တော်ကတော့ ညနေစောင်းချိန်အထိ မြို့ထဲတွင် သဝေထိုးကျန်ခဲ့သည်။

အမှန်စင်စစ်တော့ ကျွန်တော့် အကြံအစည်အတိုင်း ကျစ် လျစ်သိပ်သည်းစွာ ပဏာမပျိုးခဲ့ခြင်းပဲ ဖြစ်ပါသည်။

ကျွန်တော့်အကြံက ယနေ့ (သို့မဟုတ်) နက်ဖြန် တရက် ရက်တွင် အကောင်အထည် ဖော်ရမည် မဟုတ်ပါလား။

သည်လို အကောင်အထည် ဖော်ဖို့အတွက်တော့ ဦးမျိုး ခေါင်တို့ အခြေအနေပေါ်တွင် မူတည်သည်။

အိမ်ပြန်ရောက်၍သူတို့အခြေအနေကို အကဲခတ်ကြည့်မိသည် တွင် အစီအစဉ်ကို ညတွင်းချင်း စရတော့မည်ဖြစ်ကြောင်း နားလည်လိုက်ရပါတော့သည်။

သက်ခိုင်၏ ခြေထောက် ဒဏ်ရာပြန်ကောင်း၍ ထော့နင်း ထော့နင်းနှင့် အောက်ဆင်း လျှောက်နေသည်ကို မြင်ရ၍ တကြောင်း၊ မင်္ဂလာဆောင် ကိစ္စအတွက် မိမိတို့၏ ဆွေမျိုး သားချင်း အချို့ ရှခင်းလုံမှ ရောက်လာသောကြောင့် တကြောင်း။

F.183

ထိုလူတွေထဲမှ လူတယောက်က ကျွန်တော့်ကို ရဲဖော်အဖြစ် လူမှားခေါ်ခဲ့ရာမှ သံသယ အခြေခံရှိထားသော ဒေါ်မြစိန်နှင့် ဦးမျိုးခေါင်တို့လည်း ကျွန်တော်တို့ ညီအစ်ကို ရုပ်ချင်းတူ အမြွှာညီအစ်ကိုများဖြစ်ကြောင်း အတည့်အလင်း သိသွားပြီ ဖြစ်သောကြောင့် ဦးမျိုးခေါင် အနေနှင့် ကျွန်တော်နှင့် ရဲမော် လူချင်းလဲခဲ့သည့် အဖြစ်ကို ဖော်နိုင်စရာ လမ်းပေါက် သွားပြီမို့ တကြောင်း။

သို့ကလို အကြောင်းကြောင်းကို ထောက်၍ ကျွန်တော့် အကြံအစည်ကို ယခုည လက်တွေ့ လုပ်ဆောင်ရပေတော့မည်။

ဝေဠုနှင့် နောက်ဆုံးတွေ့ဆုံ ဆွေးနွေးလိုက်မိပြီးနောက် တော့ ကျွန်တော့်ဘက်က တပ်လုံသွားပါပြီ။

သည်နောက်တော့ ကျွန်တော်လည်း အခန်းအောင်းပြီး စစ်ဆင်ရေးအတွက် စစ်ပြင်ဆင်ထားလိုက်ရပါသည်။ ဖြစ်ပါ့ မလား။ တထိတ်ထိတ်နှင့် ဟိုဟိုသည်သည် လျှောက်တွေး ယင်း ရာမဇာတ်ကို သွားသတိရလိုက်သေးသည်။

ရိုးတော့ ရိုးနေပါပြီ။ အီနေအောင်ကို ရိုးနေပါပြီ။

ဒါပေမယ့် ကျွန်တော့်အဖြစ်နှင့် ထပ်တူထပ်မျှ ကျနေ တော့လည်း၊ ရာမဇာတ်ကိုပင် စံနှိုင်း ပုံခိုင်းပြရတော့မည် ထင်ပါသည်။

ထားပါတော့ ။

သီတာဒေဝီက မီမီလတ်။

ဒသဂီရိက သက်ခိုင်။

ရာမကတော့ ကျွန်တော်လို့....။





တကယ်တော့ မယ်သီတာ မီမီလတ်လေးကို ဒသဂီရိ သက်ခိုင်သည် ဘီးလူးစွယ်ချွတ်၍ (ဝါ) သူတော်ကောင်း ရသေ့ယောင်ဆောင်ပြီး ကျွန်တော် ရာမလက်ထဲက လုယူဖို့ ကြိုးစားနေခဲ့သည်သာ မဟုတ်ပါလား။

သီတာဒေဝီသည် မင်းရာမကို ထာဝရသစ္စာနှင့် ချစ်ပါ လျက်၊ ဒသဂီရိ၏ ပရိယာယ်ညွှတ်ကွင်းထဲသို့ သက်ဆင်းမိသည့် ပမာ....

မီမီလတ်ခမျာလည်း ကျွန်တော့်ကို စိတ်မကုန်နိုင်ပဲနှင့် သက်ခိုင်ရင်ခွင်ထဲသို့ အဖြစ်မဲ့စွာ ကျရောက်ရတော့မည်။

သည်လိုဆိုပြန်တော့လည်း....

ကျွန်တော် မောင်ရာမအဖို့ မသီတာဒေဝီကို ပြန်ကယ်ယင်း နှင့် သိဃ်္ဂိုရ်ပြည်ကြီးကိုလည်း မီးတိုက်၊ တချက်ခုတ်နှစ်ချက် ပြတ် လမ်းစဉ်ကို လိုက်ရပေတော့မည်။

ထိုအရေးအခင်းတွင် ရာမမင်းသားက ဟာနုမာန်၏ အကူ အညီကို ရယူ၏။

ကျွန်တော်က ဝေဠုကို အားကိုးပြု၏။

ဒါပေမယ့် အဆုံးကျတော့ ရာမမင်း အောင်ပွဲခံရသလို ကျွန်တော်ကကော အောင်ပွဲခံရပါ့မတဲ့လား။

## အခန်း (၁၅)

ည....။

၂ နာရီ ထိုးချေပြီ။

ည....

လူတွေ အိပ်နေပြီ။

ည....။

မှောင်မည်းတိတ်ဆိတ်လျက်ပါ။

ထိုအခါမှ ကျွန်တော်က အလုပ်စသည်။ ကျွန်တော့်အခန်း တံခါးကို ဖွင့်သည်။ ပတ်ဝန်းကျင်ကို လေ့လာသည်။

အားလုံးကောင်းပါသည်။

အပြင်ထွက်လိုက်၏။ တံခါးကို နောက်ပြန်စေ့ခဲ့၏။ သုံးလှမ်းသော ခရီးကို လျှောက်လိုက်ရ၏။

မီမီ့အခန်းတံခါးရှေ့တွင် ကပ်မိသည်။ လက်ထဲပါ စာလေးကို တံခါးအောက်မှ ထိုးသွင်းလိုက်၏။

ကျွန်တော့်လက်ထဲမှာ သေနတ်ကိုင်ထားသည်။ မျက်စိထဲမှာတော့ ရိပ်ကနဲ မည်းမလာနှင့်။ အသည်းမှာ ဇကာဆင်သွားရမည်။ ရင်ခုန်ထိတ်ယင်း စိတ်ပိုင်းဖြတ်ထားသည်။

တအောင့်ကြာ ဆက်စောင့်လိုက်ရသည်။ အသံမမည်ပဲ ကျွန်တော်ဝင်လိုက်၏။ အုအုက တံခါးပြန်ပိတ်ကျန်ရစ်ခဲ့၏။

အခန်းထဲတွင် သုညအား အပြာရောင်လေး လင်းနေ၏။

မီမီ့ကို ခုတင်ပေါ်မှာ ထိုင်လျက်တွေ့ရသည်။

'ကဲ....အားလုံးအဆင်သင့်ပဲလား မီမီ'

ကျွန်တော်က ခုတင်နားသို့ တိုးကပ်လိုက်ယင်း မီမီ့ကို လေသံလောက်နှင့် မေးလိုက်သည်။ မီမီက ထိုင်ရာမှ ထလာပြီး....

'မီမီမအိပ်ပဲ စောင့်နေပါတယ် ကိုဇော်၊ ကိုဇော်က မှာထားတယ်မဟုတ်လား၊ ဒီညနဲ့ နယ်ဖြန်ည ၂ နာရီက ၄ နာရီကြားမှာ၊ စာအလာကိုသာ စောင့်လို့၊ ကိုဇော့်ဘက်က အစီအစဉ်တွေရောဟင်၊ စိတ်ချရပါ့မလား ကိုဇော်ရယ်....'

မီမီ၏ တီးတိုးသံလေးများမှာ တုန်နေသည်။ မီမီကြောက်နေပြီ ထင်ပါရဲ့။ မီမီမျက်လုံးလေးတွေက ပြူးပြူးပျာပျာလေးတွေဖြစ်လို့။





ပြီးတော့ မီမီက ကျွန်တော်ပြောသလိုပင် အနက်ရောင်ကဲသော ထဘီအင်္ကျီတွေ ဝတ်ထားသည်။

'အားလုံး အိုကေပဲမီမီ.... ဝေဠုကို တာဝန်လွှဲထားပြီးသားပါ'

'ဒါဖြင့်လဲ သွားကြစို့၊ အုအုရေ မမမီမီပြောတာတွေ မမေ့နဲ့နော်....'

ကျွန်တော့်ကို လောဆော်ယင်း ကျောက်ပေါက်မလေးအုအုကို မီမီနှုတ်ဆက်လိုက်ပါသည်။

'စိတ်ချပါ မမမီမီ .. မမမီမီတို့သွားလို့ ခြံဝလောက်ရောက်တော့မှ အုအုက ဘဘကြီးတို့ကို သွားနှိုးပြီး မမ မရှိတော့ဘူး၊ ဘယ်မှ လိုက်ရှာလို့လဲ မတွေ့တော့ဘူးလို့ တိုင်ရမယ်၊ ဒါပဲမဟုတ်လား.... ပြောလို့သာ ပြောရတယ်၊ မမလွတ်သွားတယ်ဆိုယင် အုအုကို သူတို့ ဘယ်လိုလုပ်ကြမလဲ မသိဘူး....'

'မပူပါနဲ့ကွာ.... မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ သူတို့ လုပ်ချင်တိုင်း လုပ်လို့ရမတဲ့လား၊ အစ်ကိုတို့ကလဲ အုအုကိုပစ်မထားပါဘူး'

'အုအုရယ် ... အုအုကျေးဇူးကို မမလဲ မမေ့ပါဘူး၊ မမတို့ အေးအေးဆေးဆေး ဖြစ်သွားပြီဆိုတာနဲ့ အုအုကောင်းစားမှာပါ၊ ခုမှင်သေသေသာ ရှိပစေနော်....'

'အုအုကလဲ ဘာမှ မမျှော်ကိုးပါဘူးလေ၊ မမကို ကိုယ်ချင်းစာပြီး ကူညီခဲ့တာပါ...'

သည်နောက်တော့ ကျွန်တော်တို့ မီမီ့အခန်းထဲမှ ထွက်ရန် တံခါးဝသို့ ကပ်အလာ ဘေးချင်းအခန်းမှ လူးလွန့်လှုပ်ရှား

လာသံ၊ ချောင်းဆိုးသံ၊ မီးဖွင့်သံ၊ တံခါးဖွင့်သံတွေ ကြားလိုက်ကြရပါ၏။

သို့နှင့်ပင် ရောက်ရာအရပ်တွင် အသက်မရှူတမ်း၊ နှားရွက်မခတ်ကြေး ငြိမ်နေလိုက်ရသည်။ အသံကတော့ မိန်းမသံပဲ၊ အဘွားကြီး ဒေါ်မြစိန်ပဲ ဖြစ်ပါလိမ့်မည်။

လောလောဆယ် ကျွန်တော်တို့ ထွက်လို့မဖြစ်သေး။ အရိပ်အခြည် စောင့်နေကြရသည်။

တော်ပါသေးသည်။ ပြဿနာအသေး သွားရှင်းပုံရသည်။ ခဏ အကြာတွင်ပင် အိမ်ရှေ့ဘက်သို့ ပြန်လာသံတွေ ကြားရသည်။ ခြေသံတွေက ကျွန်တော်တို့အခန်းရှေ့မှာ ပျောက်သွားသည်။ သည်လို ပျောက်သွားပြီ ဆိုလျှင်ပင် ကျွန်တော်က တံခါးရွက် နောက်သို့ ဝင်ကပ်ထားလိုက်သည်။ မီမီကလည်း ခြေဖျားလေး ထောက်၍ နောက်ဆုတ် ချောင်ကပ်သွားသည်။

အုအုကလည်း ခုတင်ပေါ်တွင် ထိုင်နေရာက ဝပ်နေလိုက်သည်။ တကယ်တော့ မီမီတို့ အခြေအနေကို အပြင်မှ နားစွင့်အကဲခတ်လာခြင်းပဲ ဖြစ်ပါလိမ့်မည်။

နောက်တော့လည်း ချောင်း တဟွတ်ဟွတ် ဆိုးယင်း သူ့အခန်းဘက်သို့ ပြန်သွားတော့သည်။ တဘက်ခန်းမှ လှုပ်ရှားမှုငြိမ်သက်သွားသည့်အထိ ကျွန်တော်တို့ ခုတင်ပေါ် ပြန်ထိုင်စောင့်နေရသေးသည်။ သည့်အတွက် ငါးမိနစ်လောက် အချိန်လင့်သွားရသည်။

စိတ်ချလက်ချ ဖြစ်လောက်ပြီဆိုတော့မှ တံခါးဝကို ပြန်ကပ်ရပြန်သည်။ တံခါးဂျက်ကို သာသာလေး ဖွင့်မိသည်။





ကျွန်တော်က အယင်ထွက်သည်။ မီမီ့ကို လက်နောက်ပြန် ဆွဲခေါ်ခဲ့သည်။ တံခါးကို စေ့ရုံလေး ပြန်စေ့ ထားခဲ့သည်။ ဂျက်ပြန်မထိုးဖို့ အုအုကို မှာထားပြီးဖြစ်သည်။

မှောင်ထဲတွင် တဖြည်းဖြည်း တစမ်းစမ်းနှင့် ထမင်းစားခန်းကြီးကို ဖြတ်ခဲ့ရသည်။

သည်အချိန်တွင် တခုခုကို ဝင် ခလုတ်တိုက်မိလျှင် မလွယ်ပါ။

သတိထား ရှောင်ရှားခြေချယင်း မီးဖိုချောင်ထဲကို ရောက်သည်။ နောက်ဘက်တံခါးပေါက်တွင် ကျွန်တော်တို့ ရပ်လိုက်ရ ပြန်သည်။ ထိုအချိန်ထိ ကျွန်တော်တို့ အတွက် အနှောင့်အယှက် ဘေးအန္တရာယ် ဘာမှ မတွေ့ရသေးပါ။

တိုက်ကြီး တတိုက်လုံး အိပ်မောကျနေသည်။ သို့မို့လည်း နောက်ဘက် တံခါးမကြီးမှ မျောက်လက်ကို ဖွင့်ရာတွင် စိတ်ရှည်ရှည် ထားနေရသည်။ မျောက်လက်က ကြပ်နေသဖြင့် တအီအီနှင့် ချော့ကြိတ်၍ ဖွင့်ရသည်။

မီမီ စိုးရိမ်ချောက်ချားနေ၏။ ကျွန်တော့် ပခုံးကို ဆုပ်ကိုင်ထားသော လက်ကလေးတဘက်မှာ ကတုန် ကယင်လေး ဖြစ်နေသည်။ သူ့ သက်ပြင်းရှူသံလေးကို အမောတကြီး ကြားနေရသည်။

ကြိတ်ဆွဲနေသည့် ကြားထဲမှ ဆုံးခါနီး တဲတဲတွင် မျောက်လက်ကိုင်းနှင့် အပိတ်ကွင်းတို့ သွားရိုက်ပြီး ဂျိုင်းကနဲ အသံထွက်သွားသေးသည်။ ကျွန်တော် တက်ခေါက် ဒေါသ ထွက်လိုက်ရသလို မီမီ့ခမျာလည်း မျက်လုံးပြူး စုပ်သပ်ခဲ့ရသည်။

တံခါးဖွင့်သံကို တိုက်ထဲကကြားပြီး လန့်နိုးသွားနိုင်သည်မဟု ပါလား။

ကျွန်တော်တို့က ပကတိငြိမ်၍ အကဲခတ် စောင့်နေလို့ သေးသည်။

တုံ့ပြန်မှု ပြန်မလာကြောင်း တွေ့တော့မှ တံခါးရွက် တွန်းဖွင့် လိုက်သည်။ တံခါး ပွင့်သွား သည် နှင့် ကျွန်တေ မျက်လုံးများက အိမ်တန်းလျားကြီး ဆီသို့ တန်းရောက် သွ သည်။ တကယ်ပါပဲ။ ထိုဆီ ကလည်း မသက်ာဖွယ် အချ အလက် တစုံတရာ မတွေ့။

ကြိုက်ပြီ။ ကျွန်တော် နှင့် မိမိ တိုက်ပြင်သို့ ထွက်၍ တို ရိပ်ခိုကာ တိုက်ဘေးမှ ကပ်လာခဲ့သည်။ ထိုမှတဆင့် ခြံဝ ကြီးကို ဖြတ်ပြီး ခြံဝသို့ ရောက်လာကြသည်။ ထို အချိန်တိ တိုက်ကြီးတခုလုံး လူတယောက်မှ နိုး မလာကြ။ နောက်ဆ တော့ ကျွန်တော်တို့ ခြံဝမှတဆင့် လမ်းပေါ်သို့ ခြေချမိကြ တော့သည်။

အ ကာလ ညဝန်းကျင်မှာ နှင်းမြူမှိုင်းရီ၊ ပုရစ်သံ တဂျီ လွှမ်းမိုးနေသည်။ ကျွန်တော်နှင့် မိမိ့အဖို့ ခြံရှေ့လမ်းကလေ ပေါ် ရောက်ပြီဆိုတော့မှ အသက်ရှဲရှဲ ရှူဝံ့ကြတော့သည်။

ထို့နောက် မာကြူရီ မီးတိုင်များအောက်မှ မသွက် မမြ မှုန်တမ်းလေး လျှောက်လာကြတော့သည်။ နောက် လှည့်ကြည့် လှည့်ကြည့်နှင့် ပါတည်း။





လမ်းသွယ်လေး ထိပ်မှာ လမ်းမြောင်ကြီးတခုက ကန့်လန့် ဖြတ်ထားသည်။ ထိုလမ်းကြီးအတိုင်း ညာချိုး၍ ဆက်လျှောက် သွားလျှင် ဗဟို လမ်းမကြီးဆီသို့ ရောက်ပေလိမ့်မည်။

ကျွန်တော်တို့ လမ်းသွယ်လေးထိပ် ရောက်သည့်တိုင်အောင် နောက်ဘက် ဦးမျိုးခေါင် ခြံကြီး ဆီမှ အသံ ဗလံ လှုပ်ရှားမှု ရယ်လို့ မကြားရသေးပါ။

သို့သော် လမ်းမြောင်ကတ္တရာစေး လမ်းတဝက်ကျော်ကျော် သို့ ရောက်သည်နှင့် လမ်းသွယ်လေး ထဲမှ ကားတစီး ထွက်လာ သည်ကို တွေ့လိုက်ရပါဘော့၏။

‘ကဲ....ပြေးမှပဲ မိမိ၊ ပြေး....ပြေး’

ဝေးဘော့ ဝေးသေးသည်။ သို့ပေမယ့် ကြိုပြေးထားနိုင်မှ တန်ကာကျမည်။

ကျွန်တော်လည်း မိမိ့ကို လက်ဆွဲယင်း တဘက်နှင့်ပြေးခဲ့ရ ပါတော့သည်။

မိမိ့ ခမျာလည်း တတ်နိုင်သလောက် အားသွန်၍ လိုက်ခဲ့ ရှာပါသည်။

ခဏအကြာမှာပင်....

‘မော.... မောတယ်မောင်.... မိမိ မပြေးနိုင်တော့ဘူး ထင် တယ်’

‘အားတင်းစမ်းပါ မိမိရယ် ... သူတို့ တော်တော်နဲ့ မမီနိုင် သေးပါဘူး’

မိမိက နွမ်းဟိုက်သံလေးနှင့် ပြောခဲ့ရှာသည်။ ကျွန်တော် လည်း သူ့ကို ပြန်အားပေးယင်းမှ မရအရ ဆွဲခေါ်လာရသည်။

ခရီးက တွင်သင့်သလောက် မတွင်ပါ။ အရေးထဲမှာမှ မီမီ ဟပ်ထိုးလဲကျမတတ် ငိုက်စိုက်ထိုးသွားပါသည်။ ကျွန်တော် ပြန်မထိန်းလိုက်နိုင်လျှင် နှစ်ယောက်သား ပစ်လဲရမှာ ကျိန်းသေသည်။

သည့်နောက်တော့ ဆက်ပြေးရပြန်သည်။

နောက်ကားကလည်း တဖြည်းဖြည်း နီးသထက် နီးလာတော့မယောင်....။

ကျွန်တော်တို့ စီးနေကျ ဖင်မလီယာ အဖြူလေးပဲ ဖြစ်ပါသည်။

ကားထဲတွင် လူဘယ်နှစ်ယောက်ပါမှန်းတော့ မသိပါ။

သို့သော် ပါသမျှအားလုံးကတော့ ကျွန်တော်တို့ကို တွေ့သွားမည် ထင်ရပါ၏။ ကားကို အရှိန်မြှင့်လာသည်။

သည်ကြားထဲမှ ရွှေတော်ပြေးအဖြစ် ကျည်ဆန်တွေ ပလူပျံလာပါသေး၏။

မီမီနှင့် ကျွန်တော်တို့၏ ခေါင်းပေါ်မှ လည်းကောင်း၊ နားရွက်ဖျားမှ လည်းကောင်း ပွတ်ကာသီကာလေးတွေနှင့် ကျီစယ်သွားကြသည်။

ညဥ့်ယံမှာ သေနတ်သံတွေနှင့် ဟိန်းနေရပါလေပြီ။

'လွတ်.... လွတ်မှ လွတ်ပါတော့မလား မသိဘူး ကိုရယ်....'

'သေတလမ်း ရှင်တလမ်းပဲမီမီ.... ဒါ.... ကိုယ်တို့အတွက် နောက်ဆုံး တိုက်ပွဲပဲ ဖြစ်မှာပါ၊ တိုက်ပွဲအဆုံးမှာ အောင်မြင်မှုဆိုတာ စောင့်နေပါတယ်၊ သေအတူ ရှင်မကွာပေါ့....'





မီမီ့ကို အားပေးယင်းမှ ကွေ့လိုက် ကောက်လိုက် ငုံ့လိုက် ဝပ်လိုက်နှင့် ပြေးနေခဲ့မိသည်။ နောက်ဆုံးတော့ မလွတ်သာတော့သည့် ဟန်ဖြင့် ဘေးဖဲ့ဆင်း၍ ပြေးခဲ့ရာမှ သိင်္ဂမြိုင်ဆိုင်းဘုတ်တပ်ထားသော ခြံကြီးတခုထဲသို့ စွပ်ဝင်လိုက်မိပါတော့သည်။

ထိုခြံကြီးကား လိမ္မော်နှင့် သစ်တောခြံကြီး ဖြစ်နေပါ၏။ ခြံကြီးထဲ ရောက်လိုက်သည်နှင့် မွှေးထုံသော လိမ္မော်ရနံ့က ဆီးကြိုထွေးလိုက်သည်။ လိမ္မော်တောနှင့် သစ်တောအကြားမှ မြေနီလမ်းလေးအဆုံး၌ နှစ်ထပ်တိုက်အိုကြီး တလုံးကိုလည်း မှောင်ထဲတွင် မည်းမည်းထင်းထင်းကြီး တွေ့ရသည်။

ကျွန်တော်တို့လည်း အားတက်သရောပင် လိမ္မော်ပင်များကို အကာအကွယ်ယူ၍ အိမ်ကြီးဆီသို့ အရောက်ပြေးခဲ့မိပြန်သည်။

ကျွန်တော်တို့ ခြံကြီးထဲသို့ ဝင်ခဲ့ကြောင်း နောက်ကားမှ မြင်ခဲ့ပြီထင်ပါ၏။ ကျွန်တော်တို့ လိမ္မော်တောထဲ ဖြတ်တိုးနေစဉ်မှာပင် ခြံဝသို့ ကားရောက်လာသံကြားရသည်။ အရှိန်လျှော့၍ မြေနီလမ်းအတိုင်း ဘီးလိမ့် ဝင်လာပါချေပြီကော။

ကျွန်တော်က တိုက်အိုကြီးဆီသို့ မကူးခင် လိမ္မော်ပင်လေး တပင်နောက် ဝင်ပုန်းကပ်နေလိုက်ရာမှ လမ်းလယ်ကားပေါ်မှ ဆင်းနေကြသော သူတို့ကို မည်မည်းရိပ်ရိပ် လှမ်းတွေ့နေရ၏။

သူတို့အားလုံး လူစုံတက်စုံပါလာကြမည် ထင်ရသည်။ သူတို့ကားပေါ်က အဆင်းမှာပင် ကျွန်တော်က ပစ္စတိုနှစ်ချက်နှင့် လှမ်းနှုတ်ဆက်လိုက်ပါသည်။

သို့နှင့်အမျှ သူတို့လည်း ယောက်ယက်ခတ်၍ ဝမ်းလျားထိုးဝပ်သူဝပ်၊ ဘေးလှိမ့်ရှောင်သူရှောင်၊ ခေါင်းငုံ့ပြေးသူပြေးနှင့် တော်တော်လေး ပြာလောင်ခတ်သွားရမည်ကို မြင်ယောင်လိုက်မိပါသေးသည်။

သူတို့ ဗျာများသွားရချိန်လေးကို အခွင့်ကောင်းယူ၍ ကျွန်တော်နှင့် မိမိ တိုက်အိုကြီး နောက်သို့ ကူးဖို့ ကြိုးစားခဲ့ကြရပြန်သည်။

ထို့နောက်တော့ ကျွန်တော်တို့ နေရာဟောင်းသို့ စုပြုံပစ်လိုက်ကြသော သေနတ်သံတွေ ကြားလိုက်ကြရပါသည်။ ခြောက်နှမြောစရာကောင်းလိုက်တဲ့ ကျည်ဆန်တွေရယ်....။

လူနေဟန်မတူသော တိုက်အိုကြီး နောက်တံခါးပေါက်သို့ ရောက်အောင် မြက်စပ်ချုံနွယ်များကို ရှန်းဖြတ်ခဲ့ရပြန်ပါသည်။

တံခါးဝ ရောက်တော့ တံခါးရွက်ပိတ်နေကြောင်း တွေ့လိုက်ရ၏။

ဒုက္ခပဲ ထင်ပါရဲ့...။

သည်အိမ်ထဲမှ ဝင်မနေနိုင်လျှင် ကျွန်တော်တို့ ပြေးစရာမရှိတော့။

ကျွန်တော်တံခါးကြီးကို တွန်းဖွင့်ကြည့်မိသေးသည်။ ပထမတော့ ဖွင့်လို့မရ။ အားစိုက်ပါမှ တကျွီကျွီ ညည်းညူမြည်သံကြီးနှင့် ပွင့်သွားပါ၏။

ကျွန်တော်တို့ အိမ်ကြီးထဲ ရောက်ခဲ့ချိန်မှာပင် အပြင်ဘက်သိမှော်ခြံကြီးထဲမှ။





'ဟေ့ကောင်၊ ရဲမော် မင်းတို့ ဘယ်နည်းနဲ့မှ ပြေးလို့လွတ်ာမှာ မဟုတ်ဘူးကွ၊ ခုခံဖို့ ကြိုးစားလဲ အပိုပဲဟေ့....သေချင်ယင် မိမိ့ကို ငါ့လက်ထဲ ပြန်အပ်....'

သက်ခိုင်၏ အသံကြီးပင် ဖြစ်ကြောင်း ကျွန်တော်ကျက်မိက်ပါသည်။

သို့သော် အော်မိအော်ရာ ရမ်းသမ်းအော်နေခြင်းသာဖြစ်ကြာင်း ကျွန်တော်သိပါသည်။

ထို့နောက်မှ အိုက်ထွန်းနှင့် မိုက်ကယ်တို့ အသံများကန်တော့်အထင်ကို ထောက်ခံလိုက်ပါသည်။

'ဟာ ... သူတို့ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ တနေရာရာ ပုန်းအောင်းနေပြီနဲ့ တူတယ်၊ လူခွဲပြီး လိုက်ရှာ'

'ဟေ့ကောင်.... အရမ်းရှေ့အတိုးနဲ့၊ ဟိုက ဆီးပစ်ချလိုက်ရင်ပွင့်သွားဦးမယ်'

ကျွန်တော်နှင့် မိမိ တိုက်ကြီးထဲ ရောက်နေကြောင်း သူတို့းမိဟန်မတူသေး။

သည်တော့လည်း ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့ လူပါင်းရှုံဖြင့် မှာလိုက်ချင်သည်ဆိုသော သီချင်းလေးကို ကျွန်ာ် သွားသတိရလိုက်သည်။ ရှာပေဦးတော့ သက်ခိုင်ရေ....ပေဦးတော့လို့ ကျွန်တော် မှာတမ်းချွေလိုက်မိသည်။

တိုက်ကြီးထဲ ရောက်ပြီဆိုသည်နှင့် တံခါးမကြီးကို ပြန်စေးလိုက်သည်။ ဘေးတွင် အသင့်တွေ့သော မင်းတုပ်ကြီးနှင့်ပိတ်လိုက်သည်။ မိမိ့ကို လက်ဆွဲလျက် မှောင်ထဲမှ အိမ်ဘက်သို့ စမ်းလျှောက်လာရပြန်သည်။

အပြင်ပန်းက ကြည့်လျှင် တိုက်ကြီးမှာ ပင့်ကူအိမ်များ၊ ဖုန်မှုန့်ကျပ်ခိုးများ၊ အမှိုက်သရိုက်များဖြင့် ရှုပ်ပွလိမ်းကျံ လျက် အနံ့အသက်တွေ ဆိုးရွားနေလိမ့်မည် ထင်ရသည်။ ကြွက်တိုင်း ပြည် ဖြစ်နေရုံသာမက မြွေမြို့တော်ပင် ဖြစ်နေလောက်သည်။

သို့သော် တကယ့်တကယ် အထဲရောက်တော့ အထင်နှင့် အမြင် တခြားစီ။

သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းလေးနှင့် နေချင့်စဖွယ် ကောင်းသော ရှေးတိုက်ကြီးဖြစ်ကြောင်း မြင်တွေ့ရသည်။ မြင် ရသည့် အကြောင်းမှာလည်း ဖယောင်းတိုင် မီးရောင်လေးတခု ကြောင့်ပင်။

မှန်ပါသည်။ ကျွန်တော်တို့ တိုက်ထဲသို့ ရောက်ခဲ့ချိန်တွင် ဖယောင်းတိုင်လေး ကိုင်ထွက်လာသော နှုတ်ခမ်းမွေးကားကား အရပ် ထောင်ထောင်မောင်း အသားဖြူဖြူ အဘိုးကြီး တယောက် တွေ့လိုက်ရသည်ပဲ မဟုတ်ပါလား။

အဘိုးကြီးက သူ့ခြံထဲတွင် ကားသံ၊ သေနတ်သံတွေ ပွက် လောညံခဲ့ရသည့် အကြောင်းနှင့် ကျွန်တော်တို့ သူ့အိမ်ထဲသို့ တိတ်တခိုး ဝင်ရောက်နေကြသော အဖြစ်ကို ဘယ်လိုမှ အံ့ဩ ဟန် မပြပါ။

'ကဲ…လာ လာ အပေါ်ထပ် တက်နေကြ'

လို့သာ ပြောပြီး နောက်လှည့်၍ ရှေ့မှ ဦးဆောင်သွား ပါ၏။

ကျွန်တော်နှင့်မိမိလည်း သူ့နောက်မှ အသာကပ်လိုက်သွား ရပါသည်။







ဖိတ်ဖိတ်တောက်ပြောင် ချောနေသော ကျွန်းလှေကားကြီး မှ တဆင့် အဖိုးတန် ရှေးဟောင်း ပရိဘောဂ များနှင့် အလှ ဆင်ထားသည့် အပေါ်ထပ် ဧည့်ခန်းကြီးအတွင်း ဝင်ထိုင်နေ လိုက်ကြရပါတော့သည်။

ထိုင်မိကြသည်နှင့် အဘိုးကြီးကလည်း ဖယောင်းတိုင်မီးကို မှုတ်ငြိမ်းလိုက်ယင်း–

'ကိုင်း….ဘာမှ စိုးရိမ်စရာ မရှိတော့ဘူးကွယ့်၊ အမောင်တို့ အေးအေးချမ်းချမ်းသာနေကြ၊ အပြင်မှာ သူတို့ပြဿနာသူတို့ ကြည့်ရှင်းကြလိမ့်မယ် ပေါ့'

ခုမှပဲ ကျွန်တော်လည်း ဟင်းချနိုင်ပါတော့သည်။

မိမိ့မျက်နှာလေးမှာလည်း ပြုံးရောင်သမ်းနေမှာ မလွဲ။

သို့နှင့် မကြာမီပင်….

အပြင်ဘက် ခြံကြီးထဲမှ ငရဲပျက်သလောက် သေနတ်သံတွေ ဗြုန်းကနဲ ထွက်လာပါတော့၏။ သေနတ်သံတွေ၊ ပြေးလွှား သံတွေ၊ အော်ဟစ်သံတွေ။

'ဒီမယ် မိတ်ဆွေတို့၊ မိတ်ဆွေတို့ကို ပြည်သူ့ရဲတပ်ဖွဲ့က ဝိုင်း မိနေပါပြီ၊ ထွက်ပေါက်တွေ ရှိသမျှလဲ ပိတ်ထားလိုက်ကြ ပါ ပြီ၊ လက်နက်ချကြပါ၊ အဖမ်းခံကြပါ'

အသံမျိုးစုံကြားမှ အောင်မြင်ထည်ဝါသော အသံကြီးတခု ကိုလည်း ကျွန်တော်ကြားခဲ့ရပါသည်။ သူတို့နှင့်အတူ ဝေဠု တယောက်လည်း ရှိနေမည် ဖြစ်ကြောင်း ကျွန်တော် သိလိုက် သည်။

ဤသည်ပင် လုပသော ကျွန်တော့် အစီအစဉ်လေးပဲ ဖြစ်ပါသည်။

သည် အစီအစဉ် အတွက် လွှန်ခဲ့သော ညနေမိုးချုပ်စက ကျွန်တော် ဝေဠု နှင့် အကြေအလည် ဆွေးနွေးခဲ့ကြရသည် မဟုတ်ပါလား။

ကျွန်တော့် ဘဝမှန် ဖွင့်ပြော၍ မိမိ့ကို ကယ်ရတော့မည် ဖြစ်ကြောင်း နှင့် သူပြောခဲ့သလို ကူညီရန် တောင်းဆို လိုက်သည်။

မိမိ့ကို ကယ်ယင်းနှင့် ဦးမျိုးခေါင်တို့ဂိုဏ်းကို ထောင်ဖမ်းရန် လိုအပ်လာပြီဟု ရှင်းပြခဲ့သည်။

ပြီးတော့ သူ့အတွက်ကိုလည်း ကျွန်တော် လုံးဝ တာဝန်ယူ၍ လွတ်မြောက်အောင် လုပ်ပေးမည် အာမခံချက် ပေးမိသည်။

'ဒါဆိုလဲ ကျွန်တော် သဘောတူပါတယ် အစ်ကို၊ တကယ်တော့ ဒီဘဝကို ကျွန်တော်လဲ ညည်းငွေ့နေပါပြီ၊ ကျွန်တော် လမ်းမှားလိုက်ခဲ့မှန်း နောင်တရတာ ကြာပြီ ဆိုပါတော့လေ၊ ဒါပေမယ့် သူတို့က ကျွန်တော့်ကို ထွက်ခွင့်မပေးလို့သာ ကြိတ်မှိတ် နေရတာပါ၊ အမှန်မှာ ကျွန်တော့်ကို ပျက်စီး သထက် ပျက်စီးအောင် ဖျက်ဆီးခဲ့တာလဲ သက်ခိုင်နဲ့ ဦးမျိုးခေါင်ပဲ၊ နောက်ပြီး ဝေစုခွဲပုံကလဲ မကျေနပ်စရာ ချည်းပဲ၊ အစ်ကို့ညီ ဆရာရဲမော်ကိုသာ ဗိုလ်မို့ ပေးသင့် ပေးထိုက်တဲ့ အတိုင်း ပေးတာ၊ ကျွန်တော်တို့ ငယ်သားတွေ ကျတော့ စွန့်စားရတာနဲ့ မမျှအောင် နည်းနည်းလေး ပေးတယ်လေ၊ ကျွန်တဲ့ အားလုံး





သိမ်းကျုံးပြီး လက်ဝါးကြီး အုပ်လိုက်တာပဲ၊ ဟိုနွားတွေကတော့ ဒီလောက်ရတာပဲ အပုတ်ကြီးမှတ်လို့၊ ငွေတွေဖူးတဲ့ ကောင်တွေမှ မဟုတ်ပဲ၊ ဒီတော့ သူတို့ကို ပြန်ဆော်ရလို့ ဝမ်းနည်းစရာ မလိုပါဘူး အစ်ကိုရာ'

နားလည်မှု ရပြီးသည့်အဆုံး....

ဝေဠုအား မြို့လယ်ရဲစခန်းကြီးသို့သွားပေးရန် စာတစောင် ကျွန်တော် ရေးခဲ့ရပါတော့သည်။

ပြီးတော့ သူတို့ကို မြှားခေါ်ပြီး ကျုံးသွင်း ထောင်ဖမ်းရမည့် နေရာကို ရွေးကြသည်။

သည်တွင်....

ဝေဠုက သူ့အဘိုးပိုင် သင်္ဂြိုဟ်မြိုင်ခြံကြီးရှိကြောင်း ပြောခဲ့သည်။

ထိုမှအစ ၂ နာရီမှ ၄ နာရီကြားကာလအတွင်း သင်္ချိုင်းမြိုင် ခြံကြီးထဲ၌ သူတို့လာစောင့်နေကြရန် အကွက်ရိုက် တိုင်ပင်ပြီး သွားသည်။

စာထဲမှာတော့ ကျွန်တော်သည် ရှုခင်းလှ မြို့မ ရဲစခန်းမှ မှုခင်းဘက်ဆိုင်ရာ ဒုရဲအုပ် ရဲဇော်ဖြစ်ကြောင်းမပယ်လျှင် ရှုခင်းလှ ရဲစခန်းမှ စခန်းမှူးနှင့်ဆက်သွယ်ကြည့်စေလိုကြောင်း၊ ညီလေး ရဲမော် အစား ဝင်ထားကြောင်း၊ ဦးမျိုးခေါင်သည် ဒမြဂိုဏ်း ခေါင်းဆောင် ဖြစ်ကြောင်း၊ သားဖြစ်သူသက်ခိုင်နှင့်အပေါင်းပါ များကို ဂိုဏ်းဝင်များအဖြစ် သိရှိနေရပြီ ဖြစ်ကြောင်းများ ပါဝင်၏။

ထို့အပြင် လောလောဆယ် အနေဖြင့် သက်ခိုင် တို့အား ထောင်ချောက်ဆင်၍ ၎င်းတို့၏ သေနတ်ကျည်ဆန်နှင့်ရှုခင်းလှမြို့ အလွန်တွင် ကျွန်တော်တို့နှင့်ဒမြဂိုဏ်း အပြန်အလှန် ပစ်ခတ်ရာမှ ရှာဖွေ သိမ်းဆည်း ရခဲ့သော ကျည်ခွံများကို တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် ဒမြမှုနှင့် စွဲချက်တင်နိုင်ကြောင်း။

ဦးမျိုးခေါင်ကိုလည်း ဂိုဏ်းခေါင်းဆောင်အဖြစ် ဖမ်းဆီးနိုင်ရန် ကျွန်တော်နှင့် ဝေဠုက သက်သေခံမည် ဖြစ်ကြောင်း၊ လောလောဆယ် ဖြစ်ရပ်အရ လက်နက်ပုန်းများ ကိုင်ဆောင်မှုနှင့်ပင် သက်ခိုင်တို့ကို အရေးယူ ဖမ်းဆီးလို့ရကြောင်း စသည်အထိ ရှင်းပြထားခဲ့သည်။

အောက်ကမှ ကျွန်တော်၏ မှုခင်းဆိုင်ရာ အမည်နှင့် စကားဝှက်နှင့် သင်္ကေတကို ရေးပေးလိုက်ပါ၏။

ဦးမျိုးခေါင် တို့ကို လက်ပူး လက်ကြပ် မမိခဲ့သော်လည်း ရှုခင်းလှ တိုက်ပွဲမှ ကျည်ဆန်ခွံ များကို သက်သေ အထောက်အထားပြ၍ ဖမ်းနိုင်ကြောင်း၊ လွှမ်းစေတီတွင် မိမိနှင့်တိုင်ပင်စကတည်းက ကျွန်တော် စဉ်းစားမိခဲ့သည်။

သို့ဖြင့် လွှမ်းစေတီမှအပြန် ဟော်တယ်တခုတွင် နေ့လယ်စာ ဝင်စားခဲ့ရာမှ, ရှုခင်းလှ ရဲစခန်းသို့ ဖုန်းဆက်ခဲ့သည်။

ကျွန်တော်ဘယ်သူဘယ်ဝါဖြစ်ကြောင်း သတင်းပို့ပြီး ကျည်ဆန်ခွံတွေ ရထားခြင်း ရှိမရှိ မေးလိုက်သည်။ စခန်းမှူးကြီးက ရထားကြောင်း ပြန်ဖြေခဲ့သည်။

ဤသည်ပင် ကျွန်ဘော့် အစီအစဉ်မှ ပဏာမ ခြေလှမ်းဖြစ်ပါ၏။





'ဟော....သေနတ်သံတွေ တိတ်သွားပြီ မောင်'

မိမိက ကျွန်တော့်ကို ကုတ်ပြောလိုက် သဖြင့် ကျွန်တော့် စစ်ဆင်ရေးအစီအစဉ်ကို ပြန်တွေး ကျေနပ်နေမိရာမှ နား စွင့်ကြည့်မိလိုက်သည်။

မိမိပြောသလိုပင် သေနတ်သံတွေတိတ်နေပါပြီ။ ဒါပေမယ့် စကားသံတချို့ ကြားလိုက်ရသည်။ ထို့နောက်....

'ဗျို့.... ဆရာ ကိုရဲဇော်၊ အားလုံး အိုကေ သွားပြီ ဗျို့၊ အဘိုး....အဘိုးရေ၊ တံခါးဖွင့်ပါဦး'

ဝေဠု၏ ဝမ်းသာအားရ အော်ပြောသံက အိမ်အောက် ရှေ့ဘက်ဆီမှ လွင့်ပျံ့ ဟိန်းထွက်လာခဲ့ပါတော့၏။

ကျွန်တော် နှင့် မိမိ အောက်ဆင်းလာသော အခါမှုကား ကျောက်ခါးပတ် စခန်းမှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ အလယ်မှ သက်ခိုင်တို့ လူစုအား 'ယောကျ်ား လက်ကောက်' လေးတွေ ကိုယ်စီ ဝတ်ဆင်လျက်သား တွေ့ခဲ့ရပါ လေသည်။

သည်အထဲ အိုက်ထွန်းခမျာ ဗိုက်တွင် ကျည်ခ ဒဏ်ရာရ၍ မပဋ္ဌာနှင့်အပြိုင်မြေလူးနေသည်။ မိုက်ကယ်မှာလည်း ခြေသလုံး သေနတ် ဒဏ်ရာကြောင့် ရှုံ့မဲ့ညည်းညူနေရှာ၏။

သက်ခိုင်သည် ကျွန်တော့်ကို အံ့ကြီး တကြိတ်ကြိတ် မျက်စောင်းကြီး တခဲခဲနှင့် နဂါးကြည့် ကြည့်နေသည်။

ကျွန်တော့်ကိုယ် ကျွန်တော်တော့ ပြာကျမှာ မစိုး။ သူ့ မျက်ရိုးကျိုးမှာကိုသာ တွေး သနားခဲ့ရပါသည်။

ကျွန်တော် သနားလို့မှ မဆုံးခင် သူတို့သွားရပေတော့မည်။

မာဇဒါ ရဲကားနက်လေးနှင့် ရဲကားပြာ နှစ်ဆန်းလေး တစီးရောက်လာပြီလေ။

ကားနက်လေးထဲတွင် ရဲအုပ်ကြီးနှင့် မြို့နယ်မှူးတို့ ပါလာသည်။

သက်ခိုင်တို့ လူစု ကောင်းရာ သုဂတိ လားသွားချိန်၌ ကျွန်တော်၊ မိမိနှင့် ရဲအရာရှိကြီးများလည်း ဦးမျိုးခေါင်အိမ်သို့ လာခဲ့ကြရသည်။

ကျွန်တော်မောင်းသော သက်ခိုင်တို့ ဖင်မလီယာအဖြူလေး နောက်မှ ရဲကားကပ်လိုက်လာသည်။

ဦးမျိုးခေါင်.... ဆရာကြီး.... မျက်ခုံးလှုပ်ဖို့သာ ပြင်ပေတော့။



## အခန်း (၁၆)

ဦးမျိုးခေါင်၏ တိုက်ကြီး တတိုက်လုံးမှာ မီးတွေ ထိန်ထိန်လင်းနေပါသည်။

အိမ်တအိမ်တွင် ညကြီးသန်းခေါင် မီးကုန်လင်းနေသည် ဆိုကတည်းက တခုခုထူးခြားနေပြီဖြစ်ကြောင်း သိသာပါသည်။

စင်စစ်တော့လည်း လက်ထပ်မယ့်ဆဲဆဲ သတို့သမီး ပျောက်သွားသည့်နောက် သိဿရုံပြည်ကြီး လောင်မီးကျခဲ့ရခြင်းပဲ ဟုတ်ပါလား။

ကျွန်တော်တို့ ကားနှစ်စီးစလုံး တိုက်ရှေ့တွင် ရှေ့ဆင့်နောက်ဆင့် ထိုးဆိုက်မိသည်ဆိုလျှင်ပင် ကြိုတင်စီစဉ်ထားခဲ့

သည့်အတိုင်း စခန်းမှူး၊ မြို့နယ်မှူးနှင့် ရဲအုပ်ကြီးတို့က အယင် ဆင်းခဲ့ကြပါသည်။

ကျွန်တော်နှင့်မီမီလည်း သူတို့နောက်မှ မသိမသာကွယ်၍ လိုက်သွားကြပါသည်။

တိုက်ရှေ့ ညှော်ခန်း ဆိုဖာကြီးများတွင် ထိုင်နေကြသော ဦးမျိုးခေါင်၊ ဦးတင်လတ်၊ ဒေါ်မြစိန်နှင့် ညှော်သည်များလည်း စေ့ထားသော သံဘာဂျာ တံခါးကို ဖွင့်ဝင်လာသော ရဲအုပ်ကြီးခေါင်းဆောင်သော ကျွန်တော်တို့ လူစုအား ကမ္ဘာပေါ်တွင် အအံ့သြဆုံး မျက်နှာများဖြင့် ငေးကြည့်နေမိကြရှာ၏။

ကြက်သေသေ နေကျရာမှ ပထမဆုံး ထလိုက်သူကား မီမီလတ်ကိုတွေ့သွားသော ဒေါ်မြစိန်ပင် ဖြစ်ပါ၏။

'ဟင်....သမီး အမိုက်မ.... မိဘကိုအရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ချင်တဲ့ အမိုက်မ.... ခုဘာတွေဖြစ်လာကြရပြန်တာလဲဟင်၊ ဒီမယ် ရဲအရာရှိကြီးတို့ရဲ့၊ ဟောဒီနောက်က သူငယ်ဟာ ကျွန်မသမီးလေးကို သွေးဆောင် ဖြားယောင်း ခိုးပြေးသွားတာပါ၊ ခုပဲ ရဲစခန်းကို အကြောင်းကြားမလို့ ကြံနေကြတာပါ၊ သူ့ကိုဖမ်းပါ...'

ဒေါ်မြစိန်သည် အသံတစာစာဖြင့် မီမီနှင့် ရဲအုပ်ကြီးကို ပြောယင်း ကျွန်တော်တို့ကို လက်ညှိုး ငေါက်ငေါက်ထိုးခဲ့ပါသည်။

မီမီဖခင်ကြီး ဦးတင်လတ်ကလည်း ထိုင်ရာမှထ၍ အရာရှိကြီးများကို နေရာပေးလိုက်ယင်း....

'ကြွပါခင်ဗျာ.... ထိုင်ပါ၊ ကိစ္စကို တဆိတ် အမိန့်ရှိပါ'





သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ဦးမျိုးခေါင်ကတော့ ကျွန်တော်တို့ ရောက်လာသည့် အဓိပ္ပာယ်ကို စဉ်းစားနေရပုံဖြင့် ဆေးပြင်းလိပ်ကြီး ခဲလျက် ခပ်တည်တည်။

'ကျွန်တော်တို့ လာရတဲ့ အကြောင်းကတော့ မိန်းကလေးကိစ္စနဲ့ မပတ်သက်ပါဘူး၊ ဟောဒီက ဦးမျိုးခေါင်နဲ့ တွေ့ချင်လို့ပါ'

စခန်းမှူးက ဦးတင်လတ်အားတွင် ဝင်ထိုင်ယင်း စကားပြန်လိုက်ပါသည်။

ရဲအုပ်ကြီးနှင့် မြို့နယ်မှူး တို့ကလည်း ဦးတင်လတ်နှင့် ဦးမျိုးခေါင် မျက်နှာချင်းဆိုင် ထိုင်နေသည့်အကြားမှ ဆိုဖာလွတ်တွင် ဝင်ထိုင်လိုက်၏။

ကျွန်တော်နှင့် မီမီလတ်ကတော့ ဆိုဖာတွေနောက် မလှမ်းမကမ်း ညှော်သည်များအနီးတွင် ရပ်နေမိကြသည်။ မီမီက ခေါင်းငိုက်စိုက်ချထားပြီး ကျွန်တော်ကတော့ ဦးမျိုးခေါင်ကို မျက်တောင်မခတ် လှေ့လာကြည့်နေခဲ့မိပါသည်။

စခန်းမှူးပြောသည့် စကားကြောင့် ဦးမျိုးခေါင်၏ ကိုယ်လုံးကြီးမှာ တီကောင်ဆားတို့ ဖြစ်သွားသည်ကို တွေ့လိုက်ရပါသည်။

ဒါပေမယ့် ဦးမျိုးခေါင် မျက်နှာကတော့ ခတ်တည်တည်ပဲ ဣန္ဒြေမပျက်...

ဦးတင်လတ်၊ ဒေါ်မြစိန်နှင့် သူစိမ်းညှော်သည် သုံးယောက်မှာလည်း စိတ်ထဲတွင် ထူးဆန်းသွားသလို စိတ်ဝင်စားစွာ အခြေအနေ စောင့်ကြည့်နေခဲ့ကြသည်။

ခတ်တည်တည် ဦးမျိုးခေါင်က ဆေးပြင်းလိပ်ကြီး တချက် ဖွာ၍ ပါးစပ်မှချွတ်၊ ပြာကို လက်ညှိုးတောက်ချွေလိုက်ယင်း—

'ဒါဖြင့်လဲ ဆိုစမ်းပါဦး စခန်းမှူးကြီးရဲ့၊ ကျွန်တော်နဲ့ တွေ့စရာအကြောင်း လေးကို'

'အားတော့ နာပါတယ် ခင်ဗျာ၊ ဦးမျိုးခေါင်ကို ပုဒ်မ ၃၉၄ အရ စစ်ဆေးစရာ ရှိလို့ လာခေါ်တာပါ ခင်ဗျာ၊ အဲ.... ပုဒ်မ ၃၉၄ ဟာ ဘာပုဒ်မလဲဆိုတာတော့ ဦးမျိုးခေါင် သိမှာပေါ့နော်'

သည်မှာပင် ဦးမျိုးခေါင်၏ ဖားပြုပ်မျက်နှာကြီး ကွက်ကနဲ ပျက်သွားရာက လက်ထဲမှ ဆေးပြင်းလိပ်ကို ဆောင့်ကြီးအောင့် ကြီး ပေါက်ချလိုက်ကာ....

'ဘာဗျ.... ကျုပ်လို လူတယောက်နဲ့ ပုဒ်မ ၃၉၄ ဆိုတာ အပ်စပ်လို့ လားဗျာ၊ စဉ်းစဉ်းစားစားလဲ ပြောစမ်းပါဦး၊ ဦးမျိုးခေါင်ဆိုတာ ကျောက်ခါးပတ်ရှဲ့ မျက်နှာဖုံး လူကြီး လူကောင်းတယောက်ဗျ၊ ကျုပ်ကို သက်သက်လာအရှက်ခွဲတာ တော့ ဘယ်နည်းနဲ့မှ ကျုပ်သည်းမခံနိုင်ဘူး၊ ခင်ဗျားထက် ကြီးတဲ့ အထက်ကို ကျုပ်တိုင်လိုက်ယင် ဒုက္ခရောက်သွားမယ် နားလည်လား'

'လေးစားပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့က မလွဲ မရှောင်သာ ဝတ္တရားအရမို့ လာရတာပါ၊ ဦးမျိုးခေါင်နဲ့ ကျွန်တော်တို့ကလဲ မသိတာမှ မဟုတ်ပဲနဲ့ဗျာ၊ ဒါပေမယ့် အမှုက သက်သေအထောက်အထား ခိုင်လုံနေတော့ ဦးမျိုးခေါင် ငြင်း နေလို့ အပိုပဲ.... ကျွန်တော်တို့ အထက်မကလို့ မိုးပေါ်တက်





တိုင်တောင် တတ်နိုင်မှာ မဟုတ်ဘူး ဦးမျိုးခေါင်၊ ကဲ...အေး အေး ဆေးဆေးသာ လိုက်ခဲ့ပါဗျာ၊ အမှန်အတိုင်းဖြစ်စေရ မှာပေါ့....'

ဦးမျိုးခေါင်က ရှူးရှူးရှဲရှဲ ထလုပ်သလောက် ရဲအရာရှိ ကြီးများကတော့ ယဉ်ယဉ်ကျေးကျေးပဲ ဖျောင်းဖျ ဆက်ဆံ ပါသည်။

၃၉၄ သည် လက်နက်ကိုင် ဓမြမှုဖြစ်ကြောင်း သိထားဟန် တူသော ဦးတင်လတ်မှာလည်း မယုံနိုင်သော မျက်စိအစုံဖြင့် သူတို့ဖြစ်ထွေကို ငေးကြည့်နေသည်။ ဒေါ်မြစိန်နှင့် ကျန်လူ များကတော့ အဖြစ်အပျက်ကို နားမလည်သေး၊ ကျီးကြည့် ကြောင်ကြည့် ဖြစ်နေကြ၏။

'အို.... မလိုက်နိုင်ဘူးဗျာ၊ ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး၊ ခင်ဗျားတို့ ကျုပ်တိုက်ထဲက ပြန်ထွက်သွားကြယင် ကောင်း မယ်ထင်တယ်.... ပိုင်နက်ကျူးလွန်မှု၊ အသရေဖျက်မှုနော်... ဘာမှတ်သလဲ....'

'ဒီလောက်လဲ ခါးကြိမ်းကြိမ်းမနေပါနဲ့ဦး ဦးမျိုးခေါင် ကျွန်တော်တို့မှာ တတိုက်လုံးကို ရှာဖွေခွင့်နဲ့ ဝရမ်းတွေလဲ အသင့်ပါပြီးသားပါ၊ ပြီးတော့ ခင်ဗျားတူ သက်ခိုင်နဲ့ ဂိုဏ်း ဝင်အားလုံးကိုလဲ လက်ရမိထားလိုက်လို့ သူတို့ကိုယ်တိုင်ကလဲ စခန်းမှာ ဖြောင့်ချက်ပေးခဲ့ကြပါပြီလေ၊ ကဲ.. ဘာပြောချင်း သေးသလဲ ဦးမျိုးခေါင်....'

သည်တော့မှ ဦးမျိုးခေါင် ကြက်ဖကြီး လည်လိန်ခံလိုက် ရသလို မှိုင်တွေတွေ ငိုင်ကျသွားသည်နှင့်အမျှ ဒေါ်မြစိန်၏

မျက်လုံးကြီးမှာ ရွှေကိုင်းတပ်မျက်မှန်ကို ဖောက်ထွက်တော့မတတ်ဖြစ်သွားပြီး 'ဟောတော့' လို့ပင် ရင်ဘတ်စည်းတီးသံထွက်လာရသည်။

အော်ရပေမည်ပေါ့။ ဦးမျိုးခေါင်တို့ ဇာတိရပ်ပေါ်သွားသည်နှင့် မခြား၊ သူ့ခမျာလည်း အရှက်တွေ မြန်းမြန်းကွဲကုန်ရပြီမဟုတ်ပါလား။ ဟောတော့ရှုံမှုမက တဂစ်ဂစ် အမြုပ်တစီစီနှင့်ပင် တက်သေလောက်ပါသေးသည်။

ထို့နောက်တော့ ဒေါ်မြစိန်လည်း ဦးမျိုးခေါင်အား မကြေမချမ်းနိုင်သော သဘောမှ တဖြည်းဖြည်း စက်ဆုပ်မုန်းတီးလာဟန်ဖြင့် စူးစူးရှားရှားကြီး ကြည့်ယင်းက ဝေါက်ကနဲ ခါးထောက်ရပ်လိုက်ပြီး နှုတ်ခမ်းတလန်၊ ပန်းတလန်နှင့် ရန်တွေ့ပါတော့သည်။

'တော်ပါပေတယ် ဦးမျိုးခေါင်ရယ် ရှင်ထောင်ကျတာ အရေးမကြီးဘူး၊ မင်္ဂလာပွဲ ပျက်ပြီတော့၊ ကျုပ်တို့ လူကဲ့ရဲ့ခံရတော့မယ်၊ ကျုပ်တို့ မျက်နှာတွေ ဘယ်သွားထားရတော့မလဲ၊ ရှင့်ကို ယုံစားမိတာ ငါးပါးကြီးမှောက်တာပဲ၊ တကယ်ဆိုလဲ ကျွန်မတို့ပေါ်မှာ ရှင်ဒီလို ဒုက္ခပေး မလှည့်စားသင့်ပါဘူးလေ.... အမယ်လေးလေး ကံကောင်းလို့ပါတော်ရေ့၊ ကျွန်မသမီးလေး ဒမြမယား ဒမြချွေးမဖြစ်တော့မလို့....'

'ခြေော်ကွာ.... မမြစိန်ကလဲ.... အရေးဆို ပူညံပူညံလုပ်ချင်ပြီ၊ ပြီးတာတွေပြီးပြီပဲဥစ္စာ ဘာတတ်နိုင်ပါ့မလဲလို့၊ အေးဗျာ.... ကိုမျိုးခေါင် ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းပါဘူးဗျာ....'





ဦးတင်လတ်က ဇနီးသည်အား ဆွဲချဟန့်တားယင်း ဦးမျိုးခေါင်အားလှမ်းတောင်းပန်လိုက်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဦးမျိုးခေါင်အပေါ် ကရုဏာသက်မိနေပါသည်။

သို့သော်....

'အမှန်စင်စစ်တော့ ခင်ဗျားတို့ ကျုပ်တို့ ခုလို ဖြစ်ရတာ ဟိုဂိုဟ်ကောင် လက်ချက်ဗျ.... ဒီကောင်ဝင်ဂိုဟ်မွှေလို့ ဖြစ်ရတဲ့အမှု၊ တောက်.... စောစောစီးစီးက သတ်မပစ်လိုက်တာ မှားတာပဲ၊ ဒီမှာ စခန်းမှူးကြီး၊ ခင်ဗျားက ကျုပ်တော့ဖမ်းမယ်၊ သူကျတော့ သတင်းပေးဆိုပြီး လွှတ်စေရော့လားဟင်.... သူက ကျုပ်ထောင်ထားတဲ့ ဂိုဏ်းမှာ အရေးပါအရာရောက်တဲ့ ဗိုလ်ဗျဗိုလ်.... ဒမြဗိုလ်.... ဘယ်လိုတုံး.... ခင်ဗျာတို့ဟာတွေက....'

ဦးမျိုးခေါင်က သူ့အတွက် အကြောင်းမထူးတော့သည့်အဆုံး ကျွန်တော့်ကို အပြစ်ပုံချပြီး သူခိုးသေဖော် ညှိလိုက်ခြင်းပဲ ဖြစ်ပါသည်။

သည်တွင် မြို့နယ်မှူးကြီးက....

'ဒါဆိုယင်တော့ ဦးမျိုးခေါင် လူမှားနေပြီနဲ့ တူတယ်၊ ကျွန်တော်တို့ သိရသလောက်တော့ ရှခင်းလှ မြို့မရဲစခန်းက ဒုရဲအုပ် ကိုရဲဇော်ပါ'

'ဟုတ်ပါတယ် ဦးမျိုးခေါင်.... ဦးမျိုးခေါင်ပြောတဲ့ လူက ကျွန်တော့်ညီ ရဲမော်ပါ.... ကျွန်တော်က ရဲမော်သေတာကို ကျွန်တော်သေတယ်လို့ လူချင်းလဲပြီး ခင်ဗျားတို့ ဂိုဏ်းကို စုံစမ်းဖို့ ရောက်လာတာပါ'

ကျွန်တော် ကိုယ်တိုင် ဝန်ခံရှင်းပြသည့် အခါမှာတော့ တခန်းလုံး ဒုတိယအကြိမ် လှုပ်လှုပ်ရှားရှားကလေး ဖြစ်သွားကြပြန်ပါသည်။

ဒေါ်မြစိန် ဆတ်ကနဲ လှည့်ကြည့်သလို ဦးတင်လတ်ကသြော်.... ဒီလိုကိုး လို့ ရေရွတ်မိသည်။ ဒါပေမယ့် ဒေါ်မြစိန်၏ အကြည့်မှာ အထင်သေး၊ နှိမ့်ချ၊ ရန်ထောင်သော အကြည့်မျိုး မဟုတ်တော့ပါ။

ဦးမျိုးခေါင်ခမျာမှာကတော့ ကျွန်တော့် အပြောကြောင့် ယမ်းပုံ မီးကျဖြစ်သွားပြီး....

'အေး.... မင်းမူမမှန်တာတွေ ရှိနေတယ်လို့တော့ ငါထင်လိုက်သားကွ၊ ဒါပေမယ့် ငါ့လက်ထဲက မလွတ်ပါဘူးဆိုပြီး စောင့်ကြည့်နေတာ၊ ဒီကြားထဲက မင်းက ဖျံကျသွားတာကိုး'

ကြိတ်မနိုင် ခဲမရ ရေရွတ်နေလိုက်သော ဦးမျိုးခေါင်၏ စကားအဆုံးတွင် ရဲအုပ်ကြီးက ဝင်ရောက် လှုံ့ဆော်လိုက်ပါ၏။

'ကဲ... ဘာလိုလိုနဲ့မိုးလင်းသွားလိမ့်မယ် ဦးမျိုးခေါင်၊လူမြင်သူမြင်ကြားထဲမှာ ခေါ်သွားရယင် ခင်ဗျားဂုဏ်သိက္ခာထိခိုက်သွားမှာပေါ့.... ကျွန်တော်တို့လဲ ခေါ်ရမှာ အားနာတယ်၊ ဒီတော့ ခုပဲ သွားကြပါစို့လားဗျာ'

'သွားတာပေါ့ဗျာ၊ ဒါပေမယ့် ဒီအတိုင်း လိုက်လို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ အင်္ကျီအဝတ်အစား လဲပါရစေဦး စခန်းမှူးရဲ့....'





ဦးမျိုးခေါင်က အိပ်ရာဝင် ဝတ်ရုံကြီး ဝတ်ထားသောသူ့ကိုယ်သူ လက်ညှိုးထိုးပြခွင့်တောင်းပါသည်။

'ဒါဖြင့်လဲ မြန်မြန် သွားလဲချေဗျာ၊ အချိန် သိပ်မရှိတော့ဘူး'

ထို့နောက် ဦးမျိုးခေါင်လည်း အပေါ်ထပ်လှေကားဆီသို့ တလိမ့်လိမ့် လျှောက်သွား ပါသည်။ နှစ်ဆစ်ချိုး လှေကားအတိုင်း တအိအိ တက်သွားသည်။

ကျွန်တော်တို့အားလုံး ဦးမျိုးခေါင်သွားရာနောက် မျက်စိတဆုံး လိုက်ကြည့်နေမိကြ၏။

လှေကားထိပ် ရောက်၍ ဦးမျိုးခေါင် ပျောက်သွားသည်ဆိုလျှင်ပင် မြို့နယ်မှူးကြီးက ကျွန်တော့်အား ဦးမျိုးခေါင်နောက်လိုက်ရန် အချက်ပေးမေးငေါ့ပြလိုက်သည်။ ထက်ကြပ်မကွာ လိုက်ခိုင်းလျှင် ဦးမျိုးခေါင်နှင့်အပိုစကား များနေရမည်စိုး၍ နည်းနည်းခွာပြီးမှ လိုက်ခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း သွက်လက် ပေါ့ပါးသော ခြေလှမ်းများဖြင့် လှေကားရင်းသို့ ကပ်လာမိ၏။ ဦးမျိုးခေါင်ကို စိတ်ချလက်ချ လွှတ်လိုက်ဖို့မဖြစ်ကြောင်း မြို့နယ်မှူးရိပ်မိခဲ့သလို ထွက်ပေါက်ရှာရန် အချိန်ဆွဲခွင့် တောင်းထွက်သွားတာများလားလို့ ကျွန်တော်လည်း အတွေးပေါက်သည်။

ထို့ကြောင့်လည်း ကျွန်တော်က သေနတ်ကို အသင့်ထုတ်ကိုင်ယင်း လှေကားတထစ်ချင်း သတိကြီးစွာထား၍ တိတ်တိတ်တက်ခဲ့သည်၊

သည်ကြားထဲမှ....

လှေကားထိပ်အရောက်တွင် သေနတ်သံတချက် တတိုက်လုံး ပဲ့တင်ရိုက်ဟိန်းထွက်လာတာ ကြားလိုက်ရပါတော့သည်။

သေနတ်သံ ကြားကြားချင်း မှာပင် ကျွန်တော် ဒူးညွတ် ဝပ်ချလိုက်မိသည်။

ကျည်ဆန်သည် ကျွန်တော့် ခေါင်းပေါ်မှ ဖြတ်သွားလိမ့်မည် ထင်ခဲ့သည်။

တကယ်တမ်းတွင်မူ ကျွန်တော့်ဆီသို့ ဘာကျည်ဆန်မျှရောက်မလာပါ။

သည်တော့လည်း ကျွန်တော်တို့တော့ ဦးမျိုးခေါင်၏ လှည့်ကွက် မိလိုက်ပြီလို့ နားလည်လိုက်မိသည်။

ဦးမျိုးခေါင်သည် သူ ရင်မဆိုင်ရဲသော တရားဥပဒေ နှင့် ဝေးသထက်ဝေးရာသို့ပြေးခဲ့ပြီ။ အရှက်ကို အသက်နဲ့လဲခဲ့ပြီလို့ တွက်သိလိုက်မိသည်။

သို့နှင့် လှေကားကို တထစ် ကျော် လှမ်း၍ တက်ခဲ့သည်။ အမောတကော နှင့် ဦးမျိုးခေါင်၏ အခန်းသို့ ပြေးဝင်ခဲ့မိသည်။

'ဟား ဟား ဟား ဟား ရဲဇော် ရဲဇော်.... ငါ့ကို ခေါင်းတုံးပေါ် ထိပ်ကွက်လို့ ဒီတသက်ရရိုးလားကွာ၊ နုပါသေးတယ် ရဲဇော်ရာ၊ ကိုင်း.... ခုတော့ ဘာဘတ်နိုင်သေးလဲ ဟင်'

တံခါးကွယ်မှ ထွက်လာသော ဦးမျိုးခေါင်။

ငွေရောင်ပြောင်းတို ခြောက်လုံးပြူးလေးနှင့် ကျွန်တော့်ကို ကျောဘက်မှချိန်ယင်း ဟားတိုက်ရယ်မောကြိုဆိုနေပါသည်။





ဦးမျိုးခေါင်ကို ခုလိုရပ်လျက်သား ဖြုန်းကနဲ တွေ့လိုက်ရမည်ဟု မမျှော်လင့်ခဲ့သလို နှစ်ဆင့်လှည့်ကွက်အမိခံလိုက်ရသော ကျွန်တော်လည်း သေနတ်ကိုင်လက်ကို ဘေးတွဲလောင်းချလျက် သူ့ကိုသာ ငေးစောင်းကြည့်နေမိပါတော့သည်။

ကျွန်တော့်ရင်ထဲမှာတော့ ခံပြင်းဒေါသထွက်နေမိပါသည်။

မဆင်မခြင် ဝင်ခဲ့ရကောင်းလား၊ ကိုယ့်ကိုယ်ကို အပြစ်တင်နေမိပါသည်။

ဦးမျိုးခေါင်၏ မျက်နှာမှာ ကျေနပ်အားရခြင်း၊ ရက်စက်ခက်ထန်ခြင်း၊ စက်ဆုပ် မုန်းတီးခြင်း များဖြင့် ကြောက်စရာကောင်းနေပါသည်။

ကျွန်တော်ကတော့ အံ့အားသင့်လွန်းရသဖြင့် အာစေးထည့်ထားသလို နှုတ်လေးနေရပါသည်။

'ခင်ဗျား....ခင်ဗျား မှားမယ် ဦးမျိုးခေါင်၊ သတိထားပါဦး၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူးနော်'

'ဘုန်းကြီးတစ္ဆေကို သမ္မုဒ္ဒေ မသင်ချင်စမ်းပါနဲ့ကွာ၊ မင်းလက်ထဲက သေနတ် ချလိုက်၊ ဟော့ကောင် ချလိုက် ဆိုတာ မကြားဘူးလား၊ ပစ်ထည့်လိုက်ရမလား'

ကျွန်တော်လည်း မလွှဲသာ မရှောင်သာတော့သည်မို့ လက်ထဲက ပစ္စတိုကို လွှတ်ချလိုက်ရသည်။ သေနတ် ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ့ ကျသွားသည်။

ကျွန်တော့် ရင်ထဲမှာ ဟာ တာတာကြီး ဖြစ်သွား၏။ ဦးမျိုးခေါင်က ကျွန်တော်နှင့် မလှမ်းမကမ်းသို့ လျှောက်လာပြီး ရှေ့တည့်တည့်တွင် ရပ်နေလိုက်သည်။

20

သေနတ်ပြောင်းဝနှင့် ကျွန်တော့်နှလုံးသားမှာ မျဉ်းဖြောင့်
ကျနေသည်။ ကျွန်တော့် တကိုယ်လုံး ဇောချွေးတွေ ပြန်လာရ
ပါ၏။

'ကျွန်တော့်ကို သတ်လိုက်လို့ ဘာ အကျိုးထူး မလဲ ဦးမျိုး
ခေါင်၊ ဒမြမ္ဘူနဲ့က သက်သာဦးမယ်၊ လူသတ်မှုဆို မလွယ်ဘူး
ဗျ၊ ပြီးတော့ ကျွန်တော်က ပြည်သူ့ရဲ တယောက်၊ ခင်ဗျား
အပြစ်တွေ ကြီးလေးသထက် ကြီးလေးသွားတော့မပေါ့'

ပြောယင်းဆိုယင်း ကျွန်တော့်ရင်တွေ တဒိတ်ဒိတ် ခုန်လာ
ရပါလေပြီ။

မျက်လုံးတွေလည်း ရီဝေလာရသည်။

နားထဲမှာ အူနေသည်။

ကျွန်တော် သေရမှာ မကြောက်ပါ၊ ဒါပေမယ့် မိမိနှင့်ခွဲ
ရမှာတော့ ကြောက်သည်။

အမေ့ကိုလည်း သတိရသည်။

မနန်းကြူတို့ သားအမိကို ပြေး မြင်ယောင်ခဲ့ရ သေးသည်။

ဒါပေမယ့် ကျွန်တော် သေရတော့မယ် တဲ့။

သေဘေးက လွတ်အောင်လည်း တတ်နိုင်စွမ်း မရှိတော့။

ကျွန်တော်အားကိုးရာ ပစ္စတိုလေးက ကြမ်းပေါ်သို့ ရောက်
နေရပြီ။

ဦးမျိုးခေါင်လက်ထဲမှ ကျည်ဆန်အပြည့်နှင့်ခြောက်လုံးပြူး
က အချိန်မရွေး မီးပွင့်လာတော့မည်။





ကျွန်တော့် ဘဝလည်း နောက်ဆုံးအချိန်ပဲလား။

'မင်းဟာ မင်း ဘယ်ဘဝ သွားရမလဲသာ စဉ်းစား လိုက်
စမ်း ပါကွာ၊ ငါ့အတွက် မင်း ပူစရာ မလို ပါဘူး၊ မင်းကို
သတ်ရလို့ ကြိုးစင်ပဲ တက်ရ တက်ရ၊ ငါမမှု ပါဘူး၊ မင်း
ကြောင့် ငါ ပျက်စီးကိန်း ဆိုက်ရတာ၊ တသက်လုံး ဖုံးသမျှ
မင်းကြောင့်ပေါ် ဆိုတာလို တဂိုဏ်းလုံးပြိုရတာ၊ ငါတို့ သက်
ခိုင်လဲ ဒုက္ခရောက်နေရပြီ၊ ဒီအတွက် မင်းကို သတ်သင့်သလား၊
မသတ်သင့်ဘူးလား ပြောစမ်း၊ အေး.... မင်းဟာ ငါ့ရဲ့ မဟာ
ရန်သူ၊ မင်းသေရမယ်.... မင်းသေမှ ငါ ကျေနပ်မယ်၊ မင်းဝင်
လာလာချင်း ပစ်ချလို့ရပေမယ့် ဘာမှန်းမသိပဲ သေသွားရမှာ
စိုးလို့ ခုလို ရှင်းပြတာ၊ ခုတော့ သေတဲ့လူလဲသေလို့ကောင်း၊
သတ်တဲ့လူလဲ အရသာရှိ မဟုတ်လား၊ ကဲ.... သွားပေတော့'

ဦးမျိုးခေါင်သည် သေနတ်ပြောင်းဝကို ကျွန်တော့် မျက်
နှာ တည့်တည့် ချိန်ထားရာမှ မောင်းဖြုတ်ချလိုက်ပါပြီ။

သူမောင်းဖြုတ်ချလိုက်သည်နှင့်ကျွန်တော်လည်း ရုတ်တရက်
အလန့်တကြား ဘေးသို့ ဝမ်းလျားထိုး ကျွမ်းပစ်လိုက်သည်။

ကျည်ဆန်ကို ရှောင်လို့ မရမှန်း သိပါလျက် သူရှူးဆန်ဆန်
လုပ်မိလုပ်ရာ လုပ်ခဲ့ခြင်းပဲ ဖြစ်ပါသည်။

တချိန်တည်းလိုပင် ကျွန်တော့် နားထဲတွင် ချောက်ကနဲ
ဒိုင်းကနဲ အသံတွေ ကြားလိုက်ရ၏။

သို့နှင့်အမျှ ကျွန်တော့် တကိုယ်လုံး ကိုင်ရိုက်ခံရသလို နာ
ကျင် သွားသည်။

နဖူးမှာလည်း မီးစကြီးနှင့် အထိုးခံလိုက်ရသည့်နှယ် ပူကနဲ ဖြစ်သွား၏။

ကျည်ဆန်က ကျွန်တော့် နဖူးတည့်တည့် ဝင်သွားလေပြီလား။

ကျွန်တော့် တခေါင်းလုံး မူးဝေလာရာမှ တွေးမိခြင်း ဖြစ်ပါသည်။

လက်နှင့် စမ်းကြည့်လိုက်ပြန်တော့လည်း သွေးတွေ ပေလာရသည်။

မျက်လုံးတွေပြာရီဝေလာယင်း ကြားမှ စခန်းမှူးနှင့်မြို့နယ်မှူးတို့ ကြားတွင် ဦးမျိုးခေါင်အား တွေ့ရသည်။

ဦးမျိုးခေါင်လက်ထဲမှာ သေနတ်မရှိတော့သလို လက်မောင်းရင်းမှာလည်း သွေးတွေ နီရဲရွဲနစ် နေပါတော့သည်။

အဖြစ်အပျက်ကို နားလည်အောင် မနည်း ကြိုးစားရပါသည်။

နောက်ဆုံးမှ တဖြည်းဖြည်း ဇာတ်ရည်လည်လာရပါတော့သည်။

သို့နှင့်အမျှ ကျွန်တော့် အသက်နှင့် ခန္ဓာတည်မြဲလျက်ရှိသေးကြောင်း အယင်ဆုံး သိလိုက်ရသည်။

တကိုယ်လုံး ပြုတ်ပျက် ထွက်သွားမလို နာကျင်သွားရခြင်းမှာ ရှောင်အလိုမ့်ဟွင် ကြမ်းပြင်နှင့် သွားရိုက်မိသည့်ဒဏ်။

နဖူးတွင် ပူကနဲ ဖြစ်သွားပြီး သွေးကျခဲ့ရသည် ကတော့ အုတ်နံရံနှင့် ဝင်ဆောင့်မိသည့် ဝေဒနာ။





ခေါင်းမူးလာရခြင်းမှာလည်း နဖူးကွဲသွားရာမှ ခံစားလာရသည့် ထပ်ဆင့်ဝေဒနာ ဟူ၍ ဆင်ခြင်ဉာဏ် ဝင်လာရပါသည်။

'ဖြစ်ပုံကတော့ ဖြစ်တောင့်ဖြစ်ခဲနဲ့ ရှုတ်ယှက်ခတ်သွားတာပဲ ရဲဖော်၊ မောင်ရင် တကယ် ကံကောင်းတယ်၊ မောင်ရင့်ကို ပစ်လိုက်တဲ့ ဦးမျိုးခေါင်ရဲ့ သေနတ် မစ် (စ်) ဖိုင်းယား ဖြစ်သွားလို့သာ မောင်ရင် သက်သက်သာသာ ရှောင်ထွက်လိုက်နိုင်တာပေါ့၊ နောက်တချက် ထပ်ပစ်မယ်အလုပ်မှာ ကိုယ်က သူ့လက်မောင်းကို ပစ်ချိုးလိုက်တာပဲလေ'

စခန်းမှူးကလည်း ကျွန်တော်နားမလည်လိုက်သည့် အရှုပ်အထွေး ကာလပိုင်းကို ရှင်းပြခဲ့ပါသည်။

ထိုအခါမှ ကျွန်တော့် နားထဲတွင် ချောက်ကနဲနှင့်ဒိုင်းကနဲ အသံများ ကြားခဲ့ရ ခြင်းမှာ သည်လိုပါလားလို့ သဘောပေါက်ခဲ့ရပြန်တော့သည်။

တကယ်တော့ ကျွန်တော်လျင်လို့ မဟုတ်ပါ။

ကံကောင်း ထောက်မလွန်းလို့သာ ခြောက်ပေ တွင်းထဲ မရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

ဦးမျိုးခေါင်သေနတ် မီးမကူးခဲ့ခြင်းကို တွေးမိလိုက်တိုင်း အသည်းယား မဆုံးသလို နောက်တချက် ထပ်မပစ်မီ စခန်းမှူး ဝင်ကယ်လိုက်သည့်အတွက်လည်း ကျေးဇူးတင်ခြင်းမက တင်ခဲ့ရပါတော့၏။

အခြေအနေ အားလုံး ငြိမ်သက်သွားပြီ ဆိုတော့မှ မိမိ နှင့် ဒေါ်မြစိန်တို့ လှူသိုက်လည်း အပေါ် ထပ်သို့ အူလျားဖားလျား ပြေးတက်လာကြသည်။

ထိုအချိန်တွင် ဦးမျိုးခေါင်ကိုအဝတ်အစားလဲစေပြီး ဖမ်းဆီး ခေါ်ဆောင်လာသော ကျွန်တော်တို့ကအဆင်းဖြစ်၍ လမ်းတဝက်မှာပင် ဆုံကြသည်။

မိမိ့ခမျာ ကျွန်တော့်ကို အသက်နှင့်တကွ ပြန်တွေ့လိုက်ရတော့မှ တိတ်တခိုး သက်ပြင်းလေး ချနိုင်တော့သည်။

မကြာမီပင်....

ရာဇဝတ်ကောင်ကြီး ဦးမျိုးခေါင် ရဲဝိုင်ယာလက်(စ်)ကားလေးထဲ ပါသွားရရှာသည်။

သည့်နောက်တော့....

တတိုက်လုံး ကျွန်တော်တို့ချည်း ကျန်ရစ်ခဲ့ရာမှ မိမိ့မေခမ ဒေါ်မြစိန်က ကျွန်တော့်အား ကျေးဇူးတင် စကားတွေ မိုးမွှန်အောင် ပြောတော့သည်။

တချိန်က ကျွန်တော့်ကို ပစ်ပစ်ခါခါ လုပ်ခဲ့မှုတွေအတွက်လည်း နောင်တတရ တောင်းပန်သည်။

လောကတွင် ငွေဂုဏ် ကြေးဂုဏ် ပကာသန အဆောင်အယောင်တွေထက် ရိုးသားဖြူစင်သော သစ္စာ မေတ္တာ တရားသည်သာ ပိုမိုတန်ဖိုးရှိကြောင်း နားလည်ပါပြီလို့ ဝန်ခံသည်။

ဒေါ်မြစိန်၏စကားကြောင့် ကျွန်တော် အားရဝမ်းသာခဲ့ရသည်ကား မှန်၏။





မိမိနှင့် ရွှေလက်ဆွဲ၍ ရွှေလည်တွဲရတော့မည်ဆိုသည့်အတွက် ကြည်နူးပီတိ ဖြစ်ခဲ့ရသည်မှာလည်း မှန်၏။

သို့သော် ...

မှန်နန်းကြူတို့ကို တွေးထင် မြင်ယောင်မိလိုက်သော အခါတွင်မူ....

## အခန်း ( ၁၇ )

ပဆစ်အိမ်ကဲ့သို့ ဆန်းကြယ်လှပါ၏။

စာဗူးတောင်းပမာလည်း ရှုပ်ထွေးခဲ့ရပြန်၏။

ဝင်္ကပါအသွင် ကွေ့ကောက်လျက် ရှိ၏။

ကန္တာရ ခရီးနှယ်လည်း ခက်ခဲကြမ်းတမ်းလွန်း၏။

မုန်တိုင်းကျသလို ပြင်းထန်မှုတွေ ပြည့်နေပါ၏။

ပဟေဠိတပုဒ်နှင့် မခြားအောင်လည်း နက်နဲသိမ်မွေ့မှုအတိ ရှိခဲ့၏။

သားရဲတောတမျှ အန္တရာယ်ထူပြော၏။

ချောက်ကမ်းပါး လမ်းသို့လည်း ကျဉ်းမြောင်း ကပ်သတ် လျှောက်ရ၏။

စိတ္တဇ အိပ်မက်ပုံမျိုးဖြင့် ချောက်ချား စရာ ကောင်းခဲ့၏။

ကြယ်မဲ့ လမဲ့ ညထက် နှစ်ဆလည်း မှောင်မည်း မှုန်မိုက်လျက် ရှိ၏။

နေလိုမီးလို ပူလောင်လှန်းခဲ့ရချေ၏။

ဆီဆုံ နွား အလားလည်း မရပ်မနား လှုပ်ရှားလိုက်ရပါသေး၏။

လှိုင်းစီးရသလို အသည်းအေးရပြန်၏။

သားမြီးဖျားသို့လျှင်လည်း ရင်တလှပ်လှပ် အဖြစ်မျိုး ကြုံရ၏။

ဩော်.... ပန်းတလိန့် နန်းတလိမ် ကျွန်တော့်ဘဝရယ်လေ။

ခုတော့ သည်ဘဝကို ကျော်ဖြတ် ရုန်းထွက်နိုင်ခဲ့ပါလေပြီ။ ဒါပေမယ့် ပြဿနာလေး တချို့နှစ်ချို့တော့ ဖြေရှင်းဖို့ ကျန်နေပါသေးသည်။ အမေ နှင့် မနန်းကြူ တို့ကို ရင်ဆိုင်ရန် အဓိကပင် ဖြစ်ပါ၏။

မနန်းကြူသည် ကျွန်တော့်ကို မျှော်နေရှာပေ ရော့မည်။ ထို့အတူ ရှုခင်းလှမှ အမေကလည်း ရဲမော်အနေနှင့် ရဲဇော်၏ အသုဘ သတင်းကို လာမမေးသည့်အတွက် အံ့ဩပူဆွေးနေရရှာလိမ့်မည်။

တကယ်တွင် ရဲမော်သာသေခဲ့ခြင်းဖြစ်၍ ကျွန်တော့်ရဲဇော် ရှင်နေကြောင်း အမေ မသိ။ ထို့အတူ မနန်းကြူခမျာလည်း မသိ။

ကျွန်တော့်အဖို့ သူတို့ကို အသိပေးချိန်တော့ တန်နေပြီ။ သည်ပြဿနာကို မြန်မြန်ရှင်းနိုင်လေ မြန်မြန်ကောင်းလေဖြစ်၏။





သို့သော် သည်ပြဿနာကို ဖြေရှင်းရန် နည်းလမ်းကိုတော့ ရှာမရသေး။

မနက်မိုး စင်စင်လင်းသည်နှင့်။

မီမီနှင့် သူ့မိဘတွေက ရှုခင်းလှကို ပြန်တော့မည် ဆိုလာသည်။ မီမီလည်း တပါတည်း ပြန်လိုက်ခဲ့ဖို့ခေါ်၏။ မီမီတို့နှင့် ကျွန်တော်လိုက်သွားပြီး အမေ့ကို အယင်သွားတွေ့ရမည်လား။

အမေကတော့ ကျွန်တော့် ဖြေရှင်းချက်ကို မငြင်း မဆန် လက်ခံမည်သာ ဖြစ်၏။ ကျွန်တော်နှင့် ရဲမော်၏ ကွဲလွဲ ချက်ကို အမေ ကောင်းကောင်း သိသည် မဟုတ်ပါလား။

ခုချိန်ဆိုလျှင် သားငယ်အတွက် အမေ့ရဲ့ပရိဒေဝမီးဆိုသည် မှာလည်း လျော့ပါး သက်သာလောက် ပါပြီ။ ကျွန်တော်က ဝတ္ထုရေးအလျောက် မှတော်တဆ ညီလေးကို လိုက်ဖမ်းယင်းမှ ညီလေးသေခဲ့ရတာ တွေ့ခဲ့ရတယ်ရယ်လို့ မြုပ်တဝက် ဖုံးတဝက် အကျိုးသင့် အကြောင်းသင့် နားဝင်အောင် ရှင်းပြလျှင် ခွင့်လွှတ်တန် ကောင်းပါသည်။

ခက်နေသည်က မနန်းကြူ၊ မနန်းကြူကို ကျွန်တော် ဘယ်နည်း ဘယ်ပုံ ရင်ဆိုင်ရပေမည်နည်း။ ကျွန်တော့် ဖြေရှင်းချက်ကို မနန်းကြူလက်ခံနိုင်ပါ့မလား၊ ယုံကြည်နိုင်ပါ့မလား။

သည်မှာပင် မနန်းကြူ၏ မျက်မမြင် ဖခင်ကြီး ဦးကြာရုံကို သွား သတိရလိုက်သည်။ ဦးကြာရုံသည် ကျွန်တော်နှင့်ရဲမော်၏ ကွဲလွဲချက် အသံကို သက်သာမကင်း ဖြစ်ခဲ့သည် မဟုတ်ပါလား။ ပြီးတော့ ရဲမော့်ပစ္စတိုသေနတ်နှင့် ခရီးဆောင်သေတ္တာ ရှိသေး

သည်။ သည်ပစ္စည်းတွေကလည်း ကျွန်တော့် ဖြေရှင်းချက်ကို အထောက်အကူ ပြုနိုင်ကြောင်း တွေ့ရသည်။

ရဲမော် အသွင်ဖြင့် ညအိပ်ညနေ မနေပဲ သူ့ကို ရှောင်ဖယ် ထွက်ခဲ့၍ ရှုခင်းလှသို့သွားဖို့ ပြင်ခဲ့သော အရေးအခင်းများကို ပြန်ထောက်ပြလျက် ရဲမော် မဟုတ်လို့သာ ကျွန်တော် မူပျက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောနိုင်သည်။

နောက်ဆုံး မီမီလတ်ကိုအကူအညီခေါ်သွား၍ ကျွန်တော့် စကားတွေကို ထောက်ခံခိုင်းလျှင် ရသေးသည်။

ဒါပေမယ့် တကယ်တမ်းကျတော့ သူရိုသေမြတ်နိုးလွန်းလှသော လင်ယောကျ်ားဖြစ်သူ ရဲမော်ကိုသတ်မိ၍ လူစားဝင်ခဲ့မိကြောင်း မနန်းကြူကို ကျွန်တော် ပြောရက်ပါ့မလား။ ကျွန်တော် ဖွင့်ပြောလိုက်လျှင် မနန်းကြူ ဘယ်လိုနေသွားပေမည်နည်း။ ဘယ်သို့ ဖြစ်၍ ဘယ်သို့ ခံစားသွားရ ရှာပေမည်နည်း။

ကျွန်တော့်ကိုပဲ မုန်းတီး သွားပေမလား။ ကျွန်တော့်ကို မုန်းမှာထက် သူ အသည်းကွဲမှာကို ကျွန်တော် ပူပန် နေမိပါသည်။

သည့်အတွက် ထိန်ချန် ထားမယ် ဆိုတော့လည်း မဖြစ်။ တသက်လုံးဖုံးကွယ်သွားလို့လည်းမဖြစ်။ ဆက်လက် ဟန်ဆောင်နေလို့လည်း မရတော့။

မနန်းကြူခမျာသာ နေမြင့်လေ အရှူးရင့်လေ ဖြစ်ရတော့မည်။





ပြီးတော့ ကျွန်တော့် မှာလည်း မီမီက တဘက်။

ကျွန်တော် အတွေးသံသရာတွင် ဘာလုပ်ရမှန်းမသိ။ ဆုံးဖြတ်ရခက် နေသည်။

အရေးထဲ မီမီတို့ကလည်း ပြန်ဖို့ အသင့် ဖြစ်နေကြပါပြီ။

နောက်ဆုံးတော့ နောင်မရှုပ်အောင် ခုရှင်း၊ လာမယ့်ဘေး ပြေးတွေ့လိုက်တာ အေးပါတယ် ဆိုကာ ကျွန်တော့်ညီအိမ် သွားစရာရှိ၍ တနာရီလောက် အချိန်ပေး စောင့်စား ပါရန် ခွင့်ပန်ပြီး မီမီနှင့်အတူ မနန်းကြူတို့အိမ်သို့ တက္ကစီငှားလာခဲ့ရပါတော့သည်။

မောင်နန်းမော်လေးက ဖေဖေကြီးလာပြီ၊ တို့ ဖေဖေကြီး လာပြီလို့ လှေကားထိပ်မှ ထွက်ကြိုသည်။ ကလေးကို ပွေ့ချီယင်း အိမ်ထဲဝင်လာမိသည့် အခါတွင်မူ ဧည့်ခန်း ကုလားထိုင်ကြီးအတွင်း၌ မနန်းကြူ ရှိနေ၏။ မနန်းကြူနှင့်အတူ မမျှော်လင့်သူ တယောက်ကိုလည်း မမျှော်လင့်ပဲ တွေ့လိုက်ရပါသည်။

‘ဟာ…အမေ’

ကျွန်တော် အလန့်တကြား ရေရွတ်လိုက်မိသည်။

ဟုတ်ပါသည်။ အမေရယ်ပါ၊ ရှုခင်းလှက အမေ။

အမေနှင့် မနန်းကြူသည် စကားတလုံးမှ ဟမလာပဲ ကျွန်တော်နှင့် ကျွန်တော့်ဘေးမှ မီမီ့ကိုသာ စူးစိုက်ကြည့်နေခဲ့ပါလေ၏။

သူတို့အကြည့်သည် စိတ်ဆိုး မာန်ဆိုး နိုင်လှသောအကြည့်၊ မုန်းသော ရွံသော အကြည့်၊ မကျေချမ်းသော အကြည့် မျိုးတော့ မဟုတ်။

သည်တော့လည်း သူတို့ရှေ့မှပင် လှည့်ထွက် ပြေးရတော့မလား အောက်မေ့လိုက်ရသည့် ကျွန်တော့်ရင်မှာ စိုးထိတ်မှု သက်သာရာ ရသွားသည်။

သို့လင့်ကစား မတုန့်တတုန်၊ မခုန့်တခုန်လေး ဖြစ်နေရပါသေး၏။

မိမိ့ခမျာလည်း အကြောင်းသား ရပ်နေလိုက်မိသော ကျွန်တော့်ကို တလှည့်၊ မနန်းကြူနှင့် အမေတို့မျက်နှာကို တလှည့် ကြည့်ယင်း အဓိပ္ပာယ် ရှာမရသလို ဖြစ်နေရှာ၏။

နောက်ဆုံးတော့ ကျွန်တော်ရော သူပါ အမေတို့နှင့် မျက်နှာချင်းဆိုင် ထိုင်မိကြပါလေတော့၏။

'အ–အမေ....ဘယ်တုန်းက ရောက်လဲဟင်'

ကျွန်တော်က မရဲတရဲမေးမိသည်။ အမေက ကျွန်တော့်ကို ချက်ချင်း ပြန်မဖြေခဲ့ပဲ သူ့ဘေးမှ မနန်းကြူ၏မျက်နှာကိုသာ ကွက်ကနဲ လှည့်ကြည့်လိုက်ပါ၏။ ပြီးတော့မှ....

'အမေ မနက်ကပဲရောက်တယ် သားကြီးရဲ့၊ မင်းတို့စခန်းမှူးနဲ့ လိုက်လာခဲ့တာလေ၊ မင်းတရားခံတွေ ဂတ်ပြောင်းချုပ်ရအောင် ဆိုပြီး လာခေါ်တာတဲ့ကွယ့်၊ အမေ့ကိုလဲ သူပဲ အကြောင်းစုံ ပြောခဲ့တာပဲ၊ မင်းက မနေ့က ရှုခင်းလှကို ဖုန်းဆက်ပြီး ကျည်ဆန်ကိစ္စဆိုလား မေးယင်းနဲ့ အစီအစဉ် အားလုံးကို စီစဉ်ခဲ့တယ် မဟုတ်လား၊ ဒါနဲ့ သားငယ်သေတာ သူပြောပြလို့ အမေသိခဲ့တာနဲ့အမျှ မိကြူတို့သားအမိနဲ့ရော မင်းနဲ့ပါ ငါတွေ့ဖို့ဆိုပြီး လိုက်လာခဲ့တာပဲ မောင်ရဲဇော်'





သေသေချာချာ ကြည့်မိတော့မှ အမေနှင့် မနန်းကြူတို့ မျက်လုံးတွေမှာ မသိမသာ နီမို့နေသည်ကို တွေ့ရပါ၏။ ကျွန်တော် မရောက်ခင် ငိုထားကြဟန် တူပါသည်။ ယခုထက်တိုင်လည်း မျက်ရည်လေးတွေ တလည်လည်နှင့်။

သည်တော့လည်း ကျူးလွန် ဖြစ်ပျက်ခဲ့သမျှတွေ အတွက် အမေနှင့်မနန်းကြူတို့ ကျွန်တော့်အပေါ် ဘယ်လိုသဘောထားမလဲ ဆိုသည်ကို တွေးမော ကြောင့်ကြခဲ့ရ ပြန်ပါသည်။ ထို့ကြောင့် ကျွန်တော့် နှုတ်မှ ဖွင့်ဟ တောင်းပန်မည် အကြံမှာပင်....

'အင်း.... ဖြစ်သမျှအကြောင်း အကောင်းချည်း မှတ်ရုံပေါ့ သားကြီးရယ်၊ ဖြစ်ပြီးမှတော့လဲ ဘာတတ်နိုင်တော့မလဲ၊ သေခြင်းတရားဆိုတာဘုရားသော်မှ မလွန်ဆန်နိုင်တာကလား၊အမေ့သားငယ်ကိုက ဥပစ္ဆေဒကကံနဲ့ အသက်ဆုံးဖို့ အထုံပါလာရှာတာကိုး သားကြီးရဲ့၊ မင်းအပေါ် အစစအရာရာ အမေ ခွင့်လွှတ်ပါတယ်ကွယ်၊ ငါ့သားကြီးအနေနဲ့လဲ ဒီအတွက် ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့တော့နော်၊ ငါ့သားကြီးက အမေ့ကို ချစ်သလို မင်းညီလေးကိုလဲ ချစ်တယ်ဆိုတာ အမေနားလည်ပါတယ်၊ ဒီကိစ္စတွေဖြစ်ပြီး အမေဆူမှာစိုးလို့ ရှောင်လား ပုန်းလား လုပ်ခဲ့တာတွေအထိလဲ အမေခွင့်လွှတ်ပါတယ်၊ တကယ်တော့ ရက်တောင် လည်ပြီးပြီပဲကွယ်၊ အမေ မဖြေနိုင်စရာ အကြောင်းလဲ မရှိတော့ပါဘူး'

မနန်းကြူကလည်း အမေ့နည်းတူပင် သူ့သဘောထားကို ရင်ဖွင့် ပြောပြရှာပါသည်။

'ဟုတ်ပါတယ် အစ်ကိုရယ်၊ အစ်ကိုက မလိုတမာ သတ်ခဲ့တာမှ မဟုတ်ပဲ၊ တာဝန် ထမ်းဆောင်ယင်းက မတော်တဆ ဖြစ်ခဲ့ရတာ မဟုတ်လား၊ ဒီတော့ မကြူတို့ကို ဒုက္ခရောက်ရစေကောင်းဟဲ့ ဆိုတဲ့ စိတ်မပါဘူးဆိုတာလဲ တွက်ပြီးသားပါ၊ တကယ်တော့ ညီရင်း အစ်ကိုချင်း ဘယ်သူက သတ်ပါ့မလဲလို့၊ မကြူအိမ်ကို လာခိုတာဟာလဲ မကြူတို့ မောင့်အတွက် စိတ်သောက မဖြစ်ရအောင် လောလောဆယ် အခြေအနေကို ဝင်ထိန်းဖို့နဲ့ လူဆိုးဂိုဏ်းကို လမ်းစရှာဖို့ ရောက်လာတယ် ဆိုတာ သဘောပေါက်ပါတယ်၊ အစ်ကို့ စိတ်ရင်း စေတနာ ဘယ်လို ဆိုတာ မကြူသိပြီးသားပဲအစ်ကိုရယ်၊ အဲဒီအတွက် မကြူက တောင် ပြန်ကျေးဇူးတင်ရဦးမှာပါ'

သူတို့ဆီမှ မမျှော်လင့်သော စကားတွေ ကြားလိုက်ရသည့် အတွက် ကျွန်တော့်နားမှကျွန်တော် မယုံနိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။

ရင်ထဲမှာ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းတို့ကို တူဆမျှ၍ ခံစားရပါသည်။

အို-မျက်ရည်လည်လာသည့်တိုင်အောင်ပင် ခံစားရသည် ဆိုချင်သည်။

ထို့နောက်တော့ ကျွန်တော်တို့ ရှေ့ဆက် လုပ်ရမည့် အစီအစဉ် များကို တိုင်ပင်မိကြပါတော့သည်။





ဤသည်ကလည်း ညီလေး ရဲမော်နှင့်ပတ်သက်၍ပင် ဖြစ်ပါသည်။ ကျွန်တော်က ရှုခင်းလှသို့ အလုပ်တာဝန် ပြန်ဝင်ရန် ကြံရွယ်ထားကြောင်း၊ မိမိတို့နှင့် အတူ ယနေ့ပင်ပြန်လိုက်သွားမည် ဖြစ်ကြောင်း၊ အသိပေးခဲ့ပါသည်။

သည်တော့ အမေက ရှုခင်းလှသုသာန်မှ မှတ်တိုင်ကို ရဲမော် အမည်ဖြင့် ပြောင်းစိုက်ရန် ခိုင်းခဲ့ပါ၏။ ပြီးတော့ သူကိုယ်တိုင် ကတော့ မနန်းကြူနှင့် အတူ သည်အိမ်တွင် နေရစ်ခဲ့မည်။ ညီလေး ရဲမော်အတွက် အသစ်ထပ်မံ သပိတ်သွပ် ဆွမ်းကျွေးဦးမည် ဆိုပါသည်။

တိုင်ပင်စရာတွေ ပြောယင်းကြားမှ ကျွန်တော်က မိမိ့ကို မနန်းကြူတို့နှင့် မိတ်ဆက်ပေးခဲ့ရပါသေးသည်။ အမေက မိမိ့ကို ကောင်းကောင်းမှတ်မိပုံမပေါ်ပါ။ ကျွန်တော်က ညီလေး ရဲမော် အသုဘတွင် ကျွန်တော့်အထင် လာပို့ခဲ့သူဖြစ်ကြောင်း၊ အမေ့နားပင် ကပ်၍ ပြုစုခဲ့သေးကြောင်းဖြင့် ပြောပြလိုက်ရပါသည်။

ထို့ပြင် ယခု ဒမြဂိုဏ်းကို ဖမ်းမိသည့် အခင်းတွင် မိမိ၏ အကူအညီလည်း အဓိက ပါဝင်ခဲ့ကြောင်း အသိပေးခဲ့မိသေးသည်။

သည်လိုနှင့် ကျွန်တော်တို့စကားဝိုင်းတွင် မိမိပါ ပါလာရပါတော့သည်။

မိမိကိုယ်တိုင်လည်း သူ့မိဘများမှာ ဦးတင်လတ်နှင့် ဒေါ်မြစိန်တို့ဖြစ်၍ သူတို့တိုက်မှာ ကျွန်တော်တို့ ရဲစခန်းအိမ်နှင့် သိပ်မဝေးကြောင်း။

မနန်းကြူကိုလည်းအလည်လာရန်ဖိတ်ခေါ်ကြောင်း စသည်ဖြင့် ဖော်ဖော် ရွှေရွှေလေး စကားဆိုခဲ့၏။

မနန်းကြူနှင့် မီမီတို့ စကားအပြတ်တွင်မှ အမေက ကျွန်တော့်အား ပြောစရာ စကားရှိသည်ဟု လက်တို့လာပါ၏။

မနန်းကြူတို့အား စကားစမြည် ပြောနေရစ်ကြဦး မှာကာ ကျွန်တော်လည်း အမေ့နောက်လိုက်ခဲ့ရပါ၏။

မနန်းကြူ၏ဖခင်ကြီး ဦးကြာရှိကား အခန်းအောင်း ပုတီးစိပ်နေပုံ ရပါသည်။

အမေနှင့်ကျွန်တော် ထမင်းစားခန်း စားပွဲခုံကြီးတွင် ဘေးတိုက် ထိုင်မိခဲ့ကြသည့် နောက် အမေပြောသော စကားမှာ....

'တခြားတော့ မဟုတ်ဘူးသားကြီးရဲ့၊ ညှော့သည် ကလေးမလေးနဲ့ မနန်းကြူရှေ့မှာ မပြောချင်လို့ ဒီခေါ် ပြောရတာ၊ အေး....မင်းညီကို မတော်တဆ သတ်ခဲ့မိတာကို မေမေ့အနေနဲ့ ခွင့်လွှတ်တာကတော့ဟုတ်ပါပြီကွယ်၊ ဒါပေမယ့် မနန်းကြူတို့ ဘယ်လောက် ဒုက္ခရောက်သွားရပြီလဲ ဟင်'

'ရဲမော် မလိမ္မာတာလဲ မလိမ္မာတာတပိုင်းပေါ့၊ ခုအဖြစ်မှာ သားကြီးရဲ့ အပြစ် မကင်းရာလည်း ကျနေတယ်၊ မနန်းကြူခမျာ မျက်မမြင် ဖအေအိုကြီးကတဘက်၊ ကလေးကတဘက်၊ ဘာမှလဲ မလုပ်တတ် မကိုင်တတ်နဲ့၊ ငါ့သား သိတဲ့ အတိုင်းပဲလေ၊ ရဲမော်ဆီကရခဲ့တဲ့ ငွေလေးတွေဆိုတာကလဲ ထိုင်စားယင် ဘာကြာမှာ လိုက်လို့ ကုန်မှာပဲ၊ အမေ တိုတိုပဲပြောမယ်ကွယ်၊





အမေ့သဘောကတော့ သားကြီးအနေနဲ့မနန်းကြူတို့မိသားစုကို တသက်လုံး တာဝန်ယူ စောင့်ရှောက်သွားစေချင် တာပဲ၊ ရှင်း ရှင်း ဆိုရယင်တော့ မနန်းကြူကို ငါ့သားကြီး ယူလိုက်ပါ၊ ကိုကြာရှိအနေနဲ့လဲ အမေ့သဘောပဲဖြစ်မှာပါ၊ မနန်းကြူကလဲ အမေ နားချယင် ငြင်းမှာ မဟုတ်ပါဘူး'

'ဒါဆိုယင် သားကြီးရဲ့ အပြစ်လဲ ကျေရာကျမယ်၊ အမေကတော့ မနန်းကြူတို့ရွှေရေးအတွက် ဒီနည်းပဲမြင်တော့တယ်၊ ဒီတော့ ငါ့သားကြီး အဆုံးအဖြတ်တခုပဲ လိုတော့တယ်'

ကျွန်တော့်ငယ်ထိပ်ကို မိုးကြိုးပစ်၍ ခေါင်းရှစ်စိတ်ကွဲလိုက်ရပြီ ထင်ပါ၏။

တကယ်တော့ အမေ့ အစီအမံက စေတနာ ပါသလောက် လျော်ကန်သင့်မြတ်လှ ပါသည်။

ဒါပေမယ့် ကျွန်တော်က တိုက်ရိုက်မငြင်းမိသည့်တိုင်အောင် ကျွန်တော့်မှာ ချစ်သူ ရှိနေကြောင်း၊ မီမီသည် ကျွန်တော်၏ ချစ်သူ ဖြစ်ကြောင်းနှင့် အသိပေး ပြောပြလိုက်မိပါသည်။

သည်တော့လည်း အမေက....

'ဂုဏ်ကြီးရှင် သဌေးသမီး ဆိုတာနဲ့ယူယင် ငါ့သား အနိုင်ကျင့် ခံရမှာပေါ့ကွယ်၊ ကလေးမလေးကို အမေ မတွေ့ဘူးပေမယ့် ငါ့သားနဲ့ မေတ္တာမျှနေတာကို သူ့မိဘတွေက သဘောမတူဘူး ကြားတယ်'

ကျွန်တော်ကလည်း မိမိ့ကို လူမသမာများလက်မှ အချိန်မီ ကယ်တင်ပေးခဲ့သည့် အတွက် ကျွန်တော့်ကို မိမိ့ မိဘ များ ကြည်ဖြူနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

'အင်းလေ.... ဒီလိုဆိုလဲ သားကြီး သဘောပါပဲ၊ အမေ ကတော့ သင့်မယ် ထင်သလို ကြံကြည့် တာပါ၊ အမေဘာမှ အပြစ်မပြောပါဘူး၊ ဒီလိုဆိုလဲ မနန်းကြူတို့ ကိုတော့ တတ် နိုင်သလောက် စောင့်ရှောက်ဘာပေါ့ကွယ်၊ မင်းတို့ ရှုခင်းလှ ပြန်ရဦးမယ်ဆို ကလေးမလေး မိဘများ စိတ်ပူ နေဦးမယ်.... သွားကြပေဦး'

ကျွန်တော်သည် စိတ်ထွေစွာဖြင့် ညှော်ခန်းထဲကိုပြန်ရောက်ခဲ့ ရ ပါလေသည်။

သည်မှာပင် မိမိကကျွန်တော်နှင့် အကြီးအကျယ် လက်ထပ် ရတော့မည့် အကြောင်း မနန်းကြူကို အားရဝမ်းသာ ပြော နေသံကို အဖျားဆွတ် ကြားလိုက်ရပါ၏။

သို့ပေမယ့် ဟန်မပျက် သူတို့ရှေ့သို့ ဝင်ထိုင်ခဲ့သည်။

ကျွန်တော် ရောက်လာသည်နှင့် အမျှ မိမိတို့ စကား ပြတ် သွားကြ ပါသည်။

ထို့နောက် အမေလည်း ကျွန်တော် နှင့် မရှေး မနှောင်း ဆိုသလို ဝင်လာသည်ကို တွေ့ရ၏။

မနန်းကြူနှင့် မိမိတို့ကို ငေးကြည့်ယင်းမှ အမေ့ စကားကို ကျွန်တော် စဉ်းစားခဲ့သည်။





တကယ်တော့ အမေ့ စကားမှာလည်း စဉ်းစားစရာပင်။

အမေ ကိုယ်တိုင်က သဘောတူနေသည် ဆို တော့ လည်း အထူးပြောစရာ မလိုတော့ပါ။

မနန်းကြူဆိုလျှင် ငြင်းစရာ ဘာတခုမှ မရှိ။

အပြစ် အနာအဆာ ကင်းသူလေး ဖြစ်ပါသည်။

လှပ ချောမောသည်။

စိတ်သဘောထား ဖြူစင်သည်။

အိမ်ထောင်ရေး နိုင်နင်းသည်။

လင်ယောကျ်ားကို ရိုသေ၍ မယား ဝတ္တရား ကျေပွန် သည်။

သနားစရာဘဝတွင် ရောက်နေသည်။

မနန်းကြူအနေနှင့် ရဲမော် မရှိတော့သည့်နောက် နောက် အိမ်ထောင်ပြုဖို့ စိတ်ကူးမည့် မိန်းကလေးမျိုး မဟုတ်ပါ။

သို့ရာတွင်....

ကျွန်တော်ကသာ စောင့်ရှောက်ယူမည် ဆိုပါက လက်ခံနိုင် စရာ ရှိပါသည်။

ကျွန်တော်နှင့် သူ့ ခင်ပွန်းသည်ဟောင်း ညီလေး ရဲမော် တို့မှာ ရုပ်ချင်းတူ အသွင်ချင်းတူနေသည်သာ မဟုတ်ပါလား။

ပြီးတော့....

ကျွန်တော့်စိတ်နေစိတ်ထား အကျင့်အကြံကိုလည်း ခုတ်သိ ဖြစ်၏။

အမေ့ စကားအတိုင်းဆို မနန်းကြူကို ကျွန်တော် အနစ် နာခံ၍ ယူထိုက်ပါသည်။

ရမ္မက်စိတ်ကို အဓိက မထားပဲ မေတ္တာ သန့်သန့်လေး နှင့် စောင့်ရှောက် ပြုစုမည်ဆိုလျှင် ရဲမော်အပေါ်တွင် ကျွန်တော် သစ္စာဖောက်ရာ ရောက်ပါတော့မည်လား။

အကယ်၍....

မိမိသာ မရှိဘူးဆိုပါက မနန်းကြူကို ကျွန်တော် ချစ်နိုင်ပေဦးမည်။

မိမိ့ဘက်က ကြည့်လိုက်တော့လည်း....

မိုးကျမယ် ရွှေမှုန်စားဖြစ်လျက် နှင့် ကျွန်တော့် အပေါ် အဆင့်အတန်း မခွဲခြားပဲ ချစ်မိုးစွေခဲ့ရှာသူလေးပါ။

ကျွန်တော့်အတွက် သူ့မိဘ အသိုင်းအဝိုင်းကို တော်လှန် ပုန်ကန် ဆန့်ကျင်ခဲ့သည်။

ကျွန်တော်သေခဲ့ပြီ ဆိုသည့်တိုင်အောင် စိတ်ဆင်းရဲသောက ခံပြီး ကျွန်တော့်အပေါ် သစ္စာစောင့်ခဲ့ပါသည်။

သည်မျှနှင့် ကြီးမားလှသော မိမိ့မေတ္တာကိုသိသာလောက် ပါသည်။

ဒါပေမယ့်....

ထို့ထက်ပင် မကပါ။

ကျွန်တော်နှင့် ပြန်တွေ့ပြီး ဦးမျိုးခေါင်တို့ကို ထောင်ဖမ်း ရန် ငရဲတွင်းထဲ ပြန်ဆင်းရမည်ဆိုသော အခါ၌လည်း မငြင်း မဆန် နာခံခဲ့သည်။

တော်ရုံ တန်ရုံ မေတ္တာမျိုး နှင့် ဒီလို အသက်စွန့်တာ ဖြစ်ပါ့ မလား။





သည်တော့လည်း မိမိ့ကို ကျွန်တော် ဦးစားပေး ငဲ့ညှာရ ပေတော့မည်။

အသည်းဗိမာန်နန်းသို့ ချစ်မေတ္တာလမ်း ဖြောင့်ဖြူးမိပြီ ဆို တော့မှ မိမိ့ကို လက်တွဲ ဖြုတ်ထားခဲ့ရတော့မည်လား။

ကျွန်တော် တဘက်သတ် စိမ်းကား ရက်စက် မတရားရာ ကျပေတော့မည်။

အထူးသဖြင့် ကျွန်တော်ကိုယ်၌က မိမိ့ကို ချစ်နေခဲ့သည်။

မိမိ့ကို ချစ်သည်။

သိပ် ချစ်သည်။

အခက်ကြီး ခက်ရလေပြီကောကွယ်။

မိမိ နှင့် မနန်းကြူသည် ကျွန်တော့်ကို အလယ်ထားပြီး လွန်ဆွဲနေကြသလို ဖြစ်နေ၏။

ဒါပေမယ့် အားချင်းတူနေကြတော့ ကျွန်တော်ဘယ်ဘက်မှ မရွေ့သာ။

ဘယ်သူ့ကို အရှုံးပေး၍ ဘယ်သူ့ကို အနိုင်ပေးရလေမည် နည်း။

ကြာတော့ ကျွန်တော့် ဦးနှောက်တွေသာ မွှက်ပွက်လူလူ ကျက်ကျက် ဆူလာရရာမှ ဒေါ်မြစိန်တို့ စောင့်နေမှာကို သတိ ရလိုက်သည့် အဆုံး ပြန်တော့မယ်လို့သာ ထရပ်ခဲ့မိပါတော့ သည်။

မိမိကလည်း ကျွန်တော်နှင့် ရော၍ အမေနှင့် မနန်းကြူကို နှုတ်ဆက်ပြီး တံခါးဝသို့ လာခဲ့မိကြသည်။

သည်မှာပင်....

'ဖေဖေကြီး....ဖေဖေကြီး... ဘယ်တွားမှာလဲ၊ သားလိုက်မယ် သားလဲ လိုက်မယ်'

ဘုရားစင်အောက်တွင် ထစား နေရာမှ ကျွန်တော်တို့ ထပြန်သည်ကို မောင်နန်းမော် မြင်သွားပါသည်။

လှမ်းအော်ခေါ်ယင်း ထလိုက်လာသည်ကို တွေ့ရ၏။

ကျွန်တော်ကလည်း လှေကားထိပ် ရောက်နေရာမှ နောက်ပြန် လှည့်လိုက်ပြီး ပြေးလာသော မောင်နန်းမော်လေးကို ဒူးထောက် ကြိုလိုက်ရသည်။

တကယ်တော့ ကျွန်တော့်မှာ သောကလွန်နေသဖြင့် သူ့ကို သတိမေ့နေခဲ့ခြင်း ဖြစ်ပါသည်။

'ဖေဖေ....အဲ....အို .. ဦး ဦး အဲ....မုန့်သွားဝယ်မလို့ပါ သားရဲ့၊ သား သား မလိုက်ခဲ့နဲ့နော်'

ကျွန်တော့်အဖို့....

'ဖေဖေကြီး' ဆိုသော စကားကို နှုတ်ကမထွက်ရက်လောက်အောင် ဖြစ်ပြီး အ-ထစ် နေခဲ့ရသည်။

သည်ကြားထဲ ဦး ဦး ဆိုသည့် စကားပင် ညပ်ပါ သွားရသေးသည်။

တကယ်တော့ ဖေဖေကြီး ဆိုသည့် ရာထူးနှင့် ကျွန်တော် တကယ်ကွာခြားခဲ့ရပြီ မဟုတ်ပါလား။

ဒါပေမယ့်....





မောင်နန်းမော် ကတော့ နှစ် နှစ်ကျော်ရုံ ရှိသေးသော လူမမည်ကလေး လေးမို့ သူ့ အဖေနှင့် ကျွန်တော် ရုပ်ချင်းတူနေတယ်ဆိုတာ နားမလည်။

ကျွန်တော့်ကို သူ့ အဖေကြီးလို့ပဲ ယုံစားနေရှာပါသည်။

သည်အဖြစ်ကို တွေးမိလိုက်တော့လည်း ကျွန်တော့် ရင်ထဲမှာ နင့်ကနဲ ဆို့တက်သွားရပါသည်။

စိမ့်စိမ့် ဆွေးဆွေး ခံစားလိုက်ရပါသည်။

သည်ကြားထဲမှ အံကြိတ်၍ ပြုံးပြုံးလေး လုပ်ပြီး....

'မလိုက်ပါနဲ့သားရယ်၊ သားက လိမ္မာသားနဲ့ကွာ နော်....'

'ဟင့်အင်း .. ဟင့်အင်း လိုက်မယ်၊ အဒု လိုက်မယ်'

မောင်နန်းမော် ခြေချင်း ပွတ်ဆောင့်၍ ငိုပါလေ တော့သည်။

ကျွန်တော်ကိုယ်တိုင်ကလည်း သူ့အပေါ် ခင်မင်တွယ်တာထားခဲ့ရလေတော့ သူ ငိုသည်ကို မကြည့်ရက်နိုင်။

ထို့ကြောင့် အမျိုးမျိုး ချော့ပါသည်။

မရ။

မနန်းကြူ နေရာမှ ထလာသည်။

ခုန်ပေါက် ပြေးလိုက်မယ် တကဲကဲ ဖြစ်နေသော မောင်နန်းမော်ကို ပခုံးနောက်မှ ဆွဲထားယင်း....

'သားရယ်....မလိုက်ပါနဲ့ကွယ် ...မင်း ... ဟို....'

သူ့ခမျာလည်း မတတ်သာ၍ ဇွတ်မှိတ် ထလာရ သဖြင့် အဖေကြီးလို့ပြောရတော့မည့်နေရာတွင် စကားသံ ပြတ်သွားရပြန်သည်။

နှုတ်ဆွံ့သွားရသည်။

ကျွန်တော် နှင့် မနန်းကြူ တိုင်ပင် မထားပဲ တယောက် မျက်နှာ တယောက် လှမ်းကြည့်လိုက်မိသည်။

မျက်လုံးချင်း အဆုံတွင် မနန်းကြူ မျက်ရည်ဝဲနေသည်ကို တွေ့လိုက်ရပါ၏။

မနန်းကြူသည် မျက်ရည်အိမ်မှ လျှံကျလုဆဲဆဲ မျက်ရည်စလေးတွေကို လက်ညှိုးနှင့် သိမ်းလိုက်ကာ....

'မင်း ဖေဖေကြီးက ဟိုး.... အဝေးကြီး သွားရမှာကွယ့်.... မလိုက်နဲ့နော် သား'

မနန်းကြူလည်း မငိုမိအောင် ကြိတ်မှိတ် ပြောလိုက်မိသည့်ကြားက ရှိုက်သံတချက် ထွက်လာရပါသေးသည်။

ကျွန်တော့်မှာလည်း မနန်းကြူ ခေတ်ကူးသွားသလို မျက်ရည် ဝဲလာရသည်။

'ကဲပါကွယ်....မင်းတို့သွားမယ့်ဟာ သွားကြစမ်းပါ၊ မင်းတို့ရှိနေသမျှတော့ ချော့လို့ရမှာ မဟုတ်ဘူး၊ အင်း.... မင်းကို ဖအေရင်းပဲ မှတ်နေတာကိုး၊ ငါ့မြေးလေး တယ်လဲ ကံဆိုးရှာပါလားကွယ်၊ မငိုနဲ့ ငါ့မြေး၊ ဘွား ဘွားနဲ့ မုန့်ဝယ်စားမယ်နော်'

အမေလည်း ထိုင်ရာမှ ထလာပြီး မြေး ဖြစ်သူကို ချော့သည်။

ချော့လည်း ချော့ချော့ပင်။

မောင်နန်းမော်ကတော့ ဇွတ်တရွတ် ဆန္ဒပြဆဲ။





မိမိသည် ကျွန်တော်တို့ဖြစ်ပုံကို ကြည့်ယင်း စိတ်မချမ်းသာ ဖြစ်ခဲ့ရဟန် တူသည်။

အထူးသဖြင့် ကျွန်တော် နှင့် မနန်းကြူတို့၏ မျက်နှာကို တပြန် တလှည့် အကဲခတ် ယင်းမှ အ တွေး နက် သွား ပုံ ရ သလိုလို ...

တစုံတခုကို ဆုံးဖြတ်လိုက်နိုင်ပုံမျိုးဖြင့် ချာကနဲလှည့်၍ လှေကား ပေါ်မှ ဆင်းသွားပါသည်။

ပထမတော့ ကျွန်တော်က မောင်နန်းမော်ကို ချော့ ယင်းတန်းလန်းမို့ သူ့ကိုအမှတ်တမဲ့ဖြစ်သွားပြီး ဖြတ်ကနဲ သတိရလိုက်မိသည် နောက်....

'သားသားရယ်.... တိတ်ပါ၊ ဖေဖေကြီး သားဖို့ အရုပ်သွားဝယ်မလို့ပါ၊ ဟင်....မိမိ....မိမိ.... ဘယ်သွားမလို့လဲ၊ ကိုယ့်ကို စောင့်ဦးလေ'

ကျွန်တော်လည်း ကလေးချော့ယင်းတဘက်မှ မိမိ့ကို လှမ်းခေါ်လိုက်မိသည်။

ထိုအချိန်၌ မိမိသည် လှေကားအောက် ရောက်နေပြီ။

သို့ပေမယ့် ကျွန်တော့် ခေါ်သံကို မကြားဟန်ဖြင့် ဆက်လျှောက်သွားပါသည်။

ဝေဒနာသည် ကျွန်တော့်ရင်ပြင်၌ လူးလွန့်သွားပါသည်။ လှိုင်းထန် လှုပ်ရှားသွားသည်။

ကျွန်တော် အိမ်ပေါ်က ပြေးမတတ် ခြေလှမ်း များဖြင့် မိမိ့နောက် ဆင်းလိုက်ခဲ့မိသည်။

မိမိသည် ကျွန်တော့်ကို အမေခေါ်ပြောသည့် စကားအား ဖွင့်မမေးသော်လည်း မှိုင်ပုံတွေလာသော ကျွန်တော့်မျက်နှာထားကို အကဲဖမ်း၍ မှန်းမိခဲ့ပုံ ရလေသည်။

တဖန်....

မောင်နန်းမော်ကို ဝိုင်းချော့ယင်းမှ ကျွန်တော် နှင့် မနန်းကြူတို့ အဖြစ်ကို တမျိုးတမည် သဘောပေါက် သွားဟန်တူသည်။

ဒါပေမယ့် မိမိသည် မနန်းကြူအတွက် စေတနာကောင်းဖြင့် အနစ်နာခံပြီး ရှောင်ပေးသွားတာပဲ ဖြစ်ပါလိမ့်မည်။

အားနည်းသူ တဘက်သားကို မိမိ အနိုင်ပေးခဲ့ပါ လေပြီ။

မိမိ၏ မွန်မြတ်သော စေတနာ ကရုဏာ တရားကို ကျွန်တော် နားလည်ပါသည်။

ထို့ကြောင့်လည်း....

မိမိ့ကို အမိလိုက်ဖို့ ကြိုးစားသည်။

''မိမိရေ'....မိမိရေ....မိမိ'

ကျွန်တော်က မိမိ့ကို လှမ်းအော်ခေါ်နေစဉ် အိမ်ပေါက်ဝတွင် ကျန်ခဲ့သော မောင်နန်းမော်၏ ငိုသံလေးကို ကြားလိုက်ရ၏။

'ဖေဖေကြီးရေ....ဖေဖေကြီး....သားသားကို ခေါ်ပါ'





ပြေးတော့မတတ် ဟန်ယူထားလိုက်သော ကျွန်တော့် ခြေလှမ်းတွေ ကြိုးတုပ်ဆွဲ ခံလိုက်ရသလို တုံ့ကနဲ ရပ်သွားရပါသည်။

မိမိကတော့ ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့်နှင့်နေပူကြီးထဲ သုတ်ခြေတင်နေပါ၏။

ကြာလျှင် ... ဝေး...، ဝေး.... ဝေး၍.... ဝေးရပါချေ တော့မည်။

နောက်ဘက်ကလည်း မောင်နန်းမော်လေး၏ ငိုသံ တညံညံနှင့်....။

မနန်းကြူ၏ ရှိုက်သံတွေပင် ရောစွက် ထွက်လာ လျက်....

ကျွန်တော်....

ရှေ့တိုးရမလား။

နောက်ဆုတ်ရမလား။

ဝေခွဲရ ခက်နေစဉ်မှာပင်....

'ဖေဖေကြီး ရေ....'

ဆိုသည့် မောင်နန်းမော်လေး ခေါ်သံကို ထပ်ကြားလိုက်ရသည့် အဆုံး....

ကျွန်တော်လည်း ခြေဦး နောက်ပြန် လှည့်လိုက်မိပါတော့သည်။

ခွင့်လွှတ်ယင်းမှ ခွင့်လွှတ်ပါလေဦးတော့ မိမိ။

(သို့မဟုတ်)

မောင့်ချစ်သူ စေတနာ့ရှင် စံပယ်ဖြူမလေးရယ် .. လို့ ကျွန်တော် တီးတိုး ပန်ကြားလိုက်မိပါသည်။

ဒါပေမယ့်....

ကျွန်တော့်ရင်ထဲမှာတော့....

ပြီးပါပြီ။

ရှင်လန်းချမ်းမြေ့ကြပါစေ။

ညီ ညီ နိုင်

မဇ္ဈိမစာပေ

ဝတ္ထု—ရွှေဥဒေါင်း

ပန်းချီ—ဝသုန်

စုံထောက်ကြီး ဦးစံရှား

★ တိုင်ကပ်နာရီများ ရိုက်ခွဲမှု

★ စိန်ဝေလျှံ ပျောက်ဆုံးမှု